၇ ရက် သတင်းဂျာနယ်

7 DAY NEWS JOURNAL

http://www.7daynewsjournal.com



TRI

MEN'S AND LADIES' WEARS



အတွဲ(၁၁)၊ အမှတ်(၁၈)　　၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည်　　၁၃၇၄ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၉ ရက် ၊ ကြာသပတေး၊ (ဇူလိုင် ၁၂ ၊ ၂၀၁၂)




ဓာတ်ပုံ-သီဟ

ကျမ်းသစ္စာကျိန်ဆိုပြီးနောက် ဒေါ်အောင်ဆန်းစုကြည် လွှတ်တော်ပထမဆုံးတက်သော ဇူလိုင်၉ရက်တွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် နှုတ်ဆက်နေစဉ်

(သတင်းအပြည့်အစုံ စာ-၂၇၌ရှု)

# ရန်ကုန်နှင့် မန္တလေး နည်းပညာတက္ကသိုလ်များ အဆင့်မြှင့်၍ပြန်ဖွင့်မည်

**နေလင်းထွန်း၊ အောင်ခိုင်**

**ရန်ကုန်၊ ဇူလိုင် - ၉**

ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် မန္တလေး နည်းပညာတက္ကသိုလ်များကိုအဆင့်မြှင့်၍ အင်ဂျင်နီယာဘွဲ့ (B.E)သင်တန်းများ ပြန်လည်ဖွင့်လှစ်မည်ဖြစ်ပြီး တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ စုစုပေါင်းရမှတ် ၄၅၀ နှင့်အထက်ရရှိထားသော ကျောင်းသား၊ ကျောင်းသူများကို စိစစ် ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံအထက်ပိုင်းမှ ကျောင်းသားများအနေဖြင့် မန္တလေး နည်းပညာတက္ကသိုလ်သို့လျှောက်ထားနိုင်ပြီး မြန်မာနိုင်ငံ အောက်ပိုင်းမှ ကျောင်းသားများအနေဖြင့် ရန်ကုန်နည်းပညာတက္ကသိုလ်သို့ ကျောင်းဝင်ခွင့်လျှောက် ထားနိုင်မည်ဖြစ်ကာ တက္ကသိုလ်တစ်ခုလျှင် ကျောင်းသား ၂၅၀စီ စိစစ်ရွေးချယ်ခေါ် ယူသွားမည်ဖြစ်ကြောင်းသိရသည်။

တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ဘာသာတွဲအမှတ်(၁)ဓာတုဗေဒ၊ ရူပဗေဒ၊ စီးပွားရေး။ ဘာသာတွဲ အမှတ်(၅) ဓာတုဗေဒ၊ ရူပဗေဒ၊ သမိုင်း။ ဘာသာတွဲအမှတ်(၆) ဓာတုဗေဒ၊ ရူပဗေဒ၊ စိတ်ကြိုက်မြန်မာစာ။ ဘာသာတွဲ အမှတ်(၇) ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒနှင့် ဘာသာတွဲအမှတ်(၈) ဓာတုဗေဒ၊ ဇီဝဗေဒ၊ ပထဝီတို့ဖြင့် ဖြေဆိုအောင်မြင်ထားသူများ အဆိုပါကျောင်းဝင်ခွင့်အတွက် လျှောက်ထားနိုင်ကြောင်း သက်ဆိုင်ရာပညာရေးဌာနမှ သိရသည်။

ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် မန္တလေးနည်းပညာတက္ကသိုလ်တို့ကို အဆင့်မြင့် နည်းပညာတက္ကသိုလ်များ (Center of Excellence) အဖြစ် အဆင့်မြှင့်တင်သွားမည်ဖြစ်ပြီး

**အချပ်ပို(D)သို့**

## လူငယ်များ ဆေးသောက်များနေခြင်း

ကင်ဆာဝေဒနာရှင်များ အကိုက်အခဲပျောက်ရန် သောက်သောဆေးကို လူငယ်များက ဖျော်လတ်တက်ကြွ စည်းစိမ်ခံရန် သောက်သုံးကြသောအခါ...

**မိုးညို**

နေဝင်ချိန် ဖျာပုံမြစ်ကမ်းဘေး ကျိုက်လတ်မြို့ ကမ်းနဖူးပေါ်မှ ဂဝံမြေပေါ်တွင် သစ်သားထိုင်ခုံပုလေးများဖြင့် အစီအရီခင်းထားသည့် လက်ဖက်ရည်ဆိုင်လေးအတွင်း လူစည်းကားစပြုလာသည်။

ယင်းဆိုင်အတွင်း အသက် ၂၀ ဝန်းကျင်အရွယ်ရှိလူငယ်လေးယောက် အနက်တီရှပ်အမည်းရောင်ဝတ်ဆင်ထားသည့်လူငယ်တစ်ဦးက ကော်ပြားအပြာထဲမှဆေးလုံးအဖြူဆယ်လုံးခန့်ကို မကြာသေးမီကမှ ငှဲ့ထားသည့် အကြမ်းပန်းကန်လုံးမှ ရေနွေးကြမ်းနှင့်အတူ ဟန်ပါပါမော့သောက်လိုက်သည်။

**အချပ်ပို(D)သို့**



လယ်သမားအချို့၏ လယ်မြေများပါဝင်သည့် အနော်ရထာစက်မှုဇုန်စီမံကိန်းအတွက် သက်ဆိုင်ရာ၏ကြေညာချက်နှင့် စီမံကိန်းတွင် ၎င်း၏မြေကွက်ပါဝင်နေ၍ ကြေညာချက်ကို စိတ်ဝင်တစားကြည့်နေသော လယ်သမားတစ်ဦး　　ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# လွှတ်တော်ကိုယ်စားလှယ်တစ်ဦး လယ်မြေ အသိမ်းခံရဟုဆို

**ပြည်သိမ်း၊ ထွန်းခိုင်**

**ရန်ကုန်၊ ဇူလိုင် - ၇**

ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ပိုင်ဆိုင်သည့် လယ်မြေ၁၅ကေကို ဇူလိုင်လဆန်းတွင် လူတစ်စုက လာရောက်ခြံခတ်သိမ်းယူခံရကြောင်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ လှိုင်သာယာမြို့နယ်ကော်မတီမှ သတင်းရရှိသည်။

လှိုင်သာယာမြို့နယ် ဆိပ်ကမ်းသာလမ်းနှင့် အနော်ရထာလမ်းထောင့်ရှိ ကွင်းအမှတ်၃၇၂(ခ)မှ လယ်မြေဧက ၅၀ကို ဇူလိုင်လဆန်းကလူတစ်စုက လာရောက်၍ ခြံခတ်ခဲ့ခြင်းဖြစ်သည်။ ထိုလယ်မြေဧက ၅၀တွင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အမတ်ဦးနေလင်းပိုင်ဆိုင်သည့် လယ် ၁၅ဧကပါဝင်ကြောင်း ၎င်းကပြောသည်။

**စာ(၁၂)သို့**

**စီးပွားရေး ရင်းနှီးမြှုပ်နှံမှု**

## ဥရောပနှင့် အမေရိကန်ကုမ္ပဏီများ ပြည်တွင်း၌ စီးပွားဖက်ရွေးချယ်ရာတွင် အခက်အခဲ ကြုံတွေ့နိုင်

**အောင်သူရ**

**ရန်ကုန်၊ဇူလိုင်-၉**

နှစ်ပေါင်း ၁၅ နှစ်အတွင်း ပထမဆုံးလာရောက်သော ယူကေကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုအဖွဲ့ ဥက္ကဋ္ဌက မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရာ၌ မှန်ကန်သော စီးပွားဖက်ရွေးချယ်ရာတွင် အခက်အခဲရှိနိုင်ကြောင်း ပြောကြားသည်။

"ဂျာမနီ၊ ပြင်သစ်၊ အမေရိကန်နဲ့ တရုတ်တွေပါ အပါအဝင် စီးပွားရေးလုပ်ငန်းရှင်တိုင်းမှာ မြန်မာနိုင်ငံက လုပ်ဖော်ကိုင်ဖက် ရွေးချယ်တဲ့အခါမှာ အခက်အခဲရှိနိုင်တယ်"ဟု ယူကေကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကိုယ်စားလှယ်အဖွဲ့ UK Trade and Investment mission (UKTI's) Mr. Lord Marland ကပြောသည်။

**စာ(၁၂)သို့**




7DAY NEWS JOURNAL
Vol.11, No.18 • JULY 12 , 2012

# ကုန်းလမ်းပို့ဆောင်ရေးဌာနမှလုပ်ငန်းများကို ဂျပန်ကုမ္ပဏီနှင့် ဖက်စပ်လုပ်ကိုင်ရန်စီစဉ်နေ

ကိုကိုကြီး

ရန်ကုန်၊ ဇူလိုင်-၅

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးဌာနအောက်ရှိလုပ်ငန်းလေးခုအား ဂျပန်နိုင်ငံမှ ကုမ္ပဏီတစ်ခုနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရန် ညှိနှိုင်းမှုများ ဆောင်ရွက်နေကြောင်း ၎င်းဌာနမှ လက်ထောက်အထွေထွေမန်နေဂျာဦးတင်ဝင်းအောင်ကပြောသည်။

ကုန်းလမ်းပို့ဆောင်ရေးဌာနက တာဝန်ယူလုပ်ကိုင်နေသည့် ခရီးသည်ပို့ဆောင်ရေး၊ ကုန်စည်ပို့ဆောင်ရေး၊ တက္ကစီပြေးဆွဲခြင်းနှင့် မော်တော်ယာဉ်ပြင်ဆင်ခြင်းလုပ်ငန်းများတွင် ဂျပန်နိုင်ငံမှ ကုမ္ပဏီတစ်ခုနှင့် ရင်းနှီးမြှုပ်နှံမှုများ ပူးပေါင်းဆောင်ရွက်နိုင်ရန် စီစဉ်နေကြောင်း ၎င်းကပြောသည်။

"နှစ်ဖက်ညှိနှိုင်းမှုတွေ လုပ်ပြီးသွားရင် MIC(Myanmar Investment Commission) ကို တင်ပြသွားမယ်။ လတ်တလောမှာ ရင်းနှီးမြှုပ်နှံမှုပမာဏကို အစိုးရဘက်က ၄၀ရာခိုင်နှုန်းနဲ့ ကုမ္ပဏီက ၆၀ ရာခိုင်နှုန်း အကြမ်းဖျင်းသတ်မှတ်ထားတာပဲရှိသေးတယ်။ အတည်မဖြစ်သေးဘူး" ဟု ၎င်းလက်ထောက်အထွေထွေမန်နေဂျာကပြောသည်။

ဌာနနှင့်ပူးတွဲလုပ်ကိုင်မည့်ကုမ္ပဏီကြားတွင်ညှိနှိုင်းဆဲအဆင့်သာရှိသေးခြင်းကြောင့်ကုမ္ပဏီနာမည်ကို ထုတ်ဖော်ပြောဆိုနိုင်ခြင်း မရှိသေးကြောင်း ၎င်းကပြောသည်။ အကျိုးတူပူးပေါင်း လုပ်ကိုင်ရာတွင် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် လိုအပ်သည့် ငွေကြေးအရင်းအနှီး၊ နည်းပညာနှင့် မော်တော်ယာဉ်များကို ထည့်ဝင်ရမည်ဖြစ်ပြီး ဌာနကလုပ်ငန်းလုပ်ကိုင်ရန် မြေနေရာများကို ထောက်ပံ့သွားမည်ဖြစ်ကြောင်း ၎င်းကဆက်ပြောသည်။

ထို့အပြင် တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့အစည်းအနေဖြင့်သော်လည်းကောင်း ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်ရန် ဖိတ်ခေါ်ထားကြောင်းသိရသည်။ ထိုသို့ ရင်းနှီးမြှုပ်နှံမှုများ ထည့်ဝင်ပြီး လုပ်ငန်းလည်ပတ်မှုများ အားကောင်းလာပြီးနောက် ဆက်လက်၍ အများပိုင်ကုမ္ပဏီအထိတက်လှမ်း၍ ဖွဲ့စည်းလုပ်ကိုင်နိုင်ရန် ရည်မှန်းထားကြောင်း ၎င်းကဆိုသည်။

"ရန်ကုန်ကနေစပြီး တစ်နိုင်ငံလုံးသွားမယ်။ တဖြည်းဖြည်းချင်းချဲ့သွားမယ်။ ဒီလုပ်ငန်းအားလုံးကို တစ်ပြိုင်တည်း ချဲ့ဖို့က ခက်မှာပေါ့"ဟု ၎င်းကလုပ်ငန်း စတင်လည်ပတ်နိုင်သည့် အခြေအနေကိုပြောကြားသည်။ အဆိုပါဌာနက လုပ်ကိုင်သည့်လုပ်ငန်းများအား ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့်တနင်္သာရီတိုင်းဒေသကြီးတို့မှ လွဲ၍ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် သက်ဆိုင်ရာ ရုံးများဖွင့်လှစ်ထားရှိကြောင်း သိရသည်။ ဌာနက မူလတွင် ကားအစီးရေ၅,၀၀၀ နီးပါးဖြင့် လုပ်ငန်းလည်ပတ်ခဲ့သော်လည်း လက်ရှိတွင် ကားအစီးရေ ၁,၅၀၀ ဖြင့်သာလည်ပတ်လုပ်ကိုင်လျက်ရှိသည်။



ရန်ကုန်မြို့ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခုမှ ဘိလပ်မြေဖျော်စက်နှင့်အလုပ်လုပ်နေကြသူများ

# နိုင်ငံကြီးငါးနိုင်ငံက ပြည်တွင်း၌ ဘိလပ်မြေစက်ရုံ တည်ထောင်လုပ်ကိုင်ရန် စိတ်ဝင်စားနေ

နေလင်းထွန်း

ရန်ကုန်၊ ဇူလိုင် - ၄

ဂျာမနီ၊ ပြင်သစ်၊ ဆွစ်ဇာလန်၊ တရုတ်နှင့် အိန္ဒိယနိုင်ငံများမှ ဘိလပ်မြေလုပ်ငန်းကြီးများ ပြည်တွင်း၌ လာရောက် ရင်းနှီးမြှုပ်နှံလုပ်ကိုင်ရန် ဆွေးနွေးပြင်ဆင်မှုများရှိနေကြောင်း ဘိလပ်မြေထုတ်လုပ်မှုဆိုင်ရာ အကြံပေးပညာရှင်တစ်ဦးကပြောသည်။

ပြင်သစ်နိုင်ငံမှ ကမ္ဘာ့ထိပ်တန်း ဆောက်လုပ်ရေးထုတ်ကုန်လုပ်ငန်းဖြစ်သော LAFARGE ဘိလပ်မြေလုပ်ငန်း၊ ဂျာမနီနိုင်ငံမှ Heidelberg ဘိလပ်မြေလုပ်ငန်း၊ ဆွစ်ဇာလန်နိုင်ငံမှ Holcim ဘိလပ်မြေလုပ်ငန်း၊ တရုတ်နိုင်ငံမှ Huaxin ဘိလပ်မြေလုပ်ငန်းနှင့် အိန္ဒိယနိုင်ငံမှ Birla ဘိလပ်မြေလုပ်ငန်းတို့သည်ပြည်တွင်း၌လာရောက်ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားနေခြင်းဖြစ်သည်။

"သူတို့က ပြည်တွင်းကပါတနာကို ရှာနေတယ်။ အခုက တော့ စနည်းနာနေတဲ့သဘောပါပဲ။ ဆွေးနွေးဆဲပေါ့"ဟုနိုင်ငံခြားဘိလပ်မြေလုပ်ငန်းများနှင့် တွေ့ဆုံခဲ့သည့် ဘိလပ်မြေထုတ်လုပ်မှုဆိုင်ရာအကြံပေးပညာရှင်က ပြောသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာပါက ပြည်တွင်းဘိလပ်မြေထုတ်လုပ်မှုလုပ်ငန်းကို သိသိသာသာသက်ရောက်မှုရှိလာမည်ဖြစ်ပြီး ကမ္ဘာ့ထိပ်တန်းဘိလပ်မြေလုပ်ငန်းများကို ဈေးကွက်ယှဉ်ပြိုင်ရန်အခက်တွေ့မည်ဖြစ်ကြောင်း ၎င်းကသုံးသပ်သည်။

"သူတို့ကတော့ အကြီးကြီးတွေ လုပ်မှာပေါ့။ အနည်းဆုံး တန်ငါးထောင်(တစ်နေ့)ကျ စက်ရုံတွေ လုပ်မှာပါ။

စာ(၁၂)သို့



7DAY NEWS JOURNAL

Vol.11, No.18 • JULY 12 , 2012


# ဒုဝန်ကြီး ၆ ဦးကို ဝန်ကြီးဌာနများ ပြောင်းလဲတာဝန်ပေး

**ရန်ကုန်၊ဇူလိုင်-၉**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ အမိန့်ဖြင့် လက်ရှိဒုဝန်ကြီးအဖြစ် တာဝန် ထမ်းဆောင်နေသော ဝန်ကြီး ၆ ဦးကို ဝန်ကြီးဌာနများ ပြောင်းလဲတာဝန်ပေးခဲ့ကြောင်း အမိန့်ကြော်ငြာချက်ကို နိုင်ငံတော်သမ္မတရုံးက ဇူလိုင် ၉ ရက်တွင် ထုတ်ပြန်ခဲ့သည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်နေသော ဦးသန့်ရှင်းကို သမ္မတရုံးဝန်ကြီးဌာန(၁)၏ ဒုဝန်ကြီးအဖြစ်၊ မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုဝန်ကြီး ဦးချန်မောင်ကို ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုဝန်ကြီးအဖြစ်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုဝန်ကြီး ဦးဝင်းရှိန်ကို ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုဝန်ကြီးအဖြစ်၊ မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုဝန်ကြီး ဦးဟန်စိန်ကိုပို့ဆောင်ရေးဝန်ကြီးဌာန ဒုဝန်ကြီးအဖြစ်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုဝန်ကြီး ဦးဝင်းသန်းကို ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဒုဝန်ကြီးအဖြစ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုဝန်ကြီး ဒေါက်တာမျိုးမြင့်ကို ပညာရေးဝန်ကြီးဌာန ဒုဝန်ကြီးအဖြစ် အသီးသီးတာဝန်များ ပြောင်းလဲပေးအပ်ခဲ့သည်။

နိုင်ငံတော်သမ္မတ၏ အမိန့်ကြော်ငြာစာအမှတ်(၁၅/၂၀၁၂)ဖြင့် ထုတ်ပြန်ခဲ့ပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄ ပုဒ်မခွဲ(က)(ဃ)နှင့်ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ (ခ)၊ ပုဒ်မခွဲငယ်(၉) တို့အရဒုဝန်ကြီးများကိုပြည်ထောင်စုဝန်ကြီးဌာန အသီးသီးတွင် ပြောင်းလဲတာဝန်ပေးလိုက်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

## မာန်အောင်ကျွန်းမှ နွားများ ပြည်ပသို့ တရားဝင်တင်ပို့ရန် သမ္မတကူညီမည်

**သန်းဌေး**

**ရန်ကုန်၊ ဇူလိုင် - ၁**

ရခိုင်ပြည်နယ် မာန်အောင်ကျွန်းတွင် ထောင်သောင်းချီ ပိုလျှံနေသောနွားများအား ပြည်ပနိုင်ငံများသို့ သင်္ဘောဖြင့် တင်ပို့ရောင်းချရန် သမ္မတကကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ပြောကြားသည်။

"သမ္မတကြီးက ပြောတာတော့ မင်းတို့ များများရရင် ခိုးမသွားနဲ့။ ငါ သင်္ဘောရှာပေးမယ် တောင်ပြောပါတယ်။ ဒါ ကျွန်တော်မီဒီယာတွေလည်းသိအောင် ပြောတာပါ။ ငါ သင်္ဘောရှာပေးမယ်၊ တိရစ္ဆာန်တင်တဲ့သင်္ဘောနဲ့ နိုင်ငံခြားအထိသွား ပတ်စ်ပို့မလိုဘူး။ မင်းတို့ရအောင် စီစဉ်လို့မှာကြားတယ်"ဟု သမ္မတကမှာကြားခဲ့ကြောင်း မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်(၁၂)ကြိမ်မြောက်နှစ်ပတ်လည်အခမ်းတွင် ဝန်ကြီးဦးအုန်းမြင့်က ပြန်လည်ပြောကြားသည်။

မာန်အောင်ကျွန်းတွင်ထောင်သောင်းချီပိုလျှံနေသော နွားများ အနီးအနားရှိနိုင်ငံများသို့ခိုးချောင်ခိုးဝှက် တင်ပို့မှုများရှိနေသောကြောင့်ရောင်းချနေသူများ အခြားကုန်ကျစရိတ်များပြားသည့်အပြင် နိုင်ငံတော်ကပါ နစ်နာသောကြောင့်အထက်ပါအတိုင်းဆောင်ရွက်ရကြောင်းဎင်းကပြောသည်။

"ပထမဦးဆုံး လာရောက်စုံစမ်းနေတာ ဒီဟာတွေကို အများဆုံးစားသုံးနေတဲ့ အိမ်နီးချင်းနိုင်ငံတွေလည်းရှိတယ်။ အခြားသောဝေးကွာတဲ့ နိုင်ငံတွေလည်းရှိတယ်။ မည်သူမဆို ကျွန်တော်တို့အဖွဲ့ချုပ်နဲ့လာရောက်ဆက်သွယ်ပါ။ ဝန်ကြီးဌာနနဲ့လည်း ဆက်သွယ်ပါ"ဟုပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်ကပြောကြားသည်။

သို့ရာတွင် နွားဈေးများမှဆွဲ ခေါ်လာသောနွားများ မဖြစ်စေရန်လိုအပ်ပြီး မိမိတို့ ရှာတွေ့သော နွားများအား ခတ်ပုံနှင့်တကွ တင်ပြသည့်ဈေးနှုန်းနှင့်ညှိနှိုင်းရောင်းချပေးမည်ဖြစ်ကြောင်း ဎင်းကဆက်လက်ပြောကြားသည်။

၂၀၀၈ ခုနှစ်မှ စတင်ကာ ပြည်ပနိုင်ငံများသို့တိရစ္ဆာန်အရှင်များအား တင်ပို့ခွင့်ပြုခဲ့သော်လည်း ၂၀၁၀ မေလ ၁၂ရက်မှသာ INTANFARM (Myanmar) ကုမ္ပဏီလီမိတက်က မလေးရှားနိုင်ငံသို့ နွားကောင်ရေ ၁၈၀ နှင့် ဆိတ်အရှင်၄၈၉ကောင်ကိုစတင်တင်ပို့နိုင်ခဲ့သည်။ ဆိတ်ကောင်ရေငါးသောင်းနှင့် နွားကောင်ရေတစ်သောင်းကို သက်ဆိုင်ရာကဆက်လက်တင်ပို့ခွင့်ပြုထားသော်လည်း ကျွဲ၊ နွား၊ သိုး၊ ဆိတ်အရှင်များအား ပြည်ပတင်ပို့မှုမှာ ယခုနှစ်တွင် ရပ်တန့်နေသည်။ ထိုသို့ဖြစ်ရခြင်းမှာ လယ်ယာလုပ်ငန်းခွင်တွင် ခိုင်းနွားရှားပါးလာခြင်းကြောင့်ဖြစ်ပြီး ကိုယ်တိုင်မွေးမြူထားသောနွားများကိုသာ ပြည်ပသို့ တင်ပို့ခွင့်ပြုတော့ကြောင်း သတင်းရရှိသည်။

## အမေရိကန်ကုမ္ပဏီ ၃၆ ခု ရင်းနှီးမြှုပ်နှံရန် ကဏ္ဍအသီးသီးမှ ပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆွေးနွေးမည်

**ပြည်သိမ်း၊ အောင်သူရ**

**ရန်ကုန်၊ ဇူလိုင် - ၉**

အမေရိကန်စီးပွားရေးကုမ္ပဏီ ၃၆ ခုမှ လုပ်ငန်းရှင်များသည် ဇူလိုင် ၁၄ ရက်မှစတင်ပြီး ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်တွင် ကဏ္ဍအသီးသီးမှ ပုဂ္ဂိုလ်များနှင့် သုံးရက်ကြာတွေ့ဆုံဆွေးနွေးရန်ရှိကြောင်း အမေရိကန်-အာဆီယံစီးပွားရေးကောင်စီမှ သတင်းရရှိသည်။

နိုင်ငံရေးအပြောင်းအလဲကြောင့် အမေရိကန်ကုမ္ပဏီများက ပြည်တွင်း၌ ရေရှည် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် လာရောက်လေ့လာခြင်းဖြစ်သည်။ အဆိုပါကုမ္ပဏီများသည် မြန်မာနိုင်ငံ၌ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ စီးပွားရေးနှင့်ပတ်သက်၍ သတင်းအချက်အလက်နှင့်သုတေသနအချက်အလက်များ လေ့လာသိရှိလိုကြောင်း အထက်ပါကောင်စီမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

"အမေရိကန်က စီးပွားရေးပိတ်ဆို့မှု ရှိနေသေးတော့ ရင်းနှီးမြှုပ်နှံမှုမလုပ်နိုင်ဘူး။ ရေရှည်အတွက် လေ့လာမှုတစ်ခုအနေနဲ့လာတာပါ"ဟု အမေရိကန်-အာဆီယံစီးပွားရေးကောင်စီမှ တာဝန်ရှိသူကဆိုသည်။ လာရောက်မည့်ကုမ္ပဏီများတွင် ဘဏ္ဍာရေးနှင့်ပတ်သက်သည့် ကုမ္ပဏီအများစုပါဝင်ပြီး စွမ်းအင်ကုမ္ပဏီများ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အအုံနှင့်ပတ်သက်သည့်ကုမ္ပဏီများ ပါဝင်ကြောင်း သတင်းရရှိသည်။




7 DAY NEWS JOURNAL
Vol.11, No.18 • JULY 12 , 2012

# CRIME မှုခင်းသတင်း CORNER

## ပထွေးရိုက်၍ ၂ နှစ်ခွဲအရွယ် ကလေးငယ်သေဆုံး

**အိဖြူလွင်**

**ရန်ကုန်၊ ဇူလိုင်-၄**

အသက် ၂ နှစ်ခွဲအရွယ် ကလေးငယ်ကို ပထွေးဖြစ်သူက ရိုက်နှက်ရာမှ ကလေးသေဆုံးသွားသောကြောင့် မိခင်ဖြစ်သူက ခင်ပွန်းကို အရေးယူပေးရန် တိုင်တန်းမှုတစ်ခု လှိုင်သာယာမြို့နယ်တွင် ဖြစ်ပွားခဲ့သည်ဟု ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ သတင်းရရှိသည်။

ဖြစ်ပွားပုံမှာ ဇူလိုင် ၂ရက် ညဇနာရီခွဲခန့်တွင် ကလေး၏ မိခင်ဖြစ်သူ အသက်(၂၄)နှစ်အရွယ် မမြင့်မြင့်စိုးသည် နေအိမ်အောက်ထပ်၌ ပန်းကန်ဆေးနေစဉ် နေအိမ်ပေါ်တွင် ငိုနေသည့် အသက်(၂)နှစ်(၇)လအရွယ် သားငယ်ကိုပထွေးဖြစ်သူက ငြိုဟ်မွှေသော ကလေးဟုဆိုကာ ရိုက်နှက်ခဲ့သည်ဟုဆိုသည်။

ကလေးကိုတံမြက်စည်းဖြင့်ရိုက်နှက်ခြင်း၊ မချီ၍ ကြမ်းပြင်ပေါ်သို့ပစ်ပေါက်ကာ ခြေထောက်ဖြင့် ဦးခေါင်းအား ဆောင့်နင်းခြင်းတို့ကြောင့် ကလေးသည် ကျောကုန်းဖူးရောင်၊ ဦးခေါင်းဖူးရောင် ဒဏ်ရာများရရှိခဲ့သည်။ ဝင်ရောက်ဟန့်တားသည့် မမြင့်မြင့်စိုးကိုလည်း တံမြက်စည်းဖြင့် ရိုက်နှက်ခဲ့သဖြင့် အင်းစိန်ဆေးရုံတွင် အတွင်းလူနာများအဖြစ် ဆေးကုသမှုများခံယူခဲ့ရသည်ဟု သိရှိရသည်။

ဆေးကုသမှုခံယူနေစဉ် ကလေးငယ်သည် ယင်းနေ့ညတွင်ပင် သေဆုံးသွားသဖြင့် မမြင့်မြင့်စိုးက သူမ၏ခင်ပွန်း၊ ကလေး၏ပထွေးတော်စပ်သူကို အရေးယူပေးရန် တိုင်တန်းခဲ့ခြင်းဖြစ်သည်။

အဆိုပါ အမှုကို လှိုင်သာယာရဲစခန်းက ပ-၉၁၆/၁၂ ပုဒ်မ ၃၀၂/၃၂၅ အမှုဖွင့်ပြီး တရားခံကို ဖမ်းဆီးစစ်ဆေးထားကြောင်း သိရှိရသည်။

## နေအိမ်များကို မီးရှို့ဖျက်ဆီးသူများအား လိုက်လံဖမ်းဆီး

**ဖိုးသီဟ**

**စစ်တွေ၊ ဇူလိုင် - ၄**

ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သော ပဋိပက္ခများတွင် ကျေးရွာများရှိနေအိမ်များကိုမီးရှို့ဖျက်ဆီးရာ၌ ဦးဆောင်ပါဝင်ခဲ့သူများကို ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း မောင်တောမြို့တွင် လုံခြုံရေးတာဝန်များအား တာဝန်ယူလျက်ရှိသည့်အမှတ် ၃၅၂ ခြေမြန်တပ် ရင်းမှဗိုလ်မှူးအဆင့်ရှိတပ်မတော်အရာရှိတစ်ဦးက ပြောသည်။

ဇွန်လ ၈ ရက်က မောင်တောမြို့နယ်တွင်းရှိကျေးရွာများမှ နေအိမ်များကို မီးရှို့ဖျက်ဆီးရာတွင် ဦးဆောင်သူများဖြစ်သည့် ကျေးရွာပေါင်း ၁၇ ရွာမှ အကြမ်းဖက်သူ ၂၉၇ ဦးအား လိုက်လံဖမ်းဆီးလျက်ရှိပြီး ၁၇၅ ဦးထက်မနည်း ဖမ်းဆီးရမိခဲ့ကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

# ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာဆိုင်ရာ ကော်မတီသို့ တိုင်စာ ၁,၂၀၀ ရောက်

**ရန်မျိုးနိုင်**

**ရန်ကုန်၊ ဇူလိုင်-၂**

ပြည်သူ့လွှတ်တော်တရားစီရင်ရေးနှင့် ဥပဒေရေးဆိုင်ရာကော်မတီသို့ တိုင်ကြားစာ ၁,၂၀၀ ရောက်ရှိနေပြီဖြစ်ကြောင်း ယင်းကော်မတီဥက္ကဋ္ဌသူရဦးအောင်ကိုက ပြောသည်။

"တရားမမှုတွေများပါတယ်။ ရာဇဝတ်မှုက မပါသလောက်ဘဲ" ဟု သူရဦးအောင်ကိုကပြောသည်။ အဆိုပါ တိုင်ကြားစာများတွင် လယ်ယာမြေ အသိမ်းခံရမှုများ၊ အဆောက်အအုံဆိုင်ရာ အငြင်းပွားမှုများ၊ ငွေကြေးလိမ်လည်မှုများသည် အများဆုံးပါဝင်နေကြောင်း ၎င်းကဆိုသည်။

ကော်မတီသို့ ရောက်ရှိလာသော တိုင်ကြားစာများကို ဥပဒေပညာရှင်များက စိစစ်ပြီး အချက်အလက်မှန်ကန်ကာ ယုတ္တိကျသော အမှုများကို သက်ဆိုင်ရာ တရားရုံးများသို့ ပြန်လည်သုံးသပ်ရန် ကော်မတီကပေးပို့ပေးခြင်း ဖြစ်သည်။

"တာဝန်ကျေ သဘောများတယ်။ တရားသူကြီးတွေဆုံးဖြတ်တဲ့ကိစ္စတွေကို ပညာပေးဆုံးမတာလောက်ပဲရှိတယ်။ ထိရောက်စွာ အရေးယူတာ အားနည်းတယ်" ဟု သူရဦးအောင်ကိုကဆို သည်။

ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးဆိုင်ရာ ကော်မတီသို့ ရောက်ရှိလာသော တိုင်ကြားစာများအနက် ၅၀၀ ကျော်ကို စိစစ်၍ သက်ဆိုင်ရာ တရားရုံးများသို့ ပေးပို့နိုင်ခဲ့ပြီး ကျန်သည့် တိုင်ကြားစာများကို ဆက်လက်ဆောင်ရွက်ဆဲဖြစ်သည်ဟုသိရသည်။

# အိန္ဒိယတွင် ပဲစိုက်ပျိုးခြင်း နောက်ကျ၍ မြန်မာ့ပဲ ဈေးပိုရ

**ပြည်သိမ်း**

**ရန်ကုန်၊ ဇူလိုင်-၅**



**အိန္ဒိယဈေးကွက်ဝင်ပဲတစ်မျိုးကို ဈေးကွက်အတွင်းတွေ့ရစဉ်** ဓာတ်ပုံ - ရဲမောင်မောင်(အမရပူရ)

အိန္ဒိယနိုင်ငံတွင် ရာသီဥတုဖောက်ပြန်ပြီး မိုးပဲစိုက်ပျိုးချိန်နောက်ကျနေသဖြင့် မြန်မာ့ပဲကို ဈေးကောင်းပေး၍ ဝယ်ယူလာကြောင်း မြန်မာနိုင်ငံပဲနှမ်းအသင်းမှ သတင်းရရှိသည်။

အိန္ဒိယနိုင်ငံတွင် မိုးပဲကို နှစ်စဉ်ဇွန်လတွင် စတင်စိုက်ပျိုးသော်လည်း ယခုနှစ်တွင် မိုးခေါင်နေသဖြင့် ယခုရက်ပိုင်းထိ စိုက်ပျိုးနိုင်ခြင်းမရှိသေးပေ။ ယင်းကြောင့် အိန္ဒိယမှ ပဲခွဲစက်များ၊ ပဲလုပ်ငန်းနှင့် ဆက်သွယ်လုပ်ကိုင်သူများက ဈေးနှုန်းများ တိုးမြှင့်၍ ဝယ်ယူလာကြခြင်းဖြစ်ကြောင်း အဆိုပါအသင်းမှ အထွေထွေအတွင်းရေးမှူး ဦးမင်းကိုဦးက ရှင်းပြသည်။

"ဈေးကွက်က ဝယ်သူစိတ်ဝင်စားရင် ဈေးပိုရမှာပဲ။ ရှေ့ဆက်ပြီး အလားအလာတော့ ကောင်းမယ်လို့ မမျှော်လင့်ရတယ်" ဟု ပြည်ပသို့ ပဲတင်ပို့နေသည့် လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

ထို့အပြင် ယခုရက်ပိုင်းတွင် ပြည်ပပို့ကုန်ရငွေတန်ဖိုးမှာလည်း မြင့်တက်လာသဖြင့် ပို့ကုန်လုပ်ငန်းများ ပိုမိုအစဉ်ပြေလာကြောင်းကိုလည်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။

"ပဲဈေးက အခုမှ တက်တယ်။ တောင်သူတွေဆီမှာတော့ ပဲလက်ကျန်က အရမ်းနည်းသွားပြီ" ဟု ဟသ်ာတမြို့နယ် ပဲနှမ်းကုန်သည်အသင်း ဥက္ကဋ္ဌကဆိုသည်။

ပြည်တွင်း၌ ပဲသုံးမျိုးလက်ကျန်မှာ ပုံမှန်တင်ပို့နေရသည့်အတွက် အထိုက်အလျောက် လျော့နည်းလာပြီ ဖြစ်သည်။ ပဲစင်းငုံ လက်ကျန်မှာ ပိုမိုနည်းနေပြီဖြစ်ကြောင်း သိရသည်။ ပြည်တွင်းပဲဈေးကွက်တွင် မတ်၊ ဧပြီ၊ မေ၊ ဇွန်လကုန်ပိုင်းထိ ဈေးမရခဲ့သော်လည်း ဇူလိုင်လမှစတင်၍ ဈေးနှုန်းများ ပြန်လည်မြင့်လာနိုင်ကြောင်း ဦးမင်းကိုဦးကဆိုသည်။

လက်ရှိပြည်တွင်းဈေးကွက်တွင် မတ်ပဲဈေးမှာ တစ်တန်လျှင် ၉၀,၀၀၀ ကျပ်ထိဈေးမြင့်ခဲ့သည်။ ဇွန်လလယ်ကကျပ် ၄၀၀,၀၀၀ ဝန်းကျင်သာရှိသည့် မတ်ပဲမှာ ယခု ရက်ပိုင်းတွင် ၄၉၀,၀၀၀ ကျပ်ထိဈေးမြင့်ခဲ့သည်။ ၎င်း၏အကျိုးဆက်အဖြစ် နယ်မြို့များတွင်လည်း မတ်ပဲတစ်တင်းလျှင် ၁၂,၅၀၀ ကျပ်ဝန်းကျင်မှ ၁၅,၅၀၀ ကျပ်ထိ ဈေးနှုန်းမြင့်တက်လာကြောင်းသည်။

ပဲအဓိကစိုက်ပျိုးရာ မြန်မာနိုင်ငံအလယ်ပိုင်းတွင်လည်း ယခုနှစ်တွင် ဇူလိုင်လ ပထမပတ်ထိ မိုးခေါင်နေ၍ ပဲမျိုးစုံအထွက်လျော့နိုင်ကြောင်း ဒေသခံများကပြောသည်။

JPC TRADE သည် ၂၀၀၃ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ယခုအချိန်တွင် လျင်မြန်စွာ တိုးတက်နေသော နိုင်ငံတကာသို့ ဂျပန်လေလံကားများတင်ပို့သော ဂျပန်ကုမ္ပဏီ တစ်ခုဖြစ်ပါသည်။

www.jpctrade.com



JPCTRADE
Japanese Partner for your Car

Full translation service of Inspection sheet
Support by JPC professional staffs (7 languages including Myanmar)

Hot line :: 09-4500-0647 (Myanmar)
+81-3-5245-7731 (Japan)
Email :: sales@jpctrade.com
MM URL :: www.jpctrade.com/mm/

JPC ၏ Auction Search Tool သည် ဂျပန်နိုင်ငံတဝန်းလုံးရှိ ကားလေလံဆာဗာများမှ ကားများ၏အချက်အလက်ကို စုစည်းပြသပေးနိုင်ပါသည်။ Over 100,000 cars are auctioned every week in over 120 auction houses in Japan.

# ဒေါ်အောင်ဆန်းစုကြည်က ကော့မှူးမြို့နယ်မှ ငွေကြေးအရင်းအနှီးလိုအပ်သူများအတွက် အသေးစားငွေချေးလုပ်ငန်းတစ်ခုနှင့် ချိတ်ဆက်ပေး

အောင်သူရ

ရန်ကုန်၊ ဇူလိုင် - ၅

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ကော့မှူးမြို့နယ် ပြည်သူ့လွှတ်တော်အမတ် ဒေါ်အောင်ဆန်းစုကြည်က ကော့မှူးဒေသအတွင်းရှိငွေကြေးအရင်းအနှီး ခက်ခဲနေသူများအား ကူညီရန် အသေးစားချေးငွေ လုပ်ငန်းလုပ်ကိုင်နေသောအဖွဲ့တစ်ဖွဲ့နှင့် ချိတ်ဆက်ထားကြောင်း ဒေသခံများကိုပြောကြားခဲ့သည်။

"စိုက်ပျိုးရေးဘဏ်ကနေ ငွေ ပြန်ထုတ်လို့ မရတာကတော့ ဥပဒေကို ကျွမ်းကျင်တဲ့လူတွေနဲ့ တိုင်ပင်ပြီး သက်ဆိုင်ရာက တာဝန်ရှိတဲ့လူတွေနဲ့ဆွေးနွေးပေးမယ်။ ငွေကြေးလိုအပ်နေတဲ့လူတွေကိုတော့အသေးစားငွေချေးရေးကို ဆောင်ရွက်နေတဲ့ အဖွဲ့တစ်ဖွဲ့နဲ့ ချိတ်ဆက်ပေးထားပါတယ်။ သုံးလအတွင်းမှာအမြန်ဆုံးဖြစ်အောင် ဆောင်ရွက်နေပါတယ်" ဟု ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့သည်။

ဇူလိုင်လ ၅ ရက်က ကော့မှူးမြို့နယ် ဆင်ခြံကျေးရွာရှိအောင်ဇမ္ဗူပရဟိတကျောင်းတွင် ကျေးရွာပေါင်း ၆၀ ကျော်မှ ဒေသခံများနှင့် တွေ့ဆုံစဉ်အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။




ဒေါ်အောင်ဆန်းစုကြည်က ဇူလိုင်၅ရက် မွန်းလွဲပိုင်းတွင် ကော့မှူးမြို့နယ်ဆင်ခြံကျေးရွာ၊ အောင်ဇမ္ဗူပရဟိတကျောင်းတွင် ဒေသခံများနှင့် အပြန်အလှန်ဆွေးနွေးနေစဉ်

အဆိုပါတွေ့ဆုံပွဲတွင်ဒေသခံများက တောင်သူလယ်သမားများ မိုးစပါးစိုက်ပျိုးရန် ငွေကြေးခက်ခဲနေခြင်း၊ စိုက်ဘဏ်မှ ချေးငွေပြန်မရခြင်း၊ချောင်းမြောင်းများ ရေစီးရေလာမကောင်းသဖြင့် လယ်ကွင်းများ ရေနစ်နေခြင်းနှင့် ပညာရေးနှင့်ကျန်းမာရေးအခက်အခဲများအားတင်ပြခဲ့ကြသည်။

"ကျောင်းနဲ့ဆေးခန်းနှင့်ပတ်သက်လို့ အဖွဲ့တွေစေလွှတ်ပြီး လေ့လာပါမယ်။ ရွာတိုင်းရွာတိုင်းကတော့ လိုချင်ကြမှာပဲ။ ကျောင်းနဲ့ပတ်သက်လို့ ကလေးဘယ်လောက်များများကို အကျိုးပြုသလဲ။ ဆေးခန်းနဲ့ပတ်သက်လို့လည်း ပြည်သူဘယ်လောက်များများကို အကျိုးပြုမလဲဆိုတာကို ကြည့်ပြီးမှ ဘယ်နေရာတွေမှာ ဦးစားပေးရမလဲဆိုတာကို ကြည့်မယ်။ အားလုံးကိုတော့ တစ်ခါတည်းလုပ်မပေးနိုင်ပါဘူး"ဟုဒေါ်အောင်ဆန်းစုကြည်ကပြောသည်။

အလုပ်လက်မဲ့ပြဿနာများ ဖြေရှင်းနိုင်ရန် အောင်ဇမ္ဗူပရဟိတကျောင်းတွင် အသက်မွေးဝမ်းကျောင်းပညာနှင့် ပတ်သက်၍ ဆေးဝါးကျွမ်းကျင်သင်တန်း၊ လျှပ်စစ်သင်တန်း၊ ကွန်ပျူတာသင်တန်း၊ စက်ချုပ်သင်တန်းနှင့် စက်ပြင်သင်တန်းတို့အား ဖွင့်လှစ်ထားကြောင်း ပရဟိတကျောင်းထိုင်ဆရာတော်ကပြောသည်။

တွေ့ဆုံပွဲစတင်ချိန်တွင် လမ်းပန်းဆက်သွယ်ရေးနှင့် အခက်အခဲကိစ္စအား မတင်ပြရန်ပြောဆိုထားပြီး ထိုကိစ္စနှစ်ခုအား မိုးကုန်သည်နှင့်စတင်ဆောင်ရွက်ပေးမည်ဟု ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့သည်။

## ကြိမ်မျိုးကောင်းများ မျိုးသုဉ်းလုနီး

အောင်နိုင်

ရန်ကုန်၊ဇူလိုင်-၇

ကချင်ပြည်နယ်တွင် ကြိမ်မျိုးကောင်းများ မျိုးသုဉ်းလုနီးပါးဖြစ်နေသောကြောင့် ပြည်ပသို့ကုန်ကြမ်းတင်ပို့မှုကို ကန့်သတ်ရန် တောင်းဆိုခဲ့ခြင်းဖြစ်ကြောင်း ကြိမ်လုပ်ငန်းရှင်များအစုအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူက ပြောသည်။

ဗန်းမော်လမ်းကြောင်းမှ ကုန်ကြမ်းတင်ပို့မှုမှာ ၁၅နှစ်တာမျှ ကောင်းမွန်ခဲ့သောကြောင့် ယခုအခါကဒိန်နှင့် ယမထာကဲ့သို့ ကြိမ်မျိုးကောင်းများ မျိုးပြုန်းနေကြောင်း ၎င်းကပြောသည်။

"ကဒိန်ဆိုစိုက်ရတာ အရမ်းခက်တယ်။ ကချင်မှာ မျိုးပြုန်းနေပြီ။ ကြိမ်ကြီးတွေဆို အရွယ်ရောက်လို့ ၁၅နှစ်လောက်စောင့်ရတယ်။ ဒါကြောင့် အခုတင်ပို့တဲ့တောင်ကြိမ်၊ ဆင်ကြိမ်တို့အထဲမှာမပါတဲ့ကြိမ်သေးတွေကို ကန့်သတ်ပေးဖို့ တင်ပြထားတာပါ"ဟုပြောသည်။

၂၀၁၂ဇန်နဝါရီလတွင် ကမ္ဘာ့ကြိမ်ဈေးကွက်၏ ၈၀ရာခိုင်နှုန်းကို တင်ပို့နေသော အင်ဒိုနီးရှားနိုင်ငံသည် ပြည်ပသို့ ကြိမ်တင်ပို့မှုကို လုံးဝပိတ်ပင်လိုက်ကြောင်း သိရသည်။

"အခုဆို အင်ဒိုနီးရှားမှာ ဝယ်မရတော့ တရုတ်က ဒီဘက်ကို လှည့်ဝယ်တယ်။ ကျွန်တော်တို့ကုန်ချောကုမ္ပဏီတွေကိုတောင် တစ်လကို တန် ၃,၀၀၀ ဝယ်ဖို့လာကမ်းလှမ်းကြတယ်"ဟု ရန်ကုန်မြို့ရှိကြိမ်အချောထည်လုပ်ငန်းပိုင်ရှင်တစ်ဦးကပြောသည်။ တရုတ်နိုင်ငံ International Network for Bamboo and Ratten အဖွဲ့မှ ပါမောက္ခဒေါက်တာဇူး (Zhou)က မြန်မာနိုင်ငံမှ ကြိမ်ကုန်ကြမ်းတန်ချိန် ၆၀,၀၀၀ခန့် တင်ပို့ခဲ့သည်ဟု ပြောကြားခဲ့ကြောင်း ရန်ကုန်ကြိမ်အချောထည် လုပ်ငန်းရှင်များကပြောသည်။ ယခုနှစ်တွင် တရုတ်နိုင်ငံသို့ တင်ပို့ခဲ့သော ကြိမ်တန်ချိန်မှာ ၈၀၀ ဝန်းကျင်သာရှိပြီး ပြည်တွင်း၌ ပိုလျှံသောကြိမ်များကိုသာ တင်ပို့ခြင်းဖြစ်ကြောင်း ဗန်းမော်မြို့ရှိ ကြိမ်ကုန်သည်များထံမှ သိရသည်။

အာဆီယံနိုင်ငံများတွင် မြန်မာ၊ အင်ဒိုနီးရှား၊ မလေးရှားတို့တွင်သာ ကြိမ်သယံဇာတ ကျန်ရှိတော့ကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် ကချင်၊ ကရင်၊ ချင်း၊ ထားဝယ်၊ တနင်္သာရီနှင့် ခန္တီးဒေသတို့၌ ကြိမ်အများဆုံးပေါက်ကြောင်းသိရသည်။ ရန်ကုန်မြို့ ကြိမ်လုပ်ငန်းရှင်များအစုအဖွဲ့မှ တရုတ်နိုင်ငံသို့ ကြိမ်ကုန်ကြမ်း တင်ပို့မှုကို ကန့်သတ်ပေးရန် သက်ဆိုင်ရာဝန်ကြီးဌာနများထံ တင်ပြတောင်းဆိုခဲ့ခြင်းကို ဗန်းမော်မြို့ကြိမ်ကုန်သည်များက ဇူလိုင် ၂ရက်တွင် ပြန်လည်ရှင်းလင်းတင်ပြခဲ့ကြောင်းသိရသည်။




AIR KBZ
FLYING BEYOND EXPECTATIONS
Book through one of these channels for a special fare!
reservation@airkbz.com.mm
www.facebook.com/AIRKBZ
www.airkbz.com
SPECIAL AIR FARE
Online user only
20% off
Book and Fly: July 1~31, 2012
For more information
Office: (01) 372977~80 (Marketing)


M.E.S Affiliated Centre
edexcel
Approved Centre No: 93081
CHINDWIN COLLEGE
SCHOOL OF ENGINEERING
◆ တင်လတ်(85 Mechanical) နှင့်ကျော်နီခင် (86 Electrical) ၂၀၀၇တွင်စတင်တည်ထောင်သော မြန်မာနိုင်ငံတွင်ပထမဆုံး Edexel UK အသိအမှတ်ပြု Higher National Diploma College ဖြစ်သည်။
◆ တစ်ခုတည်းသော မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (MES) Affiliated College ဖြစ်သည်။
◆ ချင်းတွင်းကောလိပ်တွင် HND Electrical & Electronics Engineering ရရှိပြီးသူများ ၃နှစ်ဆက်တိုက် University of Sunderland, University of Wolverhampton, Coventry University တို့တွင် B.E (Hons) Final Year တိုက်ရိုက်ဝင်ခွင့်ရရှိခဲ့ကြပြီးဖြစ်သည်။
◆ ချင်းတွင်းကောလိပ်မှ Electrical & Electronics Engineering နှင့် Mechanical Engineering တန်းခွဲသစ်များကို ဇူလိုင်လ တွင် စတင်မည်ဖြစ်ပါသည်။
◆ တက္ကသိုလ်ဝင်တန်းအောင်ပြီးသူများ International Foundation Course (IFC) တက်ရောက်နိုင်သည်။ IFC ပြီးဆုံးသူများနှင့် တက္ကသိုလ်ဒုတိယနှစ်အောင်ပြီးသူများ HND ၂နှစ် သင်တန်းတက်ရောက်နိုင်သည်။
◆ HND ရရှိပြီးလျှင် University of Sunderland, University of Wolverhampton, Coventry University တို့တွင် B.E(Hons) Final Year တိုက်ရိုက်ဝင်ခွင့်ရရှိမည်။
ဆက်သွယ်ရန်
ချင်းတွင်းကောလိပ် (ရန်ကုန်) အမှတ်(၇၅) သိမ်ဖြူလမ်း အောက်ဘလောက် ဖုန်း ၀၉-၇၃၀၆၈၃၇၆၊ ၀၁-၂၉၇၆၇၃
ချင်းတွင်းကောလိပ် (မန္တလေး) စံပယ်ဆောင်၊ ဂရိတ်ဝေါ တိုက်ခန်းများ၊ ၇၇ × ၇၈ကြား၊ ၃၀ × ၃၂ကြား ဖုန်း - ၀၉-၂၀၀၁၂၀၀၊ ၀၂-၇၄၁၇၉
www.facebook.com/chindwincollege
OUR PARTNERS
AUSTON INSTITUTE
TEG INTERNATIONAL COLLEGE
Coventry University
UNIVERSITY OF WOLVERHAMPTON
SOE SAN
edexcel advancing learning, changing lives
University of Sunderland

# သန့်မြင့်ဦး၏ WHERE CHINA MEETS INDIA ဘာသာပြန်စာအုပ် သုံးလအတွင်းထုတ်ဝေမည်

**စာရေးဆရာကျော်ဝင်းက မြန်မာဘာသာပြန်ပေးပြီး "ဂန္ဓာလနှင့် မဇ္ဈိမတို့ ဆုံစည်းရာ"ဟု အမည်ပေးရန် စီစဉ်ထားကြောင်း. . .**

**ထွန်းနိုင်**

**ရန်ကုန်၊ဇူလိုင်-၇**

ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်၏မြေး ဦးသန့်မြင့်ဦး၏အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော 'WHERE CHINA MEETS INDIA: BURMA AND THE NEW CROSSROADS OF ASIA'စာအုပ်ကို ဆရာကျော်ဝင်း၏ ဘာသာပြန်လက်ရာဖြင့်မြန်မာဘာသာသို့ ပြန်ဆိုထုတ်ဝေသွားမည်ဖြစ်ကြောင်း Myanmar Book Centre မှ စီအီးအို ဒေါက်တာသန့်သော်ကောင်းက ပြောသည်။


"ဘာသာပြန်နေပါပြီ။နောက်သုံးလနေထွက်မယ် ခင်ဗျ"ဟု ၎င်းက 7 Day News သို့ ပြောသည်။

(ဦး)သန့်မြင့်ဦး အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသည့် "THE RIVER OF LOST FOOTSTEPS" စာအုပ်ကို မြနှင်းဆီမြန်မာဘာသာသို့ ပြန်ဆို၍ "ခြေရာပျောက်မြစ်" အမည်ရှိစာအုပ်ကို Myanmar Book Centre က ပြီးခဲ့သည့် လပိုင်းအတွင်း ထုတ်ဝေခဲ့ပြီး ဒုတိယခြေလှမ်းအဖြစ်ယခုစာအုပ်ကို ထုတ်ဝေရန် ပြင်ဆင်နေခြင်းဖြစ်သည်။

အဆိုပါစာအုပ်ကို စာရေးဆရာ (ဦး)ကျော်ဝင်းက မြန်မာဘာသာသို့ ပြန်ဆိုမည်ဖြစ်ပြီး အချိန်သုံးလခန့် ကြာမြင့်မည်ဟု ခန့်မှန်းထားကြောင်း ဒေါက်တာသန့်သော်ကောင်းက ပြောသည်။

"ရခိုင်ကိစ္စဖြစ်ပြီးနောက်ပိုင်းမှာ ဒီစာအုပ်က ဘာသာပြန်ရှိသင့်တယ်လို့ပိုထင်တယ်ဗျ။အစကတည်းကလည်း ဒီစာအုပ်ကို သဘောကျတယ်။ ဘာကြောင့်လဲဆိုရင် ပထဝီအရကိုက ကျွန်တော်တို့က ကမ္ဘာမှာလူဦးရေအများဆုံးနိုင်ငံကြီးနှစ်ခု၊ လူဦးရေတိုးနှုန်းလည်း အမြန်ဆုံးနိုင်ငံကြီး နှစ်ခုကြားထဲနေရတာ"ဟု ဆရာကျော်ဝင်းကပြောသည်။

ပြီးခဲ့သည့် လပိုင်းအတွင်းက ထွက်ရှိခဲ့သည့်"ခြေရာပျောက်မြစ်" စာအုပ်သည် မျှော်လင့်ထားသည်ထက် စာဖတ်ပရိသတ်၏ စိတ်ဝင်စားမှုကို ရခဲ့ပြီး ဈေးကွက်အတွင်း ဖြန့်ဝေအပြီး တစ်ပတ်အကြာတွင် ထုတ်ဝေခဲ့သည့်အုပ်ရေ၁,၀၀၀ လုံး ရောင်းချခဲ့ရကြောင်း ဒေါက်တာသန့်သော်ကောင်းက ပြောသည်။




"အစကတော့ မှန်းတော့မှန်းထားပါတယ်။ ရောင်းရမယ်ပေါ့။ ဒါပေမဲ့ အဲဒီလောက်အမြန်ကြီး၊ အဲဒီလောက်အရမ်းကြီး ရောင်းရမယ်လို့ ကျွန်တော်တို့မထင်ခဲ့ဘူး" ဟု ၎င်းကပြောသည်။

ဘာသာပြန်ဆိုနေသည့် အဆိုပါစာအုပ်ကို "ဂန္ဓာလနှင့် မဇ္ဈိမတို့ ဆုံစည်းရာ"ဟု အမည်ပေးရန် စဉ်းစားထားကြောင်း (ဦး)ကျော်ဝင်းကပြောသည်။

ပထဝီအနေအထားအရမြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများနှင့် နယ်နိမိတ်ခြင်း ထိစပ်လျက်ရှိပြီး အင်အားကြီးနှစ်နိုင်ငံဖြစ်သည့် အိန္ဒိယနှင့် တရုတ်နိုင်ငံအကြား တည်ရှိနေကြောင်း ယင်းအခြေအနေများကြောင့် ဖြစ်ပေါ်လာနိုင်သည့် အကျိုးအပြစ်များကို ယခုစာအုပ်မှ သိရှိနိုင်မည်ဟု ထင်ကြောင်း (ဦး)ကျော်ဝင်းကပြောသည်။

# ဧရာဝတီမြစ်အတွင်း သွားလာနေသောရေယာဉ်များ အရှိန်လျှော့မောင်းရန် သတိပေး

**ညီညီဇော်**

**မန္တလေး၊ ဇူလိုင် - ၇**

ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ခုတ်မောင်းနေသော အမြန်ရေယာဉ်များကို အရှိန်နှုန်းများ လျှော့ချမောင်းနှင်ရန် ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ဇူလိုင် ၄ ရက်ကသတိပေးတားမြစ်ချက်ထုတ်ပြန်ခဲ့ကြောင်းသတင်းရရှိသည်။

ထုတ်ပြန်ရခြင်းမှာ ဧရာဝတီမြစ်ကြောင်းတစ်လျှောက် အစုန်အဆန် ခုတ်မောင်းသွားလာနေကြသော အမြန်ရေယာဉ်များ၏ မဆင်မခြင်မောင်းနှင်မှု အရှိန်ကြောင့် ရေလှိုင်းများ ဖြစ်ပေါ်လာပြီး ကမ်းပါးပြိုမှုကို ပို၍ ဖြစ်ပေါ်စေနိုင်သည့်အကြောင်းရင်းတစ်ခုကို တွေ့ရှိခြင်းကြောင့်ဖြစ်သည်ဟုဆိုသည်။ သို့ဖြစ်ရာ အမြန်ရေယာဉ်များသည် မြို့၊ ရွာဆိပ်ကမ်းများအနီး ဖြတ်သန်း မောင်းနှင်ရာ၌ အစုန်တွင် ရေမိုင် ၁၀မိုင်နှုန်း၊ အဆန်တွင် ရေမိုင် ရှစ်မိုင်နှုန်းထက်ပို၍ မောင်းနှင်ခြင်းမပြုကြရန်နှင့်မြစ်ကမ်းစပ်သို့ရေလှိုင်းရိုက်ခတ်မှုလျော့ပါးစေရန် ဆိပ်ကမ်းများတွင် ဆိုက်ကပ်ခြင်းမှအပ တတ်နိုင်သမျှ ကမ်းပါးများမှခွာ၍ မောင်းနှင်ကြရန် အသိပေးကြေညာထားကြောင်းသိရသည်။

မန္တလေးမြို့ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက "ကျွန်တော်တို့ဆီကိုရေယာဉ်တွေရဲ့ မောင်းနှင်မှုကြောင့်ကမ်းပါးတွေပြိုလို့ရွာတွေက လာတိုင်ကြပါတယ်။ ဒါကြောင့် ခုလို လုပ်ရတာပါ"ဟု ပြောသည်။ အဆိုပါ အသိပေး ကြေညာချက်များနှင့် ဆိပ်ကမ်းနယ်နိမိတ်အတွင်း ကန့်သတ်ချက်များကို လိုက်နာခြင်းမရှိသော ရေယာဉ်များအား တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဟုဆိုသည်။ ဇွန်လကုန်ပိုင်းမှ စတင်၍ ဧရာဝတီမြစ်ရိုးတစ်လျှောက် မြေနုကျွန်းပေါ်တွင် တည်ရှိသော ကျေးရွာ၁၈ရွာတွင် ကမ်းပါး ပြိုကျမှုအန္တရာယ် ရင်ဆိုင်ခဲ့ရကြောင်း သတင်းရရှိသည်။



7 DAY NEWS JOURNAL
Vol.11, No.18 • JULY 12 , 2012



## ၂၀၁၂ ဇူလိုင် ၁၁ မှ ၁၇ ရက်ထိ မိုးလေဝသနှင့်ဇလဗေဒသန့်မှန်းချက်

### ဘင်္ဂလားပင်လယ်အော် မုန်တိုင်းအခြေနေ

ယခုရက်သတ္တပတ်အတွင်း ဘင်္ဂလားပင်လယ်အော်မှာ မုန်တိုင်းငယ်တစ်ခုဖြစ်လာရန် အခြေအနေ ဆက်လက်လျော့နည်းနေနိုင်ပါတယ်။ အနောက်တောင် မုတ်သုံလေဟာ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနဲ့ အနောက်အလယ်ပိုင်းတွေမှာ အားကောင်းနိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်နဲ့ ကပ္ပလီပင်လယ်ပြင်မှာ အသင့်အတင့်ရှိနိုင်ပါတယ်။

### မြန်မာ့ပင်လယ်ပြင်အခြေအနေ

ရခိုင်ကမ်းရိုးတန်း၊ မြစ်ဝကျွန်းပေါ် တစ်လျှောက်နဲ့ ကမ်းလွန်ပင်လယ်ပြင်တွေမှာ တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်ပါတယ်။ ရေပြင်မြေပြင်လေဟာ တစ်နာရီ (၂၅)မိုင် နဲ့ (၃၅) မိုင်နှုန်းတိုက်ခတ်နိုင်ပါတယ်။ ကျန်မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအသင့်အတင့်သာရှိနိုင်ပါတယ်။

### မိုးရွာသွန်းမှုအခြေအနေ

မိုးလေဝသဂြိုဟ်တုမှတိုင်းတာချက်အရပြီးခဲ့တဲ့ ဇွန်လ(၃၀)ရက်မှ ဇူလိုင်လ(၆)ရက်နေ့အထိ ရက်သတ္တတစ်ပတ်အတွင်းမှာ တနင်္သာရီတိုင်းမှာမိုးရေချိန်(၂)လက်မမှ(၆)လက်မခန့်၊ကချင်ပြည်နယ်၊စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ဧရာဝတီတိုင်း နဲ့ ရန်ကုန်တိုင်း တွေမှာ မိုးရေချိန်(၂) လက်မမှ(၄)လက်ခန့်အထိ ရရှိခဲ့ပါတယ်။ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းအရှေ့ပိုင်းတို့မှာ မိုးရွာသွန်းမှု ဆက်လက်လျော့နည်းနေပြီး တစ်ပတ်အတွင်း မိုးရေချိန် (၀. ၈) လက်မခန့်သာ ရရှိခဲ့ပါတယ်။ ကျန်ဒေသတွေမှာ မိုးရေချိန် (၁)လက်မမှ(၂)လက်မခန့်ရွာသွန်း ခဲ့ပါတယ်။

### မိုးရွာသွန်းနိုင်မှုခန့်မှန်းချက်

ခန့်မှန်းကာလအတွင်း ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းတောင်ပိုင်း၊ မွန်ပြည်နယ်နဲ့ တနင်္သာရီတိုင်းတောင်ပိုင်းတို့မှာ ရွာသွန်းမြဲထက် ပိုနိုင်ပါတယ်။ စစ်ကိုင်းတိုင်း အောက်ပိုင်း၊ ရှမ်းပြည်နယ်တောင်ပိုင်းနဲ့ မြောက်ပိုင်း၊ ပဲခူးတိုင်းမြောက်ပိုင်း၊ မကွေးတိုင်းအရှေ့ပိုင်း၊ မန္တလေးတိုင်းတွေမှာ ရွာသွန်းမြဲအောက် လျော့နည်းနိုင်ပါတယ်။ ကျန်ဒေသတွေမှာတော့ ရွာသွန်းမြဲခန့် ရှိနိုင်ပါတယ်။ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ဧရာဝတီတိုင်းနဲ့ ရန်ကုန်တိုင်းတို့မှာ နေရာကွက်ပြီး မိုးကြီးနိုင်ပါတယ်။

### မိုးတိမ်တောင်များဖြစ်ပေါ်နိုင်မှုအခြေအနေ

အများအားဖြင့် တစ်ပြည်လုံးမှာ ထစ်ချုန်းမည့်အခြေအနေများ တဖြည်းဖြည်း လျော့နည်းလာနိုင်ပါတယ်။ မကွေးတိုင်းမြောက်ပိုင်း၊ ချင်းပြည်နယ်တောင်ပိုင်း၊ ရှမ်းပြည်နယ်တောင်ပိုင်းနဲ့ အရှေ့ပိုင်းတွေမှာ မိုးတိမ်တောင်များဖြစ်ပေါ်ဖို့ အလားအလာအများဆုံးဖြစ်နိုင်ပါတယ်။

### နေ့အပူချိန်များအခြေနေ

ကချင်ပြည်နယ်အရှေ့ပိုင်း၊ ရှမ်းပြည်နယ်အရှေ့မြောက်ပိုင်း၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့မှာ အပူရှိန်လျော့နည်းနိုင်ပါတယ်။ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း တို့မှာ အပူရှိန် မြင့်မားနိုင်ပါတယ်။ ကျန်ဒေသများမှာတော့ ပုံမှန် အပူရှိန်ခန့်သာရှိနိုင်ပါတယ်။

### မြစ်ရေအခြေအနေ

ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ စစ်တောင်းမြစ်၊ သံလွင်မြစ်၊ ပဲခူးမြစ်စသည့်မြစ်တို့တွင် လက်ရှိရေအမှတ်များထက် ပိုမိုမြင့်တက်လာနိုင်ပြီး၊ ဧရာဝတီမြစ်ရေသည် မန္တလေးတိုင်း၊ မကွေးတိုင်း၊ ဧရာဝတီတိုင်း အတွင်းတွင် ဒေသအလိုက် ရေလျှံမှုကြုံတွေ့နိုင်ပါတယ်။

### တောင်တရုတ်ပင်လယ်ပြင်အခြေအနေ

တောင်တရုတ်ပင်လယ်ပြင်မှာ အခုလာမယ့် ရက်သတ္တ တစ်ပတ်အတွင်းမှာ မုန်တိုင်းများ ဆက်လက်ဖြစ်လာနိုင်ပေမယ့် မြန်မာနိုင်ငံဘက်ကိုတော့ ရောက်ရှိလာနိုင်ဖွယ်ရာ မရှိပါဘူးလို့ ခန့်မှန်း ရပါတယ်။

ဒေါက်တာထွန်းလွင်

# အစိုးရအဆောက်အအုံလေးခု ဟိုတယ်ပြုလုပ်ရန် ကုမ္ပဏီသုံးခုသာ လျှောက်ထားသေး

မိုးညို

ရန်ကုန်၊ ဇူလိုင် - ၅

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က အစိုးရအဆောက်အအုံလေးခုအား ဟိုတယ်ပြုလုပ်ရန် တင်ဒါခေါ်ယူမှုတွင် တစ်လအတွင်း တင်ဒါလျှောက်ထားသည့် ကုမ္ပဏီသုံးခုသာရှိသေးကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှသိရသည်။

တင်ဒါ စတင်ခေါ်ယူသည့် ဇွန်လ ၁၄ ရက်မှ ဇူလိုင် ၇ ရက် အထိတင်ဒါပိတ်ရက်အဖြစ် သတ်မှတ်ခဲ့ပြီးနောက် ဩဂုတ် ၇ ရက် အထိတစ်လတိတိတိုးမြှင့်ပြင်ဆင် သတ်မှတ်ပေးခဲ့ပြီးဖြစ်သည်။

"တစ်လတိုးပြီး ခေါ်ရတဲ့ အကြောင်းရင်းက လုပ်ကိုင်လိုတဲ့ လုပ်ငန်းရှင်တွေအနေနဲ့ ပြင်ဆင်ချိန်ရအောင်လို့ပါ။ နိုင်ငံခြားက လုပ်ငန်းရှင်တွေအတွက်လည်း တစ်ဆင့်တစ်ဆင့်သိသွားပြီး အချိန်မီ တင်ဒါလာလျှောက်နိုင်အောင် လို့ပါ"ဟု မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ တာဝန်ရှိသူ တစ်ဦးကပြောသည်။

လာရောက်၍ တင်ဒါ လျှောက်ထားသည့် ကုမ္ပဏီမှာ လတ်တလောတွင် သုံးခုသာရှိသေးသော်လည်း ပြည်ပမှ ဖက်-စပ် ကုမ္ပဏီများ၊ နိုင်ငံခြားကုမ္ပဏီ ကိုယ်စားပြည်တွင်းမှ ကိုယ်စားပြုမေးမြန်းစုံစမ်းသည့် ကုမ္ပဏီများလည်းရှိနေပြီဖြစ်ကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ သိရသည်။

ကိုလိုနီခေတ် လက်ကျန် အဆောက်အအုံများထဲမှ ဝန်ကြီးဌာန အဆောက်အအုံများဖြစ်သည့် ယခင် ဟိုတယ်ခရီးအဆောက်အအုံ၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအဆောက်အအုံ၊ ကုန်သွယ်ရေးကော်ပိုရေးရှင်းအဆောက်အအုံနှင့်သွင်းကုန်ထုတ်ကုန်လုပ်ငန်းရုံး အဆောက်အအုံတို့အား ရှေးမူမပျက် ပြန်လည်ပြင်ဆင်၍ ဟိုတယ်အဖြစ် လုပ်ကိုင်ခွင့်ပြုထားခြင်းဖြစ်သည်။

# ဓမ္မရံကြီးဘုရား ပြုပြင်ထိန်းသိမ်းရန် တရုတ်နိုင်ငံက နည်းပညာနှင့် ငွေကြေးကူညီ

အိဖြူမွန်

ရန်ကုန်၊ ဇူလိုင် - ၅



ပုဂံရှေးဟောင်းဘုရား ယဉ်ကျေးမှုအမွေအနှစ်ဒေသတွင် ထုထည်ကြီးမားသော ဓမ္မရံကြီးဘုရား ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် တရုတ်နိုင်ငံအစိုးရက နည်းပညာနှင့် ငွေကြေးများ ပံ့ပိုးကူညီဆောင်ရွက်မည်ဖြစ်ကြောင်း ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်လွင်ဦးကပြောသည်။

နှစ်နိုင်ငံအကြား ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရန်အတွက်တရုတ်ပြည်သူ့သမ္မတနိုင်ငံရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဗျူရိုမှ အဖွဲ့ခေါင်းဆောင် ညွှန်ကြားရေးမှူးချုပ် မစ္စတာ Zhu Xiaodong နှင့်အဖွဲ့က ယခုလ ၁ ရက်တွင် ယဉ်ကျေးမှုဝန်ကြီး ဌာနသို့ လာရောက်တွေ့ဆုံဆွေးနွေးခဲ့သည်။

ပုဂံရှေးဟောင်းဘုရား ယဉ်ကျေးမှုအမွေအနှစ်ဒေသတွင် ပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်ရာ၌ တရုတ်နိုင်ငံသည် ဒုတိယမြောက်နိုင်ငံလည်းဖြစ်သည်။ အာနန္ဒာဘုရား ပြုပြင်ထိန်းသိမ်းရေးကိုအိန္ဒိယနိုင်ငံမှကူညီဆောင်ရွက်ပေးနေသည်။

ဓမ္မရံကြီးဘုရားအား ရှေးမူမပျက် ကြံ့ခိုင်အောင် စီမံဆောင်ရွက်ရန်လိုအပ်ခြင်းနှင့် ရေပိတ်လွှာနှင့် အနားသတ်လုပ်ငန်းများ၊ ရှေးမူမပျက် နံရံပန်းချီများ ထိန်းသိမ်းရန် အဆိုပြုလွှာတင်ထားကြောင်း ပုဂံရှေးဟောင်းဘုရား ယဉ်ကျေးမှုအမွေအနှစ်ဒေသမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးစိုးလွင်ကပြောသည်။

ဓမ္မရံကြီးဘုရား၏ပါဠိအနက်အဓိပ္ပာယ်မှာ တရားရောင်ခြည်ဟု အဓိပ္ပာယ်ထွက်ပြီး အေဒီ ၁၂ရာစုတွင် နရသူမင်းက တည်ထားကိုးကွယ်ခဲ့သည်။ စေတီတော်ကြီး ထုထည်မှာ ကြီးမားလှ၍ လိုဏ်ပတ်လမ်းနှစ်ထပ်ရှိကြောင်း၊ အတွင်းရှိ လိုဏ်ပတ်လမ်းကို ရှေးယခင်က ပိတ်ခဲ့ကြောင်း၊ လေသာပြတင်းပေါက်များရှိခဲ့ကြောင်း၊ အုတ်စီပုံနည်းပညာမှာ ကောင်းမွန်သောကြောင့် ရှေးဟောင်းပန်းရန်လက်ရာကောင်းမွန်ကြောင်း ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးဦးမျိုးညွန့်က ပြောသည်။

# ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းမှဓာတ်ငွေ့ ၂၀၁၃ မေလတွင် စက်ရုံများ ရမည်ဟုဆို

နေလင်းထွန်း

ရန်ကုန်၊ဇူလိုင်-၂

ရွှေကမ်းလွန်သဘာဝဓာတ်ငွေ့မှ ထွက်ရှိလာမည့်သဘာဝဓာတ်ငွေ့များကို ပြည်တွင်းရှိ စက်ရုံများအတွက် လာမည့်နှစ် ၂၀၁၃ မေလအတွင်း ဖြန့်ဖြူးရောင်းချရန် စီစဉ်ဆောင်ရွက်နေကြောင်း မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ တာဝန်ရှိသူက ပြောသည်။

ပြည်တွင်းအတွက် ဝေစုရရှိမည့် နေ့စဉ် သဘာဝဓာတ်ငွေ့ ကုဗပေသန်း ၁၀၀ ကို စက်ရုံများတွင် အသုံးပြုနိုင်ရန် ဦးစားပေးဖြန့်ဖြူးသွားမည်ဖြစ်ပြီး သဘာဝဓာတ်ငွေ့ အသုံးပြုလည်ပတ်သော စက်ရုံအရေအတွက် မြင့်တက်လာမည်ဟုၚင်းကဆိုသည်။

"ရွှေကမ်းလွန်သဘာဝဓာတ်ငွေ့ကနေတစ်နေ့ကိုသဘာဝဓာတ်ငွေ့ ကုဗပေသန်း ၁၀၀ ရမယ်။ ကာလအလိုက် လေးပိုင်းခွဲပြီးရမှာပါ။ အရင်ကလည်း စက်ရုံတွေကို သဘာဝဓာတ်ငွေ့ဖြန့်ဖြူးနေတာရှိပါတယ်။ အခုစက်ရုံတွေ ထပ်တိုးလာမှာပါ။သဘာဝဓာတ်ငွေ့သုံးစွဲခတွေလည်း ဒီဇူလိုင်လကနေစပြီး လျော့ကျသွားပါတယ်"ဟုအထက်ပါတာဝန်ရှိသူက ပြောသည်။

လက်ရှိချိန်တွင်ပြည်တွင်းအတွက် ရတနာကမ်းလွန်သဘာဝဓာတ်ငွေ့မှ နေ့စဉ်ရရှိနေသော သဘာဝဓာတ်ငွေ့ကုဗပေသန်း ၂၀၀ ကို လျှပ်စစ်ဓာတ်အားရရှိရေး ဦးစားပေးသုံးစွဲနေပြီး လာမည့်နှစ်တွင် ထွက်ရှိမည့် ရွှေကမ်းလွန်သဘာဝဓာတ်ငွေ့မှ နေ့စဉ်ရရှိနေသော သဘာဝဓာတ်ငွေ့ ကုဗပေသန်း ၁၀၀ ကို စက်ရုံ၊ အလုပ်ရုံများကို ဦးစားပေးဖြန့်ဖြူးသွားရန် စီစဉ်ထားခြင်းဖြစ်ကြောင်း သိရသည်။ ရွှေသဘာဝဓာတ်ငွေ့ဓာတ်အားရယူသုံးစွဲရာတွင် Take-or-Pay စနစ်ဖြင့် စာချုပ်မည်ဖြစ်သောကြောင့် တစ်နှစ်အတွင်းသုံးစွဲရန် အဆိုပြုထားသည့်ပမာဏအတိုင်း သဘာဝဓာတ်ငွေ့၏တန်ဖိုးငွေကို ပေးဆောင်ရမည်ဖြစ်ကြောင်း သဘာဝဓာတ်ငွေ့သုံးစွဲလိုသည့်စက်ရုံများကို အကြောင်းကြားထားသည်။

"အစိုးရက ဓာတ်ငွေ့ပေးမယ်ဆိုပြီး ကြေညာတယ်။ စက်ရုံတွေကို စာပို့တယ်။ ဓာတ်ငွေ့ပေးတဲ့အခါ အခုဘယ်လောက်လိုချင်လဲလို့ တစ်ခါတည်းပြော။ အဲဒီအတိုင်းပဲ သုံးသုံး၊ မသုံးသုံး ငွေချေရမယ်။ အဲ့လို စာချုပ်ချုပ်ဖို့ လုပ်ထားတယ်။ ဒါပေမဲ့ ပြည်ပကိုရောင်းတဲ့ဈေးထက် များနေတယ်လို့ ကြားထားတယ်။ ပြည်ပကိုရောင်းတဲ့ ဈေးထက်တော့ မများစေလိုပါဘူး"ဟု ဘိလပ်မြေစက်ရုံတစ်ခု၏ အကြံပေးပညာရှင်က ပြောသည်။

မြန်မာနိုင်ငံရှိ နာမည်ကြီးကမ်းလွန်သဘာဝဓာတ်ငွေ့လုပ်ငန်းဖြစ်သော ရတနာလုပ်ကွက်သည် နေ့စဉ် သဘာဝဓာတ်ငွေ့ ကုဗပေသန်း ၇၀၀ ကျော်ထုတ်လုပ်နေပြီး ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိသည်။ လက်ရှိတူးဖော်နေသည့် ရတနာနှင့် ရဲတံခွန်ရွှေသဘာဝဓာတ်ငွေ့လုပ်ငန်းထက် ထုတ်လုပ်မှုနှစ်ဆ ပိုမိုကြီးမားသည်ဆိုသော ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းမှ ထွက်ရှိလာမည့် သဘာဝဓာတ်ငွေ့များကို တရုတ်နိုင်ငံသို့ ရောင်းချရန် စာချုပ်ချုပ်ဆိုထားသည်။

# Life

Vol.11, No.18 • JULY 12 , 2012

## ဘယ်လိုပဲသေသေ၊ ဘယ်သူပဲသတ်သတ်
# နတ်ကတော့ နတ်

မောင်သာချို

**(တစ်)**

ကျွန်တော် မန္တလေးကနေ မြောက်ဘက်တစ်လွှား မြို့ရွာများရှိရာဆီသို့ စာပေဟောပြောပွဲကို အခြေခံကာ တစ်ခါတစ်ခါ ခရီးသွားဖြစ်ပါသည်။ ကားက မန္တလေးတောင်ကို ဝိုက်ပြီး အုတ်ကျစ်ကျော်အေး မန္တလေး၊ ရတနာပုံမန္တလေး၊ စည်မျက်နှာကဲ့သို့ညီညာပါပေသည်ဆိုသော မန္တလေး၏ မြောက်ဘက်ကိုထွက်လိုက်တော့ ဒဏ္ဍာရီတွေ ဒဏ္ဍာရီတွေက လူကို စောင့်ကြိုနေလိုက်ကြတာ။

မန္တလေး မတ္တရာကားလမ်းအတိုင်း မြောက်ယွန်းယွန်းသို့ ထွက်လာကြသောအခါ ငါးမိုင်ကျော်ကျော် ခြောက်မိုင်မရှိတရှိ လောက်ရောက်သည်နှင့် တောင်တော်သခင်မနတ်(သို့မဟုတ်) မရွှေဥနတ်စံမြန်းရာမရွှေဥတောင်ကို လှမ်း၍မြင်ရပါပြီ။ ထို့နောက် သုံး၊လေးမိုင်မရှိတရှိဆက်မောင်းလိုက်ပြန်တော့ ကားလမ်းဝဲဘက်မှာတောင်ပြုန်းရွာသို့ဆိုတဲ့တောင်ပြုန်းမင်းညီနောင်ဆီသို့ သွားရာလမ်းခွဲကလေး။ ရှေ့ဆက်တက်တော့ မတ္တရာ။ ရှေ့ဆက်တက်တော့ စဉ့်ကူး။ ရှေ့ဆက်တက်တော့ သပိတ်ကျင်းမိုးကုတ်လမ်းခွဲ။ ရှေ့ဆက်တက်တော့ ပန်းပဲမောင်တင့်တယ်ရဲ့ တကောင်း။ ပြီးတော့ မြစ်တစ်ဖက်ကမ်းအနောက်ဘက်သို့ လှမ်းမျှော်ကြည့်လိုက်သောအခါ ထီးချိုင့်တဲ့။ ကသာတဲ့။ သည့်နောက်မှာဖြင့် ကချင်ပြည်နယ်က မှိုင်းမှို့ဆိုင်းညို့စွာ စောင့်ကြိုနေလျက်။



တောင်ပြုန်းပွဲတော် ကျင်းပနေစဉ်

အော်. . မန္တလေး မတ္တရာကားလမ်းဝဲယာမှာကလည်း ပုဂံဘုရင်တို့နှင့် ပတ်သက်ဆက်စပ်ရာဒဏ္ဍာရီ အတိုအထွာ အစအနတွေက ပြန့်ကျဲလို့ပါကလား။

**(နှစ်)**

မြန်မာပြည်က နတ်ပွဲတွေထဲမှာ တောင်ပြုန်းပွဲကဖြင့် တော်တော့ကို စည်ကားပြီးတော်တော်လည်း နာမည်ကြီးပါသည်။ ပန်းဆက်သမားကိုဗျတ္တနှင့် ပုပ္ပါးသူ ပန်းစားဘီလူးမ မယ်ဝဏ္ဏတို့၏ သားနှစ်ယောက်ဖြစ်သော မင်းကြီးမင်းလေးအဖြစ် နာမည်ကြီးသော ရွှေဖျဉ်းကြီး ရွှေဖျဉ်းလေးတို့ကို ပူဇော်ပသကြသည့် ပွဲပဲဖြစ်ပါသည်။

တောင်ပြုန်းမင်းညီနောင် နှစ်ပါးနတ်ဖြစ်သွားကြပုံ ဒဏ္ဍာရီဇာတ်လမ်းက ကျွန်တော်တို့လူမျိုးနှင့် အထိအတွေ့များပါသည်။ ငယ်ငယ်တုန်းက အိပ်ရာဝင်ပုံပြင်အဖြစ် နားထောင်ခဲ့ကြရသည်။ နောက်တော့ အသဲချဲ့စက်ထဲကနေ နားဆင်ခဲ့ကြရသည်။ နောက် ဇာတ်သဘင်စင်မြင့်ပေါ်က တင်ဆက်ကပြမှုများကိုငေးမောကြည့်ရှုခဲ့ကြရသည်။ ထို့ပြင် ဝတ္ထုကဗျာ နတ်ကိုးကွယ်ယုံကြည်မှုဆိုင်ရာ စာမျက်နှာများ။ တစ်ခုနှင့်တစ်ခု မတူကြ။ သိုးကာသီကာ အကွဲကွဲအပြားပြား အခြားခြား အနားနား။

ဗျတ္တဆီကနေ နည်းနည်းကလေး ပြန်စကြည့်ကြပါစို့။ အနော်ရတာ၏ ပုဂံတပ်မတော်ကြီး သထုံသို့ဝင်ရောက်တိုက်ခိုက်စဉ် ဗျတ္တကျဆုံးသည်ဟု ဆိုသည်။ တချို့က အနော်ရထာမင်းထံ ပန်းအဆက်နောက်ကျ၍ ကွပ်မျက်ခံရသည်ဟု ဆိုသည်။

စာ(၁၁)သို့

---

ဈေးဝယ်ထွက်မယ်

## မိုးတွင်းမှာ သွက်လက်ပေါ့ပါးဖို့ကူညီပေးမယ့် ဘောင်းဘီတိုနဲ့ ဖိနပ်ပါးတွေဝယ်ချင်ရင်

**အိမ့်ဖြူလွင်**







အမြဲတမ်း ဈေးဝယ်ထွက်တတ်သူ အမျိုးသမီးတွေအတွက်သာမဟုတ်ဘဲ ရံဖန်ရံခါမှ ဈေးဝယ်ထွက်တဲ့ အမျိုးသားတွေအတွက် ရည်ရွယ်လို့ ဒီတစ်ပတ်မှာ လမ်းညွှန်ပေးလိုက်ပါတယ်။

မိုးတွေအဆက်မပြတ် ရွာနေတဲ့အခါ လမ်းတွေပေါ်မှာ ရေတွေလျှံနေလို့ လမ်းလျှောက်ရတာ အဆင်မပြေလို့ လူတိုင်းစိတ်ညစ်ရတာ မိုးတွင်းကာလရောက်တိုင်းပါ။

ဒါကြောင့် မိုးတွင်းကာလနဲ့ လိုက်ဖက်မယ့် အမျိုးသားဝတ်ဘောင်းဘီတိုနဲ့ မိုးတွင်းစီးဖိနပ်အပါးလေးတွေရနိုင်မယ့်နေရာကို ဈေးဝယ်ထွက်ကြည့်ရအောင်။

အမျိုးသားတွေအကြိုက်ဆိုရာမှာ လူငယ်ကြိုက်ဒီဇိုင်းတွေဖြစ်တဲ့ ဘောင်းဘီအတိုတွေကို ကိုရီးယားစတိုင်အလန်းတွေရနိုင်ပါတယ်။ အရောင်ရောစပ်ထားတဲ့ ရေစိုရောင်တွေနဲ့ အရောင်စုံရှိပြီး ချည်သားတွေဖြစ်တာကြောင့် လျှော်ရလွယ်၊ ခြောက်လွယ်တဲ့ ပုံစံလေးတွေပါ။

ကိုရီးယားစတိုင် ဖြစ်နေတဲ့ ဘောင်းဘီဒီဇိုင်းကို မဝတ်ရဲတဲ့ လူလတ်ပိုင်းအရွယ် အမျိုးသားတွေအတွက်တော့ ပုံမှန်ဒီဇိုင်းဘောင်းဘီတိုတွေလည်း ရှိပါသေးတယ်။

ဘောင်းဘီတိုတွေနဲ့ လိုက်ဖက်အောင် ကွင်းထိုး ဒါမှမဟုတ် ညှပ်ဖိနပ်အပါးလေးတွေကိုလည်း ဒီဆိုင်မှာ ရနိုင်သေးတယ်လို့သိရပါတယ်။

မိုးရေထဲ စီးလို့ရတဲ့ အကြမ်းခံတဲ့ဖိနပ်တွေဖြစ်ပြီး လမ်းချော်မှာလည်း ပူစရာမလို၊ ရေလည်းအခြောက်မြန်တဲ့ ဒီလိုဖိနပ်တွေကသာ မိုးရာသီမှာ သင့်တော်တာမို့ ရှူးဖိနပ်စီးနေကျသူတွေတောင် ဒီလိုရာသီမှာ ပေါ့ပေါ့ပါးပါးရှိတဲ့ ဖိနပ်တစ်ရန်လောက်တော့ ဝယ်ထားဖို့လိုတယ်လို့ အကြံပြုချင်ပါတယ်။

ဒီဆိုင်မှာရှိတဲ့ ပစ္စည်းအားလုံးက ထိုင်းနိုင်ငံ ဒါမှမဟုတ် ကွမ်ကျိုးမြို့က ထုတ်တဲ့ပစ္စည်းတွေချည်းပါပဲ။ ဈေးနှုန်းကလည်း မှန်ကန်တာကြောင့် ဝယ်ယူသူတွေလည်း စိတ်ချမ်းသာမှာ သေချာပါတယ်။


မိုးရာသီမှာ ကိုယ်နဲ့ လိုက်ဖက်မယ့် ပေါ့ပါးတဲ့ဘောင်းဘီတိုလေးတွေနဲ့ဖိနပ်အပါးလေးတွေကို ဝယ်ချင်သူတွေအတွက်ကတော့ Junction Square ရှော့ပင်းစင်တာ ပထမထပ်မှာရှိတဲ့ Guys Corner ဖက်ရှင်ဆိုင်ကို သွားကြည့်ဖို့ ဒီတစ်ပတ်ဈေးဝယ်ထွက်ဖို့လမ်းညွှန်ပေးလိုက်ပါတယ်။

---





## မှိုကော်ရည်ချက်



ဒီတစ်ပတ်တော့ ကိုရီးယားခရေစီတွေအတွက် ဝိုက်ဖီက ကိုရီးယားတွေ သိပ်ကြိုက်တဲ့မှိုတစ်မျိုးကို ချက်ပြုတ်ထားပါတယ်။ မှိုကော်ရည်ချက်ဟင်းလျာပဲဖြစ်ပါတယ်။

ဒီဟင်းချက်ဖို့ ပုစွန် ၁၅ကျပ်သား မုန်လာဥနီ၊ ရွှေပဲသီးနဲ့ ကိုရီးယားကလာတဲ့မှိုထုပ်လေးတွေ စီးတီးမတ်လိုနေရာမျိုးတွေမှာ ရနိုင်ပါတယ်။ အစိမ်းရောင်ပလတ်စတစ်အိတ်ပါကင်နဲ့ ထုပ်ထားတဲ့ ကျပ်ငါးရာခန့်ရှိတဲ့ (Korea Product) မှိုထုပ်တစ်ထုပ်ဆိုရပါပြီ။ ဒါပေမဲ့ စီးတီးမတ်မှာ သွားဝယ်ဖို့ အဆင်မပြေရင်လည်း ကောက်ရိုး မှိုလေး ဒါမှမဟုတ် မှိုအချိုတစ်မျိုးမျိုးကို ထည့်ပြီး ချက်လို့ရပါတယ်။

ပထမဆုံးတော့ ပုစွန်အခွံနွှာ၊ အကောင်လိုက်လေးတွေမဟုတ်ဘဲ နည်းနည်းသေးသွားအောင် ကတ်ကြေးနဲ့ညှပ်လိုက်ပါ။ မုန်လာဥနီနဲ့ ရွှေပဲသီးကို အနေတော်လေးတွေ လှီးထားပါ။ မှိုထုပ်ကို ဖောက်ပြီး အောက်ခြေနားတွေကိုဖြတ်လိုက်ပြီး ရေစိမ်ထားလိုက်ပါ။ ကော်မှုန့်ကို ဟင်းခပ်ဇွန်းနဲ့ သုံးဇွန်းလောက် ခပ်ပြီး အကြမ်းပန်းကန်လုံးနှစ်လုံးစာလောက် ရေမှာ ဆား၊ သကြား၊ ပဲငံပြာရည်အကြည်တို့နဲ့ ရောဖျော်ပါမယ်။

ပုစွန်ကို ကြက်သွန်ဖြူထောင်း အရည်ညှစ်ပြီးနယ်ပါမယ်။ ဒယ်အိုးပြားထဲမှာ ဆီပူကိုထိုးပြီး အနံ့ပျောက်ရုံလေးမွှေပါ။ မှိုကော်ရည် စချက်တော့မယ်ဆိုရင်တော့ အရင်ဆုံး ကြက်သွန်ဖြူတစ်ပြားရိုက်တဲ့အထဲကို ခုနက ပုစွန်ထည့်၊ မုန်လာဥနီ၊ ရွှေပဲသီးကိုထည့်၊ မှိုတွေအပင်တွေအလိုက်ထည့်၊ အားလုံး အိုးထဲရောက်ပြီးမှ ခုန ဖျော်ထားတဲ့ ကော်ရည်လောင်းထည့်လိုက်ပြီး သုံးမိနစ်လောက် မီးဖိုပေါ်ထားပြီး ချလို့ ရပါပြီ။

7DAY NEWS JOURNAL
Vol.11, No.18 • JULY 12 , 2012



# ဆရာကြီးသခင်ကိုယ်တော်မှိုင်းကွယ်လွန်ခြင်း (၄၈)နှစ်မြောက်အခမ်းအနား ကျင်းပမည်

**ခင်ငြိမ်းချမ်းစိုး**

**ရန်ကုန်၊ ဇူလိုင် - ၂**

မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖခင်ကြီးဟု ခေါ်ဝေါ်ကြသော ဆရာကြီးသခင်ကိုယ်တော်မှိုင်း ကွယ်လွန်ခြင်း ၄၈ နှစ်မြောက်အခမ်းအနားကို ၂၀၁၂ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် ရန်ကုန်မြို့ ရွှေဂုံတိုင်ရှိ တော်ဝင်နှင်းဆီစားသောက်ဆိုင်၌ ကျင်းပမည်ဟု ဆရာကြီးသခင်ကိုယ်တော်မှိုင်း ဂုဏ်ပြုစာတမ်းနှင့် ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှသိရသည်။

အဆိုပါနှစ်ပတ်လည်အခမ်းအနားကို ဇူလိုင် ၂၃ရက် နံနက် ၉ နာရီမှနေ့လယ် ၁၂နာရီအထိကျင်းပမည်ဖြစ်သည်။ အခမ်းအနားကို ဆရာကြီးသခင်ကိုယ်တော်မှိုင်း ဂုဏ်ပြုစာတမ်းနှင့်ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က ဦးစီးကျင်းပမည်ဖြစ်ပြီး ယင်းအဖွဲ့တွင် နိုင်ငံရေးသမားဟောင်းများနှင့်ဆရာကြီး၏တပည့်သားမြေးများပါဝင်သည်။ အဆိုပါအခမ်းအနားကိုဆရာကြီးမိသားစုဝင်အားလုံး၏သဘောတူညီချက်ဖြင့် တပည့်သားမြေးများစွာ ဝိုင်းဝန်းဆောင်ရွက်ခြင်းဖြစ်ကြောင်း အဖွဲ့မှ တာဝန်ရှိသူက ပြောကြားသည်။

ပွဲကျင်းပခြင်းနှင့် ပတ်သက်၍ အဖွဲ့မှ တာဝန်ရှိသူက “ဆရာကြီးနဲ့ပတ်သက်လို့ အခုနောက်ပိုင်းမှာ တော်တော်များများမသိကြဘူး။ ဆိုးတာက ဆွေမျိုးထဲကတောင်မှ သေသေချာချာ မသိတဲ့သူတွေရှိတယ်။ အဓိကကတော့ ဆရာကြီးရဲ့ အခန်းကဏ္ဍကိုမြှင့်ချင်လို့ပါ။ ဒါဟာ လုပ်သင့်လုပ်ထိုက်တယ်ထင်လို့လုပ်တာဖြစ်ပါတယ်”ဟုဆိုသည်။

အဆိုပါပွဲနှင့်ပတ်သက်၍ နိုင်ငံရေးသမားကြီးဝါးခယ်မသခင်သိန်းမောင်က “ဆရာကြီးရဲ့အခန်းကဏ္ဍမှေးမှိန်တယ်လို့တော့ ပြောလို့မရဘူး။

စာ(၁၁)သို့








Strapping Machine
(ပါကင်ချုပ်စက်)
- (၆)လအာမခံ
- ဈေးနှုန်းအထူးနှုန်းဖြင့် ရောင်းချပေးသည်၊
ကိုယ်စားလှယ်ယူလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါသည်၊
ဖုန်း - ၅၉၂၀၃၆၊ ၅၉၂၀၃၇၊ ၅၉၃၆၇၂

TANITA®
Model 1579
DIGITAL SCALE
PROFESSIONAL-MINI
ကျပ်၊ပဲ၊ရွေးစနစ်ပါရှိပါသည်။



Features
- အလေးချိန် 200g x 0.01g
- အနည်းဆုံး ရွေး(၁)စိတ် မှ (၁၂) ကျပ်သား (၆) ရွေးအထိ ချိန်တွယ်နိုင်ပါသည်။
- မြန်မာယူနစ်များဖြစ်သော MG1, MG2, MGT, TCL, Y2, Ct ပါဝင်ပါသည်။
- အပြာရောင်နောက်ခံ (Blue backlight display)
- Adjustable auto power off function
- Lo. battery indicator
- (CR2032x2) Lithium batteries included

တာနီးတား
ရွှေချိန်စက်
Capacity 200g Graduation 0.01g
Made in Japan

၀၉-၉၁၀၀၀-၇၅၃ ၀၉-၅၅-၂၂-၁၂၃
၀၉-၇၃၀-၁၇၀-၇၃ ၀၉-၅၀၂-၁၁-၆၆

Hot Line - ၀၉-၄၃၀-၂၂၂-၂၅

## တစ်ဖက်မှ

ဆရာကြီးရဲ့ ဟိုတုန်းက တပည့်တပန်းတွေက အခုချိန်ထိ ဆရာကြီးနှစ်ပတ်လည်နေ့ရောက်တိုင်း သတိတရနဲ့ ပွဲလေးတွေလုပ်ကြတယ်။ အစိုးရက မလုပ်လည်း တခြားသူတွေကတော့ လုပ်နေကြတာပါပဲ။ အစိုးရအနေနဲ့လည်း ဒီလိုလုပ်နေကြတာကို ခွင့်ပြုတယ် ဆိုတော့ သူတို့လည်း အသိအမှတ်ပြုတယ်လို့တော့ပြောလို့ရတာပေါ့” ဟု ထင်မြင်ချက်ပေးပြောကြားသည်။

ဆရာကြီးသခင်ကိုယ်တော်မှိုင်းသည် မြန်မာသက္ကရာဇ် ၁၂၃၇ ခု၊ တပေါင်းလပြည့်ကျော် ၄ ရက်၊ ခရစ်နှစ် ၁၈၇၇ ခုနှစ်တွင် ပြည်ခရိုင် ရွှေတောင်မြို့နယ်၌ မွေးဖွားပြီး အသက် ၁၉ နှစ်မှ စတင်ပြီး သတင်းစာဆရာအဖြစ်၊ အယ်ဒီတာအဖြစ် လုပ်ကိုင်ခဲ့ကာ နယ်ချဲ့ အစိုးရကို အစဉ်တစိုက် ဆန့်ကျင်ခဲ့ပြီး လွတ်လပ်ရေးတိုက်ပွဲကို ဆင်နွှဲခဲ့သည်။ တို့ဗမာအစည်းအရုံး၏ နာယကအဖြစ်လည်း တာဝန်ယူခဲ့ပြီး နိုင်ငံလုံး ဆိုင်ရာ အလုပ်သမားအစည်းအရုံးနှင့်ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂတို့၏ နာယကလည်းဖြစ်ခဲ့သည်။ ဆရာကြီးသည် ၁၉၆၄ခုနှစ် ဇူလိုင် ၂၃ရက်တွင် ရန်ကုန်မြို့ စမ်းချောင်းရပ်၊ ချမ်းသာလမ်း နေအိမ်တွင် ကွယ်လွန်ခဲ့ရာ ၂၀၁၂ခုနှစ် ဇူလိုင် ၂၃ရက်သည် ဆရာကြီးကွယ်လွန်ခြင်း ၄၈ နှစ်မြောက် ဖြစ်သည်။ ယင်းအဖွဲ့က ဆရာကြီး သခင်ကိုယ်တော်မှိုင်းဂူဗိမာန်အား ချုံနွယ်များ ရှင်းလင်းပြီး ပြုပြင်မှုများလည်း ပြုလုပ်ရန်ရှိကြောင်း သိရသည်။

ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ ဂူဗိမာန်သည် ယခုအခါ ချုံနွယ်များ တွယ်လျက် အချို့နေရာတွင် ကွဲအက်မှုများရှိနေခြင်းကြောင့် ပြင်ဆင်ရခြင်းဖြစ်ကြောင်း အဆိုပါအဖွဲ့ကပြောသည်။

ဆရာကြီးသခင်ကိုယ်တော် မှိုင်း၏ ဂူဗိမာန်ကို ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းတွင် ၄၅ ပေပတ်လည် ကျယ်ဝန်းသည့်မြေကွက်ပေါ်၌တည်ဆောက်ထားပြီး အဆိုပါဂူဗိမာန်ကို ဆရာကြီး ကွယ်လွန်သည့် ၂နှစ်မြောက်ဖြစ်သော ၁၉၆၆ ခုနှစ် ဇူလိုင် ၂၃ရက်တွင်ဖွင့်လှစ်ခဲ့သည်။



ဓမ္မ

အသိတစ်လုံးအမြတ်ဆုံး
တစ်လုံးအသိအကျိုးရှိ၏

## ကြည့်တတ်ရင် တရားမြင်

ကြည့်တတ်တဲ့သူ၊ မြင်တတ်တဲ့သူအဖို့ တရားဖြစ်စရာ၊ တရားရစရာ အကြောင်းတွေဟာ ကိုယ့်အနားမှာပဲ ရှိနေပါတယ်။ ကိုယ့်ပတ်ဝန်းကျင်မှာ ဖြစ်ပျက်နေတာတွေကို ကြည့်မြင်သုံးသပ်တတ်လျှင်လည်း တရားထူး တရားမြတ်ရသွားနိုင်တယ်။ ကြည့်တတ်ရင် ဘာဝနာလို့ပြောတဲ့အတိုင်း ကြည့်မြင်တတ်သူတို့အတွက် အရာရာဟာ တရားအတွက် အထောက်အကူဖြစ်စေတယ်။ တရားရနိုင်တယ်။ အသေးအဖွဲလေးဖြစ်ပါစေ၊ ဘယ် အရာကိုပဲကြည့်ကြည့်၊ နက်နက်နဲနဲ တွေးတောဆင်ခြင်ပြီးတော့ ကြည့်မြင်သုံးသပ်မယ်၊ တရားဓမ္မနဲ့အညီ ရှုမြင်မယ်ဆိုရင် တရားဖြစ်သွားပါတယ်။ တရားမြင်အောင် ဘာကိုကြည့်ရမှာလဲဆိုရင် လောကကြီးထဲက ဖြစ်ပျက်နေတာတွေအားလုံး ဘာကိုပဲကြည့်ကြည့်၊ သက်ရှိသက်မဲ့ လောကကြီးဟာ ကိုယ့်ကို အထင်အရှား တရားပြနေတာတွေ့ရမယ်။

လက်ရှိလောကကြီးထဲမှာ ဖြစ်ပေါ်နေတဲ့ အကြောင်းအရာအားလုံးဟာ တရားပြနေတယ်လို့မှတ်ယူနိုင်ပါတယ်။ တရားပြနေပေမယ့် ကြည့်တတ်မှ တရားရပါတယ်။ မကြည့်တတ် မမြင်တတ်ရင်လည်း လောကကြီးရဲ့ ဖြစ်ပျက်မှုကနေ တရားရမှာမဟုတ်ဘူး။ ကိုယ့်ပတ်ဝန်းကျင်လောကဆိုတာက သတ္တလောက၊ ဩကာသလောက၊ သင်္ခါရလောကဆိုပြီး လောကသုံးပါးပဲဖြစ်တယ်။ သူသူငါငါအားလုံးသော သတ္တဝါတွေက ‘သတ္တလောက’၊ အဲဒီသတ္တဝါတွေ နေထိုင်ကြတဲ့ကမ္ဘာမြေ စကြဝဠာက ‘ဩကာသလောက’၊ သတ္တဝါတို့မှာ ရှိနေကြတဲ့ ရုပ်နာမ်တရား တွေကိုကျတော့ ‘သင်္ခါရလောက’လို့ခေါ်တယ်။ အဲဒီလောကသုံးပါးမှာ ဘယ်လောကကိုပဲကြည့်လိုက်ကြည့်လိုက်၊ ကြည့်မြင်တတ်သူတို့အတွက် လောကကြီးဟာ ဆရာသမားနဲ့တူပါတယ်။ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် လောကကြီးက သတ္တဝါတွေကို တရားပြနေတယ်လို့ပြောနိုင်တယ်။



ရည်ညွှန်း- ဓမ္မဒူတဒေါက်တာအရှင်ပညိဿရ၏ ‘ဓမ္မလမ်းပေါ်မှာ’

## စာ–၉၊ ဘယ်လိုပဲသေသေ၊ ဘယ်သူပဲသတ်သတ် နတ်ကတော့နတ် မှ

ပုပ္ပါးသူမယ်ဝဏ္ဏာကလည်း ခင်ပွန်းသည် ဗျတ္တသေဆုံးသည့် သတင်းကြား၍ ရင်ကွဲနာကျ၍ သေရသည်ဟု ဆိုသူက ဆိုသလို သားနှစ်ယောက် အသတ်ခံရပြီးကာမှ လင်သေသားဆုံးဖြစ်ကာ ရင်ကွဲနာကျရကြောင်း ဆိုသူက ဆိုပြန်ပါသည်။ ဘာပဲ ဖြစ်ဖြစ်သူက ပုပ္ပါးမယ်တော်နတ်။

ပန်းတော်ဆက် ဗျတ္တတို့ မယ်ဝဏ္ဏာတို့၏ သားနှစ်ယောက်ဖြစ်သော ရွှေဖျဉ်းကြီး ရွှေဖျဉ်းလေးတို့ကမူ ပုဂံနန်းတွင်းသို့ ရောက်ကာ အနော်ရထာမင်းထံ၌ အမှုထမ်းပါသည်။ အနော်ရထာမင်း တရုတ်ပြည် ဥတည်ဘွားဘုရင်ဆီမှအပြန် ရောဝတီကိုစုန်လျက် ပြန်ဆင်းလာရာ ကျောက်စည်အရပ် ဝါးရင်းတုတ်ကျေးရွာအနီးတွင် ယုံကြည်တော်မမူ၍ ရွှေဖျဉ်းညီနောင်ကို ကွပ်မျက်ကြောင်း ဦးကုလားတို့ မှန်နန်းတို့ တွင်းသင်းတို့ ရာဇဝင်အစောင်စောင်က ဆိုပါသည်။ သို့သော်အနော်ရထာမင်းက တောင်ပြုန်းရွာ၌ ဂူဘုရားတစ်ဆူတည်ခိုင်းရာ မူးရူးသောင်းကျန်းပျော်ပါးနေကြသော ရွှေဖျဉ်းညီနောင်က အုတ်ခဲစီရန် တာဝန်လစ်ဟင်းသဖြင့် အုတ်နှစ်ချပ်လပ်လေရာ ကျန်စစ်သားကို ဆုံးမခိုင်းသဖြင့် ကျန်စစ်သားက လည်မျိုကိုတုတ်တိုဖြင့် ရိုက်သတ်၍ ညီနောင် နှစ်ယောက်သေကြေရကြောင်း ရေးကြသားကြ ကပြတင်ဆက်ကြသည်များကလည်း မျက်ရည်လွယ်သော ပရိသတ်အတွက် လွမ်းမောဖွယ်ဖြစ်ပါသည်။

ဆရာမကြီး ဒေါ်ခင်မျိုးချစ်ကမူ သူ့ **ပုဂံသူရဲကောင်းများ** ဝတ္ထုထဲ၌ ကသာရွှေလီသစ်တောကြီးများထဲ၌ မောင်ရင်မောင်အမှုထမ်းနေစဉ် ဇနီးသည် မရွှေဥကို ပါခေါ်သွားခဲ့ပြီး အတူနေကြရာ သစ်ခိုးသူရွှေဖျဉ်းညီနောင်တို့နှင့် တွေ့ဆုံပြီး ရွှေဖျဉ်းလေးက မရွှေဥကို အဓမ္မကြံစည်သဖြင့် ရုန်းရင်းဆန်ခတ်ဖြစ်ကာ မောင်ရင်မောင် မရွှေဥလည်းသေ ကျန်စစ်သားနှင့် သူ့စစ်သည်များရောက်လာကာ ဝင်ရောက်ထိုးနှက်မှုကြောင့် ရွှေဖျဉ်းညီနောင်လည်း သေရသည့်ဇာတ်ကွက်ကို ထည့်ရေးထားသည်ကို တွေ့နိုင်ပါသည်။ ထား။

မည်သို့ပင်သေသေ ရွှေဖျဉ်းညီနောင်တို့ အစိမ်းသေသေကာ မကျွတ်မလွတ်နှင့် နတ်ဖြစ်ကြသဖြင့် အနော်ရထာမင်း ဖောင်တော်ဖြင့်ဆက်လက်စုန်ဆင်းစဉ် တက်မကို ကိုင်ကာတားထားပြီး အပိုင်စားတောင်းရာ တောင်ပြုန်းရွာ ဆုတောင်းပြည့်ဘုရား၌ နတ်ကွန်းဆောက်၍နေစေ၊ ကျောက်စည်ရွာ တစ်တန်းက လူတို့ပူဇော်ရာဖြစ်စေ စသည် စသည်ဖြင့် အ

မိန့်ချမှတ်ရုံမက အရှေ့ဘက်ကို ကျောက်ဆီမီးလက် နွားလားတောင်ရိုးမအထိ၊ အနောက်ဘက်ကို ရောဝတီအထိ၊ တောင်ဘက်ကို ရွှေကြက်ယက်ဘုရားအထိ အပိုင်စားပေးကြောင်းလည်း နတ်သမိုင်း အမျိုးမျိုးတို့က ရေးသားလေ့ရှိပါသည်။

ဤတွင် မရွှေဥ သေပုံ မူကွဲတစ်ခုကလည်း စိတ်ဝင်စားဖွယ်ဖြစ်ပါ၏။ သူက မန္တလေး မတ္တရာကားလမ်းဘေး အင်ကျင်ရွာက သူကြီးဦးရွှေသီး ဒေါ်အိုဇာ၏ သမီး။ တောင်ပြုန်းရွာသားကိုရင်မောင်နှင့် အကြောင်းပါ။ ကိုရင်မောင်မဲဇာသို့သစ်ဖောင်ချရန် အသွား အစိမ်းသေ ရွှေဖျဉ်းလေးက နတ်ဘဝနှင့် ရောက်လာကာ မေတ္တာကို အဓမ္မတောင်းဆိုရာ လက်မခံ၍ ရွှေဖျဉ်းလေးက စီးတော်ကျားနှင့် တိုက်သတ်ရာ သေသော်နတ်ဖြစ်သည်ဟု ယုံကြပြန်ပါ၏။

မည်သို့ပင် သေသည်ဖြစ်စေ မရွှေဥဘက်က စဉ်းစားကြည့်တော့ တောင်ပြုန်းမင်းညီနောင်က စိတ်နာစရာဖြစ်ပါသည်။ သို့ကြောင့် တောင်ပြုန်းပွဲကျင်းပသည့် ရက်များတွင် မရွှေဥတောင်မရွှေဥနတ်ကွန်းထဲက မရွှေဥနတ်ရုပ်ကို တောင်ပြုန်းပွဲကျင်းပရာ ရွာကိုကျောခိုင်းသည့်အနေအထားမျိုးဖြင့် ထားပေးကြရသည်ဟု ဆိုပါသည်။

“အော် . . . တောင်တော်သခင်မ စိတ်ချမ်းသာအောင် . . ယုံကြည်သူတွေက လုပ်ပေးကြရတာပေါ့။ အဲဒါနဲ့ ပြောရဦးမယ် . . မရွှေဥက သရဖီပန်း သိပ်ကြိုက်တာတဲ့ . . ဒါမို့လို့ တပေါင်းတန်ခူး သရဖီတွေ ပွင့်ပြီဆိုမှဖြင့် . . ကျုပ်တို့အရပ်မှာ ပန်းကောက်ပွဲဆိုပြီး လုပ်ကြသပတော်ရယ်”

ဒေသခံ ရွာသူကြီးက မန္တလေး မတ္တရာ ကားလမ်းပေါ်မှာ ကျွန်တော့်ကို သည်လိုပြောဖူးပါသည်။ ဆရာကြီး ဒေါက်တာ သန်းထွန်းတို့လို တကယ့်သမိုင်းဆရာကြီးတို့ ဘယ်လိုမှ လက်မခံနိုင်သော အကြောင်းခြင်းရာတွေမို့ ဒဏ္ဍာရီဟု ဆိုရသော်လည်း သည်ဒဏ္ဍာရီက ကြေကွဲလွမ်းဆွတ်စရာ ဒဏ္ဍာရီဖြစ်၍ နေပါသည်။

အော် မန္တလေး မတ္တရာကားလမ်းဝဲယာက မရွှေဥတောင်နှင့် ဟိုးတောင်ပြုန်းရွာကလေးက မြူတွေထဲမှာ ဆိုင်းမှိုင်းလို့။ တစ်ခါတစ်ခါ လေနီကြမ်းကြီးတွေ ဆင်လာပြီဟုဆိုလျှင် လေကပင်နီရဲနေသယောင် ထင်ရတတ်သည်။ အော် . . . တောင်ပြုန်း။

### (သုံး)

တောင်ပြုန်းပွဲက ဝါခေါင်လဆန်း ၈ ရက်ကနေ ဝါခေါင်လပြည့်အထိ ကျင်းပသော နတ်ပွဲပင်ဖြစ်ပါသည်။ ပထမနေ့ကန်တော့ခံ၊ ဒုတိယနေ့ ကန်တော့ခံ၊ တတိယနေ့ ညညီလာခံ၊ စတုတ္ထနေ့ ချိုးရေတော်သုံး၊ ပဉ္စမနေ့ နန်း တက်ပွဲ၊ ဆဋ္ဌမနေ့ ယုန်ထိုး၊ သတ္တမနေ့ ထိန်ခုတ်၊ အဋ္ဌမနေ့ ရွှေဘုံဆင်း ဟူ၍ကျင်းပသော ပွဲလည်းဖြစ်ပါသည်။

တစ်နိုင်ငံလုံးက နတ်ကိုးကွယ်သူတွေ၊ နတ်ကတော်တွေ၊ သူတောင်းစားတွေ၊ ဈေးသည်တွေ၊ ခါးပိုက်နှိုက်တွေ၊ အမူးသမားတွေ၊ ကလေးတွေ၊ မိန်းမတွေ ကားနဲ့ ရထားနဲ့ အရောက်လာကြသော ပွဲလည်းဖြစ်ပါသည်။ ယုံကြည်သူတွေ များပြားလွန်းလို့ မန္တလေး၊ မတ္တရာ အထူးရထားကိုပင် ပြေးဆွဲခုတ်မောင်းပေးရသည် မဟုတ်ပါလား။ ဝါခေါင်လ ဇွန်ပန်းပွင့်များနဲ့အပြိုင် ကန်တော့ပွဲရောင်းသည့် ဆိုင်၊ ဖောင်းတော်ခေါ် ပဝါရောင်းသည့်ဆိုင်၊ ကနားတဲတွေ၊ ကရေကရာမုန့်၊ စလူမုန့်၊ အနူဆုပ်မုန့်ဆိုင်တွေကြားထဲမှာ လူတွေ လူတွေ။ ကန်တော့ခံဖို့၊ ကန်တော့ဖို့၊ နတ်မေးဖို့၊ ပသဖို့။

ခေတ်သစ် တောင်ပြုန်းပွဲ၏ အကြောင်းကို ဘဝသရုပ်ဖော် စာရေးဆရာမ မနုနုရည်(အင်းဝ)က ဝတ္ထုရှည်တစ်ပုဒ်ရေးသားခဲ့ဖူးပါသည်။ ပြုံး၍လည်း ကန်တော့ခံတော်မူပါ ရယ်၍လည်း ကန်တော့ခံတော်မူပါ ဆိုသော ဝတ္ထု။ Smile As they Bow ဟူသော အမည်ဖြင့် Alfred Barnburm က ဘာသာပြန်ဆိုထားသော စာအုပ်ကလေးကို ကျွန်တော်တွေ့ဖူးပါသည်။ တောင်ပြုန်းကို လျှပ်တစ်ပြက်ရေးခြစ်ထားသော ရေးချက်များဟု ခံစားရပါ၏။

မိန်းမလျာတို့ အဓိကကြီးစိုးမောင်းနှင်ကာ တောင်ပြုန်းယန္တရားလည်ပတ်နေပုံများကို ရိပ်စားမိနိုင်သော ဝတ္ထုဟု ဆိုနိုင်ပါ၏။ ဟိုးတုန်းကတော့ နတ်ကတော် ဆိုတာ မိန်းမသားတွေ။ အခုမူ မဟုတ်ပါလေတော့။

“ဟိုးတုန်းက တော်ရုံသည်းခံစိတ်နဲ့ တောင်ပြုန်းကို သွားလို့မရဘူး . . . ဖရုဿဝါစာကို လွတ်လွတ်လပ်လပ် ပြောလို့ရတဲ့ ပွဲပေါ့ မိန်းကလေးတွေများဆို သားပြောမယားပြော ကြိုက်ရာ ပြောလို့ရတယ်။ ကလေးအရုပ်ကို လိုက်ပေးပြီး ကိုယ့်မိန်းမလို ပြောရင်လည်း ခံနိုင်ရတယ် . . . ညစ်ညစ်ပတ်ပတ်တွေ အယုတ္တ အနတ္တတွေ ဆဲကြဆိုကြနဲ့ ဒါ သူ့သဘာဝပေါ့”

တောင်ပြုန်းအတွေ့အကြုံရှည်လျားသူ တစ်ယောက်က ကျွန်တော့်ကို ဖောက်သည်ချရင်းယခုတော့သည်လို မဟုတ်တော့ကြောင်း သူ့စကားကို ဆက်ပါသည်။ ဟိုတုန်းက တောင်ပြုန်း ပွဲ ခပ်ကြမ်းကြမ်းရှိပုံကို ဆရာမြို့မငြိမ်းက ပျို့တောင်ပြုန်း သီချင်းဖြင့် မှတ်တမ်းတင်ခဲ့ဖူးပါသည်။

အစ အနောက်သန်တာကို ခွင့်လွှတ်ဖို့ ဆိုထားသော သီချင်းပဲဖြစ်ပါ၏။

ပထမနေ့ ကန်တော့ခံ၊ ဒုတိယနေ့ ကန်တော့ခံ၊ တတိယနေ့ ညညီလာခံ၊ စတုတ္ထနေ့ ချိုးရေတော်သုံးမှာ မင်းညီနောင်နှစ်ပါး တောင်ပြုန်းချောင်းထဲ ရေချိုးဆင်း၊ ပဉ္စမနေ့ နန်းတက်၊ ဆဋ္ဌမနေ့ ယုန်ထိုး၊ သတ္တမနေ့ ထိန်ခုတ်၊ အဋ္ဌမနေ့ ရွှေဘုံဆင်း။

“မင်းညီနောင်က နတ်ဘဝမှာ လူယောင်ဖန်ဆင်းပြီး ထန်းရည်နဲ့ ယုန်သားနဲ့ လာလာပြီး သုံးဆောင်တတ်တာလေ အဲဒါကြောင့် ယုန်ထိုးနေ့မှာ ယုန်သားဆက်ရတာ”

အနော်ရထာမင်းစောက တောင်ပြုန်းနားက ထိန်ပင်ကိုဓားဖြင့်ခုတ်မိသဖြင့် ထိန်ပင်စောင့်နတ်က မကျေနပ်ရာက ကျွဲနှင့်တိုက်၍ အနော်ရထာ နတ်ရွာစံရလေသတဲ့။ ထို့ကြောင့် အနော်ရထာနှင့် မင်းကြီး မင်းလေးတို့က နတ်ဘဝတွင် ထိန်ပင်တွေကို ဓား ဖြင့် ခုတ်တတ်လေသတဲ့။ ဒါ့ကြောင့် ထိန်ပင်များကို မြေတွင်စိုက်ကာ နတ်ဝင်သည်များက ထိန်ခုတ်ပွဲကို တစ်ရက်ကျင်းပရခြင်းပါတဲ့။

အော် . . တောင်တော်သခင်မ မရွှေဥကျောခိုင်းထားရတဲ့ တောင်ပြုန်းပွဲ။

အနော်ရထာကပဲ သတ်သတ်၊ ကျန်စစ်သားကပဲ သတ်သတ်၊ ဗျတ္တနှင့်မယ်ဝဏ္ဏာတို့၏ သား နှစ်ယောက်ကဖြင့် တောင်ပြုန်းမင်းညီနောင်ခေါ် မင်းကြီး မင်းလေးအဖြစ် နတ်ကိုးကွယ်သူတို့၏ ကမ္ဘာထဲမှာ ကြီးစိုး၍နေပါသည်။ သားတော်နှစ်ပါး၏ နတ်ပွဲသို့ လာရောက်သော ပုပ္ပားမယ်တော် မယ်ဝဏ္ဏာပုပ္ပားသို့ အပြန်ခရီးတစ်ထောက်နားရာ အမရပူရငယ်တိုးကျေးရွာအုပ်စု ရွှေလွန်းရွာ ရတနာ့ဂူဘုရားမှာလည်း ဝါခေါင်လဆုတ် ၈ ရက်ကနေ ၁၄ ရက်အထိ နတ်ပွဲတွေ ဆက်ကြပါလိမ့်ဦးမည်။

ပုဂံဒဏ္ဍာရီဟာသည်လောက်ကျယ်ပြန့်ခိုင်ခံ့တည်တံ့နေခဲ့သည်မှာ အံ့တော့ အံ့ဩစရာ ကောင်းလှပါရဲ့။ ပုံပြောကောင်းသူဟာဘယ်သူများပါလိမ့်မလဲ။

7 DAY NEWS JOURNAL
Vol.11, No.18 • JULY 12 , 2012

## မျက်နှာဖုံး-လွှတ်တော်ကိုယ်စားလှယ်တစ်ဦး လယ်မြေ အသိမ်းခံရဟုဆို မှ

"အကြောင်းကြားခြင်းလည်း မရှိဘူး။ ဒီလယ်တွေအတွက် အခုထိလည်း လျော်ကြေးတစ်စုံတစ်ရာ မရသေးဘူး"ဟု ဦးနေလင်းက ဆိုသည်။

လက်ရှိမြေသိမ်းယူမှုများမှာ အနော်ရထာစက်မှုဇုန် စီမံကိန်းအတွက် သိမ်းယူခြင်းဖြစ်ပြီး ဝါဝါဝင်းကုမ္ပဏီမှတစ်ဆင့် ဝယ်ယူထားသည့် ရင်းနှီးမြှုပ်နှံသူက ခြံခတ်ခြင်းဖြစ်ကြောင်း ဦးနေလင်းက ပြောသည်။ ယင်းကိစ္စနှင့် ပတ်သက်ပြီး လယ်သိမ်းသည်ဟု စွပ်စွဲခံရသော ဝါဝါဝင်းကုမ္ပဏီသို့ဆက်သွယ်မေးမြန်းသော်လည်း တာဝန်ရှိသူများက ဖြေကြားခြင်းမရှိသေးပေ။

လယ်ယာမြေသိမ်းယူမှုများမှာ ၂၀၁၂ခုနှစ်တွင် ဒေသအတော်များများ၌ ပေါ်ပေါက်လာသည်။

"တရားဥပဒေအရ ဖြေရှင်းမယ်ဆိုရင်လည်း တရားရုံးမှာဖြေရှင်းမယ်"ဟု ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းကဆိုသည်။

လယ်ယာမြေများ အသိမ်းခံရသည်ဟု ပြဿနာများ ဖြစ်ပွားနေသော အဆိုပါအနော်ရထာ စက်မှုဇုန် နယ်မြေတွင် မြေပုံတစ်ခုပူးတွဲပါ အသိပေးကြေညာခြင်းဆိုင်းဘုတ်များကို မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနအမည်ဖြင့် စိုက်ထူထားသည်။

အဆိုပါ အသိပေးကြေညာချက်တွင် စက်မှုမြေကွက်များနှင့် အကျုံးဝင်သော မူလ လယ်မြေပိုင်ရှင်များအား စက်မှုဇုန်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာများမှ တွေ့ဆုံစိစစ်ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ညှိနှိုင်းကာလမှာ ၂၀၁၂ ဇူလိုင်၄ရက်မှ ဩဂုတ်၅ရက်အထိဖြစ်ကြောင်း၊ သတ်မှတ်ကာလအတွင်း တွေ့ဆုံညှိနှိုင်းခြင်း၊ ဆက်သွယ်ဆောင်ရွက်ခြင်း မပြုသော လယ်မြေကိစ္စများအတွက် တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ကြောင်း ဖော်ပြထားသည်။

အကယ်၍ တွေ့ဆုံညှိနှိုင်းဆောင်ရွက်ခြင်းမပြုဘဲ ဌာနဆိုင်ရာလုပ်ငန်းတာဝန်များ အဟန့်အတားအနှောင့်အယှက်ဖြစ်စေရန်ဆောင်ရွက်ပါက တရားဥပဒေအရအရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ယင်းကြေညာစာတွင် ရေးသားထားသည်။

လွှတ်တော်တွင် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ့်ရေးရာကော်မတီ ဥက္ကဋ္ဌ ဦးတင်ထွတ်က လယ်ယာမြေများ သိမ်းဆည်းခံရခြင်းများအား စုံစမ်းလေ့လာဖော်ထုတ်ပြီး တောင်သူလယ်သမားများနစ်နာမှုမရှိစေရေး တရားမျှတစွာ ဖြေရှင်းဆောင်ရွက်ပေးရန် အဆိုကို ဇူလိုင် ၄ ရက်က ကျင်းပသော ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် တင်သွင်းခဲ့သည်။

လက်ရှိ လယ်ယာမြေများ အသိမ်းခံနေရသည့် လယ်သမားများမှာ မည်သည့်အဖွဲ့အစည်း၊ မည်သည့်အာဏာပိုင်အဖွဲ့သို့ တိုင်ကြားရမည်ကို မသိကြဘဲ လယ်သိမ်းခံရ၍ ရဲစခန်းသို့ အမှုဖွင့်သော်လည်း အမှုဖွင့်ခွင့်မရကြောင်းလယ်သမားအချို့ကပြောသည်။

"လယ်သမားတွေရဲ့ ဒုက္ခကဘယ်သူ့ကို အဖေခေါ်လို့ ခေါ်ရမှန်းမသိဖြစ်နေတယ်"ဟု ရွှေပြည်သာမြို့နယ်မှ လယ်သမားတစ်ဦးကဆိုသည်။

လှိုင်သာယာမြို့နယ်အတွင်းရှိ ပဒံ၊ အပြင်ပဒံနှင့် ကျွန်းကြီးကျေးရွာများမှ လယ်မြေအသိမ်းခံရသော လယ်သမား ၂၀ ကျော်နှင့် ကိုယ်စားလှယ်များက ဗိုလ်ချုပ်အောင်ဆန်းလမ်းမပေါ်ရှိ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာနရုံးရှေ့၌ ဇူလိုင် ၂ရက်နှင့် ၃ရက်တို့တွင် ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်ခဲ့သည်။

လယ်ယာမြေအသိမ်းခံရခြင်းနှင့်ပတ်သက်၍ အမှုတိုင်ကြားစာများသည် လူ့အခွင့်အရေးကော်မရှင်သို့ ရောက်ရှိသည့် တိုင်စာစုစုပေါင်း၏ ၈၀ ရာခိုင်နှုန်းခန့်ရှိသည်။ ပြည်သူ့လွှတ်တော် တောင်သူလယ်သမား၊ အလုပ်သမားနှင့်လူငယ်ရေးရာကော်မတီသို့လည်းလယ်သမားများကလယ်ယာမြေအသိမ်းခံရသည့်ကိစ္စနှင့် စပ်လျဉ်း၍ စာပေါင်း ၂၅၀ကျော် ပေးပို့တိုင်ကြားထားသည်။

## မျက်နှာဖုံး-ဥရောပနှင့်အမေရိကန်ကုမ္ပဏီများ ပြည်တွင်း၌ စီးပွားဖက်ရှေးချယ်ရာတွင် အခက်အခဲကြုံတွေ့နိုင် မှ

မြန်မာနိုင်ငံမှ ကုမ္ပဏီအများစုသည် မိသားစုကုမ္ပဏီများဖြစ်ကြသဖြင့် ငွေကြေးနှင့် ပတ်သက်၍ ပွင့်လင်းမြင်သာမှု အားနည်းသဖြင့် နိုင်ငံခြားသားများနှင့် အကျိုးတူဆောင်ရွက်ရာတွင် အခက်အခဲရှိနိုင်ကြောင်း Farmer Auto ကားအရောင်းပြခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထို့အပြင် အခြားသောလုပ်ငန်းရှင်များက ရင်းနှီးမြှုပ်နှံမှုဥပဒေအပါအဝင် အခြားသော ဥပဒေအချက်အလက်များ တိတိကျကျ မရှိခြင်းသည်လည်း ရင်းနှီးမြှုပ်နှံမည့်သူများအတွက် စိန်ခေါ်မှုဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဗြိတိန်နိုင်ငံရှိ စီးပွားရေးလုပ်ငန်းရှင် ၂၄ဦးပါဝင်သောအဖွဲ့သည် မြန်မာနိုင်ငံ၌ ပညာရေး၊ ကျန်းမာရေး၊ ငွေကြေးဝန်ဆောင်မှုများနှင့် အခြေခံအဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်းများတွင် လုပ်ကိုင်ရန် စိတ်ဝင်စားကြောင်း သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ယင်းအဖွဲ့သည် နှစ်ပေါင်းများစွာအတွင်း ပထမဆုံးခရီးစဉ်ဖြစ်ပြီး ၂၀၁၂ခု ဧပြီလအတွင်း ဥရောပသမဂ္ဂက အရေးယူပိတ်ဆို့မှုများအား ရပ်ဆိုင်းလိုက်ပြီးနောက် ပထမဆုံးလာရောက်သော အဖွဲ့ဖြစ်သည်။


UKTI ၏ရုံးခွဲကို ရန်ကုန်မြို့တွင် ဇူလိုင်၁၁ရက်၌ဖွင့်လှစ်မည်ဖြစ်သည်။

ဗြိတိန်နိုင်ငံကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ကိုယ်စားလှယ်အဖွဲ့သည် ရင်းနှီးမြှုပ်နှံမှု ဆွေးနွေးပွဲအား နေပြည်တော်တွင် ပြုလုပ်မည်ဖြစ်ပြီး ဇူလိုင်လ ၁၀ ရက်တွင် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုလွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်အမတ်များနှင့် တွေ့ဆုံမည်ဟု သတင်းရရှိသည်။

## စာ-၂။ နိုင်ငံကြီးငါးနိုင်ငံက ပြည်တွင်း၌ ဘိလပ်မြေစက်ရုံ တည်ထောင်လုပ်ကိုင်ရန် စိတ်ဝင်စားနေ မှ

ပြည်တွင်းက စက်ရုံတွေကို အများကြီးထိခိုက်နိုင်ပါတယ်။ ဘာလို့လဲဆိုတော့ ဒီက စက်ရုံတွေက တန်နှစ်ရာ၊ တန် လေးရာ၊ တန်ငါးရာတို့ သေးသေးလေးတွေ၊ စီးပွားရေးအရဘယ်လိုမှတွက်ခြေမကိုက်ဘူး။ နောက်လာမယ့်သူက အသေးဆုံး တန်သုံးထောင်ကနေ တစ်သောင်းထိထုတ်မယ့်သူတွေပါတယ်။ ထုတ်လုပ်မှုစရိတ်က အကြီးနဲ့ အသေးက အရမ်းကွာတယ်။ အခုပြည်တွင်းက ဘိလပ်မြေစက်ရုံတွေကမရှုံး၊မမြတ်အခြေအနေနဲ့လည်နေကြတယ်။ နိုင်ငံခြားစက်ရုံတွေဝင်လာရင် အကုန်လုံးနောက်ကောက်ကျသွားလိမ့်မယ်" ဟု အထက်ပါအကြံပေးပညာရှင်က ဆိုသည်။

လက်ရှိပြည်တွင်း၌ ဘိလပ်မြေထုတ်လုပ်မှု အမြင့်ဆုံးစက်ရုံမှာ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းမှပိုင်ဆိုင်သည့် တစ်နေ့လျှင် တန် ၄,၀၀၀ ကျ မြိုင်ကလေး ဘိလပ်မြေစက်ရုံဖြစ်ပြီး ကျန်စက်ရုံများမှာ ထုတ်လုပ်နိုင်မှုစွမ်းအားနည်းပါးလျက်ရှိသည်။ ထို့အပြင် နိုင်ငံတော်မှ ဘိလပ်မြေစက်ရုံ ၂၅ ရုံခန့်ကို စီးပွားရေးလုပ်ငန်းရှင်များအား တည်ဆောက်ခွင့်ပြုထားသော်လည်း ရင်းနှီးမြှုပ်နှံမှုအခက်အခဲကြောင့် ရာခိုင်နှုန်းအနည်းငယ်သာ တည်ဆောက်လည်ပတ်နိုင်ကြောင်းသိရသည်။




## လူငယ်ဖွံ့ဖြိုးရေးအသင်း (မောင်တော)

**Youth Development Association (Maung daw)**

(၈.၆.၂၀၁၂) နေ့ကစပြီး အကြမ်းဖက်သောင်းကျန်းသူများ၏ လုပ်ရပ်ကြောင့် မောင်တောမြို့နယ်အတွင်းရှိ တိုင်းရင်းသားများအား ကူညီစောက်ရှောက်နိုင်ရန်အတွက် အနယ်နယ် အရပ်ရပ်မှ အောက်ဖော်ပြပါအလှူရှင်များအား ဘေးဒုက္ခရောက်သူများကိုယ်စား လူငယ်ဖွံ့ဖြိုးရေးအသင်း(မောင်တော)မှ မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**စဉ်။ အလှူရှင်အမည် နေရပ်လိပ်စာ လှူဒါန်းငွေ**

၁။ ဦးဘလှမောင် မောင်တောအသင်း(ရန်ကုန်)-၁၀,၀၀,၀၀၀/-
၂။ ဦးရဲစိုး -၂၀,၀၀,၀၀၀/-
(အောင်သုခဝါတွင်း ပ/သံဃာဆွမ်းလောင်းအသင်း၊ရန်ကုန်)
၃။ ဦးမြတင်ထွန်း (ရခိုင်/ဖါးကန့်၊ကချင်ပြည်)-၂၀,၀၀,၀၀၀/-
၄။ ဦးစံရွှေ+ဒေါ်နွယ်နွယ်ဦး -၁၀,၀၀,၀၀၀/-
၅။ မသီတာစိမ်း ( UNICEF ) - ၅,၀၀,၀၀၀/-
၆။ ဦးမောင်ထွန်းလှမိသားစု - ၁,၀၀,၀၀၀/-
၇။ ရဲမှူး ကျော်ချစ် (SB/MDW) - ၂၀,၀၀၀/-
၈။ ဒေါ်ကျော့ငွေး (ရန်ကုန်) - ၆၀,၀၀၀/-
၉။ AIT (ထိုင်း Schlor အဖွဲ့) - ၇,၃၁,၀၀၀/-
၁၀။ရခိုင်အဖွဲ့ (မလေးရောက်မိသားစု) -၄၇,၀၀,၀၀၀/-
၁၁။မောင်တောအသင်း(ရန်ကုန်) -၁၇,၀၀,၀၀၀/-
၁၂။မလှညိုနှင့်ရန်ကုန်ရောက်အပေါင်းအသင်းများ-၇,၀၀,၀၀၀/-
၁၃။ဧရာဝတီ (ဘိုကလေးဆေးရုံမိသားစု) -၄,၆၀,၀၀၀/-
၁၄။ကိုမိုးဝင်းအောင် UNOCHA(ဟားခါး) -၁,၀၀,၀၀၀/-
၁၅။ဦးလှမြင့်+ဒေါ်သန်းသန်းအေးမိသားစု
(နန်းထိုက်သဇင် ကုမ္ပဏီလီမိတက်၊မောင်တော)-၃,၀၀,၀၀၀/-
၁၆။ကိုကျော်ကျော်နှင်ဇနီး
+ကိုညီဘိုမောင်(စက်ာပူ)+Dr,ဆုရည်ထွန်း+
+ဦးမြတ်ချို+ဒေါ်ခင်လှမြင့်+မခင်ကောင်းစံ - ၅,၂၉,၆၀၀/-
၁၇။Myanmar Volunteer Network နှင့်
စေတနာရှင်များ (ရန်ကုန်) - ၅,၀၀,၀၀၀/-
၁၈။ပလက်ဝမြို့ပေါ်မှစေတနာရှင်များနှင့်
NGOအဖွဲ့မှ စုပေါင်းလှူဒါန်းသည်။ -၁၀,၀၀,၀၀၀/-
၁၉။ဦးရွှေလှိုင် (မောင်တော) - ၂,၀၀၀/-
၂၀။လေးရပ်ဝတီငြိမ်းချမ်းရေးအဖွဲ့(ရန်ကုန်) - ၁,၀၀,၀၀၀/-
၂၁။ရခိုင်သူ/သားအဖွဲ့ -၁၂,၄၅,၅၀၀/-
၂၂။မလေးရောက်မောင်တောသားများ - ၂,၆၁,၅၀၀/-
၂၃။ဦးသော်တာငွေး+ဒေါ်မြင့်လေး(ရန်ကုန်) - ၄,၄၂,၀၀၀/-
၂၄။ဦးသိန်းမြင့်ဝင်း+ယမင်းစိုးငယ်
သားငယ် ရဲမွန်ဝင်း (စက်ာပူ) - ၃၃,၀၀၀/-
၂၅။သန္တာကျော်+လှလှဝင်း+ချိုချိုဦး(ရန်ကုန်) - ၃,၀၀,၀၀၀/-
၂၆။မင်္ဂလာဈေးသူ/သားများမိသားစု(ရန်ကုန်) -၅,၀၀,၀၀၀/-
၂၇။ရွှေရွက်ဝါ အထည်ဆိုင် (မန္တလေး) -၁၀,၀၀,၀၀၀/-
၂၈။ဒေါ်ပြုံး အထည်ဆိုင် (ယုဇနပလာဇာ) -၅,၀၀,၀၀၀/-
၂၉။ဦးမောင်မောင်ဇံ (မလေးရှား) - ၅၀,၀၀၀/-
၃၀။အရေးပေါ်တုံ့ပြန်မှုဆိုင်ရာ ရခိုင်လူငယ်များကွန်ရက်(ရန်ကုန်)
(Arakan Youth Network For Emergency Response/AYNER)
စားနပ်ရိက္ခာ၊အဝတ်အထည်ပစ္စည်းနှင့်အမျိုးသမီးအသုံးအဆောင်များ
၃၁။မနီနီသောင်း (ရန်ကုန်) - ၃၂,၅၀၀/-
၃၂။မနီလာထွေး (ရန်ကုန်) - ၁၀,၀၀၀/-
၃၃။ဒေါ်မသိန်းနု (မြောက်ဦး) -အမျိုးသမီးအဝတ်အထည်
၃၄။ကိုညီပု (ရန်ကုန်) - ၂၀,၀၀၀/-
၃၅။UNICEF၊ဦးခင်မောင်ကျော်+ဦးသိန်းသန်းထွန်း+
ဦးလှုဖုန်းဝင်း+ဦးခင်မောင်မြင့် -၁,၀၅,၀၀၀/-
၃၆။အောင်လင်းထွန်း+ ( USA )
မခင်ထွေးဝင်း ( UK ) -၂,၀၀,၀၀၀/-
၃၇။ဦးကောဝိဒ သီရိလင်္ကာ -ဆန်အိတ် (၃၀)အိတ်
-အမျိုးသမီးဝတ် (၂)ထုတ်
- EVA (၃)Box

ဒုက္ခရောက်သူများအပေါ်ဂရုဏာရှေ့ထား၍ဆက်လက်လှူဒါန်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

**ဆက်သွယ်ရန်-လူငယ်ဖွံ့ဖြိုးရေးအသင်း၊(YDA) (မောင်တော)**
အမှတ်- (၁)ရပ်ကွက် ၊ ရှိတ္တာရွာ၊မောင်တောမြို့။
၁။ဦးလှမြင့်(ခ) နုံမောင်ချေ ဖုန်း-၀၉၈၅၀၂၆၁၃
၂။ဦးမောင်ထွန်းလှ ဖုန်း-၀၉၈၅၂၀၂၀၃

Health

7DAY NEWS JOURNAL

Vol.11, No.18 • JULY 12 , 2012



# လုပ်ငန်းခွင်အတွင်းမှ ရနိုင်သောရောဂါ

ဝတ်ရည်အောင်

**သင်အသက်မွေးဝမ်းကျောင်းအဖြစ် နေ့စဉ်လုပ်ကိုင်နေသည့်လုပ်ငန်းခွင်သည် အန္တရာယ်ကင်းသည့်အလုပ်ခွင်ဖြစ်ပါရဲ့လား။ လုံခြုံအန္တရာယ်ကင်းသည့် လုပ်ငန်းခွင်မဟုတ်ခြင်းကြောင့် နောက်ဆက်တွဲရရှိလာနိုင်သည့် အချို့ရောဂါများသည် နာတာရှည်ရောဂါသည်အဖြစ်လည်းကောင်း၊ ကုသ၍ မရတော့သည့် ရောဂါများအဖြစ်လည်းကောင်း ခံစားကြရနိုင်သည်။**

လုပ်ငန်းခွင်ထဲတွင် နေ့စဉ် လုပ်ရှားရင်း ဆူညံလွန်းသည့်စက်ပစ္စည်းကိရိယာများဖြင့် အကာအကွယ်မပါဘဲနေ့စဉ်အလုပ်လုပ်နေသူများသည် နှစ်ပေါင်းကြာလာပါကကုသ၍ မရနိုင်တော့သည့် နားလေးသည့် ဝေဒနာကိုပါ နောက်ဆက်တွဲ ခံစားကြရနိုင်ကြောင်း နား၊ နှာခေါင်း၊ လည်ချောင်းအထူးကု ဒေါက်တာဝင်းထိုက်ကြည်က ပြောသည်။

နားလေးသည်အထိဖြစ်နိုင်သည့် ဆူညံသံဆိုသည်ကို 85 dBA ရှိသည့်ကျယ်လောင်သောအသံဟူ၍ ပညာရပ်ဆိုင်ရာ သုံးနှုန်းမှုဖြင့် သတ်မှတ်ထားပြီး နားလည်လွယ်သည့်တိုင်းတာချက်မှာမိမိလုပ်ငန်းခွင်အတွင်း အချင်းချင်း စကားအော်ပြောနေရသည့် လုပ်ငန်းခွင်သည် ဆူညံသောလုပ်ငန်းခွင်ဖြစ်နေပြီဖြစ်ကြောင်း အဆိုပါ ဆရာဝန်က ဆက်လက်ပြောသည်။


ဆူညံလွန်းသော အသံသည် နား၏အတွင်းပိုင်းရှိ အာရုံခံသည့် ဆဲလ်များအား တိုက်ရိုက်ထိခိုက်သွားခြင်းဖြစ်သည်။ ထိုဆဲလ်များသည် အသံလှိုင်းများအား လျှပ်စစ်လှိုင်းအဖြစ် ပြောင်းလဲပေးခြင်းဖြစ်ပြီး အားကြီးသည့် အသံလှိုင်းကြောင့်ပျက်စီးသွားကြခြင်းကြောင့် နားလေးသည့် ဝေဒနာခံစားကြရသည်။

85 dBA ရှိသည့်အသံကျယ်နှုန်းအား တစ်နေ့ ၈ နာရီခန့် နှစ်ပေါင်းကြာအောင် ခံထားရသူသည် နားလေးသွားပြီး ထိုထက် အသံကျယ်နှုန်း ပိုမိုများပြားလေလေ၊ အချိန်တိုအတွင်း နားလေးနိုင်သည့် ရာခိုင်နှုန်းများပြားလေလေဖြစ်ကြောင်း သိရသည်။

"တစ်နေ့ ၈ နာရီ ကျယ်လောင်တဲ့အသံကြားရမှလို့တော့ သတ်မှတ်ထားတာ မဟုတ်ဘူး။ ဆူရင်ဆူသလောက် အချိန်နည်းနည်းလေးနဲ့လည်း နားထိနိုင်တယ်။ 100 dBA လောက်ဆိုရင် တစ်နာရီကျော်ကျော်လောက်နဲ့ နားထိခိုက်နိုင်တယ်"ဟု ဒေါက်တာဝင်းထိုက်ကြည်ကပြောသည်။

"နားက ထိခိုက်သွားပြီးရင်လည်း ကုသလို့ မရတော့ဘူး။ ဒါကြောင့် ကြိုတင်ကာကွယ်တာအကောင်းဆုံးပဲ"ဟု ၎င်းက ဆက်လက်ပြောသည်။

ပုံမှန်ဆူညံနေသည့်ပတ်ဝန်းကျင်တွင် အလုပ်လုပ်နေသူအတွက် နားထိခိုက်ခြင်းကြောင့် တဖြည်းဖြည်းနားလေးလာခြင်းမှာ အလုပ်ခွင်အတွင်း မသိသာသော်လည်း မိသားစု မိတ်ဆွေများနှင့် စကားပြောဆိုရာတွင် အခက်အခဲများနှင့် ရင်ဆိုင်ကြရသည်။ ပုံမှန်လုပ်နေသည့်အလုပ်ခွင်အတွင်း ပြဿနာမရှိသော်လည်း ဆေးရုံရောက်လာသည့် လူတိုင်းလိုလိုသည် ပိုမိုအဆင့်မြင့်သည့် အလုပ်အပြောင်းအရွှေ့အတွက် ဆေးစစ်ဆေးခြင်းတွင် နား၌ ပြဿနာပေါ်သည့်အတွက် ဆေးကျပြီး ဆေးကုသရန် ရောက်ရှိလာကြသူ များပြားပြီး ထိုအခြေအနေသည် ကုသ၍လည်းပြန်လည်ကောင်းမွန်သွားသည့် အခြေအနေမဟုတ်တော့ကြောင်း အဆိုပါဆရာဝန်က ဆက်လက်ပြောသည်။ စာ(၁၄)သို့



# အရေပြားထိခိုက်ဒဏ်ရာနှင့် ကီးလွိုက်ပြဿနာ

မေဝင်းမွန်

နား၊ နှာခေါင်း၊ နှုတ်ခမ်းစသည်မှ ခန္ဓာကိုယ်ပေါ်နေရာမရွေးတွင်ပုံမှန်အရေပြားအနေအထားမှ ထူထူထဲထဲအသားစိုင်များ ဖြစ်တည်လာမှုကိုတွေ့မြင်ဖူးကြပေလိမ့်မည်။

ယင်းမှာခန္ဓာကိုယ်မျိုးရိုးဗီဇတွင် ပုံမှန်မဟုတ်သည့် အရေပြားဆဲလ်ပွားမှုအခြေအနေပါလာမှုကြောင့် Keloid ခေါ် အသားစိုင်များထွက်ပေါ်လာခြင်းဖြစ်သည်။

ကီးလွိုက်ထွက်တတ်သူများသည် ခန္ဓာကိုယ်တွင် ထိခိုက်ဒဏ်ရာရခြင်းမရှိဘဲနှင့် ကီးလွိုက်ထွက်တတ်ပြီး ရင်ညွန့်နေရာတွင်အများဆုံးဖြစ်တတ်သည်ဟုသိရသည်။ သို့သော်လည်းကီးလွိုက်ထွက်တတ်သူအများစုမှာဒဏ်ရာရပြီးမှသာဖြစ်ပွားလေ့ရှိသည်ဟုဆိုသည်။

"အရင်ကတည်းကကီးလွိုက်ဖြစ်ထားတဲ့သူဆိုရင် အဲဒီလူဟာ ဒဏ်ရာရတဲ့အခါတိုင်း ကီးလွိုက်ဖြစ်ဖို့ ရာနှုန်းအများကြီးရှိတယ်။ ကီးလွိုက်နဲ့မှားတတ်တာက Hypertrophic Scar ဆိုတဲ့ အမာရွတ်ထူဆိုတာဖြစ်ပါတယ်။ ကီးလွိုက်က ဘေးဘက်ကိုပြန့်တယ်။ အမာရွတ်ထူကတော့ အမာရွတ်နေရာကနေဘေးကို မပြန့်တတ်ပါဘူး"ဟုရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ အထူးအရေပြားရောဂါကုဌာနမှ ဒေါက်တာလင်းထက်ကပြောကြားသည်။

ဗီဇအရ ကီးလွိုက်ထွက်တတ်သူများမှာ အရေပြားတွင် ဒဏ်ရာတစ်ခုခုရသည်နှင့်အသားစိုင်ထွက်လာခြင်းများဖြစ်ပွားနိုင်သည့်အတွက် နား၊ မျက်ခုံး၊ နှုတ်ခမ်း၊ နှာခေါင်းဖောက်ကာဖက်ရှင်ထွင်ချင်သူများအနေဖြင့် ကီးလွိုက်ဖြစ်တတ်သည့် သမိုင်းကြောင်းရှိမရှိကိုစိစစ်ရန် လိုအပ်သည်ဟုဆိုသည်။

"ကီးလွိုက်ဖြစ်တတ်တယ်ဆိုရင် နားဖောက်တာတွေ၊ နှုတ်ခမ်း၊ နှာခေါင်း၊ မျက်ခွံဖောက်တာတွေ မလုပ်သင့်ပါဘူး။ နားဖောက်လိုက်ရင် ဖောက်လိုက်တဲ့နေရာကနေ ကီးလွိုက်ထွက်တတ်တယ်။

စာ(၁၄)သို့



7 DAY NEWS JOURNAL
Vol.11, No.18 • JULY 12 , 2012

# ကိုယ်ဝန်ဆောင်မိခင် အိပ်ဆေးများစွာသောက်လျှင် ကလေးငယ်ပါ အိပ်ဆေးစွဲနိုင်

**ဝတ်ရည်အောင်**

**ရန်ကုန်၊ ဇွန်-၃၀**

ကိုယ်ဝန်ဆောင်နေသည့်အချိန်တွင် အိပ်ဆေးများ အသုံးပြုခြင်းသည် မွေးဖွားလာသည့်အခါတွင်လည်း အိပ်ဆေးစွဲသည့် ကလေးအဖြစ် မွေးဖွားလာမည်ဖြစ်ကြောင်း သားဖွားမီးယပ်အထူးကုဆရာဝန် ဒေါက်တာစိုးလွင်က ပြောသည်။

အိပ်မပျော်ခြင်းကြောင့် အိပ်ဆေးများသုံးပါက မွေးလာသည့် ကလေးသည်ကောင်းစွာလှုပ်ရှားရုန်းကန်ခြင်းများ၊ အသက်ကောင်းစွာရှူခြင်းများ မရှိတော့ဘဲ အိပ်ဆေးများစွာသောက်သော ကလေးကဲ့သို့ဖြစ်သွားပြီး အိပ်ဆေးစွဲ၍ မွေးဖွားလာခြင်းကြောင့် ကိုယ်ဝန်ဆောင်ချိန်တွင် အိပ်ဆေးများ မသုံးရန် ကျွမ်းကျင်သူများက တိုက်တွန်းထားသည်။ ကိုယ်ဝန်ဆောင်မိခင်သည် အကြောင်းအမျိုးမျိုးကြောင့် အိပ်မပျော်သည့်အခါ အလွယ်တကူ အိပ်ဆေးများသုံးပါက မိခင်သာမက ကလေးငယ်ကိုပါ အိပ်ဆေး၏ သက်ရောက်မှုကြောင့် အိပ်ပျော်သွားလေ့ရှိသည်ဟုဆိုသည်။

“ကလေးက အိပ်ဆေးကြောင့် တစ်နေ့လုံး အိပ်ပျော်နေရင်မလှုပ်တော့ဘူး။ ကလေးဆိုတာ အိပ်နေတဲ့ ခဏကလွဲရင် လှုပ်နေရမှာဖြစ်တဲ့အတွက် အဲဒီအချိန်မှာ ကလေးက မလှုပ်တော့ရင် အိပ်ဆေးကြောင့်မလှုပ်တော့တာလား၊ သေသွားလို့လားဆိုတာတွေလည်း မသိနိုင်တော့ဘူး”ဟု ဒေါက်တာစိုးလွင်ကပြောသည်။

အိပ်မပျော်ပါကလည်း ဆေးဝါးများ သောက်သုံးခြင်း နည်းလမ်းများအစား စိတ်ကိုငြိမ်းချမ်းစွာထားရှိပြီး အတွေးများမပြန့်ရန် ဂရုစိုက်ခြင်း၊ တေးဂီတသံများ နားထောင်ခြင်း၊ အိပ်ခါနီးခြေထောက်များအား နှိပ်နယ်ခြင်း၊ နွားနို့သောက်ပေးခြင်း စသည့်နည်းလမ်းများဖြင့် အလွယ်တကူအိပ်ပျော်စေရန်ဆောင်ရွက်နိုင်ကြောင်း ဆရာဝန်များက ပြောသည်။

ကိုယ်ဝန်ဆောင် မိခင်သည် ပုံမှန်များသောအားဖြင့် ကိုယ်ဝန်ဆောင်ချိန်တွင် ပိုမိုအိပ်လေ့ရှိပြီး အမှန်တကယ်လည်း များများအိပ်ရန် လိုအပ်သည်။ လုံလောက်သော အိပ်ချိန်မရှိပါက သန္ဓေသားထံသွေးရောက်ရှိမှု နည်းပါးခြင်းကြောင့် သန္ဓေသားသည်ရှိသင့်သည့်အရွယ်အစားထက် အနည်းငယ်ပိုသေးသွားလေ့ရှိကြောင်း ဒေါက်တာကျော်သက်ခိုင် ရေးသားထားသည့် ‘ရွှေလက်မြဲမြဲ တွဲနိုင်စေ’စာအုပ်တွင်ပါရှိသည်။

## စာ-၁၃၊ အရေပြားထိခိုက်ဒဏ်ရာနှင့် ကီးလွိုက်ပြဿနာ မှ

ဖောက်ချင်တဲ့နေရာဖောက်အဲဒီဒဏ်ရာကနေတစ်ဆင့် ကီးလွိုက်ထွက်ဖို့ ရာဇဝင်ရှိတဲ့သူကထွက်မှာပဲ။ ဒါမျိုးတွေမလုပ်ခင်မှာအရင်ဆုံးကိုယ့်မှာကီးလွိုက်ဖြစ်ဘူးလားအရင်ကြည့်သင့်တယ်။ ဒီတိုင်းပဲလုပ်လိုက်တယ်ဆိုရင် ကီးလွိုက်ထွက်တာက တော်တော်ကုသဖို့ ခက်တယ်”ဟု ဒေါက်တာလင်းထက်ကဆက်လက်ပြောကြားသည်။

ကီးလွိုက်ထွက်ခြင်းမှာ အမျိုးသား၊ အမျိုးသမီးမရွေးဖြစ်ပွားနိုင်ပြီး ဆယ်ကျော်သက်အရွယ်မှ အသက် ၂၀၊ ၃၀ ဝန်းကျင်အရွယ်များတွင် အဖြစ်များတတ်ကြသည်ဟု သိရသည်။

“နားဖောက်လိုက်မှဖြစ်တာ။ လွန်ခဲ့တဲ့တစ်နှစ်လောက်က ခွဲစိတ်ခဲ့တာ။ ခွဲလေကြီးလေဖြစ်တယ်။ အခုအရင်ကထက်ကြီးလာပေမယ့် နာလည်းမနာတော့ လောလောဆယ် ဒီတိုင်းပဲထားတယ်”ဟုနားရှိကီးလွိုက်ခွဲစိတ်ထားသူ အသက် ၂၉ နှစ်အရွယ်အမျိုးသားတစ်ဦးကပြောသည်။

ကီးလွိုက်ထွက်ပါက အသားစိုင်ကိုဖြတ်၍သော်လည်းကောင်း၊ ဆေးထိုး၍သော်လည်းကောင်း၊ ဓာတ်ရောင်ခြည်ကုထုံး(Rediation) ဖြင့်သော်လည်းကောင်း ကုသလေ့ရှိကြောင်းသိရသည်။

ကီးလွိုက်ကို အမြစ်ပြတ်ပျောက်ကင်းအောင်ကုသ၍ မရဘဲ ဖြတ်တောက်၍ကုသခြင်းက အသားစိုင်ကြီးထွားလာမှုကိုပိုမိုဖြစ်စေပြီး ဆေးထိုးကုသခြင်းက အသားစိုင်ကိုချပ်သွားစေကာ ကီးလွိုက်အရာ ကျန်ရှိမည်ဟုဆိုသည်။ မြန်မာနိုင်ငံအတွက်မူဓာတ်ရောင်ခြည်ကုထုံးမှာ စက်ပစ္စည်းပိုင်းဆိုင်ရာ အခက်အခဲရှိသည်ဟုသိရသည်။

ကီးလွိုက်နှင့်ပတ်သက်၍ အချို့သောဆေးပညာဆိုင်ရာ လေ့လာတွေ့ရှိချက်များအရအသားအရောင်မဲသူများ၊ သွေးအုပ်စုအေတွင်ဖြစ်နိုင်ခြေပိုမိုများပြားသည်ဟုဆိုထားသည်။

“ကီးလွိုက်ကခွဲထုတ်ရင်ပြန်ဖြစ်တယ်။ ခွဲပြီးပြန်ချုပ်လိုက်တဲ့ချုပ်ရိုးကြောင်းကနေ ကီးလွိုက်ပြန်တက်တတ်တယ်။ ကီးလွိုက်ကိုသေးသွားအောင်ပဲ လုပ်လို့ရတယ်။ အမြစ်ပြတ်သွားအောင်လုပ်လို့မရဘူး။ များသောအားဖြင့်ဖြတ်ထုတ်တယ်ဆိုတာ အလှအပအတွက်ပဲ။ ဆေးထိုးတာကလည်း တစ်ခါတည်းထိုးရုံနဲ့မပျောက်ဘူး။ တစ်လတစ်ခါလောက် လိုအပ်ရင်ဆေးထပ်တိုးရတယ်။ ချပ်သွားစေတာလောက်ပဲ။ ကီးလွိုက် ကနေကင်ဆာအဖြစ် ကူးပြောင်းတဲ့အနေအထားကတော့ တော်တော်ကြီးကိုနည်းတယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ကီးလွိုက်ကို ဆေးထိုးတာကလည်း ထိုးတတ်မှ၊ မဟုတ်ရင် အရေပြားတွေချိုင့်ခွက်ကုန်တာတို့၊ ဆေးထိုးဖို့မလိုအပ်တဲ့ အခြားအရေပြားတွေကို ထိခိုက်ကုန်တာတွေဖြစ်တတ်ပါတယ်”ဟု ဒေါက်တာလင်းထက်ကပြောကြား သည်။

ငင်းပြင်ဖန်စီပစ္စည်းများနှင့် ဓာတ်မတည့်မှုကြောင့်လည်း ကီးလွိုက်ဖြစ်တတ်သည်ဟုသိရသည်။ ဖန်စီဝတ်သည့်အခါ ဓာတ်မတည့်ပါက တုံ့ပြန်မှုဖြစ်ပေါ်လာကာ ယားယံခြင်း၊ ကုတ်ဖဲ့ခြင်းများကြောင့် အနာဖြစ်ပြီး ယင်းအနာမှဆက်ကာ ကီးလွိုက်ဖြစ်လာခြင်းဖြစ်သည်။ အဓိကအားဖြင့် နီကယ်နှင့် ဓာတ်မတည့်ခြင်း၊ ဖန်စီပစ္စည်းတွင် ပါရှိသည့် ကွန်ပေါင်းနှင့် အရေပြားဓာတ်မတည့်ရာမှဖြစ်ပွားခြင်းဖြစ်သည်။

သို့ဖြစ်၍လှချင်ပချင်၍ ဖက်ရှင်ထွင်ကာ နားဖောက်၊ နှာခေါင်းဖောက်၊ မျက်ခုံးဖောက်သူများအနေဖြင့် မလှမပအနေအထားသို့ ပြောင်းမသွားစေရေးအတွက် အရေပြားကီးလွိုက်ပြဿနာကို သတိပြုရမည်ဖြစ်သည်။

# ကရင်ပြည်နယ် ရွာ ၁၆၀ကျော်တွင် ငှက်ဖျားဆေးယဉ်ပါးမှုကာကွယ်ရေးစီမံချက် ပြုလုပ်မည်

**မြတ်စုမွန်**

**ရန်ကုန်၊ ဇူလိုင် - ၃**

ကရင်ပြည်နယ်ရှိကျေးရွာပေါင်း ၁၆၀ကျော်တွင် ငှက်ဖျားတိုက်ဖျက်ရေးလုပ်ငန်းများကို Save The Children နှင့်ပူးပေါင်းကာ သုံးနှစ်စီမံကိန်းပြုလုပ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း(MHAA)မှ တာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးကပြောသည်။

ကရင်ပြည်နယ်ဘားအံ၊ လှိုင်းဘွဲ့၊ ကော့ကရိတ်နှင့်မြဝတီမြို့များရှိကျေးရွာပေါင်း ၁၆၁ ရွာတွင် ပြုလုပ်မည့် အဆိုပါငှက်ဖျား ဆေးယဉ်ပါးမှုကာကွယ်တိုက်ဖျက်ရေးစီမံချက်မှာ ယခုနှစ် ဇွန်လမှ စတင်၍ ၂၀၁၅ ခုနှစ်အထိ ကြာမြင့်မည်ဖြစ်သည်။

ငှက်ဖျားရောဂါကာကွယ်ရေးအတွက် လိုအပ်သော အသုံးအဆောင်များ ဝေငှခြင်း၊ ကရင်ဘာသာစကားဖြင့် ရိုက်နှိပ်ထားသည့် ကျန်းမာရေးအသိပေးလက်ကမ်းများ ဝေငှခြင်းများ၊ ဆေးကုသခြင်းများကိုပြုလုပ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း ဥက္ကဋ္ဌကပြောကြားသည်။

“အခြေခံ ကျန်းမာရေးဝန်ထမ်းတွေ မရှိတဲ့ဒေသတွေမှာ ကျွန်တော်တို့ရဲ့ စီမံချက်တွေကို လုပ်သွားမှာပါ။ အစိုးရက သတ်မှတ်ထားတဲ့ပိုစတာတွေကိုကရင်လူမျိုးတွေအတွက်ကရင်ဘာသာနဲ့တိုက်ရိုက်ဘာသာပြန်ပြီးတော့လည်းဖြန့်မယ်။ ဇူလိုင်ပထမပတ်ထဲမှာ စပြီးကွင်းဆင်းမယ်”ဟု ဥက္ကဋ္ဌ ဦးအောင်ခင်ကပြောကြားသည်။

အထက်ပါ ကျေးရွာပေါင်း ၁၆၀ ကျော်ရှိ အချို့ကျေးရွာများမှာ ကရင်အမျိုးသားအစည်းအရုံး (KNU) လက်အောက်ခံနယ်မြေများတွင် ပါဝင်ကြောင်းလည်းသိရ သည်။

မြန်မာနိုင်ငံတွင် ပဲခူးတိုင်းဒေသကြီးအရှေ့၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသနှင့် တနင်္သာရီတိုင်းဒေသကြီးများသည် ငှက်ဖျား ရောဂါအဖြစ်များလျက်ရှိပြီး ငှက်ဖျားရောဂါကုသဆေးအာတီမိသာ(Artmether) ဆေးယဉ်ပါးမှု အများဆုံးဖြစ်သည့်ဒေသများအဖြစ် ယူဆထားကြောင်း ငှက်ဖျားတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်းမှ သိရှိရသည်။

မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းသည် နိုင်ငံတကာအဖွဲ့အစည်းများနှင့်ချိတ်ဆက်၍ ငှက်ဖျားတိုက်ဖျက်ရေးလုပ်ငန်းများ၊ ရေနှင့်သန့်ရှင်းမှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့် ပြည်တွင်းလူမှုရေးအဖွဲ့အစည်းတစ်ခုဖြစ်သည်။

## စာ -၁၃၊ လုပ်ငန်းခွင်အတွင်းမှ ရနိုင်သောရောဂါ မှ

“ဆူညံတဲ့ပတ်ဝန်းကျင်မှာ ၁၀ နှစ်လောက် လုပ်ပြီးသွားရင် သူနားက ထိသွားပြီ။ ဘွဲ့ရပြီး လူငယ်တစ်ယောက် အသက် ၂၂၊ ၂၃ လောက်မှာ အလုပ်ဝင်တယ်။ ၁၀ နှစ်လောက်လုပ်ပြီး ၃၀ ကျော်လောက်မှာ နားလေးသွားပြီး ကုသလို့ မရတော့ဘူးဆိုရင် ကျန်တဲ့အလုပ်လုပ်နိုင်တဲ့အရွယ်မှာ သူဘယ်လိုအလုပ်ကို ထပ်ပြောင်းမလဲဆိုတာ မလွယ်တော့ဘူးလေ”ဟု ဒေါက်တာဝင်းထိုက်ကြည်ကပြောသည်။

လုပ်ငန်းခွင်အတွင်း ဆူညံသည့် ပတ်ဝန်းကျင်သည် နားအကြားအာရုံကိုပါ ထိခိုက်စေနိုင်သည့်အတွက်လုပ်ငန်းခွင်အတွင်း ထိခိုက်မှုမရှိစေရန် အခါအားလျော်စွာစစ်ဆေးမှုများလည်း ရှိရမည်ဖြစ်ပြီး ထိုအချိန်တွင် ရင်ဆိုင်ရသည့် ပြဿနာမှာ စက်ရုံများမှ ထိုစစ်ဆေးသည့်ရက်တွင်ပြင်ဆင်မှုရှိသဖြင့် စက်လည်ပတ်မှုများအား ရပ်ဆိုင်းထားခြင်းဖြစ်ကြောင်း လုပ်ငန်းခွင်ကျန်းမာရေးမှ ဒုတိယညွှန်ကြားရေးမှူး (ငြိမ်း)ဒေါက်တာသန်းထွန်းက ဆူညံသံကြောင့် အကြားအာရုံထိခိုက်ခြင်းနှင့် လုပ်ငန်းခွင်ကျန်းမာရေး ဟောပြောပွဲတွင် ပြောသည်။

လုပ်ငန်းခွင်အတွင်း ကျန်းမာရေးဆိုင်ရာပြဿနာများ မခံစားရစေရန် အလုပ်ရှင်များဘက်မှ စက်ပိုင်းဆိုင်ရာများအား အလုပ်သမားရေရှည်တွင် ထိခိုက်မှုမရှိစေရန် ဆောင်ရွက်ခြင်းများအတွက် တာဝန်ရှိသကဲ့သို့ လုပ်သားများအနေဖြင့်လည်း မိမိ၏ ကျန်းမာရေးအတွက် မိမိဘာသာအလေးထားရန်မှာတော့ မဖြစ်မနေလိုအပ်ကြောင်း သိရသည်။

“တချို့လုပ်သားတွေက ဒီလိုအကာအကွယ်တွေ သုံးပြီး ကာကွယ်ရမယ်ဆိုတဲ့ဗဟုသုတမရှိဘူး။ တချို့တွေကျတော့လည်း အလုပ်ရှင်တွေက ပေးထားတာတောင် မတပ်ချင်လို့ မတပ်ကြတာတွေရှိတယ်”ဟု ဒေါက်တာသန်းထွန်းကပြောသည်။

လုပ်ငန်းခွင်ကြောင့် ရောဂါတစ်စုံတစ်ရာဖြစ်လာပါက မိမိသာခံစားရမည်ဖြစ်သည့်အတွက် မိမိအန္တရာယ်မဖြစ်စေရန်တော့ ဂရုပြုရန်လိုအပ်သည်။ နှစ်ပေါင်းများစွာ စွဲမြဲလာသည့် အမူအကျင့်အား ရုတ်တရက်ပြောင်းလဲရန် မလွယ်ကူသော်လည်း ထိုအမူအကျင့်ကြောင့် မိမိတွင် ကျန်းမာရေးဆိုးကျိုးများ ခံစားရနိုင်ကြောင်း သိသည့်အခါတွင်မူ မဖြစ်မနေပြောင်းလဲရန်တော့ လိုအပ်လာပြီဖြစ်သည်။

မြန်မာနိုင်ငံရှိ လုပ်သားအများစုသည် လုပ်ငန်းခွင်အတွင်းတွင် အကာအကွယ်ပေးနိုင်သည့် ပစ္စည်းများ အသုံးပြုမှုနည်းပါးနေသေးကြောင်း သိရသည်။ ဆူညံသံအား ခံနိုင်ရည်ရှိစေသည့် နားပိတ်ဆို့အရာများ အသုံးပြုခြင်း၊ အမှုန်များ ပျံ့နှံ့လွန်းနေသည့်လုပ်ငန်းခွင်တွင်အသက်ရှူလမ်းကြောင်းမှ တစ်ဆင့် ထိုအမှုန်များ အဆုတ်သို့ ဝင်ရောက်မှုမရှိစေရန် နှာခေါင်းစည်းများ တပ်ဆင်ခြင်း အလေ့အထများအားလည်းကောင်း၊ အညစ်အကြေးများကို ကိုင်တွယ်ရသည့်လုပ်ငန်းခွင်တွင် နှာခေါင်းစည်း၊ လက်အိတ်များ တပ်ဆင်လုပ်ကိုင်ခြင်းအားလည်းကောင်း၊ မျက်လုံးအားထိခိုက်စေနိုင်သည့် ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းခွင်တွင် မျက်လုံးအကာအကွယ်တပ်ဆင်ခြင်းများစသည့် အန္တရာယ်ကင်းစေသည့် အပြုအမူဆောင်ရွက်မှုများမှာ အလုပ်ရှင်များ၊ အလုပ်သမားများကြားတွင် အားနည်းနေသေးကြောင်းပညာရှင်များကလည်း ထောက်ပြထားသည်။

“ကျွန်တော်က ပရိဘောဂတွေလုပ်တဲ့စက်ရုံမှာ အလုပ်လုပ်တယ်။ အဲဒီမှာ သစ်သားတွေကထွက်တဲ့အမှုန့်တွေက ပြည့်နေတာ။ အလုပ်လုပ်နေတုန်းက သိပ်မသိသာပေမယ့် နောက်နေ့မနက်မိုးလင်းရင် လည်ချောင်းထဲမှာ အမှုန်တွေက ချွဲတွေလို လည်ချောင်းထဲမှာ ကျပ်နေတာမျိုးတွေခံစားရတယ်။ အဲဒါနှာခေါင်းစည်းတပ်ပြီး အလုပ်လုပ်တော့ ကျန်တဲ့သူတွေကလည်း ဝိုင်းလှောင်ကြတာတွေရှိတယ်။ နှာခေါင်းစည်းလည်း မတပ်နိုင်၊ နေ့တိုင်းလည်း ဖြစ်လာတော့ အလုပ်ပြောင်းလိုက်ရတယ်”ဟု အသက် ၂၄ နှစ်အရွယ် အမျိုးသားတစ်ဦးက ပြောသည်။

ထိုမလိုအပ်ဘူးဟု ထင်မြင်မှုများကြောင့် ဂရုမမူခြင်းဖြင့် လုပ်ငန်းခွင်အတွင်း ကျန်းမာရေးနှင့် မညီညွတ်သော အခြေအနေများမှ တစ်ဆင့်ဖြစ်သည့်ပန်းနာရင်ကျပ်ရောဂါသည် ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းသည် လုပ်ငန်းခွင်ကြောင့် ဖြစ်ခြင်းဖြစ်ကြောင်း လုပ်ငန်းခွင်ပန်းနာရင်ကျပ်ဆိုင်ရာ သုတေသနပြုလုပ်ထားသည့် နိုင်ငံတကာသတင်းတစ်ခုတွင် ဖော်ပြထားသည်။

ထို့အတူ မျက်စိဆေးရုံတွင်လည်း လုပ်ငန်းခွင်အတွင်း လုံလောက်သည့် မျက်စိကာကွယ်မှုများမရှိခြင်းကြောင့် အလုပ်လုပ်ရင်းမျက်စိထိခိုက်သွားသည့် လူနာများလည်း အများအပြားရှိကြောင်းသိရသည်။

“ကျန်တဲ့အလုပ်တွေထက် အမြဲတမ်းမြင်နေရတဲ့စည်ပင်လုပ်သားတွေရဲ့ကျန်းမာရေးအခြေအနေကိုတော့ စိတ်ပူမိတယ်။ အမှိုက်ပုံတွေမှာ အမှိုက်သိမ်းနေတဲ့ စည်ပင်ဝန်ထမ်းတွေဆိုရင် တခဏတာဖြတ်သွားဖြတ်လာတွေတောင် အနံ့မခံနိုင်တဲ့စွန့်ပစ်ပစ္စည်းတွေနဲ့ ထိတွေ့ရတယ်။ သူတို့မှာလုံလောက်တဲ့အကာအကွယ်ပစ္စည်းတွေလည်း မရှိဘူး။ ဒီမှာလူတိုင်း အမှိုက်စွန့်ပစ်တဲ့ပုံစံကလည်း စနစ်ကျတဲ့စွန့်ပစ်တဲ့ပုံစံမဟုတ်တဲ့အခါကျတော့သူတို့တွေအတွက်ကြာလာရင်အန္တရာယ်ဖြစ်လာစေမယ်လို့ထင်တယ်”ဟုတောင်ဒဂုံမြို့နယ်တွင် နေထိုင်သည့် ဈေးကွက်ဖြန့်ချိရေးဝန်ထမ်းကိုကျော်ကျော်ကပြောသည်။

အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်လုပ်ရင်း လုပ်ငန်းခွင်အတွင်း ဖြစ်ပေါ်လာသည့်ရောဂါများကြောင့်ဝေဒနာခံစားရမှုသည် လုပ်သားများအတွက် ထိခိုက်မှုပြင်းထန်သည့် ကိစ္စလည်းဖြစ်သည်။ နောက်ဆက်တွဲ ထိုကဲ့သို့သော ရောဂါများမဖြစ်စေရန် လုပ်ငန်းခွင်ဆိုင်ရာတာဝန်ရှိသူများ၊ လုပ်သားများကိုယ်တိုင်ပါဝင်ပြောင်းလဲရန် လိုအပ်လာပြီး လုပ်ငန်းခွင်ကြောင့် ဖြစ်သည့် နောက်ဆက်တွဲကျန်းမာရေးပြဿနာများ မဖြစ်ပွားစေရန် ဂရုပြုနေထိုင်သင့်ကြောင်း သိရသည်။

# Regional

7 DAY NEWS JOURNAL

Vol.11, No.18 • JULY 12 , 2012


# လက်ပန်းတောင်းတောင် ကြေးနီတူးဖော်ရေးစီမံကိန်းမှ လုပ်သားများ၏ တောင်းဆိုချက် အောင်မြင်



ကုမ္ပဏီမှ တာဝန်ရှိသူနှင့်လုပ်သားတို့ ညှိနှိုင်းနေစဉ်

**ရန်နိုင်ကျော်**

**မုံရွာ၊ ဇူလိုင်-၇**

မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် လက်ပန်းတောင်းတောင် ကြေးနီသတ္တုတူးဖော်ရေးရုံး (မြန်မာဝမ်ပေါင်ကုမ္ပဏီရုံး)ရှေ့တွင် ဆီနိုဟိုက်ဒရိုလုပ်ငန်းဌာနခွဲမှ ဝန်ထမ်း ၈၀ ကျော်တို့သည် လုပ်ခလစာ အပြည့်အဝရရှိရေးအတွက် ပထမဆုံးအကြိမ်အဖြစ် ၂ နာရီကြာ တောင်းဆိုပြီး၊ ကုမ္ပဏီက ၎င်းတို့၏တောင်းဆိုချက်ကို လိုက်လျောခဲ့သည်။

"အခုတောင်းဆိုတာက အလုပ်သမားများကို သတ်မှတ်ထားတဲ့ လုပ်ခလစာ အပြည့်အဝရရှိအောင် တောင်းဆိုကြတာပါ" ဟု လုပ်ခလစာ အပြည့်အဝ ရရှိရေး တောင်းဆိုခဲ့သော ဝန်ထမ်းတစ်ဦးက ပြောသည်။ ၎င်းတို့မှာ စီနိုဟိုက်ဒရိုဌာနခွဲတွင် ဇူလိုင် ၄ ရက်မှ ၆ ရက်အထိ တောင်းဆိုခဲ့သော်လည်း အလုပ်ရှင်မှ မလိုက်လျောသည့်အတွက် မိခင်ကုမ္ပဏီဖြစ်သော မြန်မာဝမ်ပေါင်ကုမ္ပဏီရုံးရှေ့တွင် ဇူလိုင် ၇ ရက် နံနက်ပိုင်း၌ ၇ နာရီမှ ၉ နာရီအထိ လာရောက်တောင်းဆိုပြီး၊ ကုမ္ပဏီက ၎င်းတို့၏တောင်းဆိုချက်ကို လိုက်လျောခဲ့ခြင်းဖြစ်သည်။

လုပ်ခလစာ အပြည့်အဝရရှိရန်၊ သတ်မှတ်အလုပ်ချိန်အပြည့် အလုပ်ဆင်းရရန်နှင့် အလုပ်နားမည်ဆိုပါက ကြိုတင်အကြောင်းကြားရန် အလုပ်သမားတို့က တောင်းဆိုခဲ့ကြခြင်းဖြစ်သည်ဟု ဆိုသည်။

"လက်ပန်းတောင်းတောင် ကြေးနီလုပ်ငန်းမှာ လုပ်ကိုင်နေတဲ့ ဆီနိုဟိုက်ဒရိုဝန်ထမ်းတွေက အစမ်းခန့်လစာက အက်ဖ်အီးစီ ၁၅၀ ရှိတယ်။ အစမ်းခန့် ၃ လကြာမှ တရားဝင်ခန့်အဖြစ် အခြေခံလစာ ၂၃၀ ကနေ ၂၅၀ အထိရတယ်။ အခြေခံလစာဆိုပေမယ့် ပြီးခဲ့တဲ့လတွေမှာ တစ်လလုံးမှ ၁၂ ရက်ကလောက် အလုပ်ဆင်းနေရတယ်ဆိုတော့ နေ့တွက်သဘောနဲ့ အလုပ်ဆင်းတဲ့ နေ့အတွက်သာ လုပ်အားခရတယ်။ အလုပ်ဆင်းရမယ့်ရက်ကို အလုပ်မဆင်းရင် ဒဏ်ကြေးအဖြစ် ငွေဆောင်ရတာ။ တချို့ဆို အလုပ်ပျက်လို့ တစ်ရက် သုံးသောင်းလောက် ပေးလျော်ရတာတွေရှိတယ်"ဟု ဆီနိုဟိုက်ဒရိုဌာနခွဲတွင် လုပ်အားခရရှိခဲ့ပုံနှင့်ပတ်သက်၍ ဝန်ထမ်းတစ်ဦးက ရှင်းလင်းပြောကြားသည်။

အဆိုပါတောင်းဆိုမှုတွင် အလုပ်သမားကိုယ်စားလှယ် (၆)ဦး အနက် မြန်မာဝမ်ပေါင်ကြေးနီတူးဖော်ရေးကုမ္ပဏီ တာဝန်ရှိသူများနှင့် ဆွေးနွေးမှုတွင် ပါဝင်ခဲ့သူတစ်ဦးက "လစာကို အခုလုပ်ခလစာရှင်းတဲ့အခါမှာ မြန်မာငွေနဲ့ရှင်းတော့ အက်ဖ်အီးစီဈေးကျတုန်းကလည်း တစ်ဒေါ် လာကျပ် ၈၀၀ ပေးတယ်။ ဈေးတက်တော့လည်း ကျပ် ၈၀၀ ဆိုတော့ မြန်မာငွေနဲ့ မရှင်းတော့ဘဲ အက်ဖ်အီးစီနဲ့ ရှင်းပေးဖို့နဲ့ သတ်မှတ်ထားတဲ့ အလုပ်သမားအခွင့်အရေး အပြည့်အဝရရှိရေးကိုတစ်နာရီနီးပါးအကြာ ဆွေးနွေးခဲ့ပါတယ်။ အခုတောင်းဆိုတဲ့ အချက်တွေကို အလုပ်ရှင်ကုမ္ပဏီဘက်ကရော အလုပ်သမားဘက်ကပါ ညှိနှိုင်းတဲ့အခါ နှစ်ဦးနှစ်ဘက်ပြေလည်မှု ရရှိခဲ့ပါတယ်"ဟု ပြောကြားသည်။

လက်ပန်းတောင်းတောင် ကြေးနီသတ္တုတူးဖော်ရေး လုပ်ကိုင်လျက်ရှိသော မြန်မာဝမ်ပေါင်ကုမ္ပဏီလုပ်ငန်းဌာနခွဲဖြစ်သော ဆီနိုဟိုက်ဒရိုကုမ္ပဏီတွင် ဒေသခံမြန်မာဝန်ထမ်း ၁၅၀ ဦးခန့် လုပ်ကိုင်လျက်ရှိပြီး နေ့ဆိုင်းညဆိုင်း အချိန်ပိုင်းဖြင့် လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။ အဆိုပါ ဝန်ထမ်းများအား အခြေခံလစာအဖြစ် အစမ်းခန့်ကာလတွင် အက်ဖ်အီးစီ ၁၈၀ ၊ တရားဝင်ဝန်ထမ်းအဖြစ် အက်ဖ်အီးစီ ၂၃၀ မှ ၂၅၀ အထိ သတ်မှတ်ထားကြောင်းသိရသည်။ အလုပ်သမားများ၏ အခွင့်အရေး အပြည့်အဝရရှိရေးနှင့် အလုပ်ရှင်ကုမ္ပဏီအကြား စေ့စပ်ညှိနှိုင်းပေးနိုင်မည့် လက်ပန်းတောင်းတောင် ကြေးနီသတ္တုတူးဖော်ရေး စီမံကိန်း အခြေခံအလုပ်သမားအဖွဲ့ အစည်းအား မကြာမီဖွဲ့စည်းဆောင်ရွက်သွားရန် စီစဉ်ထားကြောင်း သိရသည်။

ကုမ္ပဏီနှင့် အလုပ်သမားကြား အဆင်မပြေရခြင်း၏ အကြောင်းရင်းတစ်ရပ်မှာ စကားပြန်များက အလုပ်သမားများ၏ အခြေအနေကို အထက်သို့ မတင်ပြပေး၍ဖြစ်ကြောင်းလည်း လုပ်သားကိုယ်စားလှယ်တစ်ဦးက ပြောသည်။

# စစ်တွေမြို့မဈေးကြီး ရက်ပိုင်းအတွင်း ဖွင့်လှစ်မည်

**မောင်ကံ၊ဖိုးသီဟ**

**မောင်တော၊ ဇူလိုင်-၄**

ဆူပူအကြမ်းဖက်မှုများကြောင့် ဒေသတွင်းမတည်မငြိမ်ဖြစ်နေသည့် စစ်တွေမြို့တွင် မြို့မဈေးကြီးအား ပိတ်ထားခဲ့ရာမှ ယခုဇူလိုင်လ ပထမပတ်တွင် စတင်ဖွင့်လှစ်သွားရန်စီစဉ်နေကြောင်း ရခိုင်ပြည်နယ် အစိုးရအဖွဲ့ဝင်တစ်ဦးက ဇူလိုင် ၁ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

လက်ရှိတွင် စစ်တွေမြို့မဈေးကြီးအတွင်းရှိ ဘင်္ဂါလီဆိုင်ခန်းများကို သင်္ဘောပြင်ကျေးရွာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အကူအညီဖြင့် ပြောင်းရွှေ့ထားပြီဖြစ်ကြောင်း စစ်တွေမြို့ခံတစ်ဦးက ပြောကြားသည်။ ထို့နောက် စစ်တွေမြို့မဈေးပြင်တန်းရှိ ဈေးဆိုင်များမှာလည်း ပြန်လည်ဖွင့်လှစ်ရောင်းချနေပြီဖြစ်သော်လည်း ဝယ်သူနည်းပါးနေသည့်အတွက် နေ့လယ် ၁၂ နာရီခန့်ထိသာ ဖွင့်လှစ်ကြကြောင်း စစ်တွေမြို့ခံတစ်ဦးက ပြောသည်။

"မြို့မဈေးကြီးအတွင်းက ဘင်္ဂါလီအရောင်းဆိုင်ခန်းတွေအားလုံးတော့ သင်္ဘောပြင်ကို ပြောင်းရွှေ့ပြီးသွားပါပြီ။ ဆိုင်ခန်းစုစုပေါင်း တစ်ရာကျော်လောက်ရှိပါတယ်။ အများစုက ဆေးဆိုင်တွေဖြစ်ပါတယ်။ ဒီအပတ်ထဲမှာ ဈေးကြီးကို ပရိတ်တရားနာပြီးတော့ ပြန်လည်ဖွင့်လှစ်ဖို့ စီစဉ်နေကြတာ တွေ့ရပါတယ်" ဟု ၎င်းကဆက်လက်ပြောကြားသည်။

သို့သော် ရခိုင်ပြည်နယ် မြောက်ဦးမြို့ရှိ မြို့မဈေးကို နယ်မြေလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ဇူလိုင် ၃ ရက် ညနေ ၃ နာရီခန့်မှစ၍ ယာယီပိတ်ထားကြောင်း သတင်းရရှိသည်။ "မြောက်ဦးဈေးထဲမှာ ဆိုင်တွေရှိတဲ့အတွက် လုံခြုံရေးအရ ယာယီပိတ်ထားပါတယ်။ ဘယ်နေ့ဖွင့်မယ်ဆိုတာတော့ သေချာမသိသေးပါဘူး"ဟု မြောက်ဦးဈေးမှ ဒေသခံဈေးသည်တစ်ဦးက ပြောသည်။

## စစ်ကျန်ဗုံးတစ်လုံး လေးနှစ်ကြာသော်လည်း မဖယ်ရှားရသေး



**ရဲခေါင်ဦး**

**ကျိုက်ထို၊ဇူလိုင်-၃**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် မုပ္ပလင်စံပြကျေးရွာ စစ်တောင်းမြစ်အနီးတွင် လွန်ခဲ့သောလေးနှစ်က စစ်ကျန်ဗုံးကြီးတစ်လုံးတွေ့ရှိပြီး သက်ဆိုင်ရာက ဖယ်ရှားမည်ဆိုသော်လည်း ယနေ့ထက်တိုင် လူနေအိမ်များအနီး ဆက်လက်ရှိနေသဖြင့် ဒေသခံများက ပူပန်နေကြသည်။ စာ(၁၈) သို့




7DAY NEWS JOURNAL
Vol.11, No.18 • JULY 12 , 2012

# မြစ်ကြီးနားတွင် ကြက်ဥဈေးထိုးကျ

သန်းဌေး
ရန်ကုန်၊
ဇူလိုင်-၁

တရုတ်နိုင်ငံမှ ဈေးနှုန်းသက်သာသောကြက်ဥများ မြစ်ကြီးနားဈေးကွက်အတွင်း တင်သွင်းရောင်းချနေသောကြောင့် ဒေသခံဥစားကြက်ခြံ ရှစ်ဆယ်ရာခိုင်နှုန်း ခြံပြုတ်သွားကြောင်း ကချင်ပြည်နယ် မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာစီစီဘရန်းကပြောသည်။

"မြစ်ကြီးနားမြို့နယ်မှာ အရင်တုန်းကတော့ ဥစားကြက်ခြံတစ်ရာ့ငါးဆယ်လောက်ရှိပါတယ်။ ကောင်ရေကတော့တစ်သိန်းကျော်နဲ့ တစ်သိန်းခွဲကျော်ရှိပါတယ်။ အခုကခြံသုံးဆယ်လောက်ပဲရှိတော့တယ်။ ဒါကြောင့် တရုတ်က ဈေးပေါပေါနဲ့ ဝင်လာတဲ့ ကြက်ဥတွေကိုမယှဉ်နိုင်တော့တဲ့ သဘောပါ။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ဆီကနေ ကြက်အစားအစာ အဓိကကတော့ ပြောင်းပဲပို့နေတာဘာကြောင့်ဒီလောက်တောင် ဈေးပေါနေသလဲလို့ ကျွန်တော်တို့ စဉ်းစားရကြပ်နေတာ။ ကျွန်တော်ရဲ့ ထင်မြင်ချက်ကတော့ ကြက်ဥအတုနဲ့ အစစ်ရောပြီး ကချင်ကိုတင်ပို့တာဖြစ်မယ်လို့ ထင်ပါတယ်"ဟု ၎င်းကပြောသည်။

မြစ်ကြီးနားမြို့ပေါ်တွင် ဒေသထွက် ကြက်ဥတစ်လုံးလျှင် ကိုးဆယ်ကျပ်နှင့် ရောင်းလျှင်ပင် ရှုံးနေသော်လည်း တရုတ်နိုင်ငံတွင် ကြက်ဥအတုတစ်လုံးလျှင် နှစ်ဆယ်ကျပ်သာရှိပြီး မြစ်ကြီးနားမြို့ပေါ်တွင် ခုနစ်ကျပ်ဖြင့် ရောင်းနေကြကြောင်း ၎င်းကပြောသည်။

"ကြက်ဥတစ်ဖာမှာ အလုံးသုံးရာ့ခြောက်ဆယ်ပါတဲ့ ဂျပ်ဖာတွေ ရာနဲ့ချီပြီး စစ်ကိုင်းကိုတောင် ရောက်နေတယ်။ ဒါကြောင့် စစ်ကိုင်းကလူတွေ အခက်အခဲ ဖြစ်နေတယ်။ နောင်ဆို ဒီအတိုင်းဆက်သွားမယ်ဆိုရင် နောင် ၂ နှစ်လောက်ကြာရင် စစ်ကိုင်းကတော့ မွေးနိုင်မယ့်သူ တော်တော်ရှားသွားမယ်" ဟု စစ်ကိုင်းတိုင်းမှ ဒေသခံတစ်ဦးက ပြောသည်။

တရုတ်ကြက်ဥများ စစ်ကိုင်းတိုင်းသို့ဝင်ရောက်နေသောကြောင့် ကြက်ငှက်တုပ်ကွေး အပါအဝင် ရောဂါဘယမျိုးစုံ ကာကွယ်မှုများအတွက်ပါ ခက်ခဲနိုင်ကြောင်း စစ်ကိုင်းတိုင်းမွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်မှ ဒေါက်တာစိုးမိုးက ပြောသည်။

"တရုတ်ကနေ ကြက်ဥတွေဝင်လာတယ်။ ဒီဥစ္စာတွေကမှောင်ခိုကနေခိုးဝင်နေတာပါ။ ဒါကြောင့် ကျွန်တော်တို့ ဆောင်ရွက်မယ့်နည်းလမ်းလေးကိုပြောချင်ပါတယ်။ ဥပမာ ဗန်းမော်ကို ဝင်လာတယ်ဆိုရင် မွေး/အဖွဲ့ချုပ်အနေနဲ့ ဗန်းမော်ဧရိယာအထိ နယ်စပ်ဒေသကို လွှမ်းခြုံထားနိုင်ရပါမယ်။ ဒီမှောင်ခိုဝင်လာတဲ့ ပစ္စည်းတွေကို ဆွဲပြီး ပထမအဆင့်အနေနဲ့ Food Safety ဖြစ်/မဖြစ်ကို နီးစပ်ရာဓာတ်ခွဲခန်းတွေ ဒါမှမဟုတ် FDA (အစားအစာနှင့် ဆေးဝါးကွပ်ကဲမှုဦးစီးဌာန)မှာ စစ်ပါ။ အသားနဲ့ပတ်သက်လို့ကတော့ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှာ စစ်ရမယ်။ Expire Date (ရက်လွန်ရက်စွဲ)တွေ နီးတယ်။ မနီးဘူးဆိုတာလည်း အရင်စစ်ရမယ်။ ဒီဥစ္စာက တရားဝင် ဝင်လာတာမဟုတ်တဲ့အတွက်ကြောင့် တရားမဝင်ကုန်သွယ်ရေး ဥပဒေအနေနဲ့ ဒီနှစ်ချက်နဲ့တရားစွဲရမယ်"ဟု မွေးမြူရေးနှင့် ရေလုပ်ငန်းညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်သန်းက မွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်၏ (၁၂) ကြိမ်မြောက်နှစ်ပတ်လည် အခမ်းအနားကျင်းပသော ဇူလိုင် ၁ ရက်တွင် ငါးလုပ်ငန်းအဖွဲ့ချုပ်၌ ပြောကြားခဲ့သည်။




**TRADEMARK CAUTION**

ITO EN, LTD., a Company incorporated in Japan at 47-10, Honmachi 3-chome, Shibuya-ku, Tokyo 151-8550, Japan is the Owner and Sole Proprietor of the following Trademarks:-

伊藤園
Reg: 4/4618/2012

ITOEN
Reg: 4/4619/2012

Reg: 4/4620/2012

ITO EN
Reg: 4/ 4621/2012

伊藤園
Reg: 4/4622/2012

お～いお茶
Reg: 4/4623/2012

Oi Ocha
Reg: 4/4624/2012

TEAS'TEA
Reg: 4/4625/2012

In respect of : Int'l class 5: " Dietary supplements for humans."
Int'l class 29 : " Milk beverages, Milk predominating; Yogurt; Milk; Milk products; Lactic acid bacteria drinks; Soya milk [milk substitute]."
Int'l class 30: " Tea; Green tea; Chinese (oolong) tea; Jasmine tea; Roasted tea; Barley tea; Brown rice tea; Tea beverages; Green tea beverages; Chinese (oolong) tea beverages; Jasmine tea beverages; Roasted tea beverages; Barley tea beverages; Brown rice tea beverages; Coffee; Coffee-based beverages; Unroasted coffee; Cocoa; Cocoa based beverages; Confectionery; Pastries; Bread; Ice cream; Frozen yogurt [confectionery ices]."
Int'l class 32 : " Soft drink; Whey beverages; Fruit juices; Vegetable juices [beverages]; Carbonated drinks; Mineral water beverages; Isotonic beverages."
Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.
U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990
12. July. 2012

7 DAY NEWS JOURNAL
Vol.11, No.18 • JULY 12 , 2012



# ချင်းတွင်းမြစ်ရေမြင့်တက်ချိန်တွင် မြေတူး၊ မြေသယ်စက်ယန္တရားကြီးများ ရေကြောင်းမှသယ်ယူပို့ဆောင်မှုများ

**မျိုးမင်းဦး**

**မုံရွာ၊ဇူလိုင်-၄**

ယခုနှစ်ဇွန်လကုန် ရက်ပိုင်းမှစ၍ ချင်းတွင်းမြစ်ရေသည် တရိပ်ရိပ်မြင့်တက်လျက်ရှိရာ ချင်းတွင်းမြစ်ကြောင်းတစ်လျှောက်ဓာတ်သတ္တုတူးဖော်ရေးလုပ်ငန်းများ အကောင်အထည်ဖော် တည်ဆောက်ရန် စက်ယန္တရားကြီးများ ရေလမ်းခရီးမှ သယ်ယူမှုပိုများလာကြောင်း ချင်းတွင်းရေကြောင်းမှ ရေယာဉ်မောင်းများ၏ ပြောကြားချက်အရ သိရသည်။



ချင်းတွင်းမြစ်တွင်း စက်ယန္တရားများ သယ်ဆောင်လာသော ရေယာဉ်တစ်စီး

“မုံရွာတစ်ဖက်ကမ်းကညောင်ပင်ကြီးဆိပ်ကမ်းမှာ စက်ယန္တရားသယ်ယူတဲ့ ယာဉ်တွေရပ်နားတာ ပိုများလာတယ်။ ချင်းတွင်းမြစ်ရေတက်ချိန်မှာ ရောဝတီက ရေယာဉ်တွေ ဝင်လာတတ်ပေမယ့် အရင်နှစ်တွေတုန်းက အခုလို စက်ယန္တရားတွေ တင်တဲ့ရေယာဉ်တွေ ဝင်တာနည်းတယ်။ အခုလက်ပန်းတောင်းတောင် ကြေးနီစီမံကိန်းကလည်း ဒေသခံတွေတောင်းဆိုလို့ အချိန်အတိုင်းအတာတစ်ခုအထိ လုပ်ငန်းတွေ ရပ်ဆိုင်းထားတယ်ဆိုပေမယ့် လုပ်ငန်းပြန်လည်ပတ်ဖို့ စက်ယန္တရားတွေကို စောစောပိုင်းက ကားတွေနဲ့သယ်တယ်။ အခုရေတက်ချိန်မှာ ရေကြောင်းကသယ်တာ ဖြစ်နိုင်တယ်”ဟု မုံရွာမြို့တစ်ဖက်ကမ်း ညောင်ပင်ကြီးကျေးရွာ ဒေသခံတစ်ဦးက ပြောသည်။

“ချင်းတွင်းမြစ်ရေတက်ချိန် ရေကြောင်းလမ်းကတစ်ဆင့် စက်ယန္တရားတွေ သယ်တာများတယ်။ လက်ပန်းတောင်းတောင်၊ စံပယ်တောင်၊ ကြေးစင်တောင် ကြေးနီစီမံကိန်းအတွက်လို့တော့ ကြားတယ်။ အချို့ကလည်း ချင်းတွင်းမြစ်အထက်ပိုင်း ရွှေမျှောလုပ်ငန်းတွေ မင်းကင်းမြို့နယ်အနီးက ကျောက်မီးသွေးတူးဖော်ရေးလုပ်ငန်းတွေအတွက် စက်ယန္တရားတွေ သယ်ယူတာလည်းဖြစ်နိုင်ပါတယ်” ဟု ချင်းတွင်းရေကြောင်းသွားရေ ယာဉ်မောင်းတစ်ဦးက ပြောသည်။

ချင်းတွင်းမြစ်ရေ မြင့်တက်ချိန်တွင် ရေလမ်းခရီးမှ သယ်ယူပို့ဆောင်လျက်ရှိသော စက်ယန္တရားယာဉ်ကြီးများမှာ မြေတူးစက်များနှင့် မြေသယ်ယာဉ်များအများဆုံးဖြစ်ကြောင်း အဆိုပါစက်ယန္တရား သယ်ယူပို့ဆောင်ပေးသော ရေယာဉ်ဝန်ထမ်းတစ်ဦး၏ပြောကြားချက်များအရ သိရသည်။ ချင်းတွင်းမြစ် အနီးပတ်ဝန်းကျင်တွင် ရွှေတူးဖော်ရေးလုပ်ငန်းများ၊ကျောက်မီးသွေး တူးဖော်ရေးလုပ်ငန်းများ၊ ကြေးနီနှင့် ဓာတ်သတ္တုတူးဖော်ရေး လုပ်ငန်းများအပြင် ရွှေစာရေးရေအားလျှပ်စစ်စီမံကိန်း၊ ထမံသီရေအားလျှပ်စစ်စီမံကိန်းများကြောင့် စက်ယန္တရားကြီးများဖြင့် ချင်းတွင်းမြစ်ကြောင်းမှ သယ်ယူပို့ဆောင်မှု ပိုမိုများပြားလာခြင်းဖြစ်ကြောင်း သိရသည်။

# ပုလဲသွယ် မှန်းချက် မကိုက်သေးဟုဆို

**ထူးသန့်**

**နေပြည်တော်၊ ဇူလိုင် - ၆**

တင်း ၁၀၀ လျှင် ကျပ်လေးသိန်းနှုန်း တစ်ဧကလျှင် တင်း ၂၀၀ အထိထွက်နိုင်သည်ဟုဆိုသော အရည်အသွေးကောင်း၊ အထွက်ကောင်း စပါးမျိုး ပုလဲသွယ်စပ်မျိုးစပါးသည် လက်ရှိတွင်မူ မှန်းချက်မကိုက်သေးကြောင်း ယင်းစပါးကို စိုက်ပျိုးထုတ်လုပ်ခဲ့သည့် လယ်သမားများကဆိုကြသည်။

လက်ရှိ ရိတ်သိမ်းပြီး လယ်အများစုတွင် ပျမ်းမျှအထွက်နှုန်း တစ်ဧက တင်း ၁၀၀ ကျော်ထွက်ရှိပြီး အချို့ ၁၅၀ တင်းထိ ထွက်သည်ဟုဆိုသော်လည်း မျိုးစေ့တန်ဖိုးမှစ၍ လယ်သမားလုပ်သားစရိတ်ကြီးမြင့်မှု၊ သွင်းအားစုများပြားပြီး ဈေးနှုန်းမြင့်မားမှု၊ အခြားစပါးထက် ပိုမိုပြုစုရမှုများကြောင့် လယ်သမားများအတွက် အကျိုးအမြတ်ရရှိသည်ဟုမဆိုနိုင်ကြောင်း ဧက ၃၀ လုပ်ကိုင်သော လယ်သမားကြီးတစ်ဦးကပြောသည်။

“မျိုးဖိုးက တစ်ဧက နှစ်သောင်းလောက်၊ လုပ်အားခက တစ်နေ့ သုံးထောင်၊ စပြီး ပျိုးထောင်တာနဲ့ လယ်ထဲမှာ လူမပြတ်ဆင်းရတယ်။ တစ်ပတ်တစ်ကြိမ် အားဆေးဖျန်း၊ နှစ်ပတ်တစ်ကြိမ် ပိုးသတ်ဆေးဖျန်းနဲ့ပဲ လုပ်အားခက မသက်သာဘူး။ ကိုယ့်ငွေအရင်းအနှီးနဲ့ ကိုယ့်လုပ်အားခပြန်ရသလိုပါပဲ”ဟု အသက် ၇၀ အရွယ် ယင်းလယ်သမားကြီးက ပြောကြားသည်။

ထိုကဲ့သို့ အကျိုးအမြတ် မကျန်ဟုဆိုသည့်အပြင် ယင်းစပါးကို ပြင်ပဈေးကွက်မှ ဝယ်ယူခြင်းမရှိမှုကလည်း လယ်သမားများအား စိတ်ပျက်စေကြောင်းသိရသည်။

“တခြားမျိုးတွေဆို ပွဲစားတွေက အလုအယက်ပဲ။ ဒီမျိုးကျတော့မှ လက်တွန့်နေကြတယ်။ ကုမ္ပဏီကလည်း အစက အကြွေးကျေ(တင်း ၅၀)လောက်ပဲ ဝယ်တယ်။ အခုတော့ အကုန်ဝယ်မယ်လို့ကြားတဲ့အတွက် တော်သေးတယ်”ဟု လယ်သုံးဧကစိုက်ပျိုးခဲ့သည့် လယ်သမားတစ်ဦးကပြောသည်။

အဆိုပါစပါးမျိုး ပြင်ပဈေးကွက်က မဝယ်ခြင်းနှင့်ပတ်သက်ပြီး ဒေသခံ ဆန်စက်လုပ်ငန်းရှင် ကိုနေစိုးက “စပါးဝယ်တယ်ဆိုတာလည်း ဆန်ဈေးကွက်ရှိမှဝယ်မှာပေါ့။ အဲဒီဆန်ကို မကောင်းဘူးလို့တော့မပြောပါဘူး။ ဒါပေမဲ့ လူတွေကတော့ လောလောဆယ်ခံတွင်း မတွေ့သေးဘူး” ဟု ဆိုသည်။ ၎င်းအပြင် ဒေသခံ အပယ်ခံမျိုးများနှင့် ပတ်သက်၍လည်း “ကိုယ့်တိုင်းရင်းမျိုး၊ မိဘမျိုး မနော သုခ လူတိုင်းကြိုက်တယ်။ ပေါ်ဆန်း ကမ္ဘာ့အကောင်းဆုံး ဆုရထားတယ်။ ပြည်တွင်းစားဖို့မနောသုခ၊ မနောအုပ်စုကို တွန်းပြီး အိတ်စပို့အတွက် ပေါ်ဆန်းကို တွန်းအားပေးတာက ပိုပြီးအကျိုးရှိမယ်ထင်တယ်”ဟု၎င်း၏အမြင်ကိုပြောသည်။

# နေပြည်တော်တွင် လယ်ယာမြေသိမ်းခြင်းကိစ္စ လွှတ်တော်၌ ဆွေးနွေးမည်

**ထူးသန့်**

**နေပြည်တော်၊ ဇူလိုင် - ၅**

နေပြည်တော်ကောင်စီနယ်မြေအတွင်း ဖြစ်ပေါ်လျက်ရှိသော လယ်ယာမြေအရှုပ်အထွေးများနှင့်ပတ်သက်ပြီး လွှတ်တော်တွင် လာမည့်တစ်ပတ်အတွင်း ဆွေးနွေးတင်ပြသွားမည်ဖြစ်ကြောင်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမှတ်ကြီးက ယနေ့ပြောကြားသည်။

နေပြည်တော်တွင် ယခင်မြို့တော်အင်္ဂါရပ်များ တည်ဆောက်စဉ်က စီမံကိန်းနှင့် မလွတ်ကင်း၍ ပါသွားခဲ့သော လယ်ယာမြေများ၊ သစ်တောဧရိယာနှင့် မလွတ်၍ ဖယ်ရှားရန်စီစဉ်သော ကျေးရွာအချို့၊ ယာမြေပေါ်တွင် ကျူးကျော်နေထိုင်သည်ဟုဆိုကာ တရားစွဲဆိုမှုနှင့် ရင်ဆိုင်နေရသူများ၊ မြေအတွက် တန်ရာတန်ကြေး အရေးဆိုရန် စီစဉ်နေသူများရှိနေကြောင်း ဒေသခံများက ပြောသည်။

အဆိုပါအကြောင်းအရာများနှင့်ပတ်သက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်-၉ (ပျဉ်းမနား၊ လယ်ဝေးဒေသ) ရွေးကောက်ခံကိုယ်စားလှယ်ဖြစ်သူ ၎င်းအား မေးမြန်းရာ “နေပြည်တော်က လယ်သိမ်း၊ယာသိမ်းကိစ္စ လွှတ်တော်မှာ တင်ပြဆွေးနွေးမှာပါ။ ရှေ့တစ်ပတ်ထဲမှာဖြစ်လိမ့်မယ်”ဟု ပြောကြားသွားသည်။

အဆိုပါ အကြောင်းအရာများအပြင် မြို့ပေါ်လမ်းများ ပျက်စီးနေခြင်း၊ ယာဉ်စည်းကမ်း ဒဏ်ငွေများပြားလွန်းနေခြင်း (တစ်မှုကျပ်နှစ်ထောင်)၊ လူနေရပ်ကွက်အတွင်း သားသတ်လုပ်ငန်းများ ခွင့်ပြုထားခြင်း၊ ဒေသခံ အောက်ခြေလူတန်းစားများအတွက် တန်ဖိုးနည်းမြေကွက်များ ဖော်ဆောင်ပေးရန် လိုအပ်နေခြင်းများအတွက်လည်း တင်ပြဖြေဆိုရန် မဲဆန္ဒရှင်ပြည်သူအများစုကမျှော်လင့်လျက်ရှိကြောင်း သိရှိရသည်။

# ချင်းပြည်နယ်၏ ပညာရေး၊ ကျန်းမာရေးစစ်တမ်းကောက်ယူမည်ဟုဆို

**မြတ်စုမွန်**

**ရန်ကုန်၊ ဇူလိုင်-၁**

အစိုးရနှင့် အပစ်အခတ်ရပ်စဲရေးသဘောတူလက်မှတ်ရေးထိုးထားသည့် ချင်းအမျိုးအသားတပ်ဦးနှင့် ပူးပေါင်းကာ ချင်းတိုင်းရင်းသားများ၏ ပညာရေးနှင့်ကျန်းမာရေး စစ်တမ်းကောက်ယူခြင်းများကို ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ချင်းအမျိုးသားပါတီမှ အထွေထွေအတွင်းရေးမှူးက ပြောသည်။

“ချင်းအမျိုးသားတပ်ဦးက ဖွံ့ဖြိုးရေးတွေလုပ်မယ်လို့ ပြင်ဆင်ထားကြတယ်။ သူတို့နဲ့ ပေါင်းပြီး စစ်တမ်းကောက်ယူတာတွေ၊ ပညာရေးကဏ္ဍ ထိခိုက်နေမှု၊ ကျန်းမာရေးနဲ့တိုင်းရင်းသားဘာသာ စကားကိစ္စတွေကို ပေါင်းလုပ်သွားမယ်” ဟု ၂၀၁၀ ရွေးကောက်ပွဲအနိုင်ရချင်းအမျိုးသားပါတီမှ အထွေထွေအတွင်းရေးမှူး ဦးငယ်ပီးက 7Day News သို့ ပြောသည်။

ချင်းအမျိုးသားတပ်ဦးက ဇွန်လနောက်ဆုံးပတ်တွင် ချင်းပြည်နယ် မတူပီနှင့်ထန်တလန်မြို့နယ်များတွင် ဆက်ဆံရေးရုံးများ စတင်ဖွင့်လှစ်လိုက်ပြီး ၎င်းတို့အခြေတကျဖြစ်သည်နှင့် ချင်းပြည်နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို စတင်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။

ကုလသမဂ္ဂစစ်တမ်းများအရ ချင်းပြည်နယ်သည်မြန်မာနိုင်ငံတွင် အဆင်းရဲဆုံးနှင့် ဖွံ့ဖြိုးမှု အနိမ့်ဆုံးပြည်နယ်ဖြစ်ကြောင်း သိရသည်။

ချင်းအမျိုးသားတပ်ဦးသည် အစိုးရနှင့် ပဏာမသဘောတူညီချက် ၉ ချက်ကို ယခုနှစ်ဆန်းပိုင်းက ရရှိခဲ့ပြီး မေလ ပထမပတ်တွင် အပစ်အခတ်ရပ်စဲရေး အချက် ၁၅ ချက်ကို သဘောတူလက်မှတ်ရေးထိုးခဲ့သည့်တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့တစ်ခုဖြစ်သည်။ ချင်းအမျိုးသားပါတီသည် ၂၀၁၀ ရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ် နေရာ ၉ ခု အနိုင်ရရှိခဲ့သည့် နိုင်ငံရေးပါတီတစ်ခုဖြစ်သည်။

# ရထားလမ်းဖောက်လုပ်စဉ် မလွတ်ကင်းသည့် ယာမြေများအတွက် လျော်ကြေးပေး

**စောရန်နိုင်**

**မကွေး၊ဇူလိုင်-၃**

မကွေးတိုင်းဒေသကြီး မိကျောင်းရဲချဉ်းကပ်မီးရထားဘူတာတွင်လမ်းအူကြောင်းဖောက်လုပ်ရာ၌ ဖြတ်သန်းသွားသည့် ယာမြေများ နှင့်ပတ်သက်၍ ယာပိုင်ရှင်တောင်သူများကို ယခုလ ၃ ရက်က လျော်ကြေးငွေ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

စစ်ကိုင်းပင်ရွာရှိ တောင်သူ (၂၃)ဦး၊ ယာမြေ (၁၉ ဒသမ ၃၉)ဧက၊ လျော်ကြေးငွေကျပ်(၅,၃၆၇,၅၀၀) ကိုလည်းကောင်း၊ ရွာသစ်ကျေးရွာရှိတောင်သူ(၃)ဦး ယာမြေ (၂ ဒသမ ၃၅)ဧက၊ လျော်ကြေးငွေ (၇၈၇,၅၀၀) ကျပ်ကိုလည်းကောင်း၊ မိကျောင်းရဲကျေးရွာ၌ တောင်သူ (၃၆)ဦး၊ ယာမြေ (၃၀ ဒသမ ၇၉) ဧက၊ လျော်ကြေးငွေကျပ် (၈,၀၇၄,၀၀၀)ကိုလည်းကောင်း၊ တည်ပင်ကန်ကျေးရွာမှ တောင်သူ (၂၈)ဦး၊ ယာမြေ(၁၈ ဒသမ ၆၂)ဧက၊ လျော်ကြေးငွေ(၈,၃၇၉,၀၀၀)ကျပ်ကိုလည်းကောင်း၊ ပေပင်စမ်းကျေးရွာမှ တောင်သူ(၄)ဦးယာမြေ (၆ ဒသမ ၄၈)ဧက၊ လျော်ကြေးငွေ (၂,၉၁၆,၀၀၀)ကျပ် စုစုပေါင်းတောင်သူ(၁၂၃)ဦး၊ ယာမြေဧကပေါင်း(၁၂၀ ဒသမ ၃၉)ဧကအတွက်လျော်ကြေးငွေစုစုပေါင်း (၄၁,၃၁၈,၀၀၀ ကျပ်)ကို ယာပိုင်ရှင်တောင်သူများအားလက်ဝယ်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

# အခြေခံအလုပ်သမားအဖွဲ့အစည်း ၃၀ ကို ထပ်မံဖွဲ့စည်းခွင့်ပြု

**အေးမြတ်သူ**

**ရန်ကုန်၊ ဇူလိုင် - ၇**

အခြေခံအလုပ်သမားအဖွဲ့အစည်း ၃၀ ခန့်ကို ယခုရက်ပိုင်းအတွင်း ထပ်မံ၍ ဖွဲ့စည်းခွင့်ပြုမည်ဖြစ်ကြောင်း အလုပ်သမားညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးက ပြောကြားသည်။

လက်ရှိ အခြေခံ အလုပ်သမားအဖွဲ့အစည်းအဖြစ်ဖွဲ့စည်းခွင့်ပြုထားသည့် အဖွဲ့အစည်း ၄၀ တွင် အငြင်းပွားမှုဖြစ်ပွားသည့် စက်ရုံများထက် အငြင်းပွားမှုမရှိသည့်စက်ရုံများက ပိုများကြောင်း ၎င်းကပြောကြားသည်။ ထို့အပြင် အလုပ်ရှင်များဘက်မှဖွဲ့စည်းထားသော အဖွဲ့ဆယ်ဖွဲ့ရှိသည်။

ခွင့်ပြုထားသည့် အခြေခံအလုပ်သမားအဖွဲ့အစည်း ၄၀ တွင် အလုပ်သမားအဖွဲ့ချုပ်တစ်ဖွဲ့၊ အခြေခံအလုပ်သမားအဖွဲ့အစည်း ၃၉ ခုဖြစ်သည်။ ထို့အပြင် ဖွဲ့စည်းခွင့်ရရန် တင်ပြသောအဖွဲ့အစည်း၆၀ခန့်ရှိသည့်အနက် အဖွဲ့အစည်း ၃၀ ခန့်အား ခွင့်ပြုမည်ဟုဆိုသည်။ အလုပ်သမားအဖွဲ့အစည်းများကို မတ်လ ၉ ရက်မှစတင်၍ ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့အလုပ်သမားအဖွဲ့အစည်းဖွဲ့ဖို့ မှတ်ပုံတင်ထားတယ်။ အခုလို အဖွဲ့အစည်းဖွဲ့လို့ အလုပ်ရှင်တွေဘက်က သိပ်တော့ သဘောမကျဘူး။ ဒါပေမဲ့ ကျွန်တော်တို့ အလုပ်သမားတွေအတွက် အခွင့်အရေးရဖို့တော့ လုပ်ရမှာပဲ။ အခုဆို အရင်ထက် စက်ရုံစည်းကမ်းတွေ ပိုတင်းကျပ်လာတယ်"ဟု New Way ဖိနပ်စက်ရုံမှ အလုပ်သမားကိုယ်စားလှယ် ကိုကျော်သူခိုင်က ပြောသည်။

ဆက်လက်၍ ၎င်းက "အလုပ်ရှင်ဘက်က ဖိနှိပ်ချုပ်ချယ်မှုတွေရှိသေးတယ်။ ကုန်ထုတ်လုပ်မှုနှေးရင်လည်း အခုဆို သတိပေးစာစောင်တွေနဲ့ လုပ်နေတယ်။ အလုပ်ရှင်နဲ့ စာချုပ်တုန်းက အဲဒါတွေထည့်မချုပ်ထားဘူး။ အရင်က စက်ရုံတစ်ခုလုံးမှာ သတိပေးစာစောင်က တစ်လမှ တစ်စောင်၊ နှစ်စောင်။ အခုတစ်လကိုအစောင် ၃၀ ကျော်လောက်ရှိတယ်။ အဲဒီတော့ ကုန်ထုတ်လုပ်မှုနှေးတဲ့လူဆိုရင်တော့ပိုက်ဆံအဖြတ်ခံရမှာ" ဟု ဆိုသည်။

လက်ရှိ အလုပ်သမားအဖွဲ့အစည်း ဖွဲ့စည်းရန် မှတ်ပုံတင်ထားသည့် စက်ရုံများရှိ လုပ်သားများအနေဖြင့် အလုပ်ရှင်ဘက်မှ ဖွဲ့စည်းခွင့်အား သဘောတူသည့် စက်ရုံများရှိသလို ဖိနှိပ်ချုပ်ချယ်ခံခဲ့ရသည့် စက်ရုံလုပ်သားများလည်းရှိကြောင်း သတင်းရရှိသည်။

"အစ်မတို့ အဖွဲ့အစည်းကို ဖွဲ့စည်းတုန်းက အလုပ်ရှင်နဲ့ အခက်အခဲရှိခဲ့တာပေါ့။ အစ်မတို့ဖွဲ့စည်းတုန်းက နှစ်လလောက်ကြိုးစားခဲ့ရတယ်။ ကိုယ်လိုချင်တဲ့ဆန္ဒကို ရဖို့အတွက်တော့ လုပ်ခဲ့ရတာပေါ့။ ဒါပေမဲ့ အခုလည်း အလုပ်ရှင်ဘက်က ပြင်လို့မရပါဘူး။ ပပျောက်သွားတာ မရှိသေးဘူး။ ၅၀ ရာခိုင်နှုန်းလောက်တော့ ရှိပါသေးတယ်။ အကယ်၍ ပြဿနာတစ်ခုခုဖြစ်ရင်လည်း ဥပဒေစည်းကမ်းအတိုင်း သွားမှာပါ"ဟု တိုင်ရီဖိနပ်စက်ရုံမှ အလုပ်သမားကိုယ်စားလှယ် မစန်းစန်းနွယ်က ပြောသည်။

အလုပ်သမားအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့တို့သည် ပြည်ပအလုပ်သမားအဖွဲ့ချုပ်များနှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့တို့၏ ကူညီထောက်ပံ့မှုများကို လက်ခံနိုင်သော်လည်း မှတ်ပုံတင်အရာရှိချုပ်ထံ အသိပေးရမည်ဖြစ်သည်။

ထို အလုပ်သမားအဖွဲ့အစည်းမှ တာဝန်ရှိသူများသည် အလုပ်သမားများ၏ ဗဟုသုတ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သင်တန်းများ ဖွင့်လှစ်ပေးပြီး အလုပ်သမားများ၏ သက်သာချောင်ချိရေးကိစ္စရပ်များကိုလည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

## Free Classified — ဝန်ထမ်းအလိုရှိသည် — အခမဲ့ကြော်ငြာကဏ္ဍ

**ဝန်ထမ်းအလိုရှိသည်**

KYAUK SEIN NWE

1. Accountant (2) F

(B.Com (or) LCCI Level III အောင်မြင်ပြီးသူ၊ Microsoft Office Excel ကျွမ်းကျင်စွာသုံးနိုင်ရမည်)

2. Admin Staff (2) F

(တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ၊ လုပ်ငန်းအတွေ့အကြုံအနည်း ၁ နှစ်၊ ကွန်ပျူတာ စာစီစာရိုက်ကျွမ်းကျင်)

3. Receptionist (1) F

(တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူ (သို့) ဘွဲ့ကြို)

စိတ်ပါဝင်စားသူများသည်လိုင်စင်ဓာတ်ပုံ၊ ဘွဲ့လက်မှတ်မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမား မှတ်ပုံတင်မိတ္တူ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာတို့နှင့်အတူ ၁၀. ၇. ၂၀၁၂ မှစ၍ လာရောက်လျှောက်ထားနိုင်သည်။

Room 302, Bld.B, Pyin Nya Wadi Avenue, Yankin Town-ship, Yangon, Myanmar.

**Tel: 951-546306, 550476**

---

**ဝန်ထမ်းအလိုရှိသည်**

စေတနာ (အထွေထွေဝန်ဆောင်မှုလုပ်ငန်း)

Site Engineer ကျား/မ (၃) ဦး (အတွေ့အကြုံရှိသူ)

Marketing Manager ကျား/မ (၃) ဦး

Computer Operator ကျား/မ (၅) ဦး

Office Satff (ဘွဲ့ရ) ကျား/မ (၃) ဦး

Marketing /အရောင်းစာရေး (၁၀ တန်းအောင်) ကျား/မ (၅) ဦး

Driver/ Sale Drive ကျား (၃) ဦး

Accountant (LCCI level III) မ (၃) ဦး

အရောင်းဝန်ထမ်း (စရိတ်ငြိမ်း) ကျား/မ (၅) ဦး

အမှတ် (၁၈၇) (ခ)၊ ပထပ်၊ ၃၄-လမ်း၊ ကျောက်တံတား။

**ဖုန်း- ၂၄၃၈၁၉**

---

**ဝန်ထမ်းအလိုရှိသည်**

၁။ ကိုရီးယားစကားပြန် (၁) ဦး

၂။ ဂျပန်စကားပြန် (၁) ဦး

သက်ဆိုင်ရာဘွဲ့ရသူဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူ၊ ကွန်ပျူတာတတ်သူဦးစားပေးမည်။

Myanmar DYC Co., Ltd

C6&C5, Mingaladon Industrial Park,

**Ph: 0973094957**

---

**ဝန်ထမ်းအလိုရှိသည်**

Next Magazin

လက်ထောက်အယ်ဒီတာ ကျား/မ (၃) ဦး

Marketing Executive ကျား/မ (၃) ဦး

ဇူလိုင် (၂၈) ရက်နောက်ဆုံးထားလျှောက်ရန်။

No. 20,2nd floor, Yadanar Street, Myaynigone, Sanch-aung Township, Yangon.

**Ph: 0973096651**

---

**ဝန်ထမ်းအလိုရှိသည်**

Myanmar Integrated Cargo Services Co.,Ltd

Sale

Experience 2 Yrs ရှိရမည်။ ၁၀ တန်းအောင်မြင်ပြီးသူ ဖြစ်ရမည်။

အမှတ်-၈၇/အောမြကန်သာလမ်းနှင့် ငြိမ်းချမ်းရေးလမ်းထောင့်၊ ၁၀ မိုင်၊ အင်းစိန်မြို့နယ်။

---

**ဝန်ထမ်းအလိုရှိသည်**

Exotic Myanmar Travels & Tours

- Driver (2) Males
- Sales Manager (2) Female

#225, Room No. 1502, 15th floor, Olympic Tower, Bo Aung Kyaw Street, Kyauktada Tsp, Yangon.

**Ph; 95-1-392886, 392778**

---

**ဝန်ထမ်းအလိုရှိသည်**

Chinese-Myanmar- English စကားပြန် M (60) Posts

Chinese-Myanmar-English ဘာသာပြန် M (10) Posts

လုံခြုံရေး M (5) Posts

No. M-9, Upper Padaytharpin Rd, FMI City, Hlaing tharyar Tsp.

**Ph: 09-420043199**

---

**ဝန်ထမ်းအလိုရှိသည်**

1. Admin Officer ကျား/မ (၁၀) ဦး

2. Accountant ကျား/မ (၁၀) ဦး

3. တရုတ်-မြန်မာဘာသာပြန် ကျား/မ (၁၀) ဦး

(အမှတ်စဉ်အားလုံးသည် တရုတ်ကျောင်းအထက်တန်းကျောင်းအောင်/ဗမာကျောင်းတက္ကသိုလ်ပြီး)

No.Fl-8, Kanyeiktar Rd, FMI City, Hlaingthayar Tsp. **Ph: 09-43063506**

---

**ဝန်ထမ်းအလိုရှိသည်**

Amethyst Co.,Ltd

1. Experience Medical Rep Male/Female (1) Post

2. Sales & Delivery Male (1) Post

3. Cleaner Female (1) Post

No (78), Awba Street, Kyauk Myaung Gyi Qt, Tarmwe Tsp, Yangon.

**Ph: 01-544678, 0943025711**

---

**ဝန်ထမ်းအလိုရှိသည်**

Myanmar Postarion Co., Ltd မှဂျပန်စကားပြန်(ရေး/ပြော) ကျွမ်းကျင်သူ (၃) ဦးအလိုရှိသည်။ (ကျား/မ) ဘွဲ့ရ၊ ကွန်ပျူတာကျွမ်းကျင်၊ အသက် ၂၂ နှစ်မှ ၃၅ နှစ်အတွင်း၊ အထည်ချုပ်လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။

အမှတ် (D-8)၊ မင်္ဂလာဒုံစက်မှုဇုန်ဝင်း၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

**ဖုန်း - ၆၃၉၀၂၄**

---

**ဝန်ထမ်းအလိုရှိသည်**

ရွှေဥဒေါင်းမင်း အိမ်၊ ခြံ၊ မြေလုပ်ငန်းမှ

၁။ Marketing (အိမ်၊ခြံ၊မြေ) အလုပ်သင် ကျား/မ (၅) ဦး

(ရုပ်ရည်သင့်တင့်၍ လူမှုဆက်ဆံရေးကောင်းမွန်ရမည်။ ပညာအရည်အချင်း အထက်တန်းအဆင့်ရှိရမည်။ လုပ်ငန်းစိတ်ဝင်စားသူဦးစားပေးမည်။ ကြော်ငြာပါသည့်နေ့မှ နှစ်ပတ်အတွင်းလာရောက်လျှောက်ထားရန်)

အမှတ် (၁၂)၊ ဦးကွယ်ဟိုးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်။

**ဖုန်း - ၅၁၇၄၁၈**

---

**ဝန်ထမ်းအလိုရှိသည်**

(1) Welder (3G/4G/6G)

(3) Fitter (Steel Structure)

(2) Fitter (Pipe) (4) Fitter (Scaffolding)

လစာကောင်းကောင်းပေးမည်။

အမှတ် (၂)၊ အခန်း(9/A)၊ စံကားဝါကွန်ဒို၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်။

**ဖုန်း - ၀၁-၅၄၈၄၇၃**

---

**ဝန်ထမ်းအလိုရှိသည်**

မဂ္ဂဇင်းတိုက်တွင် တာဝန်ထမ်းဆောင်ရန်

၁။ အယ်ဒီတာ (ကျား/မ) ၁ ဦး

(ပညာရပ်ဆိုင်ရာ အင်တာဗျူးများလုပ်နိုင်ရမည်။ စာအရေး၊ အဖတ်နှင့် Editing ကျွမ်းကျင်ရမည်)

၂။ ဒီဇိုင်နာ (ကျား/မ) ၂ ဦး

(မဂ္ဂဇင်း Layout ဒီဇိုင်းကျွမ်းကျင်သူဖြစ်ရမည်။ Photoshop နှင့် Pagemaker ကိုကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်)

၃။ စာစီစာရိုက် (မ) ၁ ဦး

၄။ Marketing (ကျား/မ) ၂ ဦး

**ဖုန်း - ၂၁၀၈၀၀**

---

**ဝန်ထမ်းအလိုရှိသည်**

NIBBAN

(Electric & Electronics)

1. Production Manager (1) M

(Bachelor of Engineering/ Diploma, At least (3) years experience, Age should be between 30 to 45)

2. Sales and Marketing Manager (2) M/F

(Any Graduate with business administration, At least (3) years experience, computer literate and familiar with office applications, Age should be between 30 to 45)

not later than 5 pm, Staurday, 14 july 2012.

No. 164, Bo Ywe' Street, Latha Township, Yangon.

**Ph: 01-389523, 384730**

---

**ဝန်ထမ်းအလိုရှိသည်**

Nippon Auto Services Co.,Ltd

၁။Marketing Staff(ကျား/မ) ၂ ဦး (ကားလုပ်ငန်းနှင့် ပတ်သက်၍ ကောင်းစွာသိရှိသူဖြစ်ရမည်။)

၂။Accountant (မ) ၂ ဦး

(ဘွဲ့ရ၊ B.Com (or) LCCI III သက်ဆိုင်ရာ လုပ်ငန်းအတွေ့အကြုံ နှစ်နှစ်ရှိရမည်)

၃။Computer IT (ကျား/မ) ၂ ဦး (ဘွဲ့ရ၊ သက်ဆိုင်ရာ လုပ်ငန်းအတွေ့အကြုံနှစ်နှစ်ရှိရမည်။)

၄။Office Staff (မ) ၂ ဦး

(ဘွဲ့ရ၊ ရုံးလုပ်ငန်းအတွေ့အကြုံ (၂) နှစ်ရှိရမည်)

No.18 (A/1), Tharyarwaddy Street, Sayarsan Qtr, Bahan Tsp, Yangon.

**Ph: 01-542111, 01-400805**

---

**ဝန်ထမ်းအလိုရှိသည်**

အိတ်ချုပ်ဆရာမ (၁) ဦး

အိတ်ချုပ်အကူ (၂) ဦး

ကော်ကပ် (၁) ဦး

Marketing (၁) ဦး

**ဖုန်း - ၃၉၃၃၈၂၊ ၀၉၇၃၁၇၂၀၉၇**

---

**ဝန်ထမ်းအလိုရှိသည်**

ရွှေဒဂ္ဂီသွားတုလုပ်ငန်း

၁။ Receptionist မ (၂) ဦး

(ရုပ်ရည်ပြေပြစ်ရမည်။ B.Sc သိပ္ပံ ဘွဲ့)

၂။ Marketing မ (၂) ဦး

(သွားလုပ်ငန်းနှင့် ပတ်သက်၍ အတွေ့အကြုံရှိသူဦးစားပေးမည်)

Central Hotel Roof Top ရှိ ရွှေဒဂ္ဂီသွားတုလုပ်ငန်းတွင် ညနေ ၃ နာရီနောက်ပိုင်း လာရောက်လျှောက်ထားရန်)

**ဖုန်း - ၀၉၇၃၁၀၅၇၂၆**

---

**ဝန်ထမ်းအလိုရှိသည်**

1. Deputy General Manager (2) M

2. Manager (3) M

3. Security Head (15) M

4. Security (80) M

**Ph: 01-526648, 0973213603**

---

**ဝန်ထမ်းအလိုရှိသည်**

25th Group Construction Co., Ltd

1. General Manager (2) M

2. Deputy General Manager (2) M

3. Project Engineer (2) M

4. H.R Manager (5) M

5. Site Engineer (10) M

6. Admin Manager (5) M

7. Driver (10) M

**Ph; 526648, 0973213603**

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ်ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ်ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။

# ILBC-UFP

University Foundation Programme




**ILBC** is proud to announce the

## OPENING OF TWO NEW TRAINING CENTRES

at Junction Square, Yangon, and our collabonation with

**HARVARD UNIVERSITY Leadership Institute at Harvard College**

- ILBC – UNIVERSITY FOUNDATION PROGRAMME (UFP)
- GCE "A" LEVEL
- ILBC - PROFESSIONAL TRAINING & TESTING DIVISION



**Generous USA College & University SCHOLARSHIPS AVAILABLE**

**UFP Guarantees Admission in USA, UK, Canada or Australia for UFP Graduates!!!**

Buildings No. 9 and 11, Junction Square, Pyay Road, Kamayut Township, Yangon.

**For more information please contact: 09 43114111, 09 43172992**

# Education

7DAY NEWS JOURNAL

Vol.11, No.18 • JULY 12 , 2012

## သိပ္ပံဘာသာတွဲ ရမှတ် ၃၆၀ နှင့်အထက်ရှိသူများ သစ်တောတက္ကသိုလ်ဝင်ခွင့်လျှောက်ထားနိုင်

**နေလင်းထွန်း**

**ရန်ကုန်၊**
**ဇူလိုင်-၇**

တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် အောင်မြင်ခဲ့ပြီး စုစုပေါင်းရမှတ် ၃၆၀နှင့်အထက်ရရှိထားသော ကျောင်းသားများအနေဖြင့် နေပြည်တော်၊ရေဆင်းရှိသစ်တောတက္ကသိုလ်တွင်ပညာသင်ယူရန် ဇူလိုင်လ ၂၇ ရက် နောက်ဆုံးလျှောက်ထားနိုင်ကြောင်း ကြေညာထားသည်။

သစ်တောတက္ကသိုလ်သည်သင်တန်းကာလကို၅နှစ်မှ၆နှစ်သို့တိုးမြှင့်သတ်မှတ်ထားပြီး ကျောင်းသား၊ ကျောင်းသူ ၁၀၀ဦး လက်ခံသင်ကြားမည်ဖြစ်သည်။ အမျိုးသားဦးရေနှင့် အမျိုးသမီးဦးရေကို ၈၀ အချိုး၊ ၂၀ လက်ခံကြောင်း ယခင်နှစ်တက္ကသိုလ်ဝင်လမ်းညွှန်တွင် ဖော်ပြထားသည်။

ကျောင်းသားများအနေဖြင့် လာမည့်နိုဝင်ဘာလ ၁၅ ရက်တွင် အသက် ၁၈နှစ်ထက် မကြီးစေရန်နှင့်မိုင် ၂၀လမ်းလျှောက်စွမ်းရည်စစ်ဆေးမှုအောင်မြင်ရန် သတ်မှတ်ထားပြီး အင်္ဂလိပ်စာနှင့်ဇီဝဗေဒဘာသာရပ်များကို ဝင်ခွင့် အရည်အချင်းစစ်ရေးဖြေစာမေးပွဲဖြေဆိုရမည်ဖြစ်ကြောင်း ဇူလိုင်လ ၆ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။

ကျောင်းသားများအနေဖြင့် သက်ဆိုင်ရာအခြေခံပညာကျောင်းအုပ်ကြီး၏ တက္ကသိုလ်ဝင်တန်းအောင်မြင်ကြောင်း ထောက်ခံချက်၊ အမှတ်စာရင်း၊ မိဘနှစ်ပါး၏ နိုင်ငံသားစိစစ်ရေးကတ်တို့၏ မိတ္တူများနှင့် ကျန်းမာကြောင်း စစ်ဆေးချက်၊ နိုင်ငံရေးကင်းရှင်းကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့၏ ထောက်ခံချက်မူရင်းများနှင့် အတူနိုင်ငံပိုင်သတင်းစာတွင်ပါရှိသောလျှောက်လွှာနမူနာပုံစံA4အရွယ်စာရွက်တွင် မိမိအစီအစဉ်ဖြင့် ကွန်ပျူတာစာစီရိုက်နှိပ်ပြီး လိုင်စင်အရွယ် ဓာတ်ပုံကပ်၍ လျှောက်ထားရမည်ဖြစ်သည်။

ယခုနှစ်သစ်တောတက္ကသိုလ်သည် ကျောင်းဝင်ခွင့်များနှင့်ပတ်သက်၍ အပြောင်းအလဲမရှိကြောင်း ယင်းဌာနမှသိရသည်။

## ပညာအလင်း ကူညီထွန်းလင်းစေသူများ

**နေလင်းထွန်း**



**"ကျွန်တော့်အမေက မူလတန်းပြဆရာမ၊ အဖေက ဆုံးသွားပြီ။ ပညာသင်ဆုရတာကိုစာအုပ်နဲ့စာရေးကိရိယာတွေ၊ဆယ်တန်းဖြစ်တော့တခြားအသုံးစရိတ်တွေအတွက် သုံးမှာပါ။ ကျူရှင်ခကတော့ အမေ့လခထဲက ခွဲပေးလို့ရတယ်။ ပညာသင်ဆုမရရင်တော့ကျောင်းတက်ရတာ တော်တော်ခက်ခဲမှာပါ"ဟု SCG Sharing the Dream ပညာသင်ဆုအစီအစဉ်တွင် ရွေးချယ်ခံရသည့် မော်လမြိုင်မြို့မှ တက္ကသိုလ်ဝင်တန်း ကျောင်းသားမောင်အောင်မြင့်မောင်ကပြောသည်။**

လွန်ခဲ့သည့် ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း ကျောင်းသားငါးသိန်းကျော်သည်နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများ၌ တက်ရောက်ပညာသင်ယူခဲ့ကြသည်။ ယင်းတို့တွင် ကျောင်းသားတစ်သိန်းခြောက်သောင်းကျော်သာ တက္ကသိုလ်၊ ကောလိပ်များတွင် ဆက်လက်ပညာသင်ယူခွင့်ရရှိခဲ့ကြသည်။

ဝေးလံခေါင်သီသောဒေသမှ ကျောင်းသားများ၊ မိဘစီးပွားရေးအဆင်မပြေသော ကျောင်းသားများ၊ မိမဲ့၊ ဖမဲ့ ကျောင်းသားများသည် ပညာသင်ယူရေးအတွက် ကျပ်တည်းမှုများ ကြုံတွေ့နေရပြီး အချို့သော ကျောင်းသားများသည် စာသင်ခန်းများကို စွန့်ခွာသွားကြရသည်။

ငွေကြေးချို့တဲ့ပြီး ရည်မှန်းချက်ကြီးမားသော ကျောင်းသားများအတွက် ပညာသင်ယူရေးသည်စိန်ခေါ်မှုတစ်ရပ်ဖြစ်လာနေသည်။ ယင်းကဲ့သို့ ကျောင်းသားများအတွက် နိုင်ငံတော်၊ လူမှုရေးအသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းများနှင့် ငွေကြေးပြည့်စုံနေသောစေတနာရှင်များ၏ ထောက်ပံ့ကူညီမှုများ လိုအပ်နေခြင်းဖြစ်သည်။

ယခုပညာသင်နှစ်တွင်နိုင်ငံတော်မှ အဆင့်မြင့်နှင့် အခြေခံပညာအဆင့်တို့အတွက် ပညာသင်ဆုများ စတင်ဆောင်ရွက်ရန် ကြေညာထားပြီးဖြစ်သလို ပြည်တွင်း၊ပြည်ပရှိစီးပွားရေးလုပ်ငန်းအချို့၏ မြန်မာကျောင်းသားများအတွက် ပညာရေးထောက်ပံ့မှုအစီအစဉ်များကို စတင်မြင်တွေ့လာရသည်။

မြန်မာနိုင်ငံ၏ ဆောက်လုပ်ရေးလုပ်ငန်းများတွင် ဈေးကွက်ဝေစု အများဆုံးရရှိထားသော ထိုင်းနိုင်ငံရှိ SCG (ဆင်တံဆိပ်) ဘိလပ်မြေလုပ်ငန်းသည် ရန်ကုန်နှင့် မော်လမြိုင်မြို့များရှိ တက္ကသိုလ်ဝင်တန်း ကျောင်းသား၊ ကျောင်းသူများအတွက် SCG Sharing the Dream ပညာသင်ဆုအစီအစဉ်ကို ဆောင်ရွက်ခဲ့သည်။ ထူးချွန်ထက်မြက်ပြီး မိဘကျေးဇူးသိတတ်သော ကျောင်းသား၊ ကျောင်းသူ ၉၉ ဦးအား ရွေးချယ်၍ တစ်ဦးလျှင် ကျပ် ၁၅၆,၀၀၀နှင့် ကျောင်းသုံးပစ္စည်းများပေးအပ်သောအစီအစဉ်ဖြစ်သည်။

"SCG က မိဘကျေးဇူးသိတတ်ပြီး ရည်မှန်းချက် ကြီးမားသော ကျောင်းသား၊ ကျောင်းသူများအတွက် ပညာသင်ဆုအစီအစဉ်အနေနဲ့ စုစုပေါင်း ကျပ်သိန်း ၁,၈၀၀ နီးပါးကို ပေးအပ်ချီးမြှင့်ခဲ့ပါတယ်။ အခုလို ပေးအပ်ချီးမြှင့်ပွဲကို SCGလုပ်ငန်းများ ဆောင်ရွက်နေတဲ့ နှစ်ပေါင်း ၉၉ နှစ်ပြည့် အထိမ်းအမှတ်အနေနဲ့ ကျေးဇူးသိတတ်တဲ့ မြန်မာမျိုးဆက်သစ်လူငယ်များ ပညာရေးတိုးတက်ကောင်းမွန်စေရန် မြန်မာနိုင်ငံမှာ ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်ပါတယ်"ဟု SCG ဥက္ကဋ္ဌဖြစ်သူ Mr. Pramote Techasupatkul က ပညာသင်ဆုပေးအပ်ပွဲအခမ်းအနားတွင်ပြောသည်။

စီးပွားရေးလုပ်ငန်းတစ်ခုအနေဖြင့် ပညာသင်ဆု လာရောက်ပေးအပ်ခြင်းမျိုး ယခင်က မကြုံတွေ့ဖူးကြောင်း၊ ဒေသခံ ကျောင်းသားများ၏ ပညာသင်ကြားရေးအတွက် အထောက်အပံ့ဖြစ်စေကြောင်း ပညာသင်ဆုပေးပွဲ တက်ရောက်လာသော ကျိုက်မရောမြို့ အခြေခံပညာအထက်တန်းကျောင်း အုပ်ကြီးဦးအောင်တင်က ဆိုသည်။

ပြည်တွင်းရှိ နာမည်ကြီး စီးပွားရေးလုပ်ငန်းဖြစ်သည့် ထူးကုမ္ပဏီမှ တည်ထောင်ထားသော ထူးဖောင်ဒေးရှင်းသည် ကချင်ပြည်နယ်၊ ပူတာအိုမြို့တွင် ၂၀၀၉ ခုနှစ်မှစတင်၍ တက္ကသိုလ်ဝင်တန်းကျောင်းသားများအတွက် စာသင်ဝိုင်း ဆောင်ရွက်ခဲ့ရှိသည်။ ယခုနှစ်တွင် တက္ကသိုလ်ဝင်တန်းကျောင်းသား ၄၀ အတွက် ကျောင်းအိပ်၊ ကျောင်းစားဘော်ဒါကျောင်းကို စီစဉ်ထားကြောင်း ထူးဖောင်ဒေးရှင်းမှ အမှုဆောင်ဒါရိုက်တာ ဒေါ်ယမင်းလွင်ကပြောသည်။

"ပူတာအိုမှာ စာသင်ဝိုင်းလုပ်တယ်၊ ၂၀၀၉ ခုနှစ်မှာပါ၊ တက္ကသိုလ်ဝင်တန်းတွေအတွက်ပေါ့။ ကျောင်းသားတွေအတွက် အခမဲ့ပညာဒါနလုပ်တယ်။ ကျောင်းသုံး သင်ထောက်ကူပစ္စည်းတွေလည်း အခမဲ့ပေးတယ်။ အဲ့ဒါ သုံးနှစ်ရှိနေပြီပေါ့။

**စာ(၂၂)သို့**

### ပညာရေးသတင်းတိုများ

#### သင်္ချာဘာသာရပ် ကိုယ်တိုင်လေ့ကျင့်နိုင်ရန် ဒီဗီဒီခွေထွက်ရှိ

**ရန်ကုန်၊ ဇူလိုင် - ၆**

သင်္ချာဘာသာရပ်ကို ကိုယ်တိုင်လေ့လာသင်ယူလိုသော တက္ကသိုလ်ဝင်တန်း ကျောင်းသားများအတွက် ဒီဗီဒီနှင့် လေ့ကျင့်ခန်းစာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။ ကျောင်းသားများအနေဖြင့် မိမိနေအိမ်ရှိ တီဗီနှင့် ဒီဗီဒီစက်တို့မှတစ်ဆင့် သင်္ချာသဘောတရားများကို ဒီဗီဒီ အခွေဖွင့်၍ လေ့ကျင့်ခန်းစာအုပ်နှင့် တွဲဖက်လေ့လာသင်ယူနိုင်မည်ဖြစ်ပြီး သင်္ချာပြည်ဟိန်း ဖန်တီးပြုစုထားကာ ကျပ်နှစ်ထောင်ဖြင့် ဝယ်ယူနိုင်ကြောင်းသိရသည်။

#### လုပ်ငန်းခွင်ဝင် ဝန်ထမ်းများနှင့်ပတ်သက်၍ ဟောပြောပွဲကျင်းပမည်

**ရန်ကုန်၊ ဇူလိုင် - ၅**

'စွမ်းဆောင်ရည်မြင့် ဝန်ထမ်းများဖြင့် လုပ်ငန်းတည်ဆောက်ခြင်း' ခေါင်းစဉ်ဖြင့် ဘာသာရပ်ဆိုင်ရာ ဟောပြောဆွေးနွေးပွဲကို ဇူလိုင်လ ၁၅ ရက်၊ နံနက် ၉ နာရီမှ နေ့လယ် ၁ နာရီထိ လမ်းမတော်မြို့နယ်၊ မင်းရဲကျော်စွာ လမ်းရှိ RUM-FCCI ခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်သည်။ Hamsa-Hub ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးသုတအောင်နှင့် MHR သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဦးအေးကျော်က လုပ်ငန်းခွင်တွင်း ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားရေးအတွက် လုပ်ဆောင်နိုင်မည့် နည်းလမ်းကောင်းများကို ဆွေးနွေးသွားမည်ဖြစ်ကြောင်းသိရသည်။

#### နိုင်ငံတကာပညာရေးပြပွဲကျင်းပမည်

**ရန်ကုန်၊ ဇူလိုင် - ၇**

ပြည်ပနိုင်ငံများတွင် သွားရောက်ပညာသင်ယူလိုသော ကျောင်းသားများအတွက် နိုင်ငံတကာပညာရေးပြပွဲကို ရန်ကုန်မြို့၊ မြန်မာအင်ဖိုတက်တွင် ဇူလိုင်လ ၂၉ ရက်၊နေ့လည် ၁ နာရီမှ ညနေ ၅နာရီထိနှင့် မန္တလေးမြို့၊ဟိုတယ်မန္တလေးတွင် ဩဂုတ်လ ၁ရက်၊ နေ့လယ် ၂နာရီမှ ညနေ ၆ နာရီထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း MSI ပညာရေးဝန်ဆောင်မှုလုပ်ငန်းမှသိရသည်။ နိုင်ငံတကာကျောင်းခြောက်ကျောင်း၏ အကြောင်းအရာ အချက်အလက်များကို ရှင်းလင်းပြောကြားမည်ဖြစ်ပြီး နိုင်ငံတကာတက္ကသိုလ်များနှင့်ပတ်သက်သော ကျပန်းစကားပြောပြိုင်ပွဲနှင့် ဓမ္မဝိဇ္ဇာန်အမေးအဖြေပြိုင်ပွဲများလည်း ပါဝင်မည်ဖြစ်ကြောင်းသိရသည်။

#### ကမ္ဘာ့ထိပ်တန်းနိုင်ငံများသို့ ရွှေ့ပြောင်းနေထိုင်လိုသူများအတွက် ဟောပြောပွဲကျင်းပ

**ရန်ကုန်၊ ဇူလိုင် - ၇**

ဩစတြေးလျ၊ နယူးဇီလန်၊ ကနေဒါနှင့် အမေရိကန်နိုင်ငံများတွင် ရွှေ့ပြောင်းနေထိုင်လိုသူများအတွက် ဟောပြောဆွေးနွေးပွဲကို ဇူလိုင်လ ၁၄ရက်၊ နံနက် ၁၀ နာရီတွင် ပါ့ခ်ရွိုင်ရယ်ဟိုတယ်၌ ကျင်းပ ပြုလုပ်မည်ဖြစ်သည်။ မလေးရှားအခြေစိုက်ရွှေ့ပြောင်းနေထိုင်မှုဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းဖြစ်သော RAYFORD MIGRATION SERVICES မှ အမြဲတမ်းနေထိုင်ခွင့်ဆိုင်ရာပြည်ဝင်ခွင့်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားမည်ဖြစ်ပြီး စိတ်ဝင်စားသူများ တက်ရောက်လေ့လာနိုင်မည်ဖြစ်သည်။

# Education

7DAY NEWS JOURNAL
Vol.11, No.18 • JULY 12 , 2012

## ဩစတြေးလျ ပြည်ဝင်ခွင့်အတွက် တင်ပြရသော ငွေပမာဏတိုးမြှင့်

နေလင်းထွန်း

ရန်ကုန်၊ ဇူလိုင်-၅

ဩစတြေးလျနိုင်ငံ၌ သွားရောက်ပညာသင်ယူလိုသော ကျောင်းသားများအနေဖြင့် ပြည်ဝင်ခွင့်လျှောက်ထားချိန်တွင် နေထိုင်စရိတ်အတွက် တင်ပြရမည့် ငွေပမာဏကို တိုးမြှင့်သတ်မှတ်လိုက်ကြောင်း သတင်းရရှိသည်။

ဩစတြေးလျကျောင်းသား ပြည်ဝင်ခွင့်လျှောက်ထားရာတွင် ဘဏ်ငွေစာရင်း၌ နေထိုင်စရိတ်အတွက် ဩစတြေးလျဒေါ်လာ ၁၈,၀၀၀ တင်ပြနေရာမှ ဇူလိုင် ၁ ရက်မှစတင်၍ ဩစတြေးလျဒေါ်လာ ၁၈,၆၁၀ တိုးမြှင့်ပြသရန် ကြေညာလိုက်ခြင်းဖြစ်သည်။

"တိုးမြှင့်လိုက်တဲ့ပမာဏကတော့မများပါဘူး။ ဒါပေမဲ့ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်တွေကိုတင်ပြတဲ့အခါလုံလောက်တဲ့ပမာဏတစ်ခုဖြစ်ဖို့အတွက် အခုတိုးမြှင့်လိုက်တဲ့ ပမာဏတွေကိုသိထားဖို့လိုပါတယ်"ဟု Crown Education မှ ပညာရေးအတိုင်ပင်ခံ ဦးအောင်ကျော်ဆန်းက ပြောသည်။

ကျောင်းသားပြည်ဝင်ခွင့်ရရှိရန်အတွက် ဩစတြေးလျနိုင်ငံတွင် ပညာသင်ယူစဉ်သုံးစွဲရန် ငွေကြေးလုံလောက်မှု ရှိ၊ မရှိနှင့် အဆိုပါ ငွေကြေးပမာဏကို နည်းလမ်းမှန်ကန်စွာဖြင့် တင်ပြနိုင်ခြင်း ရှိ၊ မရှိစစ်ဆေးလေ့ရှိသည်။

ဩစတြေးလျကျောင်းသား ပြည်ဝင်ခွင့်လျှောက်ထားရာတွင် လျှောက်ထားသူ၏ ယခင်ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပတ်သက်သည့် ရာဇဝင်အချက်အလက်များ၊ လျှောက်ထားသူ (သို့မဟုတ်) ဘဏ္ဍာရေးဆိုင်ရာ ထောက်ခံမှုပေးသူ၏ အလုပ်နှင့်ပတ်သက်သည့် နောက်ကြောင်း ရာဇဝင်များ၊ တင်ပြသည့် ဝင်ငွေနှင့်ပတ်သက်သည့် ဝင်ငွေရလမ်းဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများ တင်ပြရန် လိုအပ်သည်။

**CAUTION NOTICE OF PATENT**

Banglong, CHEN, a chinese citizen at in Floor 7th, Construction Bank Building, 336 East Lingquan, Kaiyuan city, Yunnan Province China is the Owner and Sole Proprietor of the following (the full description and detail mechnanism of the Patent) : -

**APPARATUS FOR MAKING ELECTROLYTIC MANGANESE METAL FROM MANGANESE OXIDE ORE AND PYRITE AND METHOD FOR MAKING THE SAME**

**Reg No: 4/4084/2012**

In respect of : " An improved apparatus for making electrolytic manganese metal from manganese oxide ore and pyrite and an improved method for making the same are provided. The method includes leaching; primary purifying; secondary purifying; secondary purifying; and electrolysis; wherein low grade manganese oxide ore and pyrite are used as raw materials; the low grade manganese oxide ore is manganese oxide ore having 15-25% of manganese; and the pyrite is tailing from non-ferrous metal ore dressing or primary pyrite. In the product made using the method according to the invention, impurities such as C an S are reduced to a minimum. The invention provides a shortened production process and eliminates the effects of reducing impurities in the solution on the electrolytic process so that the electrolysis can proceed smoothly and product quality is enhanced. The method of the invention provides a new way for development and utilization of low grade lean manganese oxide ore and tailing (pyrite) from non-ferrous metal ore dressing".

Fraudulent imitation or unauthorized use of the said Patent shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
myint-ip-law@myanmar.com.mm
www.mipadvocate.com
Ph : 371990 12.July.2012

## ဗြိတိသျှကောင်စီ၏ ပညာရေးထောက်ခံပေးသော ဝန်ဆောင်ခတိုးမြှင့်

နေလင်းထွန်း

ရန်ကုန်၊ ဇူလိုင် - ၄

မြန်မာနိုင်ငံ၏ အစိုးရတက္ကသိုလ်၊ ကောလိပ်များမှ ထုတ်ပေးသော ဘွဲ့၊ ဒီဂရီ၊ ဒီပလိုမာနှင့် ပညာရေးလက်မှတ်များ၊ အမှတ်စာရင်းများအတွက် အတည်ပြုထောက်ခံပေးသော ဝန်ဆောင်ခများကို တိုးမြှင့်သတ်မှတ်လိုက်ကြောင်း ဗြိတိသျှကောင်စီ(မြန်မာ)မှသိရသည်။



နိုင်ငံခြားတွင် သွားရောက်ပညာသင်ယူမည့် ကျောင်းသားများ၏ ပညာအရည်အချင်း အထောက်အထားများကို ဗြိတိသျှကောင်စီ(မြန်မာ)က အတု၊ အစစ်ခွဲခြား၍ အတည်ပြုစစ်ဆေးထောက်ခံသော ဝန်ဆောင်မှုကို ဆောင်ရွက်နေပြီဖြစ်သည်။ "နိုင်ငံခြားကို ကျောင်းသွားတက်မယ့် ကျောင်းသားတွေရဲ့ ပညာရေးအထောက်အထားတွေကို စစ်ဆေးအတည်ပြုပေးနေတာပါ။ အရင်တုန်းက အမေရိကန်ဒေါ်လာ ၁၀ ကနေ အခု ၁၅ ဒေါ်လာကိုတိုးမြှင့်လိုက်တာပါ"ဟု အဆိုပါ ဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

မြန်မာကျောင်းသားများအနေဖြင့် နိုင်ငံခြားတက္ကသိုလ်၊ကောလိပ်များတွင် သွားရောက်ပညာသင်ကြားရန် ပြင်ဆင်ရာ၌ ပြည်တွင်းတွင် ရရှိထားသော ဘွဲ့၊ ဒီဂရီ၊ ဒီပလိုမာနှင့် အမှတ်စာရင်းများကိုအတည်ပြုထောက်ခံသောအဖွဲ့အစည်းအဖြစ် ဗြိတိသျှကောင်စီ(မြန်မာ)က ဆောင်ရွက်နေခြင်းဖြစ်သည်။

## စာ- ၂၁၊ ပညာအလင်းကူညီထွန်းလင်းသူများ မှ

ဒီနှစ်မှာတော့ အခမဲ့တက်လို့ရမယ့် ဘော်ဒါဆောင်ဖွင့်တယ်။ ဝေးလံတဲ့နေရာက ကျောင်းသားတွေ တက်လို့ အဆင်ပြေအောင် လုပ်ပေးထားတာပေါ့။ ကျောင်းအိပ်၊ ကျောင်းစား၊ အသုံးပြုတဲ့ စာအုပ်၊ ပေတံ၊ ဘောပင်ကအစ ထောက်ပံ့ပေးတာပါတယ်။ အခုကျွန်မတို့ကတော့ ဆယ်တန်းအတွက်ပဲစလုပ်တယ်။ နောက်ပိုင်းဆိုရင်တော့ တခြားအတန်းတွေ တိုးလာဖို့ရှိတယ်။ အဓိကက ဝေးလံတဲ့ဒေသက ကလေးတွေဖြစ်ရမယ်။ တချို့ကလေးတွေဆို ဒီပူတာအိုကိုလာဖို့ နှစ်ရက်လောက်လမ်းလျှောက်ရတဲ့ရွာတွေရှိတယ်။ နောက်တစ်ခုက ဝင်ခွင့်စာမေးပွဲလေးလည်း ဖြေခိုင်းတယ်။ သတ်မှတ်တဲ့အရည်အချင်းတွေ ပြည့်မီရင် ကျွန်မတို့ဆီမှာထားပေးတယ်။ အဲဒီဘက်က ကလေးအများစုကတော့ ချို့တဲ့ကြပါတယ်"ဟု ၎င်းကဆိုသည်။

နိုင်ငံတကာတွင် စီးပွားရေးအဖွဲ့အစည်းကြီးများက လူမှုရေးအရ တာဝန်ယူလုပ်ကိုင်မှု (Co-operate Social Responsi-bilities) များအနေဖြင့် မိမိတို့၏ စီးပွားရေးအကျိုးအမြတ်များမှ တစ်စိတ်တစ်ပိုင်းကို ပညာရေး၊ ကျန်းမာရေးနှင့် လူမှုပတ်ဝန်းကျင်အသိုင်းအဝန်းအတွက် အသုံးပြုလျက်ရှိသည်။ မြန်မာနိုင်ငံတွင်လည်း အင်အားကြီး စီးပွားရေးလုပ်ငန်းစုများအနေဖြင့်ယင်းကဲ့သို့ လူမှုဘဝပတ်ဝန်းကျင်အတွက် အကျိုးအမြတ် မတွက်သော ငွေကြေးသုံးစွဲမှုများ အားကောင်းလာစေလိုကြောင်း ပညာရှင်တစ်ဦးကပြောသည်။

စီးပွားရေးလုပ်ငန်းများမှ ကျောင်းသားများအတွက် ပညာသင်ဆုအစီအစဉ်များစီစဉ်ဆောင်ရွက်လာမှုအပေါ် စီးပွားရေးအကြံပေးပညာရှင် ဦးရဲမြင့်(စွန့်ဦးတီထွင်)က "ကောင်းတယ်လို့ပဲ ယေဘုယျသုံးသပ်လို့ရတယ်ပေါ့လေ။ ဒါပေမဲ့ တစ်ခုရှိတာက ဆက်တိုက်ရှိဖို့တော့ လိုမယ်။ တစ်ခါတည်း၊ တစ်ကြိမ်တည်းမဟုတ်ဘဲနဲ့ အမြဲတမ်း ပေးနေတဲ့အစီအစဉ်ဖြစ်ဖို့ပေါ့။ စီးပွားရေးလုပ်ငန်းမှာ ထွက်ပေါ်လာတဲ့ အကျိုးအမြတ်တွေကို လူမှုရေးလုပ်ငန်းတွေမှာပြန်လည်အသုံးပြုတာမျိုးပေါ့။ ပညာရေးကို ဒီလိုပေးတယ်ဆိုတာ အရမ်းကောင်းပါတယ်။ အစရလာပြီဆိုရင် နောက်ကုမ္ပဏီတွေလည်း လိုက်လာမှာပါ။ ကုမ္ပဏီတိုင်းက ဒီလိုမျိုး တာဝန်ယူလာကြမယ်ဆိုရင်တော့ ပိုကောင်းတာပေါ့။ ကိုယ်နာမည်ရဖို့လုပ်တာမျိုး တော့မဖြစ်စေချင်ပါဘူး"ဟု သုံးသပ်သည်။

**နိုင်ငံနိုင်ငံကျော် မြန်မာထမင်းဆိုင် ချိုင့်ဆွဲပို့ဆောင်ရေး**

**(၇)နှစ်ပြည့်ကျေးဇူးတင်လွှာ**



- ဆိုင်ရောင်းချမှုစနစ်များကို လေ့လာအတုယူသင်ယူခွင့်ရရှိခဲ့သော မြန်မာပြည်အနှံ့မှ ဝါရင့် မြန်မာထမင်းဆိုင်ကြီးများ။
- ဆိုင်လေးတစ်ဆိုင်မှစ၍ ဆိုင်ခွဲများဖွင့်လှစ်နိုင်အောင် နေ့စဉ်တစ်ခဲနက် ကြွရောက်အားပေး ဘုဉ်းပေး။ သုံးဆောင်ကြသော ကျေးဇူးရှင် ရပ်နီးရပ်ဝေးလူမိတ်ဆွေအပေါင်း ။
- နှစ်ရှည်လများ ရန်ကုန်မြို့အနှံ့မှ ချိုင့်ဆွဲများမှာယူသုံးဆောင်နေကြသော စားသုံးသူမိတ်ဆွေများ ။
- နိုင်ငံတော်အဆင့် ညှိခံပွဲများကို ယုံကြည်စိတ်ချစွာဖြင့် တာဝန်ပေးအပ်ခဲ့သော ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ။
- စက်ရုံ၊ ကုမ္ပဏီများမှ ဝန်ထမ်းများ၏ နေ့စဉ် ကျွေးမွေးညှိခံမှုများကို ယုံကြည်စိတ်ချမှု အပြည့်ဖြင့် နှစ်ရှည်လများ တာဝန် ပေးအပ်ထားသော -

**DAEWOO(EMP) ကုမ္ပဏီ**
**Tiger Beer စက်ရုံ။**
**GUNKUL (Engineering) Fresh Air-con ကုမ္ပဏီ**

- အလှူမင်္ဂလာညှိခံပွဲများအတွက် ယုံကြည်မှုဖြင့် မှာယူညှိခံခဲ့သော အလှူရှင်များ။ အလှူရှင်များ ကိုယ်စား တာဝန်ယူမှာကြားပေးသော ဘုန်းတော်ကြီးကျောင်းများ
- ပဲဆီအရည်အသွေးနှင့်ပတ်သတ်၍ FDA ၏ လစဉ်စစ်ဆေးမှုဖြင့် တာဝန်ခံပေးသွင်းနေသော မြေပဲဆီသန့်ကုမ္ပဏီ
- ဆိုင်ဝန်ထမ်းများ၏ ကျန်းမာရေးစောင့်ရှောက်မှုများ လစဉ်ပြုလုပ်ပေးသော Great Care ကုမ္ပဏီ၊
- လတ်ဆတ်သော အသား ၊ ငါးနှင့် ဟင်းသီးဟင်းရွက်များကို နေ့စဉ် စေတနာထား၍ အကောင်းဆုံးဝယ်ယူပေးသွင်းနေသောဆိုင်များ
- မေတ္တာစေတနာအပြည့်ဖြင့် ကူညီစောင့်ရှောက်မှုများပေးခဲ့သော ဆိုင်ခွဲများဝန်းကျင်ရှိ နေထိုင်သူမိတ်ဆွေများ အားလုံးကို ကျေးဇူး အထူးတင်ရှိပါကြောင်းနှင့် မင်္ဂလာအပေါင်းနှင့်ပြည့်စုံ၍ ကြီးပွားတိုးတက်စေရန် ဆုမွန်ကောင်းတောင်းအပ်ပါသည်

နိုင်ငံနိုင်ငံကျော် မြန်မာထမင်းဆိုင်
မိသားစု

ပါရမီဆိုင်ခွဲ - အမှတ်(၄၂/က)၊ ပါရမီလမ်းနှင့်ဝေဇယန္တာလမ်းထောင့်၊ ပါရမီဂုံးကျော်တံတားကြီးအနီး။
ပြည်လမ်းဆိုင်ခွဲ - အမှတ်(၆၁၇-အေ) ၊ ၅-မိုင်ခွဲ၊ ကမ္ဘောဇဘဏ်ဘေး၊ သုခကမ္ဘာဆေးရုံအဝင်လမ်း၊ မာလာဆောင်မှတ်တိုင်၊ ပြည်လမ်း ။
၀၉-၇၃၀၀၆၄၂၂ ၊ ၀၉-၄၃၁၃၆၆၆၉ ၊ ၀၉-၅၁၅၉၀၀၄ ၊ ၀၉-၇၃၀၀၀၇၀၇ ၊ ၀၉-၄၂၀၀၆၀၅၅ ၊ ၀၁-၅၂၄၂၀၈
ဂန္ဓမာဆိုင်ခွဲ - Gandamar Wholesale ၊ (တောင်ဥက္ကလာဂေါက်ကွင်းအနီး)။

# Technology

7 DAY NEWS JOURNAL
Vol.11, No.18 • JULY 12 , 2012

## တရုတ်နိုင်ငံတွင် iPad မူပိုင်ခွင့်အတွက် ကန်ဒေါ်လာသန်း ၆၀ Apple လျော်ကြေးပေးရ




**ဘေကျင်း၊ ဇူလိုင် - ၂**

အမေရိကန်နည်းပညာကုမ္ပဏီကြီး Apple သည် တရုတ်နိုင်ငံ တွင် iPad အမှတ်တံဆိပ် မူပိုင်ခွင့်အတွက် ၎င်းနှင့် ကာလရှည် အမှုဖြစ်နေသော Proview Technology ကုမ္ပဏီအား လျော်ကြေးဒေါ်လာသန်း ၆၀ ပေးအပ်၍ အငြင်းပွားမှုကို ဖြေရှင်းလိုက်နိုင်ပြီဖြစ်ကြောင်းသိရသည်။

တရုတ်တောင်ပိုင်းရှိ ကွမ်တုံ ပြည်နယ် အထက်တရားရုံးတော်၏ ကြေညာချက်၌ ပြည်နယ်အစိုးရသည် Apple ၏ iPad အမည် မူပိုင်ခွင့်ကို အသိအမှတ်ပြုလိုက်ပြီဖြစ်ကြောင်း၊ Apple သည် လျော်ကြေးဒေါ်လာသန်း ၆၀ ပေးအပ်ခဲ့ကြောင်း ဖော်ပြထားသည်။ တရုတ်တောင်ပိုင်း ရှန်ဇင်းမြို့တော် အခြေစိုက် Proview ကုမ္ပဏီသည် Apple က iPad သင်ပုန်းကွန်ပျူတာများ မရောင်းခင် ၂၀၀၀ ပြည့်နှစ်ကပင် iPad အမှတ်တံဆိပ်အား တရုတ်ပြည်အပါအဝင် နိုင်ငံများစွာ၌ မူပိုင်မှတ်ပုံတင်ထားခဲ့သည်။

ထို့နောက် Apple က ၎င်းကွန်ပျူတာအတွက် iPad အမှတ်တံဆိပ်ကို တိုင်ပေရှိ Proview ကုမ္ပဏီခွဲထံမှ ဝယ်ယူခဲ့သော်လည်း ပြည်မကြီးရှိ မူရင်းကုမ္ပဏီက ၎င်းတို့အတွက် မူပိုင်ခွင့်မရသေးကြောင်း တရားစွဲဆိုခဲ့ခြင်း ဖြစ်သည်။ —*Ref: AFP*

## ၂၀၁၃ ဆီးဂိမ်းတွင် ဝိုင်ဖိုင်အင်တာနက်လိုင်း လွှင့်ပေးထားမည်ဟုဆို

**ယုဇနကိုကို**

**ရန်ကုန်၊ဇူလိုင်-၇**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၇ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (ဆီးဂိမ်း)အတွက် ပြည်နယ်နှင့်တိုင်းလေးခုတွင် Wi-Fi အင်တာနက်လိုင်းများကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ပုဂ္ဂလိကနှင့် ပူးပေါင်းလွှင့်တင်သွားမည်ဖြစ်ကြောင်းမြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သတင်းရရှိသည်။

ဆီးဂိမ်းကျင်းပနေစဉ်တစ်လျှောက်တွင် ဝိုင်ဖိုင်အင်တာနက်ကို အခမဲ့လွှင့်တင်ပေးထားမည့် ပြည်နယ်တိုင်းဒေသကြီးလေးခုမှာ ရန်ကုန်၊ နေပြည်တော်၊ မန္တလေးနှင့်ပုသိမ်တို့ဖြစ်သည်ဟုဆိုသည်။

ရန်ကုန်မြို့၏ ပြိုင်ပွဲလက်ခံကျင်းပမည့်နေရာများ၊နေပြည်တော်ခရိုင်ရှိဇမ္ဗူသီရိနှင့်ဇေယျာသီရိတို့ရှိ အားကစားကွင်းများ၊ အားကစားရွာများနှင့် ဟိုတယ်ဇုန်များ၊ မန္တလေးမြို့ရှိပြိုင်ပွဲများကျင်းပရန် နေရာများနှင့် ရေဝတီတိုင်း၊ ပုသိမ်မြို့ရှိငွေဆောင်ကမ်းခြေတို့တွင်ဝိုင်ဖိုင်လွှင့်ပေးထားမည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏အဆိုအရ ဆီးဂိမ်းမကျင်းပမီ အချိန်တွင် ပြည်တွင်း၏ အင်တာနက် မြန်နှုန်းအနေအထားကို လက်ရှိထက် ပိုမိုမြှင့်တင်သွားမည်ဖြစ်သော်လည်း တိုးမြှင့်ပေးမည့် မြန်နှုန်းအတိအကျကိုမူ ထုတ်ဖော်ပြောဆိုနိုင်ခြင်း မရှိပေ။

"ဆီးဂိမ်းမှာပြည်တွင်းရဲ့အင်တာနက်မြန်နှုန်းက နိုင်ငံတကာက သေချာသတိထားကြည့်ကြမယ့် အချက်တွေထဲက တစ်ခုဖြစ်တယ်။ အနားနီးမှ ထလုပ်တာမျိုးလည်း မဖြစ်သင့်ပါဘူး။ မနှစ်က မြန်မာက အိမ်ရှင်အဖြစ် အာဆီယံဆက်သွယ်ရေးဝန်ကြီး ညီလာခံလုပ်တယ်။ အဲ့ဒီမှာ အင်တာနက်မြန်နှုန်းက ခဏခဏကျနေတယ်လို့ အဲ့ဒီညီလာခံကို သွားတက်ခဲ့ရတဲ့ ထိုင်းနိုင်ငံသားတစ်ယောက်က ပြန်ညည်းပြတယ်"ဟု ထိုင်းနိုင်ငံ တက္ကသိုလ်တစ်ခုတွင် ပညာသင်နေသည့် မြန်မာကျောင်းသားတစ်ဦးက ဆိုသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အနေဖြင့်လာမည့်ဆီးဂိမ်းတွင် အင်တာနက်အသုံးပြုနိုင်ရေးအတွက် ပြည်တွင်းကုမ္ပဏီများကို Wi-Fi လွှင့်တင်နိုင်ရန် တင်ဒါခေါ်ယူထားရှိပြီး ယင်းစနစ်အတွက် လျှောက်ထားသည့် ကုမ္ပဏီပေါင်း ၂၀ နှင့်အထက်ရှိကြောင်း သတင်းရရှိသည်။

## မူပိုင်ခွင့် အငြင်းပွားမှု ဖြေရှင်းလိုက်ပြီဟု ရာဟူးနှင့် ဖေ့စ်ဘွတ်ခ်ကြေညာ

**နယူးယောက်၊ ဇူလိုင်-၈**

နည်းပညာလောကကို လှုပ်ခတ်သွားစေခဲ့သော မူပိုင်ခွင့်အငြင်းပွားမှုကို ဖြေရှင်းလိုက်နိုင်ပြီဖြစ်ကြောင်း ရာဟူးနှင့် ဖေ့စ်ဘွတ်ခ် ကုမ္ပဏီတို့က ကြေညာလိုက်သည်။ ယင်းကိစ္စအား ပြေလည်အောင် ဖြေရှင်းနိုင်ခြင်းမှာ နှစ်ဖက်စလုံးအတွက် ကောင်းသည်ဟု ဆန်းစစ်လေ့လာသူများက ပြောသည်။

ယခု သဘောတူညီချက်အရ ရာဟူး နှင့် ဖေ့စ်ဘွတ်ခ်သည် တစ်ဖက်နှင့်တစ်ဖက် မူပိုင်ခွင့်ပုံစံများကို ကြည့်ရှုခွင့်ရမည်ဖြစ်ပြီး အပြန်အလှန် လိုင်စင်တင်ထားခြင်းများ လုပ်ဆောင်ရန် သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။

အမှုဆောင်အရာရှိ ချုပ် ဟောင်း စကော့သွန်မဆင်လက်ထက်၊

စာ(၂၄)သို့

## ရှင်ဘွေယန်မြို့တွင် စီဒီအမ်အေဖုန်း ညပိုင်းသုံးမရ

**အောင်ခိုင်**

**ရန်ကုန်၊ ဇူလိုင်- ၅**

ကချင်ပြည်နယ် ရှင်ဘွေယန်မြို့တွင် စီဒီအမ်အေ-၄၅၀ မဂ္ဂါဟာ့ဇ် ဖုန်းလိုင်းများ ညဘက်တွင်အသုံးပြု၍ မရကြောင်း ဒေသခံများက ပြောသည်။

နံနက် ၇ နာရီမှ ည ၇ နာရီအတွင်းသာ အသုံးပြု၍ရသဖြင့် ကချင်ပြည်နယ်ရှိ အခြားမြို့နယ်များကဲ့သို့ လိုင်းများအသုံးပြု၍ ရချင်ကြောင်းဒေသခံတစ်ဦးက ပြောသည်။

စာ(၂၄)သို့

အရောင်း၊အကြွေးနှင့် ကုန်စာရင်းထိန်းကွန်ပျူတာစနစ်




အရောင်းအဝယ်၊အကြွေးနှင့်ကုန်ပစ္စည်းစာရင်းများကိုမျက်ခြေမပြတ်သိရှိလိုသောလုပ်ငန်းရှင်များအတွက်ကုန်ရောင်းနှင့်အကြွေးစာရင်းထိန်းကွန်ပျူတာစနစ် *iLedger*® ကို iNTEGRA Systems Company ၄၂-ဒီ၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ဗဟန်း၊ရန်ကုန်မြို့တွင်ရရှိနိုင်ပါသည်။
ဆက်သွယ်ရန်ဖုန်းမှာ **01-557638, 09-73085653**



## မိုဘိုင်းဖုန်းများကို အခမဲ့ စိတ်ကြိုက်စမ်းသပ်ခွင့်ရမည့် ဝန်ဆောင်မှုစတင်မည်

**ယုဇနကိုကို**
**ရန်ကုန်၊ ဇူလိုင် - ၇**

ကေအမ်ဒီကွန်ပျူတာဂရု(ပ်)က မကြာမီ ဖွင့်လှစ်မည့် Mobile Corner တွင် အသုံးပြုသူများအတွက် အခမဲ့စမ်းသပ်နိုင်သော User Experience Centre တစ်ခုကို တွဲဖက်ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ကေအမ်ဒီက ဖွင့်လှစ်မည့် Mobile Corner ဆိုသည်မှာ မိုဘိုင်းဖုန်းနှင့်ပတ်သက်သည့် ဆက်စပ်ပစ္စည်းများအား ရောင်းချပေးခြင်းနှင့် ဝန်ဆောင်မှုကို သီးသန့်ပေးမည့်စင်တာတစ်ခုဖြစ်သည်ဟု ယင်းကုမ္ပဏီ၏ ဒုတိယအထွေထွေမန်နေဂျာ ကိုစိုးငွေရကပြောသည်။

User Experience Centre ဆိုသည်မှာ မိုဘိုင်းဖုန်းနှင့်ပတ်သက်ပြီး လေ့လာလိုသူများ၊ ကိုယ်တိုင်လက်တွေ့စမ်းသပ်လိုသူများနှင့် မိုဘိုင်းဖုန်း အမှတ်တံဆိပ်များကို နှိုင်းယှဉ်တွက်ချက်နိုင်ရန် အစရှိသည်တို့အတွက် မိမိ လေ့လာလိုသည့် မိုဘိုင်းဖုန်းမှန်သမျှကို အခမဲ့လေ့လာစမ်းသပ်ခွင့်ရနိုင်မည့် နေရာတစ်ခုဖြစ်သည်။



"ကေအမ်ဒီ မိုဘိုင်းကော်နာက ဒီဝန်ဆောင်မှုက မိုဘိုင်းဖုန်းကို စိတ်ဝင်စားတဲ့သူတွေအနေနဲ့ ဖုန်းဝယ်သူဖြစ်စေ၊ မဝယ်သည်ဖြစ်စေ ကိုယ်လေ့လာချင်တဲ့၊ စမ်းသပ်ချင်တဲ့ ဖုန်းမှန်သမျှကို ကိုင်တွယ်စမ်းသပ်ခွင့်ရမှာပါ။ ဒါမှလည်း အသုံးပြုသူတွေအနေနဲ့ မိုဘိုင်းဖုန်းနည်းပညာတွေနဲ့ ပိုပြီးတိုးတက်မှုရှိလာမှာပါ"ဟု ကိုစိုးငွေရကပြောသည်။

အဆိုပါ ကေအမ်ဒီမိုဘိုင်းကော်နာတွင် iOS နှင့် Android ဖုန်းများအတွက် အခမဲ့ Upgrade ပြုလုပ်ပေးခြင်း၊ JailBreak ပြုလုပ်ပေးခြင်းများနှင့် လက်ရှိမိုဘိုင်းဖုန်းများနှင့်ပတ်သက်သည့် ဝန်ဆောင်မှုအမျိုးမျိုးကို ပေးမည်ဖြစ်ကြောင်းသိရပြီး ယင်း KMD Mobile Corner ကိုယခုလအတွင်း ဖွင့်လှစ်ပေးမည်ဟုဆိုသည်။

## စာ(၂၃) - ရှင်ဘွေယန်မြို့တွင် စီဒီအမ်အေဖုန်း ညပိုင်းသုံးမရ မှ

"ည ၇ နာရီကျော်ရင် သုံးလို့မရတော့ဘူး။ နန်းယွန်းမှာဆို မနက် ၆ နာရီက ည ၁၁ နာရီထိ သုံးလို့ရတယ်"ဟု ဒေသခံတစ်ဦးကပြောသည်။

မန္တလေးမြို့ မိုဘိုင်းဆက်သွယ်ရေးစခန်းသို့ ဆက်သွယ်မေးမြန်းရာ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် သာသက်ဆိုင်မည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့သည်။

"အဓိကက အဲဒီဒေသရဲ့ လျှပ်စစ်မီးနဲ့ဆိုင်ပါလိမ့်မယ်။ မီးစက်နဲ့ပေးရတာဖြစ်တဲ့အတွက် အချိန်အကန့်အသတ်နဲ့ရတာဖြစ်နိုင်တယ်။ ဖုန်းလိုင်းတွေ ချပေးကတည်းက ဒေသခံလူကြီးတွေ ဒီကိစ္စကို အသိပေးထားပါတယ်"ဟု ရန်ကုန်မိုဘိုင်းအခြေစိုက်စခန်းမှ တာဝန်ရှိသူတစ်ဦးက ဇွန်လ ၄ ရက်က 7Day News ၏ မေးမြန်းချက်ကို ပြန်လည်ဖြေကြားသည်။

ရှင်ဘွေယန်ဒေသသို့စီဒီအမ်အေ-၄၅ဝမဂ္ဂဟာ့ဇ်ဖုန်းများကို ၂ဝ၁၂ ဇန်နဝါရီမှ စတင်ချပေးခဲ့ပြီး ဖုန်းအလုံးရေ ၃ဝဝ ခန့်ရှိကြောင်း သိရှိရသည်။

## စာ(၂၃) - မူပိုင်ခွင့် အငြင်းပွားမှု ဖြေရှင်းလိုက်ပြီဟု ရာဟူးနှင့် ဖေ့စ်ဘွတ်ခ်ကြေညာ မှ

ယခင်မတ်လအတွင်း Yahoo က ဖေ့စ်ဘွတ်ခ်ကို တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။ ယင်းစွဲချက်အရ ဖေ့စ်ဘွတ်ခ်သည် လူမှုရေးကွန်ရက်လုပ်ငန်း ကြော်ငြာထည့်သွင်းခြင်းနှင့် ပုဂ္ဂလိက အချက်အလက်များ ကာကွယ်ခြင်းကဏ္ဍများတွင် Yahoo ၏ မှတ်ပုံတင် မူပိုင်ခွင့်များကို ချိုးဖောက်ခဲ့သည်ဟု စွပ်စွဲခံရသည်။ ယင်းနောက်များမကြာမီမှာပင်ဖေ့စ်ဘွတ်ခ်ကလည်း Yahoo အား မူပိုင်ခွင့်ချိုးဖောက်မှုများဖြင့် ပြန်လည်တရားစွဲဆိုခဲ့သည်။

ယခုအမှုအား ဖြေရှင်းရာတွင် Yahoo ၏ ယာယီအမှုဆောင်အရာရှိချုပ် ရော့ခ်လီဗင်ဆွန်နှင့် ဖေ့စ်ဘွတ်ခ်၏ လုပ်ငန်းလည်ပတ်ရေး အမှုဆောင်အရာရှိချုပ် ရှယ်လ်ဆန်းဘာ့ဂ်တို့နှစ်ဦးမှာ အလွန်အရေးပါခဲ့ပြီး နောက်ပိုင်းတွင် Yahoo နှင့် ဖေ့စ်ဘွတ်ပိုမိုပူးပေါင်းဆောင်ရွက်မှုများကို မြင်တွေ့ရဖွယ်ရှိသည်ဟု သတင်းကဆိုသည်။

*—Ref: PC World*







**TRADEMARK CAUTION**

EGL ASIA LTD., incorporated in Hong Kong at 803-805, 8F, Peter Bldg., No 58 Queen's Rd Central, Hong Kong is the Owner and Sole Proprietor of the following Trademarks:-

**Reg: 4/5667/2012**

**Reg: 4/5666/2012**

In respect of: "Testing and Evaluating Diamond, Gemstones and Jewellery."

Fraudulent imitation or unauthorized use of the said Patent shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990

12. July. 2012

7 DAY NEWS JOURNAL
Vol.11, No.18 • JULY 12 , 2012

# မိဘများ အမြင်ကျယ်ဖို့လိုပါသည်

မင်းသန်းထိုက် (ဒေးဒရဲ)

၁၉၀၀ ဝန်းကျင်ခန့်က ဖြစ်ပါသည်။ မန္တလေးမြို့ မဲအိုးတန်းရပ်ကွက်သို့ မောင်ဖေသိန်းတို့မိသားစု ပြောင်းရွှေ့ရောက်ရှိလာကြ၏။ မောင်ဖေသိန်း၏ ဖခင်ဦးအေးရာမှာ ပိန်းတန်းဖိနပ်အလုပ်လုပ်၏။ အနေအစားအချောင်လည်ကြီး မဟုတ်ချေ။ အလုပ်လုပ်နိုင်မှ စားနိုင်သောက်နိုင်သည့်အခြေအနေ အဆင့်အတန်းသာရှိသည်။ သို့သော် ဦးအေးရာ၏ ချီးကျူးစရာကောင်းသော အချက်မှာ သားသမီးများ၏ ပညာရေးကိုလွန်စွာလိုလားခြင်းဖြစ်၏။ ပညာရေးကိုများစွာလိုလားခြင်းကြောင့် အချို့ကိစ္စများ၌ သားသမီးအပေါ် တင်းကျပ်လွန်းသကဲ့သို့ပင်ဖြစ်လေသည်။ ကလေးသဘာဝ ကစားခုန်စားကိစ္စများ၌ပင် ခွင့်မပြုနိုင်အောင် ပညာမှပညာ ကြိုးစားသင်ယူစေသည်။ မောင်ဖေသိန်းမှာလည်း တင်းကျပ်လွန်းသည့် ဖခင်အပေါ် မကျေနပ်သည့်တိုင် ပညာတတ်ဖြစ်စေချင်လွန်းသော စေတနာကိုနားလည်သည့်အလျောက် ကြိုးစားခဲ့လေသည်။ ထိုမောင်ဖေသိန်းကား နောင်အခါ နိုင်ငံကျော်စာရေးဆရာကြီးရွှေဥဒေါင်းဖြစ်လာလေသည်။

၁၈၈၃ ခုနှစ်က သာယာဝတီခရိုင်၊ သုံးဆယ်မြို့တွင် ဦးရွှေခမ်း၊ ဒေါ်စိန်နုတို့က မွေးဖွားခဲ့သူ။ မွေးဖွားစဉ်က မိုးနှင်းများထူထပ်စွာ ကျနေသောကြောင့် ငယ်မည် မိုးနှင်းဟုအမည်တွင်ခဲ့သူ။ ဖွားဇာတာအမည် မောင်ကျော်ညွန့်သည် ငယ်စဉ်ကအလွန်ဆင်းရဲ၏။ ဖခင်က ခြောက်လတစ်ခါ၊ တစ်နှစ်တစ်ခါလောက်မှသာ အိမ်ပြန်လာတတ်သဖြင့် မိခင်၏ ဈေးတောင်းခေါင်းရွက် ရောင်းရသမျှနှင့် မောင်ကျော်ညွန့်သည် မိခင်ဈေးရောင်းသွားချိန်၌ ချက်၊ပြုတ်၊လျှော်၊ ဖွပ် အိမ်မှုကိစ္စမှန်သမျှ အကုန်လုပ်ရ၏။ ညီမငယ်ကို ခါးထစ်ခွင်ကာ ထိန်းသိမ်းစောင့်ရှောက်ရ၏။ ဤသို့ နေစဉ်တွင် မောင်ကျော်ညွန့်တို့ အိမ်ခေါင်းရင်းရှိ သူကြီးအိမ်သို့ ဝင်ထွက်သွားလာကြသော မြို့အုပ်စာရေးအစရှိသူတို့၏ ခန့်ညားစွာ ဝတ်ဆင်ပုံကို မြင်သည်။ ထိုသူတို့ကို အားကျသည်။ ငါလည်းသူတို့ကို ပညာတတ်လျှင် သူတို့လိုခန့်ခန့်ညားညား ဝတ်ဆင်နိုင်မှာပဲဟု တွေးမိ၏။ မောင်ကျော်ညွန့်တွင် ပညာသင်လိုစိတ်တွေ တဖွားဖွားပေါ်လာသည်။ မိခင်ကို နားပူနားဆာ လုပ်သည်။ သည်လိုနှင့် မောင်ကျော်ညွန့်တို့လိုဆင်းရဲသားကလေး အများအပြားတက်ကြသော သုံးဆယ်မြို့ အာရ်-စီ-အမ်ကျောင်းသို့ မောင်ကျော်ညွန့် ရောက်ရှိသွားတော့သည်။ ထိုမောင်ကျော်ညွန့်ကား နောင်အခါနိုင်ငံကျော် စာရေးဆရာကြီးပီမိုးနင်း ဖြစ်လာလေသည်။

အများသိကြပြီးသား နိုင်ငံကျော်ဆရာကြီး နှစ်ဦး၏ အတ္ထုပ္ပတ္တိကို ကျွန်တော်က လူတတ်ကြီးလုပ်ပြီး ပြန်ရေးပြနေခြင်း မဟုတ်ပါ။ ပညာရေး၌ မိဘများ အမြင်ကျယ်ကျယ်ထားတတ်ဖို့ လိုသလို ကာယကံရှင် သားသမီးများ ကိုယ်တိုင်လည်း တက်ကြွဖို့လိုကြောင်း ပြောလို၍ ဖြစ်ပါသည်။ အထက်ပါ ဆရာကြီးနှစ်ဦးတွင် ဆရာကြီးရွှေဥဒေါင်းသည် ဖခင်၏အမြင်ကျယ်မှုကြောင့် ကျောင်းတွေတစ်ကျောင်းပြီး တစ်ကျောင်းပြောင်းရင်း ပညာသင်ခွင့်ရခဲ့ပါသည်။ ဆရာကြီး ပီမိုးနင်းမှာမူ ကာယကံရှင် ဆရာကြီးကိုယ်တိုင်က ပညာသင်ရန်တက်ကြွသဖြင့် ခရစ်ယာန်အသင်း၏ အကူအညီရခဲ့ခြင်းဖြစ်ပါသည်။

ကျွန်တော်တို့ ပတ်ဝန်းကျင်တွင် ဆင်းရဲနွမ်းပါး၍ ကျောင်းနေရန် အခက်အခဲရှိသည့်ကလေးတွေ အများအပြားရှိပါသည်။ ထို့အတူ ပြည်သူများအမြင်ကျယ်လာသဖြင့် ထိုသို့သော ကလေးများကို တစ်ပိုင်တစ်နိုင် ထောက်ပံ့မည့် အသင်းအဖွဲ့များလည်း မြို့အတော်များများမှာပေါ်လာသည်ကို မီဒီယာများမှတစ်ဆင့် သိရပါသည်။ ဥပမာ-ဒဂုံမြို့သစ်(မြောက်ပိုင်း)အလက(၁)ထ-ခွဲမှ မိဘများ၏ ပညာရေးထောက်ပံ့မှုဖောင်ဒေးရှင်းလို၊ ကျွန်တော်တို့မြို့နယ်မှ ကျောင်းသားဟောင်းများ ပညာရေးအထောက်အကူပြုအဖွဲ့လို။

သည်လိုအဖွဲ့အစည်းများက တစ်ပိုင်တစ်နိုင် ထောက်ပံ့ခြင်းဖြင့် နိုင်ငံတော်၏ ပညာရေးကို တစ်ဖက်တစ်လမ်းက ဝိုင်းဝန်းကူညီအားဖြည့်ကြခြင်း ဖြစ်သည်။ ဆင်းရဲနွမ်းပါးသော ကလေးများလည်း အခြားကလေးများနည်းတူ ပညာသင်ကြားခွင့်ရစေလိုခြင်းသာ ဖြစ်သည်။ ကိုယ့်သားသမီးများ ပညာသင်ကြားခွင့်ရနေသလို သူတို့လေးတွေကိုလည်း ပညာသင်ကြားခွင့်ရစေလိုသော စေတနာသက်သက်သာ ဖြစ်သည်။ သို့သော် အချို့သော မိဘများက အမြင်ကျဉ်းမြောင်းကြသည်။ မိဘဟူသည် သားသမီးအတွက် တတ်နိုင်သမျှ ဖြည့်ဆည်းပေးရမည်ဟု မစဉ်းစား။ အရွယ်မတိုင်သေးသော သားသမီးထံမှပင် ခံစားခွင့်ကို ပြန်မျှော်လင့်နေကြသည်။

“ကလေးက ဖအေတော့ မရှိတော့ဘူးဗျ။ ဒါပေမဲ့ မောင်နှမနှစ်ယောက်တည်းပါဗျာ။ သူ့အောက် အငယ်မလေးက ဒီနှစ်ငါးတန်းတက်မှာဗျ။ မအေကလည်း လုပ်နိုင်ကိုင်နိုင်သေးတဲ့ အရွယ် ၄၀ လောက် ရှိပါသေးတယ်။ ကလေးက စာလေးလည်း မဆိုးဘူး။ ထောက်ပံ့မယ့်သူရှိရင် တက်ချင်တက်လိမ့်မယ်လို့ ဆရာမတွေက ပြောတယ်။ ဒါနဲ့ ကျွန်တော်တို့ သွားဆွေးနွေးတာ။ ကလေးက ကျွန်တော်တို့ ကျောင်းထားပေးမယ်ဆိုတော့ မျက်နှာလေးကို ဝင်းသွားတာ အတော်သိသာတယ်။ သူ့ခမျာ ကျောင်းတက်ချင်ပုံရတယ်။ ဒါပေမဲ့ဗျာ မအေလုပ်တဲ့သူက ဘယ်လိုမှ ပြောလို့မရဘူး။ ကျွန်မလည်း သူတို့ကိုလုပ်ကျွေးရတာပင်ပန်းလှပြီတဲ့။ တစ်လှည့်ပြန်ခိုင်းစားရဦးမတဲ့။ မအေရင်း မဟုတ်တဲ့အတိုင်းပဲဗျာ”

ဆင်းရဲနွမ်းပါး ကလေးငယ်များ ကျောင်းနေနိုင်ရေး အကူအညီပေးနေသော အဖွဲ့မှ မိတ်ဆွေတစ်ယောက်က သူကြုံတွေ့ခဲ့ရသည့်မိခင်တစ်ယောက်အကြောင်း ပြောပြနေခြင်း ဖြစ်ပါသည်။ ကျွန်တော့်မိတ်ဆွေပြောသော ကျောင်းသားလေးမှာ ယခုနှစ်မှ ၇ တန်းအောင်၊ ၈ တန်းတက်မည့် (၁၄)နှစ်သားမျှသာရှိပါသေးသည်။ ခုတော့ စက်ဘီးပြင်ဆိုင်တစ်ဆိုင်မှာ လေထိုးကျွတ်ဖာတဲ့ အလုပ်ကို သင်လုပ် လုပ်နေပါသတဲ့။ သြော်-အမြင်မကျယ်လိုက်တဲ့ မအေနှယ်။ သည်အလုပ်လုပ်ဖို့အချိန်တွေ နောက်ကျသွားမှာ စိုးရိမ်လို့နဲ့တူပါရဲ့နော်။


နောက်ထပ်ကြုံရသည့် မိဘကတော့ တစ်မျိုးတစ်ဘာသာ ဖြစ်သည်။ ဆင်းရဲနွမ်းပါးသည့်ကလေးများအား အထောက်အပံ့ပေးမည်ဟုကြားသည်နှင့် ကျောင်းတောင်မအပ်ရသေးသည့် သူ့သားကို ကျောင်းသွားတက်စေသည်။ ဆရာမများကလည်း ဝမ်းပန်းတသာ လက်ခံ၍ အထောက်အပံ့ပေးရမည့် စာရင်းထဲ ထည့်ပေးလိုက်သည်။ သို့သော် တကယ်အထောက်အပံ့ယူ၍ ကျောင်းတက်ရမည်ဆိုသောအခါ ကျောင်းလာမတက်တော့ချေ။ ဖြစ်ပုံက သူတို့ထင်ထားသည်မှာ နာဂစ်ပြီးခါစကျောင်းတွေမှာ လာထောက်ပံ့သလိုမျိုး ဗလာစာအုပ်၊ စာရေးကိရိယာ စတာတွေကို သူတို့သားသမီးတွေ လက်ထဲ လုံးခနဲ ခဲခနဲ ထည့်ပေးလိုက်မည်ထင်ထားသည်။ အထောက်အပံ့ပစ္စည်းတွေ ရပြီးတာနဲ့ ကလေးကို ကျောင်းပြန်မလွှတ်တော့ဘဲ သူတို့ခိုင်းချင်သည့် အလုပ်လုပ်ခိုင်းဖို့ဖြစ်သည်။ ခုတော့ သည်လိုမဟုတ်ဘဲ အထောက်အပံ့ပစ္စည်းများကို အတန်းပိုင်ဆရာ၊ ဆရာမများက တာဝန်ယူထိန်းသိမ်းထား၊ ပြီးမှ လိုအပ်သလောက် ထုတ်ပေး။ သည်လိုလုပ်ရခြင်းမှာလည်း အကုန်လုံးထုတ်ပေးလိုက်လျှင် ဖုံးပေါလအော သုံးပစ်လိုက်မှာစိုးလို့ဟု ကူညီသူများက ဆိုပါသည်။ ကလေးကို ဗန်းပြပြီး သူတို့သုံးခွင့်မရသည့်အခါ ကလေးကို ကျောင်းမတက်ခိုင်းတော့ချေ။ အလွန်ပဲ အသိဉာဏ်ပါဆင်းရဲကြသည့်မိဘများပါလားဟု ကူညီချင်သူများမှာ စိတ်မကောင်းဖြစ်ကြရပါသည်။

သည်နေရာတွင် အကြောင်းတိုက်ဆိုင်၍ ကွယ်လွန်သူ ကျွန်တော့် မိဘနှစ်ပါးအကြောင်း အနည်းငယ် ပြောပြချင်ပါသည်။ ကျွန်တော့်မိဘနှစ်ပါးစလုံးမှာ ရောင်စုံသူပုန်များ သောင်းကျန်းသည့်ကာလတွင် လူလားမြောက်ခဲ့ကြပါသည်။ အဖေက ရဟန်းသုံးဝါလောက် ဝတ်ဖူးသဖြင့် ပရိတ်ကြီးလောက်တော့ တတ်ပါသည်။ သစ်တွက်၊ ရွှေတွက်၊ စပါးတွက် တတ်ပါသည်။ အမေကတော့ နှစ်တန်းလောက်အထိ ကျောင်းနေခဲ့ဖူးသဖြင့် သေစာရှင်စာမျှလောက်သာ တတ်ရှာပါသည်။ အဖေက ပန်းရန်လုပ်၍ အမေက ဈေးရောင်းပါသည်။ သို့သော် သူတို့ကိုယ်တိုင် သောက်စို့ခွင့် မရခဲ့သော ပညာနို့ချိုကို ကျွန်တော်တို့သားသမီးများအား တိုက်ကျွေးခဲ့ပါသည်။ ပန်းရန်လုပ်ရင်း ဈေးရောင်းရင်း ကျွန်တော်တို့ကို ကျောင်းထားပေးပါသည်။ သူတို့၏ ဘဝနှင့်သူတို့၏ အတွေ့အကြုံအရ သူတို့ယုံကြည်ချက်နှင့် ခံယူချက်ကား အလွန်ပဲ ရိုးရှင်းလှပါသည်။ “ငါ့သားသမီးတွေ ဘယ်တော့မှ ပန်းရန်သမား မဖြစ်စေရ။ ဈေးသည် မဖြစ်စေရ” ဒါပဲ ဖြစ်သည်။ သူတို့သိတာ ပန်းရန်အလုပ်၊ ဈေးသည်အလုပ်ဆိုတာ အလွန်ပဲ အောက်ကျသည်။ သည်တော့ ကျွန်တော်တို့ သားသမီးများကို သူတို့ဘဝတွေလို အောက်မကျစေရ။ သည်ခံယူချက်နှင့်ပင် သူတို့ကိုယ် သူတို့ အပင်ပန်းအဆင်းရဲခံကာ ကျွန်တော်တို့ဘဝတွေကို မြေတောင်မြှောက်ပေးခဲ့သည်။ မိဘနှစ်ပါး၏ အမြင်ကျယ်မှု၊ အနစ်နာခံမှုတို့ကြောင့်ပင် ကျွန်တော်တို့မောင်နှမတွေ ပညာသင်ခွင့် မဆုံးရှုံးရခြင်းဖြစ်ပါသည်။

ဆရာကြီး ဦးအောင်သင်းက ဟောပြောပွဲတစ်ခု၏ နိဂုံးချုပ်မှာ လူငယ်တွေကိုပြောဖူးသည်။ “ကိုယ့်မိဘထက် အဆင့်မြင့်တဲ့ နေရာကို ရောက်အောင်တက်လှမ်းနိုင်တဲ့၊ ကိုယ့်သားသမီးကို ကိုယ့်ထက်မြင့်တဲ့ဘဝကို တွန်းပို့နိုင်တဲ့ ပခုံးစွမ်းအားရှိတဲ့သူတွေ ဖြစ်ကြပါစေ” တဲ့။ သားသမီးက မိဘထက်သာမှ လူ့အဖွဲ့အစည်းသည် တဖြည်းဖြည်း အဆင့်အတန်းမြင့်လာပေလိမ့်မည်။ သည့်အတွက် မိဘများက အမြင်ကျယ်ကျယ်ဖြင့် သားသမီးများ၏ ဘဝကို မြေတောင် မြှောက်ပေးဖို့လိုတယ်။ ကမ္ဘာမီးလောင်၍ သားတောင်ချနင်းတာမျိုး မဟုတ်ဘဲ “ငါ့သားသမီးများ ငါတို့လို မပင်ပန်း၊ မဆင်းရဲစေရ” ဟူသော စိတ်မျိုးမွေးဖို့လိုသည်။

အထူးသဖြင့် ယနေ့ခေတ်တွင် ဆင်းရဲ၍ ပညာသင်ခွင့်ဆုံးရှုံးရတာမျိုး မဖြစ်ရအောင် အမြင်ကျယ်ကျယ်ဖြင့် ထောက်ပံ့နေသော အဖွဲ့အစည်းများ၊ ဖောင်ဒေးရှင်းများလည်း ရှိနေရာ ပညာထူးချွန်လျှင် ထူးချွန်သလို တက္ကသိုလ်ပညာရေးအထိပင် သင်ကြားနိုင်သည့် အခွင့်အလမ်းများ ရှိနေပေပြီ။ မိမိ၏ပင်ပန်းဆင်းရဲမှု ဘဝအမောများကို အရွယ်မတိုင်သေးသည့် သားသမီးများအား မျှဝေခံစားနိုင်ခြင်း၊ ပညာဆုံးခန်းမတိုင်ခင်မှာ သားသမီးကို ခိုင်းစားခြင်းများသည် ကိုယ့်သားသမီးကိုယ် ပန်းကောင်းအညွန့်ချိုးလုပ်ခြင်းပင် ဖြစ်လေသည်။

မြန်မာ့ရိုးရာအစဉ်အလာ မိဘဝတ္တရားငါးပါး၌ပင် “အတတ်သင်စေ” ဟူ၍ ဝတ္တရား တစ်ပါးရှိပေရာ ကိုယ်က ဆင်းရဲနွမ်းပါး၍ သားသမီးကို ကျောင်းထားမပေးနိုင်သည့်တိုင် ကူညီထောက်ပံ့သူက ကူညီထောက်ပံ့သည့်အခါ ကိုယ့်သားသမီးများ၏ နောင်ရေးအတွက်ဟူ၍ အမြင်ကျယ်ကျယ်ထားနိုင်ဖို့ လိုအပ်လှပါသတည်း။



7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.18 • JULY 12 , 2012



# မြစ်တစ်စင်းအတွက် ချစ်ခြင်းမေတ္တာ

သော်အိန်မင်း

ထိုင်း နိုင်ငံ ပတ္တရားကမ်းခြေမှာကျင်းပသောသဘာဝဘေးအန္တရာယ်ဆိုင်ရာ စာတမ်းဖတ်ပွဲ တစ်ခုမှာ ကြောက်စရာကောင်းသော စာတမ်းတစ်စောင်ကို ကျွန်တော် နားထောင်ခဲ့ရသည်။ စာတမ်းတင်သွင်းသူက တမာဆက်တက္ကသိုလ်မှ ဒေါက်တာဘွဲ့ယူ ကျောင်းသားတစ်ဦး၊ ၂၀၁၁ မိုးအကုန်တစ်ဝိုက် ထိုင်းမှာ ဆိုးဆိုးရွားရွား တွေ့ကြုံခံစားခဲ့ရသော ရေကြီးရေလျှံမှုများကို အခြေခံပြီး စာတမ်းကို အမည်ပေးထားဟန် တူပါသည်။ စာတမ်းအမည်မှာ (မြစ်တစ်စင်း၏ဒေါသ) 'Anger of a river'။ သူ့စာတမ်းမှာ မြစ်ရေလျှံတက်မှုများကြောင့် ဆုံးရှုံးရမှုများ၊ လူထောင်ပေါင်းများစွာ၏ သောကများ၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများ၊ တာဝန်ရှိသူများ၏ ပြင်ဆင်သင့်သည်များကို ဝေဝေဆာဆာတင်ပြထားပါသည်။

သူ့စာတမ်းကိုငြိမ်နားထောင်နေရင်းက ဒီလူ မြစ်တွေကိုများ မုန်းသွားလေရော့သလား ကျွန်တော် သံသယဝင်လာမိသည်။ သူက ကျွန်တော်နှင့် ပုဂ္ဂိုလ်ရေးခင်မင်သူ၊ တမာဆက်တက္ကသိုလ်နိုင်ငံတကာကျောင်းသားများ၏ (လေတံခွန် လွှတ်သူများ) Kite Fliers ကဗျာစာအုပ်ထုတ်စဉ်က ကျွန်တော့်မြန်မာကဗျာဖြစ်သော (ခပ်မဆိတ်)ကို Art of Silence ဆိုပြီး အင်္ဂလိပ်-ထိုင်း နှစ်ဘာသာ ပြန်ဆိုခဲ့သူ၊ ပြီးတော့ မြစ်တွေကို ချစ်တတ်သူ။ ကျွန်တော် အင်မတိအင်မတန် လိုချင်လှသော (မဟာမြစ်ကြီးများ) The Great Rivers ဓာတ်ပုံစာအုပ်ကို စာကြည့်တိုက်ဈေးရောင်းပွဲတော်ကနေ မရအရ ဝယ်ပေးခဲ့သူ။

အခုတော့ သူမြစ်တစ်စင်းကို အပြစ်မြင်နေခဲ့ပြီ။ မြစ်တစ်စင်း၏ ဒေါသကို အဆုံးသတ်ခါနီးမှာတော့ သူဝန်ခံရှာပါသည်။ သူ မြစ်တွေကိုမမုန်းကြောင်း၊ မြစ်တစ်စင်းရဲ့ သဘာဝအလှမပျက်ဘဲ လူသား၏ ထာဝရမိတ်ဆွေဖြစ်ဖို့ကျွန်တော်တို့ဘက်က ပြင်စရာရှိသည်များကို မြန်မြန်ထက်ထက် ပြင်ရန်သာလိုကြောင်း ဝန်ခံတင်ပြသွားပါသည်။ စာတမ်းဖတ်ပွဲအတို့၏ အကွေ့အကောက်များကို ကျွန်တော် ချစ်မက်ခဲ့သည်။ ဒီလို ချစ်စရာကောင်းလှသောမြစ်တွေနှင့် ကျွန်တော်တို့ စိတ်ဝမ်းများကွဲကုန်ကြပြီလား။ မြစ်နှင့်လူ၊ လူနှင့်မြစ် အနာဂတ်ရေတွေ ဖြစ်ကုန်ကြပြီလား။ အတွေးတွေ ဝေ့သီနေတုန်းမှာ ကုန်လွန်ခဲ့သော တစ်နှစ်လောက်က ဖတ်ခဲ့သည့် Miller and Spoolman ၏ Living in the Environment ဆိုသော စာအုပ်ထဲက ဒုက္ခရောက်နေသော မြစ်တစ်စင်းအကြောင်းကိုစိတ်ကရောက်သွားသည်။ အဲဒီမြစ်ဒုက္ခရောက်ရပုံက ထူးထူးခြားခြား၊ ဟာသမဟုတ်ပေမယ့် ရယ်ရမလို၊ ငိုရမလို ပြဿနာ။

ဂင်္ဂါဝါဠု သဲစုမက ပွင့်ကြကုန်သော ဘုရားရှင်တို့ကို ကန်တော့ထားသည့် သံဗုဒ္ဓေဂါထာထဲ ကဂင်္ဂါမြစ်တစ်လျှောက် လူတွေရဲ့ အယူသည်းမှုဒဏ်ကို လှိမ့်ခံနေရသည်။ ဂင်္ဂါမြစ်ဆိုတာကလည်း ရာဇဝင်နှင့် ဗုဒ္ဓဝင်နှင့်မြစ်၊ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်ကိုဖြတ်စီးပြီး သူ့မြစ်ဝှမ်းမှာလူသန်း ၄၀၀ ကျော်နေထိုင်အမှီသဟဲပြုနေသောမြစ်။ အဲဒီမြစ်ကို ဟိန္ဒူဘာသာဝင်တွေက အထွတ်အမြတ်ထားကြသည်။ မြစ်ရေသည် သူတို့ ယုံကြည်မှု အရသန့်ရှင်းသောရေစင် (Holly Water)။ အဲဒီမှာ ရှင်းရခက်သော ပြဿနာက စတော့သည်။ ဟိန္ဒူဘာသာဝင်တစ်ယောက် ကွယ်လွန်အပြီးမှာ ကြွင်းကျန်သောရုပ်ကလာပ်ကို မီးသင်္ဂြိုဟ်၊ ပြာကို သန့်ရှင်းသော ဂင်္ဂါမြစ်ရေထဲမှာ မျှောလိုက်ခြင်းက နောင်တမလွန်မှာ သုဂတိဘုံသို့ရောက်စေသည်တဲ့။

ဒီအထိ ပြဿနာကြီးကြီးမားမားလို့ မဆိုနိုင်သေး။ ခက်သည်က အဲဒီမြစ်ဝှမ်းမှာ နေထိုင်သူတွေက ဆင်းရဲသူ ဆင်းရဲသားတွေ။ သူတို့မှာ အလောင်းတွေ ပြာကျလောက်အောင် မီးရှို့နိုင်သော ထင်းဖိုးကမရှိ။ ဒီကြားထဲ ထင်းဈေးက ခေါင်ခိုက်အောင် တက်လာသေးသည်။ တစ်ဖက်ကလည်း ကွယ်လွန်သွားသည့် ကိုယ့်ဆွေမျိုး၊ ချစ်ခင်သူကို သုဂတိဘုံ ရောက်စေချင်သည်ဆိုသော မြေမြှုပ်သင်္ဂြိုဟ်တာမျိုးလည်း မလုပ်ချင်း။ မတတ်သာသည့်အဆုံးမှာ အသုဘရှင်တွေခမျာ တစ်ပိုင်းတစ်စ မီးလောင်ထားသော ရုပ်အလောင်းတွေကို ဒီအတိုင်းပဲ ရေမျှောလိုက်ရတော့သည်။ တစ်ခါနှစ်ခါဆိုရင်တော့ ပြဿနာမရှိ အကြိမ်သိန်းသောင်းချီလာတော့ ရေထုညစ်ညမ်းမှု၊ အနံ့အသက်ဆိုးရွားမှု၊ ရောဂါကူးစက်မှုတွေ တရစပ်ဖြစ်လာသည်။

ဒီကြားထဲ ဗူးလေးရာ ဖရုံဆင့် ဆိုသလို မြစ်ကြောင်းတစ်လျှောက် မြို့ရွာတွေမှာ အမှိုက်နှင့် တိရစ္ဆာန်အသေကောင်တွေကို မြစ်ထဲကို စွန့်ပြန်သည်တဲ့။ ဒီလိုပြဿနာတွေကို ကိုင်တွယ်ဖို့ အစိုးရနှစ်ရပ် ခေါင်းခြောက်နေတုန်းမှာ လူဦးရေကတော့ မှန်မှန်တိုးပွားလာနေသည်။ အိန္ဒိယနိုင်ငံတစ်ခုတည်းကတင် တစ်နှစ်ကို လူဦးရေ ၁၈ သန်းလောက် မှန်မှန်တိုးတိုးလာနေသည်။ နောက်ဆုံးမှာ ညစ်ညမ်းနေသောမြစ်ကို သန့်ရှင်းဖို့ အိန္ဒိယအစိုးရက မြစ်ဝှမ်းတစ်လျှောက် မြို့ ၂၉ မြို့မှာ လျှပ်စစ်ဓာတ်အားသုံး မီးသင်္ဂြိုဟ်စက် ၃၂ ခုဆောက်ပြီး ထင်းအသုံးပြုသင်္ဂြိုဟ်စရိတ်ထက် သက်သာသောနှုန်းထားဖြင့် အသုဘကိစ္စဆောင်ရွက်ပေးဖို့ပြင်ဆင်ပါတော့သည်။ ရေမျောရုပ်ကလာပ်တွေကို ရှင်းလင်းဖို့ အသားစားလိပ် ၂၅,၀၀၀ ကိုလည်း မြစ်ထဲကိုလွှတ်ထားလိုက်သည်တဲ့။

စီမံကိန်းအရ ပြဿနာတွေက အေးမလိုလို ထင်ရပေမယ့် လက်တွေ့မှာ အကြောင်းအမျိုးမျိုးကြောင့် မီးသင်္ဂြိုဟ်စက်တွေကို အဆုံးသတ် မတည်ဆောက်နိုင်၊ တည်ဆောက်ပြီး စက်တွေကလည်း စွမ်းအားပြည့် မလည်နိုင်။ ခက်သည်က ဒေသခံတွေကလည်း အဲဒီမီးသင်္ဂြိုဟ်စက်တွေကို သိပ်သဘောမတွေ့။ ဒီကြားထဲ ရုပ်ကလာပ်အကြွင်းအကျန်တွေ ရှင်းဖို့လွှတ်ထားသည့်လိပ်တွေက မာလကစျာန်ကြွကုန်ကြသည်။ အကြောင်းရင်းကို ရှာတော့ မြစ်ဝှမ်းတစ်လျှောက်မှ ဒေသခံတွေက ဘာသာရေးယုံကြည်ချက်အရ ကံကောင်းစေဖို့၊ အဆိုးအညစ်တွေ ပျောက်ဖို့၊ ယတြာချေဖို့ ပစ္စည်းပစ္စယမျိုးစုံကိုမြစ်ထဲပစ်ကြပြန်သည်တဲ့။ အဲဒီပစ္စည်းတွေမှာ သုံးထားသည့် သုတ်ဆေးတွေ၊ ဓာတုဆေးတွေက မြစ်ကိုအကြီးအကျယ်ထပ်မံညစ်ညမ်းစေပြီး လိပ်တွေကိုပါ သေစေသတဲ့။

အခုတော့ မြစ်က ညစ်ညမ်းရုံမက လူတွေကို ရောဂါမျိုးစုံဖြန့်ဖြူးပေးနေပြီတဲ့။ အဲဒီဆောင်းပါးကိုဖတ်ရင်း ကျွန်တော် သံသယနည်းနည်းဝင်လာသည်။ မြစ်ရေကို လူတွေ ချိုးရင်း သောက်ရင်းက ရောဂါရတာဆိုရင် မြစ်ရေကို သန့်စင်ပြုပြင်ပြီးမှ သုံးရင်ရော မဖြစ်ဘူးလား။ သိချင်စိတ်နဲ့

ပြီး တည်းခိုရာ ဟိုတယ်အပြန်မှာ ပြည်နဝဒေးတံတားပေါ်က မြင်ခဲ့ရသော ရေဝတီ၏ အကျည်းတန်လှသည့် သောင်စောက်များ၊ ပခုက္ကူရွှေချောင်း၏ ရုတ်တရက်ထကြွလာသောရေလုံးများ၊ ဆရာမောင်သာချို၏ ဝါးဘလောက်သောက်မြစ် ပျောက်ဆုံးခြင်း ဆိုသော ဆောင်းပါး၊ မြစ်ဝါမြစ်ကမ်းပါးက တရုတ်ဒုက္ခသည်များ၊ ကျောက်ဖယားမြစ်၏ ရေစူးပြောင်းလဲမှုများ စသည်ဖြင့် အတွေးထဲမှာ အချက်အလက်စုံ ဝေ့လည်နေခဲ့သည်။

လွန်ခဲ့သောသုံးလလောက်မှာ ထိုင်းနိုင်ငံတစ်လွှားက မြစ် ၂၈ စင်းကို မြစ်အူကြောင်းရှာပြီး ဘူမိမြေပုံတချို့ ကျွန်တော်ပြုစုပေးခဲ့ရသည်။ ဂြိုဟ်တုစနစ်သုံး GIS စနစ်ကနေ အဲဒီမြစ်တွေကို ကျွန်တော် ခြေရာကောက်ခဲ့ရသည်။ မျက်ရိုးကိုက်လောက်အောင် အလုပ်ရှုပ်ရင်းက ပဥ္စလက်ဆန်လှသောမြစ် ဆောင်းပါးကို ဖတ်တော့မှ တကယ့်ပြဿနာကို တွေ့ပြီး ကျွန်တော်ပါစိတ်ညစ်သွားသည်။ ဂင်္ဂါမြစ်ရေကို ချိုးတာ၊ ရေထဲမှာ ငုပ်တာ၊ ရေကိုသောက်တာ၊ အိမ်မှာ ရေကို ဆောင်ထားတာက ကံကောင်းခြင်းများကို ဆောင်ကြဉ်းပေးကြောင်း ဘာသာရေးယုံကြည်ချက်အရ တစ်နေ့ကို လူတစ်သန်းလောက် မြစ်ဆီကိုလာကြသည်တဲ့။ Miller and Spoolman ၏ စာအုပ်ထဲမှာ ဟိန္ဒူပွဲတော်တစ်ခုအတွင်း ဂင်္ဂါမြစ်ထဲဆင်းပြီး ဆုတောင်းကြ၊ ရေချိုးကြ၊ ရေသောက်ကြ၊ ရေငုပ်ကြလုပ်နေသောလူတွေပုံကို ပြထားသည်။ ကူးစက်ပြီပေါ့ ရေမှာ ပေါက်ပွားသော ရောဂါ Water Born Diseases တွေ။

သေချာအောင် အင်တာနက်မှာ တက်ရှာတော့ သတင်းဌာနတစ်ခုက တင်ထားသော ဗီဒီယိုဖိုင်လေးတစ်ခုကိုတွေ့ရသည်။ ဗီဒီယိုထဲမှာ ပွဲတော်တစ်ခုကို လာကြသောလူတွေ ဂင်္ဂါမြစ်တစ်လျှောက်မှာ မည်းမည်းလှုပ်နေသည်။ လူအများစုက သာမန်ပြည်သူတွေ၊ အချို့က အဝတ်မပါသော၊ မုတ်ဆိတ်အရှည်ကြီးတွေထားသော ဆာဒှူးကြီးတွေ။ အားလုံးက မြစ်ရေထဲ လူဆင်းရင်း ပျော်ရွှင်နေကြသည်။ လူအုပ်ထဲက တစ်ယောက်ကို သတင်းထောက်က အင်တာဗျူးတော့ "ကျွန်တော် ဂင်္ဂါကို ချစ်တယ်၊ ဂင်္ဂါက ကံကောင်းစေတယ်" လို့ ဖြေရင်း လက်ထဲက ပြောင်ပြောင်လက်လက်အရာနှစ်ခုကို မြစ်ထဲလှမ်းပစ်လိုက်သည်။ ဘာတွေလဲလို့ သတင်းထောက်က ထပ်မေးတော့ တစ်ခုက ဂင်္ဂါသယ်သွားပေးမယ့် ကျွန်တော့်အဆိုးအညံ့တွေ၊ နောက်တစ်ခုက ဂင်္ဂါအတွက် ကျွန်တော့် မေတ္တာတွေဟု ဖြေပါသည်။

တိုက်တိုက်ဆိုင်ဆိုင် သိပ်မကြာခင်ရက်များဆီက ကျွန်တော့်ဆီကို အရောင်နှင့် အနည်အနည်းငယ်ပါသော ရေပုလင်းတစ်လုံး ရောက်လာပါသည်။ နာမည်ကျော် AIT တက္ကသိုလ်မှ အိန္ဒိယသူငယ်ချင်းတစ်ယောက်က ကျွန်တော့်အတွက် ကံကောင်းစေဖို့ ဂင်္ဂါမြစ်ရေကို တကူးတက ကဲ့ သယ်လာခြင်းဖြစ်ပါသည်။ အားနာနာနှင့်ယူထားပြီး အလုံပိတ်ကာ ပိုးသတ်ဆေးနှင့် အထပ်ထပ်ဆေးထားသော ပုလင်းကိုကြည့်ရင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အင်ဂျင်နီယာတစ်ယောက်၏ မြစ်တစ်စင်းအတွက် ချစ်ခြင်းမေတ္တာကို ဂင်္ဂါကြားလောက်အောင် ပြောပြလိုက်ချင်ပါတော့သည်။ ။

7DAY NEWS JOURNAL

# Current Affairs

Vol.11, No.18 • JULY 12 , 2012

## ကျမ်းသစ္စာကျိန်ဆိုပြီးနောက် ဒေါ်အောင်ဆန်းစုကြည်၏ လွှတ်တော်ပထမနေ့

**သီဟ**

"ဒီနေ့လွှတ်တော်ထဲမှာ သတင်းယူတဲ့သူများတယ်။ အကြောင်းတစ်ခုခုတော့ ရှိရမယ်"ဟူသောစကားကို ပြုံးချိုသော မျက်နှာဖြင့်ပြောကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ကော့မှူးမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အောင်ဆန်းစုကြည်ထံ လက်ကမ်းနှုတ်ဆက်လိုက်သူကတော့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းပင်ဖြစ်သည်။



ဓာတ်ပုံ-သီဟ

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ကော့မှူးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါ်အောင်ဆန်းစုကြည်သည် ဇူလိုင် ၃ ရက်က စတင်သည့် ပြည်သူ့လွှတ်တော်သို့ ဇူလိုင် ၉ ရက်တွင် တက်ရောက်ရန် ရောက်ရှိလာခြင်းဖြစ်သည်။

ဥရောပနိုင်ငံများသို့ခရီးရှည်ထွက်ခဲ့သောနိုဗယ်ငြိမ်းချမ်းရေးဆုရှင် ဒေါ်အောင်ဆန်းစုကြည်သည် ဇွန် ၃၀ ရက်က မြန်မာနိုင်ငံသို့ပြန်လည် ရောက်ရှိခဲ့သော်လည်း ခရီးပင်ပန်းခြင်း၊ ကော့မှူးမြို့နယ်မှ မဲဆန္ဒရှင်များနှင့် တွေ့ဆုံလိုခြင်းနှင့် ပါတီအစည်းအဝေးများ ခေါ်ယူလိုခြင်း စသည်တို့ကြောင့် ခွင့်သုံးရက် ယူခဲ့သည်။ မေ ၂ ရက်က ကျင်းပခဲ့သောလွှတ်တော်အစည်းအဝေးတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် NLD ကိုယ်စားလှယ်များ ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

ကျမ်းသစ္စာ ကျိန်ဆိုပြီးနောက် လွှတ်တော်သို့ ပထမဆုံးအကြိမ်တက်ရောက်သော ဒေါ်အောင်ဆန်းစုကြည်ကိုလွှတ်တော်စတက်သောနေ့ အတွေ့အကြုံနှင့်ပတ်သက်၍ သတင်းထောက်များ၏ အမေးကို "အစပိုင်းဆိုတော့ အလုပ်တော့ များမှာပေါ့" ဟုပြောသည်။

"လုပ်ဖော်ကိုင်ဖက်တစ်ဦးအနေနဲ့ပိုကောင်းပါတယ်။ အရင်ကလွှတ်တော်ရဲ့လုပ်ပုံကိုင်ပုံ၊ လုပ်ထုံးလုပ်နည်းတွေကို ပထမတုန်းက သူတို့ အတိအကျမသိသေးဘူးလို့ ယူဆတယ်လေ။ အပြင်ကပြောတာနဲ့ အတွင်းထဲကကြည့်တာ မတူဘူး။ အတွင်းထဲကဆိုတော့ ထဲထဲဝင်ဝင်ဖြစ်တဲ့အတွက် တစ်ပြည်လုံး အန်ကယ်တို့ လုပ်ကိုင်နေတာ၊ လွှတ်တော်ရဲ့ လုပ်ကိုင်နေတာတွေကို နားလည်သဘောပေါက်ပြီးတော့ လက်ခံလာပြီးတော့ပူးပေါင်းဆောင်ရွက်သွားမယ်လို့ထင်တယ်"ဟုပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ မလှိုင်မြို့နယ် မဲဆန္ဒနယ်ကိုယ်စားလှယ်ဦးအေးမောက်ကပြောသည်။

လက်ရှိအစိုးရ၏ ဒီမိုကရေစီဖော်ဆောင်မှုအပေါ်တွင်လည်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှုတွင် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ကိုယ်စားလှယ်များအနေဖြင့် အပြည့်အဝနီးပါး ပူးပေါင်းဆောင်ရွက်နိုင်ဖွယ်ရှိသည်ဟု ဦးအေးမောက်ကပြောသည်။

ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ကိုယ်စားလှယ်များ လွှတ်တော်တွင်းဝင်ရောက်မှုအပေါ် တိုင်းရင်းသားပါတီတစ်ခုဖြစ်သည့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ၏ကျောက်မဲမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဆောင်စီက "ဒီမိုကရက်တစ်အနေနဲ့ အင်အားပိုကောင်းလာတာပေါ့။ အခုရက်တွေမှာလည်း NLD က လွှတ်တော်ကိုယ်စားလှယ်တွေ ဆွေးနွေးတာ အားလုံးက အားရစရာကောင်းတယ်။ အဲဒီတော့ဒီမိုကရက်တစ်အင်အားစုတွေအနေနဲ့ အားဖြစ်ပါတယ်" ဟု ပြောကြားသည်။

ဒေါ်အောင်ဆန်းစုကြည်အပေါ်တွင်တော့ "ဒေါ်အောင်ဆန်းစုကြည်ကတော့ ပုဂ္ဂိုလ်ရေးအရဘာမှပြောစရာမရှိဘူးလေ။ လုပ်မယ့်အလုပ်တွေက လွှတ်တော်ကနေအခုမှစတာဆိုတော့အကောင်းလည်းမြင်တယ်။ အရည်အချင်းကိုလည်း အစကတည်းက သိပြီးသားဆိုတော့။ ဒါပေမဲ့ပြောဖို့ဆိုတာတော့ ဒီနေ့မှ စတာဆိုတော့ စောင့်ကြည့်ရမယ်လေ"ဟုဦးစိုင်းဆောင်စီက ပြောသည်။

"ဒေါ်စုအပေါ်မှာ လုပ်တာကိုင်တာနဲ့ ပတ်သက်လို့ ပြောတာဆိုတာနဲ့ပတ်သက်လို့သူ့ရဲ့Speech တွေIdeology တွေကောင်းပါတယ်။ အကုန်နီးပါးမဟုတ်တောင် တချို့ဟာလေးတွေ တစ်ခုစနှစ်ခုစ ကွဲလွဲတာတွေ ရှိကောင်းရှိနိုင်တယ်။ အများနဲ့ဆိုင်တဲ့ ကိစ္စတွေမှာတော့ Ideology ကောင်းပါတယ်"ဟုဦးအေးမောက်ကလည်း သူ၏ဒေါ်အောင်ဆန်းစုကြည်အပေါ် ၎င်း၏ ပုဂ္ဂလိကအမြင်ကို ပြောပြသည်။

NLD ပါတီ၏ လွှတ်တော်တွင်း နောက်ပိုင်းလုပ်ဆောင်မည့် လုပ်ဆောင်ချက်များနှင့်ပတ်သက်၍လည်း NLD ပါတီမှ ပြင်ဦးလွင်မြို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်သီဟက "တကယ်တမ်းလွှတ်တော်ထဲမှာ အခြေအနေကို ကြည့်ပြီးမှ အဆိုတင်တာရော၊ မေးခွန်းမေးတာတွေရော ကိုယ်တို့အနေနဲ့ နဂိုကတည်းက ပြင်ဆင်ထားတာရှိပါတယ်။ အန်တီနဲ့ကိုယ်တိုင်ဆိုတော့ ပိုပြီးတော့မှ အားထည့်ပြီး လုပ်စရာရှိတာတွေ ရှိလာမှာပေါ့။ သူ့ရဲ့ လမ်းညွှန်မှုနဲ့ဆိုတော့ ပိုပြီးတော့ အားကောင်းလာနိုင်ပါတယ်"ဟု ပြောကြားသည်။

၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် မဲအများဆုံးရရှိခဲ့သည့် NLD ပါတီသည် ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် ကိုယ်စားလှယ် ၄၅ နေရာအနက် ၄၃ နေရာအနိုင်ရရှိခဲ့ပြီး လာမည့် ၂၀၁၅ခုနှစ်တွင်ထပ်မံကျင်းပမည့် ရွေးကောက်ပွဲတွင်လည်း အင်အားကြီးပါတီတစ်ခုအဖြစ် ရပ်တည်လာနိုင်ဖွယ်ရှိသည်ဟု နိုင်ငံရေး စောင့်ကြည့်လေ့လာသူများက ခန့်မှန်းကြသည်။

"၂၀၁၅ ရွေးကောက်ပွဲမှာ အဓိကပြိုင်ဘက်ပါတီဖြစ်လာနိုင်တယ်လို့ ယူဆတယ်။ အဓိကပါတီဖြစ်လာနိုင်သလို အမှန်အတိုင်းပြောရရင် ဒီအတိုင်းသာ မှန်မှန်ကန်ကန်ဆက်သွားရင် ဒီထက်ပိုမိုအောင်မြင်မှုရနိုင်တယ်ပေါ့"ဟု ဦးအေးမောက်ကပြောသည်။

ထို့ကြောင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအနေနှင့်လည်း အောက်ခြေမှ အစပြု၍ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရမည်ဖြစ်ကြောင်း ဦးအေးမောက်က ဆက်လက်ပြောကြားသည်။

"အန်ကယ်တို့အနေနဲ့အောက်ခြေကအစ ပြောင်းလဲရမယ်။ အမှန်အတိုင်းပြောရရင် အန်ကယ်တို့က အနှစ်နှစ်အလလက လူထုက မကျေနပ်တာတွေက ဘာပဲပြောပြော ပြည်ခိုင်ဖြိုးပါတီက မလုပ်ပေမယ့်လို့ လူတွေအမြင်မှာ ပြည်ခိုင်ဖြိုးပါတီကပဲလို့ ထင်ကြတာ"ဟု ဦးအေးမောက်က ပြောသည်။

---

## ဟန်ရေးပြလွှတ်တော်မဟုတ်ကြောင်း သူရဦးရွှေမန်းပြောကြား

**သီဟ**

**နေပြည်တော်၊ ဇူလိုင် - ၆**

လွှတ်တော်တွင်း၌ ဆွေးနွေးပြောဆိုမှုများအား ပွင့်ပွင့်လင်းလင်း ရဲရဲဝံ့ဝံ့ သတ္တိရှိရှိဖြင့် ပြောဆိုခြင်းများ လိုလားပါကြောင်း၊ သို့သော် လွှတ်တော်၏ ဂုဏ်သိက္ခာကျဆင်းစေသော ကောက်ချက်ချသည့်နေရာတွင် တစ်မျိုးဖြစ်စေသောကိစ္စမျိုး မရှိစေရန် တိုက်တွန်းကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ယနေ့ပြောကြားသည်။

ပြီးခဲ့သည့် လွှတ်တော်တွင်လည်း ဒီပါတီမှ အစိုးရနှင့် ဒီပါတီမှ လွှတ်တော်ကိုယ်စားလှယ်များကြား ပြောဆိုမှုများအား ဘေးနိုင်ငံများမှပင် မယုံကြည်နိုင်လောက်အောင်ဖြစ်သွားကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကပြောကြားသည်။

"လွှတ်တော်မှာရှိတဲ့ စည်းမျဉ်းစည်းကမ်းတွေကို မိမိတို့တစ်တွေ သိရှိရုံနဲ့မကဘူး။ လိုက်နာဖို့လိုပါတယ်။ စောင့်ထိန်းဖို့လိုပါတယ်။ ဒါကြောင့် လွှတ်တော်တွင်းမှာ ဆွေးနွေးတဲ့အခါမှာ လူပုဂ္ဂိုလ်တစ်ဦးချင်းအတွက်လည်းကောင်း၊ လွှတ်တော်ရဲ့ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြောအဆို အသုံးအနှုန်းများ မရှိဖို့သတိပေးပါတယ်" ဟု သူရဦးရွှေမန်းက ပြောကြားသည်။

"မိမိတို့လွှတ်တော်ဟာ ဟန်ရေးပြလွှတ်တော်မဟုတ်ဘူး။ အဲဒီနည်းတူပဲ မိမိတို့လွှတ်တော်ကို အချိန်တွေကုန်ရအောင် မရောင်ရာဆီလူး၊ မလိုတဲ့စကားတွေပြော၊ အချိန်ဖြုန်းမယ်ဆိုရင် မိမိတို့ရဲ့ လုပ်ငန်းမှာ အနှောင့်အယှက်ဖြစ်မှာဖြစ်တဲ့အတွက် ဒါကိုလည်းလွှတ်တော်ကိုယ်စားလှယ်များအားလုံး သိရှိနားလည်ပူးပေါင်းဆောင်ရွက်ဖို့လိုမှာဖြစ်ပါတယ်"ဟု ဆက်လက်ပြောသည်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ယနေ့ကျင်းပသည့် ပထမအကြိမ်ပြည်သူ့လွှတ်တော်စတုတ္ထပုံမှန်အစည်းအဝေးတတိယနေ့၌လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ အဆိုအားကျန်လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးမှုအပြီးတွင် အထက်ပါစကားများအား ပြောကြားသွားခြင်းဖြစ်သည်။

လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ အဆိုအား ကျန်လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးရာတွင် ပြီးခဲ့သည့် ကြားဖြတ်ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အနိုင်ရရှိခဲ့သည့် ပွင့်ဖြူမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်မိုးညို၏ ဆွေးနွေးချက်တွင် "မည်ကာမတ္တအစိုးရ၊ ဟန်ရေးပြလွှတ်တော်"ဟူသော အသုံးအနှုန်းပါရှိခဲ့သဖြင့် ဥက္ကဋ္ဌက သတိပေးပြောကြားခြင်းဖြစ်နိုင်ကြောင်း ကိုယ်စားလှယ်များက သုံးသပ်ကြသည်။

---

## ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွက် ပထမဆုံး ခနုတိုင်းရင်းသားပါတီပေါ်ပေါက်

**မြတ်စုမွန်**

**ရန်ကုန်၊ ဇူလိုင် - ၇**

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရခနုဒေသအတွက် ပထမဆုံးနိုင်ငံရေးပါတီတစ်ခုဖြစ်သည့် ခနုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီကို တည်ထောင်ခွင့်ပြုလိုက်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ထုတ်ပြန်ကြေညာချက်အရ သိရသည်။

ခနုတိုင်းရင်းသား လူမျိုးများ ဒီမိုကရေစီပါတီ(DNDP)အား ယခုလ ၃ ရက်မှစတင်၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ-၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုခဲ့ခြင်းဖြစ်ပြီး ပါတီမှတ်ပုံတင် အမှတ်မှာ(၅၇)ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ယခုလ ၄ရက်ထုတ် အစိုးရပိုင်သတင်းစာများမှတစ်ဆင့် ထုတ်ပြန်ကြေညာလိုက်သည်။

ယင်းပါတီ၏ဌာနချုပ်ကို ရှမ်းပြည်တောင်ပိုင်း ရွာငံမြို့တွင် ဖွင့်လှစ်မည်ဖြစ်ပြီး ခနုတိုင်းရင်းသားလူမျိုးများ အများဆုံးနေထိုင်သည့် ရပ်စောက်၊ အောင်ပန်း၊ ကလော၊ ဟဲဟိုးနှင့် နောင်ချိုမြို့ များကိုအဓိကထားကာ ပါတီစည်းရုံးရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ပါတီ၏ဥက္ကဋ္ဌက ပြောသည်။ ခနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီဥက္ကဋ္ဌဦးမြသန်းက "ကျွန်တော်တို့ ခနုတိုင်းရင်းသားတွေမှာ ပါတီမရှိခဲ့ဘူး။ တခြားတိုင်းရင်းသားတွေထက်စာရင် ဘာအသင်း၊ ပါတီမှမရှိဘဲ ဒီတိုင်းနေခဲ့ကြတယ်။ အခြားလူမျိုးတွေမှာ ပါတီရှိတယ်။ ပါတီမရှိရင် ကိုယ့်လူမျိုး ကိုယ့်ဒေသအကျိုးကို လုပ်ခွင့်မရဖြစ်မယ်ဆိုပြီး အားလုံးတိုင်ပင်ပြီး ပါတီထောင်လိုက်တာပါ"ဟု 7Day News သို့ ပြောသည်။

ရှမ်းပြည်နယ်တွင် ခနုတိုင်းရင်းသားလူမျိုးစုစုပေါင်းသုံးသိန်း ကျော်နေထိုင်ကြောင်း အထက်ပါပုဂ္ဂိုလ်ထံမှသိရသည်။ မြန်မာနိုင်ငံတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသခြောက်ခုရှိပြီး ၎င်းတို့မှာ ချင်းပြည်နယ်တွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှမ်းပြည်နယ်တွင် ခနု၊ ပအိုဝ့်၊ ပလောင်၊ ဝနှင့် ကိုးကန့်ဒေသများဖြစ်သည်။

မြန်မာနိုင်ငံတွင် လက်ရှိအချိန်၌ နိုင်ငံရေးပါတီစုစုပေါင်း ၅၀ ရှိပြီဖြစ်ပြီး တိုင်းရင်းသားကိုယ်စားပြုပါတီပေါင်း ၂၉ ခုရှိကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ယခုလ ၅ရက်နေ့စာရင်းများအရ သိရသည်။

7 DAY NEWS JOURNAL
Vol.11, No.18 • JULY 12 , 2012

# ကလေးငယ်များ ပညာရေးအလေးထားရန် ဂျက်ကီချန်းတိုက်တွန်း

**အောင်သူရ**

**ရန်ကုန်၊ဇူလိုင်-၇**

ကမ္ဘာကျော်ရုပ်ရှင်သရုပ်ဆောင် ဂျက်ကီချန်းက ကလေးများအတွက်ပညာရေးသည်အလွန်အရေးကြီးသည်ဖြစ်ကြောင်း ဇူလိုင် ၇ ရက်တွင်ဆီဒိုးနားဟိုတယ်၌ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသွားသည်။

"ကျွန်တော် ၁၆ နှစ်သားအထိ စာမရေးတတ်၊ မဖတ်တတ်ပါဘူး။ ကိုယ်ခံပညာပဲတတ်ပါတယ်။ ဒါကြောင့် ဘာအလုပ်မှရှာလို့ မရခဲ့ပါဘူး။ အဖေက ပြောတယ်။ မင်းဒီအတိုင်းဆို အသက် ၄၀ ထိ အလုပ်ရမှာ မဟုတ်ဘူးလို့ ပြောတယ်။ ဒါကြောင့် အသက် ၁၇ နှစ်က စပြီး ABCD စသင်ခဲ့တယ်" ဟု ဂျက်ကီချန်းက သူ့ဘဝနှင့်ရင်း၍ ရခဲ့သော အသိကြောင့် ကလေးများအတွက် ပညာရေးသည် အရေးကြီးကြောင်း ပြောကြားခဲ့သည်။

ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF)က "မြန်မာနိုင်ငံကို သွားမလား" ဟု မေးခဲ့စဉ်က "သွားမည်"ဟုပြောခဲ့သော်လည်း အဲဒီအချိန်က မြန်မာနိုင်ငံနှင့်ပတ်သက်၍ ဒေါ်အောင်ဆန်းစုကြည်နှင့် မြန်မာကိုသာ သိခဲ့ကြောင်း ဂျက်ကီချန်းက ပြောသည်။

တရုတ်နိုင်ငံသားများနှင့် မြန်မာအမျိုးသမီးများအားအဓမ္မလက်ထပ်ထိမ်းမြားရန် ရောင်းစားခံနေရခြင်းနှင့် ပတ်သက်၍ မေးမြန်းသောအခါ"ဒါဟုတ်ပါတယ်။ တရုတ်နဲ့ နယ်စပ်ချင်း ထိစပ်နေလို့ပါ။ မန္တလေးရောက်မှ သိလိုက်ရတာက တရုတ်နိုင်ငံ သာမက မလေးရှားနိုင်ငံကိုပါ ရောင်းစားခံနေရပါတယ်" ဟု ဂျက်ကီချန်းက ပြန်လည်ဖြေကြားခဲ့သည်။

မြန်မာနိုင်ငံတွင်ရှိသော ကလေးသူငယ်များ လူကုန်ကူးခံရခြင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာအစိုးရ အဖွဲ့အစည်းများတွင်သာ တာဝန်ရှိသည်မဟုတ်ဘဲမည်သူမဆို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည့် ကိစ္စဖြစ်ကြောင်း ကွန်ဖူးမင်းသားကြီး ဂျက်ကီချန်းက သတင်းစာရှင်းလင်းပွဲတွင် ထည့်သွင်းပြောကြားသွားသည်။

ထို့ကြောင့်မီဒီယာသမားများအနေဖြင့် ကလေးသူငယ်များသတင်းနှင့် လူကုန်ကူးခံရသည့် သတင်းများကို ပိုမိုဖော်ပြပေးရန်နှင့် နောက်တစ်ခေါက်လာရောက်၍ ကူညီလိုကြောင်း ပြောကြားခဲ့သည်။

ဂျက်ကီချန်းသည်မြန်မာနိုင်ငံမှ မန္တလေးမြို့နှင့် ရန်ကုန်မြို့သို့ လာရောက်သော ၎င်း၏သုံးရက်တာခရီးစဉ်အတွင်း လူကုန်ကူးခံရသော ကလေးငယ်များ၊ မိဘမဲ့ကလေးငယ်များ၊ အရွယ်မရောက်မီ အလုပ်လုပ်နေရသော ကလေးငယ်များ၊ လေလွင့်ကလေးငယ်များနှင့် အိတ်ချ်အိုင်ဗီရောဂါကူးစက်ခံရသည့်ကလေးငယ်များနှင့် တွေ့ဆုံခဲ့သည်။

ဂျက်ကီချန်းသည် ၁၉၅၄ ခုနှစ်တွင် ဟောင်ကောင်မြို့၌ မွေးဖွားခဲ့ပြီး ၂၀၀၄ ခုနှစ်မှစ၍ အဆင်းရဲဆုံးနှင့် အချို့တဲ့ဆုံးကလေးများအတွက် လူသားချင်းစာနာမှုဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရန် ယူနီဆက်ဖ်၏ ချစ်ကြည်ရေးသံတမန်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသည်။



ရန်ကုန်မြို့၊ ရတနာ့မေတ္တာအဖွဲ့မှ စောင့်ရှောက်ထားသော ကလေးငယ်များ၊ ဝန်ထမ်းများနှင့်အတူတွေ့ရသည့် ဂျက်ကီချန်း

(ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ))


# ခဏတာနှင့် တစ်ဘဝစာ စိတ်ခွန်အားပေးခဲ့သူ (သို့မဟုတ်) ဂျက်ကီချန်း

**ညီညီဇော်**

မြန်မာကလေးတိုင်းလိုလိုနှင့် ရင်းနှီးသည့် ကွန်ဖူးမင်းသား ဂျက်ကီချန်းသည် ဇူလိုင် ၅ ရက်တွင် မြန်မာနိုင်ငံ၏ နန်းတွင်းမြို့တော်မန္တလေးသို့ သူ၏ကိုယ်ပိုင်လေယာဉ်ဖြင့် ရောက်ရှိလာခဲ့သည်။ သူ့ကို သဲသဲလှုပ်အားပေးသောပရိသတ်များနှင့် တွေ့ဆုံရန်မဟုတ်၊ စီးပွားရေးသမားများအကြိုက် ကြော်ငြာရိုက်ကူးရန်လည်း မဟုတ်သလို အမှတ်တရလက်မှတ်များ ရေးထိုးပေးရန်လည်းမဟုတ်ခဲ့ပါ။

လူကုန်ကူးခြင်း၏ သားကောင်များအဖြစ် ရောက်ရှိခဲ့ရဖူးသော ကလေးငယ်များ၊ မိဘမဲ့ ကာရင်ခွင်ပျောက်နေသော ကလေးငယ်များ၊ ဘဝကို ပြန်လည်ထူထောင်နေသော အမျိုးသမီးငယ်များအတွက် စိတ်ခွန်အားများ ပေးစွမ်းနိုင်ရန်ရောက်ရှိလာသော ခရီးစဉ်ပင်ဖြစ်သည်။

စာ(၃၀) သို့




© AP Photo

# ဖူးစာရေးနတ် ရက်စက် ပေါင်းဖက်ရလေသောအခါ

အားမာန်

**တရုတ်** နိုင်ငံတွင် လူကုန်ကူးခံရ၍ သေပြေးရှင်ပြေး ထွက်ပြေးပြီး လွတ်မြောက်လာသော ခင်နုတစ်ယောက် အမိနိုင်ငံ၏ လူကုန်ကူးခံရသူများ စောင့်ရှောက်သောဂေဟာ ရောက်သောအခါသူမအတွက်အံ့သြစရာများ ကြုံနေရသည်။

လူကုန်ကူးသူလင်မယားနှစ်ယောက်က မန္တလေးတွင် အလုပ်သွင်းပေးမည်ဆိုပြီး တရုတ်နိုင်ငံသို့ခေါ်သွား၍ တရုတ်အမျိုးသားများနှင့် အဓမ္မထိမ်းမြားလက်ထပ်ရန် ကြိုးပမ်းနေခြင်းမှ အသက် ၂၃ အရွယ် ခင်နု(ကာယံရှင်ဆန္ဒအရအမည်ပြောင်းထားပါသည်) ကံကောင်း၍လွတ်မြောက်လာခြင်းဖြစ်ပါသည်။ သူမကလွတ်မြောက်လာ၍ ပျော်ရွှင်နေချိန်တွင် လူကုန်ကူးခံရသူများ စောင့်ရှောက်သောဂေဟာရှိဘဝတူအခြားမိန်းကလေးအချို့မှာ တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်ရောက်လာ၍ ဝမ်းနည်းနေကြသည့်အတွက် သူမအံ့သြနေခြင်းဖြစ်ပါသည်။ ထိုသို့ တရုတ်နိုင်ငံတွင် အဓမ္မထိမ်းမြားလက်ထပ်ခံခဲ့ရပြီး သားသမီးများရပြီးကာမှမြန်မာနိုင်ငံသို့လူကုန်ကူးခံရသူများအဖြစ်ပြန်ရောက်လာသော မိန်းကလေးများမှာ ခင်နုကဲ့သို့ ထွက်ပြေးလာခြင်းမဟုတ်ဘဲ တရုတ်ရဲများကဖမ်းပြီး ပြန်ပို့သဖြင့် ရောက်ရှိလာကြသူများသည်။

"သူတို့က ဟိုမှာကျန်ခဲ့တဲ့ သားသမီးတွေ၊ ယောကျ်ားတွေကို လွမ်းနေတာ။ ကယ်ဆယ်ရေးစခန်းမှာတွေ့ခဲ့တဲ့ တရုတ်မှာလက်ထပ်ခဲ့ရတဲ့ မိန်းကလေးအများစု က လေးရထားကြပြီး သားတွေများတယ်။ တချို့ကတော့ ယောကျ်ားထက် ကလေးကို ပိုလွမ်းပြီး ပြန်ချင်နေကြတာ"ဟုရန်ကုန်မြို့တောင်ဥက္ကလာပမြို့နယ်နေ ခင်နုက သူမ၏အတွေ့အကြုံကိုပြန်လည်ပြောပြသည်။

မြန်မာနိုင်ငံမှ လူကုန်ကူးခံရသော အမျိုးသမီးအများစုမှာ တရုတ်နိုင်ငံသို့ဖြစ်ပြီး၊ တရုတ်အမျိုးသားများနှင့် အဓမ္မထိမ်းမြားလက်ထပ်ရန် ရောင်းစားခံကြရခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၂၀၁၁ ခုနှစ် ဩဂုတ်လ ၃၁ ရက်ထိ ဖော်ထုတ်ရရှိခဲ့သော လူကုန်ကူးမှုစုစုပေါင်း ၇၃၁ မှုတွင် ၇၀ ရာခိုင်နှုန်းခန့်မှာ အဓမ္မထိမ်းမြားလက်ထပ်ရန် ရောင်းစားခံကြရခြင်း ဖြစ်သည်။ အထူးသတိပြုရမည့်အချက်မှာနယ်စပ်ဖြတ်ကျော်လူကုန်ကူးမှုဖြစ်စဉ်အားလုံး၏ ၈၀ ရာခိုင်နှုန်းမှာ တရုတ်နိုင်ငံသို့ ဦးတည်ခဲ့သည်။

လူကုန်ကူးမှုစုစုပေါင်း ၁၃၆ မှု ဖော်ထုတ်နိုင်ခဲ့သော ၂၀၁၁ ခုနှစ်တစ်နှစ်အတွင်းမှာပင် ၈၉ မှုမှာ အဓမ္မထိမ်းမြားလက်ထပ်ရန် ဖြစ်ပြီး အားလုံးနီးပါးမှာ တရုတ်နိုင်ငံတွင် ဦးတည်ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

**အချပ်ပို(B)သို့**






## စာ – ၂၈၊ ခဏတာနှင့် တစ်ဘဝစာ စိတ်ခွန်အားပေးခဲ့သူ ဂျက်ကီချန်း မှ

မန္တလေးတွင် နေထိုင်ခဲ့သည့် နှစ်ရက်တာအတွင်း ဗုဒ္ဓဘာသာ မိဘမဲ့ကလေးများကျောင်း၊ အမျိုးသမီးအသက်မွေး အတတ်သင်ကျောင်း၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ အ. လ. က (၂၂)တို့ကို သွားရောက်ကာ ကလေးငယ်များ၊ လူငယ်များနှင့် အချိန်ပေးတွေ့ဆုံခဲ့သည်။

"သူလာမယ်ဆိုတာ လာမယ့်နေ့မှ သိတာ။ တီဗီထဲမှာပဲ မြင်ဖူးတာ။ အခုအပြင်မှာ တွေ့ရတော့ အရမ်းပျော်တာပေါ့။ သူ့ကို အကြာကြီးနေစေချင်တယ်။ မပြန်စေချင်ဘူး" ဟု ဂျက်ကီချန်းနှင့် စကားစမြည်ပြောဖြစ်ခဲ့ကာ သူ၏ ခုတင်ပေါ်တွင် သူနှင့်အတူ ဂျက်ကီချန်းထိုင်သွားခဲ့သဖြင့် ဂုဏ်ယူလျက်ရှိသောအသက်၉နှစ်အရွယ် ပအိုဝ်ကျောင်းသားငယ်က ပြောသည်။ ဗုဒ္ဓဘာသာမိဘမဲ့ကျောင်းသို့ရောက်သည့်ညနေတွင် လူများနေသည့်အတွက် နောက်တစ်နေ့တွင် ထပ်မံလာရောက်သော ဂျက်ကီချန်းက တိုင်းရင်းသားမိဘမဲ့ ကလေးများ နေထိုင်ရာ ကျောင်းအတွင်းတွင် ပအိုဝ်ကျောင်းသားနည်းတူ အခြားတိုင်းရင်းသား ကလေးငယ်များကိုလည်း လက်ဆွဲနှုတ်ဆက်လျက် နွေးနွေးထွေးထွေးဆက်ဆံခဲ့ပြီး သူကိုယ်တိုင်ကလည်း မိဘမဲ့ဘဝဖြင့် ယခုအခြေအနေ ရောက်လာခဲ့ကြောင်း ကလေးတွေကို အားပေးစကားများပြောခဲ့သည်။

"ကလေးတွေက ဂျက်ကီချန်းက သူတို့လို မိဘမဲ့ဘဝကနေ ဒီဘဝရောက်လာတာကို အရမ်းအံ့ဩကြတယ်။ အားကျသွားကြတယ်။ ဂျက်ကီချန်းလာသွားတာ သူတို့လေးတွေကို အားသစ်အင်သစ်ဖြစ်စေခဲ့တယ်"ဟု အဆိုပါကျောင်းမှဆရာမတစ်ဦးက ပြောသည်။ ကမ္ဘာ့ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့၏ သံတမန်တစ်ဦးအဖြစ်လာရောက်သောဂျက်ကီချန်းသည်မန္တလေးမြို့တွင်ကလေးငယ်များနှင့်အတူ ဘောလုံးကန်ခဲ့သလို မိန်းကလေးကျောင်းမှမိန်းကလေးများနှင့်အတူ နွေဦးကဗျာအကပင် ဝင်ကခဲ့သေးသည်။

ပြစ်ဒဏ်အသီးသီးဖြင့်ရောက်ရှိလာသော လူငယ်များရှိရာ လူငယ်သင်တန်းကျောင်းသို့ရောက်ခဲ့သောအခါတွင်လည်း ဆံပင်ညှပ်သင်တန်းအခန်းတွင် ကိုယ်တိုင်ဝင်ညှပ်ပေးခဲ့သည့် အခါမှာတော့ လူငယ်များ သဘောကျမဆုံးရှိခဲ့သည်။

"ကမ္ဘာကျော်သရုပ်ဆောင်တစ်ယောက်က သူတို့နဲ့ ဒီလိုရင်းရင်းနှီးနှီးနေသွားတဲ့အတွက် ကလေးတွေယုံကြည်မှုတိုးလာတယ်" ဟု လူငယ်သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဦးကျော်သူနိုင်က ပြောသည်။

ပရိသတ်များ သိပ်မသိသောစွမ်း ရည်တစ်မျိုးလည်း ကွန်ဖူးအကျော်အမော်က တတ်ကျွမ်းထားသည်။ မန္တလေး နားမကြားသော ကလေးများကျောင်းသို့ရောက်သည့် အခါတွင် လက်ချောင်းလေးများဖြင့် ကျင်လည်စွာလှုပ်ရှားရင်း တစ်ဦးနှင့်တစ်ဦးဆက်သွယ်သည့် သင်္ကေတ (Sign Language)ဖြင့် စိတ်ဓာတ်မကျရန်၊ ပညာတတ်အောင်သင်ကြားဖို့ မှာသွားသည်။ ကလေးများကိုလည်း လက်သင်္ကေတများဖြင့် မိသားစုအိမ်ကလေးအကြောင်း စပ်ထားသည့် သီချင်းတစ်ပုဒ်ဆိုပြခဲ့ပြီး နားမကြား ကလေးငယ်များကလည်း အားကျမခံ 'တို့ချစ်တဲ့ကမ္ဘာ' သီချင်းပြန်ဆိုကာ သူတို့အားလုံးအကြား နွေးနွေးထွေးထွေးရှိခဲ့သည်။

ပြည်ကြီးတံခွန်မြို့နယ်ရှိ ကျောင်းပြင်ပမူလတန်းပညာရေးစနစ်ဖြင့် ပညာသင်ကြားနေရသည့် ကလေးငယ်များနှင့် တွေ့ဆုံသည့်အချိန်တွင်လည်း အလုပ်တစ်ဖက်နှင့် ပညာသင်ကြားနေသည့် ကလေးများ၏ ကိုယ်တိုင်ပြောအကြောင်းအရာများကိုဂျက်ကီချန်းကစိတ်ပါလက်ပါနားထောင်ခဲ့သည်။ တစ်ခါတစ်ရံ ကလေးငယ်များကိုပွေ့ဖက်နမ်းရှုပ်သည်။ ကလေးများတင်ဆက် ကပြသော သရုပ်ဖော်ပုံပြင်များကိုလည်း တပြုံးပြုံးနှင့် အားပေးခဲ့သည်။ သေချာသည်မှာ ထိုနေ့သည် ကလေးငယ်များ ဘဝအတွက် အမှတ်တရနေ့စွဲအဖြစ် ကျန်ရစ်ခဲ့ပေသည်။

သာမန်ကလေးများ၊ လူငယ်များထက် ချို့တဲ့ကာ စိတ်ဒဏ်ရာအသီးသီး ရနေကြပြီး အားငယ်ဝမ်းနည်းနေသည့် ကလေးငယ်၊ လူငယ်များကို အချိန်ပေး၊ သီးသန့်တွေ့ဆုံအားပေးရန် ဂျက်ကီချန်းက သူ့ကို အူလှိုက်သဲလှိုက် တွေ့ချင်နေသည့် ပရိသတ်ကို ဥပေက္ခာပြုရသည်။ ပရိသတ်အချို့ မတွေ့ရ၍ အားမလိုအားမရဖြစ်ကြသည်။ သတင်းသမားအချို့ ဓာတ်ပုံကောင်း ရိုက်ခွင့်မရသဖြင့် မချင့်မရဲဖြစ်ကြသည်။ ကလေးများ၏ သံတမန်ကွန်ဖူးဘုရင် ဂျက်ကီချန်းကတော့ သူ၏ ခရီးစဉ်ကိုကျေနပ်အားရသည်ဟုပြောသွားခဲ့ပြီး သူနှင့်တွေ့ဆုံခဲ့သမျှထဲမှ မိဘမဲ့ကလေးများကို စိတ်အားမငယ်ဘဲ သူ့ကဲ့သို့ မိဘမဲ့ဘဝမှ အောင်မြင်သည့် လူတစ်ယောက်ဖြစ်အောင် ကြိုးစားရန် အားပေးသည်။ လမ်းပျော်ကလေးများကို ဘယ်သူခေါ်ခေါ် မလိုက်ရန်၊ ရဲစခန်းဖုန်းနံပါတ်များ သိထားအောင်လုပ်ရန် အတန်တန်မှာသည်။ ပညာတတ်ကြီးများဖြစ်အောင်မှာသည်။

"ဂျက်ကီချန်းက သူ့ကိုသတိရရင် ပညာတတ်အောင်သင်ဖို့၊ လူဆိုးတွေနဲ့မပေါင်းဖို့၊ မူးယစ်ဆေးမသုံးဖို့ ပြောသွားတယ်။ သာမန်လူမဟုတ်ဘဲ ကမ္ဘာကျော်ပြောတော့ အရမ်းထိရောက်ပါတယ်" ဟုပြည်ကြီးတံခွန် အ. လ. က(၂)မှ ကျောင်းအုပ်ကြီး ဒေါ်ပြုံးမြိုင်ကပြောသည်။

မိဘမဲ့ကလေးများ၊ လူကုန်ကူးခြင်း၏ သားကောင်အဖြစ်ရောက်ရှိခဲ့သူများ၊ ဘဝကို အားငယ်စွာဖြတ်သန်းနေကြသည့်မိန်းကလေးများ၊ လမ်းပျော်ကလေးများကို ကမ္ဘာကျော်လည်းဖြစ် ကလေးများ၏ အသည်းကျော်လည်းဖြစ်သည့် ဂျက်ကီချန်းက သူ၏သုံးရက်တာခရီးအတွင်း စိတ်ခွန်အားများ ပေးသွားသည်။ ထိုစိတ်ခွန်အားဖြင့် သူတို့ကလေးတွေ ခရီးများဆက်ကြပါလိမ့်မည်။ ။


### ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း
### မြန်မာဘရူဝါရီလီမိတက်

အမှတ်–၄၅၊အမှတ်(၃)လမ်းမကြီး၊ ပျဉ်းမပင်စက်မှုဇုံ၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

တင်ဒါခေါ်ယူသည့်လုပ်ငန်းအမည်များမှာ ။ ။

(၁) မြန်မာဘရူဝါရီလီမိတက်မှ ထုတ်ကုန်များ (စည်၊ ကဒ်၊ ကာတွန်းဘီယာများ)ကို စက်ရုံဂိုဒေါင်မှ အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်ရှိ တဆင့်ခံဖြန့်ဖြူးရောင်းချရေး သိုလှောင်ရုံခွဲများသို့ သယ်ယူပို့ဆောင်ခြင်း၊ ပြန်လည်ပို့ဆောင်သယ်ယူခြင်းလုပ်ငန်း၊

(၂) မြန်မာဘရူဝါရီလီမိတက်မှ ထုတ်ကုန်များ (စည်၊ ကဒ်၊ ဘီယာများ)ကို သိုလှောင်ရုံခွဲများမှ အရောင်းဆိုင်များသို့ တိုက်ရိုက်ပို့ဆောင်ခြင်းနှင့် အခွံပြန်လည်သိမ်းယူခြင်းလုပ်ငန်း၊

(၃) ရန်ကုန်၊ မန္တလေး ၊ နှင့် တောင်ကြီးမြို့များရှိ အရောင်းသိုလှောင်ရုံများမှ ဖြန့်ဖြူးရေးကိုယ်စားလှယ်များသို့ တိုက်ရိုက်ပို့ဆောင်ခြင်းလုပ်ငန်း၊

(၄) စွန့်ပြစ်ပျော့ဖတ် (Spent Grain) နှင့် အသုံးပြုပြီး စွန့်ပြစ်ပစ္စည်းများ ရောင်းချခြင်းလုပ်ငန်း၊ အထက်ပါလုပ်ငန်းနှင့် ပတ်သက်၍ အသေးစိတ် အချက်အလက်များနှင့် စည်းကမ်းချက်များကို ၂၃–၇–၂၀၁၂၊ ၂၅–၇–၂၀၁၂၊ ၂၇–၇–၂၀၁၂၊နေ့များတွင်၊ မြန်မာဘရူဝါရီ လီမိတက်ရုံး၌ နံနက် ၁၀း၀၀ နာရီတွင် သက်ဆိုင်ရာကော်မတီနှင့် လာရောက်မေးမြန်း စုံစမ်းပြီး၊ တင်ဒါပုံစံများကို အခမဲ့ထုတ်ယူနိုင်ပါသည်။ ကုမ္ပဏီ၏ တင်ဒါပုံစံတွင် ဖြည့်စွက်ပြီး အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ပြန်လည်၍ တင်ဒါတင်သွင်းနိုင်ပါသည်။

တင်ဒါစတင်လက်ခံမည့်နေ့ ။ ။ ၀၆–၈–၂၀၁၂(တနင်္လာနေ့)မှစတင်ကာရုံးချိန်အတွင်း၊

တင်ဒါပိတ်မည့်နေ့ ။ ။ ၁၀–၈–၂၀၁၂(သောကြာနေ့)၊ ညနေ(၄)နာရီတိတိ၊

တင်ဒါတင်သွင်းမည့်နေရာ ။ ။ မြန်မာဘရူဝါရီလီမိတက်၊ အမှတ်–၄၅၊ အမှတ်(၃) လမ်းမကြီး၊ပျဉ်းမပင်စက်မှုဇုံ၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

လုပ်ငန်းလိုအပ်ချက်များမှာ ။ ။

– ထုတ်ကုန်များ (စည်၊ ကဒ်၊ ကာတွန်းဘီယာများ) သယ်ပို့လုပ်ငန်းအတွက် သယ်ပို့သူသည် ထရပ်ကားလတ်(၂၀ပေ) ၁၈တန်နှင့် ထရပ်ကားအကြီး (၃၂ပေ) ၂၈တန်/၃၀တန်၊ပေ ၄၀တွဲကား၊ ကားသေး ၁၄ ပေအရှည်၊ ၆တန် စသည်တို့ကို အသုံးပြုပြီး လုပ်ဆောင်ရပါမည်။

– စွန့်ပြစ်ပစ္စည်းများအတွက် တစ်နှစ်ပတ်လုံး ဆောင်ရွက်လုပ်ကိုင်နိုင်သူဖြစ်ရပါမည်။

မှတ်ချက် ။ ။ ဝန်ထမ်းများအတွက် ကြိုပို့ဘတ်(စ်)ကားဖြင့်ပို့ဆောင်ပေးခြင်း။

ဆက်သွယ်စုံစမ်းရန်ဖုန်းနံပါတ်များမှာ (ရုံးချိန်အတွင်း) ။ ။ ၆၃၈၁၄၉ ၊ ၆၃၈၁၅၆၊ ၆၃၈၁၈၆၊ ၆၃၇၁၈၇၊ ၀၉–၇၃၁၁၃၄၁၁၊ ၀၉–၇၃၁၁၃၄၂၀။



**TRADEMARK CAUTION**

MiraDelica, Ltd., a Company incorporated in Japan at Akasaka-Garden City, 4-15-1, Akasaka, Minato-ku, TOKYO 107-0052, Japan is the Owner and Sole Proprietor of the following Trademark:-

**MiraDelica**

**Reg: 4/5293/2012**

In respect of : Int'l class 29 : " Edible oils and fats; Milk products; Meat for human consumption [fresh, chilled or frozen]; Eggs; Fresh, chilled or frozen edible aquatic animals (not live); Frozen vegetables; Frozen Fruits; Charcuterie; Processed seafood; Processed vegetables and fruits; Fried tofu pieces [Abura-age]; Freeze-dried tofu pieces [Kohri-dofu]; Jelly made from devils' tongue root [Konnyaku]; Soya milk [milk substitute]; Tofu; Fermented soybeans [Natto]; Processed eggs; Curry, stew and soup mixes; Dried flakes of laver for sprinkling on rice in hot water [Ochazuke-nori]; Seasoned powder for sprinkling on rice [Furi-kake]; Side-dish made of fermented soybean (Name-mono); Beans; Protein for human consumption."

Int'l class 30 : " Binding agents for ice cream; Meat tenderizers for household purposes; Preparations for stiffening whipped cream; Aromatic preparations for food [not from "Essential oils"]; Tea; Coffee and cocoa; Ice; Confectionery, bread and buns; Seasonings (other than spices); Spices; Ice cream mixes; Sherbet mixes; Coffee (Unroasted-); Cereal preparations; Almond paste; Chinese stuffed dumplings [Gyoza, cooked]; Sandwiches; Chinese steamed dumplings [Shumai, cooked]; Sushi; fried balls of batter mix with small pieces of octopus [Takoyaki]; Steamed buns stuffed with minced meat [Niku-manjuh]; Hamburgers (sandwiches); Pizzas; Box lunches [prepared]; Hot dogs (sandwiches); Meat pies; Ravioli; Yeast powder; fermenting malted rice [Koji]; Yeast; Baking powder; Instant confectionery mixes; By-product of rice for food (Sake lees); Rice; Husked oats; Husked barley; Flour for food; Gluten for food."

Int'l class 31 : " Wreaths of natural flowers; Fishing baits; Hops [unprocessed]; Edible aquatic animals [live]; Edible seaweeds; Vegetables, fresh; Sugar crops (Sugar cane, Sugar beet); Fruit, fresh; Copra; Malt [not for food]; Foxtail millet [unprocessed]; Proso millet [unprocessed]; Sesame; Buckwheat [unprocessed]; Corn[unprocessed grain]; Japanese barnyard millet [unprocessed]; Wheat, barley and oats [unprocessed]; Unprocessed rice; Sorghum [unprocessed]; Protein for animal consumption; Animal foodstuffs; Seeds and bulbs; Trees; Grasses; Turf, natural; Dried flowers; Seedlings; Saplings; Flowers [natural]; Pasture grass; Potted dwarfed trees [Bonsai]; Live mammals, fish [not for food], birds and insects; Silkworm eggs; Cocoons for silkworm breeding; Eggs for hatching; Urushi tree seeds; Rough cork; Palm tree leaves (unworked)."

Int'l class 32: "Beer; Carbonated drinks [refreshing beverages]; Non-alcoholic fruit juice beverages; Extracts of hops for making beer; Whey beverages; Vegetable juices [beverages]."

Int'l class 33 : " Japanese liquors [in general]; Western liquors [in general]; Alcoholic beverages of fruit; Chinese liquors [in general]; Flavored tonic liquors."

Int'l class 35 : " Retail services or wholesale services for foods and beverages; Retail services or wholesale services for liquor; Retail services or wholesale services for meat; Retail services or wholesale services for sea food; Retail services or wholesale services for vegetables and fruits; Retail services or wholesale services for confectionery, bread and buns; Retail services or wholesale services for rice and cereals; Retail services or wholesale services for milk; Retail services or wholesale services for carbonated drinks [refreshing beverages] and non-alcoholic fruit juice beverages; Retail services or wholesale services for tea, coffee and cocoa; Retail services or wholesale services for processed food."


Int'l class 43 : "Providing foods and beverages."

Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
myint-ip-law@myanmar.com.mm
www.mipadvocate.com
Ph : 371990 12.July.2012

အခုအချိန်မှာ ပညာရေးနဲ့ပတ်သက်ပြီး အပြောင်းအလဲကောင်းတွေ သတင်းကောင်းတွေကြားနေရတော့ ပညာရေးလောကသားတစ်ယောက်အနေနဲ့ ဝမ်းသာအားရကြိုဆိုမိပါတယ်။ ဘွဲ့ကြိုကာလပညာသင်နှစ်တွေသုံးနှစ်မှ လေးနှစ်သို့ တိုးမြှင့်လိုက်တဲ့အကြောင်း ဆေးတက္ကသိုလ်၊ ရေကြောင်းပညာသင် တက္ကသိုလ်ဝင်ခွင့်တွေကိုလည်း ကြပ်ကြပ်မတ်မတ်နဲ့လူဦးရေ အကန့်အသတ်နဲ့မှ လက်ခံမယ့်အကြောင်း၊ ကြို့ကုန်းက စက်မှုတက္ကသိုလ်ကိုလည်း အဆင့်မြင့်စက်မှုပညာသင်ကြားရေးအတွက် ပြန်လည်အသုံးပြုမယ့်အကြောင်း သတင်းကောင်းတွေကြောင့် ပီတိဖြစ်ရပါတယ်။ ဘာပဲဖြစ်ဖြစ် တစ်ကမ္ဘာလုံးက လက်ခံကျင့်သုံးနေတဲ့ ပညာသင်နှစ်တို့၊ စည်းစနစ်တို့ဟာ မလွဲမမှားနိုင်ပါဘူး။ လိုက်နာကျင့်သုံးဖို့ ကောင်းပါတယ်။ လူဆိုတာ ထုတ်ကုန်ပစ္စည်းမဟုတ်တဲ့အတွက်ကြောင့် ဘွဲ့ရတွေကို တစ်နှစ်ဘယ်နှယောက်ဆိုပြီး ပုံသေတွက်ချက်ရိုက်ထုတ်နေရင်တော့ အရည်အချင်းပြည့် လူ့စွမ်းအားအရင်းအမြစ်တော့ မဖြစ်လာနိုင်ဘူးပေါ့။

အခု ကျွန်မ ဇောင်းပေးအလေးအနက်ထားပြီး ရေးပြချင်တဲ့အကြောင်းက ‘အဝေးသင်တက္ကသိုလ်ပညာရေး’ အကြောင်းပါ။ ဒီအကြောင်းကို တာဝန်ရှိတဲ့ လူကြီးတွေရော တစ်တိုင်းတစ်ပြည်လုံးကပါ အနေအထားအစစ်အမှန်ကို သတိရှိသုံးသပ်လေ့လာပြီး အချိန်မနှောင်းမီ အကြံပြုဆွေးနွေးကြဖို့ပါ။ ဒီ‘အဝေးသင်ပညာရေး’စနစ်ဟာ နိုင်ငံတကာမှာလည်း ခေတ်စားတဲ့ပညာရေးစနစ်ပါပဲ။ ထိထိရောက်ရောက် သင်ကြားပေးနိုင်ပြီး အောင်မြင်နေတဲ့ Open University လို့ခေါ်တဲ့ စနစ်ပါ။



ရှယ်လီနန်းဟွမ်လိတ်

# အင်း . . . အဝေးသင်တက္ကသိုလ်လား . . .

ဒီစနစ်ရဲ့ သဘောတရားကတော့ ကျောင်းသင်တန်းခန်းမထဲမှာ ဆရာနဲ့ တိုက်ရိုက်ထိတွေ့ သင်ကြားမှု (Contact Laws) မရှိဘဲ သင်ရိုးကို ကိုယ့်ဘာသာကိုယ် လေ့လာသင်ကြားရတာပါ။ လုံးဝထိတွေ့မှုမရှိတာတော့မဟုတ်ဘဲ အင်တာနက်ကတစ်ဆင့် ဆွေးနွေးမှုလုပ်ကြတာပါ။ ဖြေထားတဲ့ စာစဉ်တွေကို အပြန်အလှန် အသံနဲ့သော်လည်းကောင်း၊ စာရိုက်ပြီးတော့သော်လည်းကောင်း ဆွေးနွေးကြ အမှားပြင်ပေးကြပါတယ်။ စာမေးပွဲမဖြေမီ ဆရာတပည့် အကြိမ်ကြိမ် အင်တာနက်မှထိတွေ့မှုရှိကြပါတယ်။ အရင် အင်တာနက်မပေါ်မီခေတ်ကဆိုရင်လည်း စာတိုက်မှတစ်ဆင့် ဆက်သွယ်ကြတာဖြစ်ပါတယ်။

ကျွန်မတို့ မြန်မာနိုင်ငံမှာ ဒီစနစ်ကို စတင်လိုက်တဲ့အချိန်တုန်းက ကျွန်မတို့တစ်တွေ ဆရာမပေါက်စဘဝပေါ့။ စိတ်ဝင်စားတဲ့ ကျောင်းသားဟာ အများအားဖြင့် အလုပ်ခွင်ထဲက ဝန်ထမ်းတွေဖြစ်ပါတယ်။ အလုပ်လည်းလုပ်၊ ပညာလည်းသင်၊ ဘွဲ့လည်းရဆိုတော့ ‘သုဝဏ္ဏသာမ ရွှေအိုးထမ်း’ တဲ့ကိန်းလို့ပဲ ဆိုရမလားမသိဘူး။ တဖြည်းဖြည်းနဲ့ ခေတ်စားလာလိုက်တာ နောက်ဆုံး ကျွန်မသိတဲ့ အချိန်အထိမှာ မြန်မာနိုင်ငံ တက္ကသိုလ်ကျောင်းသားဦးရေစုစုပေါင်းရဲ့ ခုနစ်ဆယ်ရာခိုင်နှုန်းဟာ အဝေးသင်ကျောင်းသားတွေဖြစ်နေပါပြီ။

ဒီစနစ်ကို စတင်မိတ်ဆက်တဲ့ကာလတုန်းကတော့ စာပို့စနစ်နဲ့လူဦးရေလည်း မျှတနေဆဲမို့လို့လားမသိဘူး။ နိုင်နိုင်နင်းနင်းရှိခဲ့ပါတယ်။ ဝင်ခွင့်ရကျောင်းသားစာရင်းထွက်ပြီး ငွေသွင်းပြီးတာနဲ့ ဖတ်စာအုပ်တွေ၊ စာစဉ်တွေက ကျောင်းသားတွေလက်ထဲရောက်တာပါပဲ။ ကျောင်းသားတွေကလည်း ဖတ်စာအုပ်ပါ အချက်အလက်များဟာ စာသင်နှစ်ရဲ့အသက်ပဲဖြစ်တာမို့ စာကိုဖတ်ကြမှတ်ကြပါတယ်။ ပြီးတာနဲ့ အပတ်စဉ် စာစဉ်တွေကိုဖြေဆိုပြီး စာတိုက်ကနေတစ်ဆင့် ပြန်ပို့ကြပါတယ်။ အဝေးသင်ဌာနတွေကမှ တစ်ဆင့် ဆရာ၊ ဆရာမတွေလက်ဝယ်ဖြန့်ပေးပြီး စာဖျက်(အဖြေလွှာစစ်ဆေး)စေပါတယ်။ ကျွန်မတို့ကလည်း ပျော်ပျော်ရွှင်ရွှင်နဲ့ အမှားအမှန်ခြစ်ကြတယ်။ ပြီးမှ မှတ်ချက်များနဲ့ ပြန်ရှင်းပြပြီး အဝေးသင်တက္ကသိုလ်မှတစ်ဆင့် ကျောင်းသားတွေဆီ ပြန်လည်ပို့ပေးပါတယ်။ ဒီလိုစာသင်နှစ်တစ်နှစ်လုံး စာစဉ်တွေဖြေ လေ့ကျင့်ပြီး အပြီးသတ်အနေနဲ့ စာမေးပွဲမဖြေမီ အနီးကပ်သင်တန်း ဆယ်ရက် လာရောက်တက်ကြရပါတယ်။ အဲဒီအခါမှာတော့ ဆရာ၊ ဆရာမတွေနဲ့ တိုက်ရိုက်ထိတွေ့ရတဲ့ Contact Laws ရပါပြီ။ စုစုပေါင်းမှ တစ်နေ့ ရှစ်နာရီ။ ဆယ်ရက်အတွက် နာရီရှစ်ဆယ်ပဲရှိပါတယ်။ ဒါပေမဲ့လည်း နာရီရှစ်ဆယ်သင်ပြီး တစ်တန်းအောင်လို့တော့ မှတ်ယူလို့မရဘူးပေါ့။ တစ်နှစ်ပတ်လုံး လေ့လာဖတ်ရှုစာစဉ်တွေဖြေတဲ့အချိန်ကိုလည်း ထည့်ပေါင်းရမှာကိုး။ ဒါက ဒီစနစ်ရဲ့ စောစောပိုင်းအခြေအနေတွေပါ။

နောက်ပိုင်း ကျွန်မ နယ်တက္ကသိုလ် ပြန်ပြောင်းလာရပြီး နယ်က လာတက်တဲ့ အဝေးသင်ကျောင်းသားတွေရဲ့ အခြေအနေကို အနီးကပ် မြင်တွေ့ရတော့မှ တော်တော်လေး ထိန်းမနိုင်သိမ်းမရ ဖြစ်နေကြတော့တာကိုး။ ကျောင်းသား၊ ကျောင်းသူများ အနီးကပ်သင်တန်းတက်ပြီး စာမေးပွဲဖြေဖို့ တက္ကသိုလ်များကို ရောက်လာတဲ့အချိန်ထိ သူတို့လက်ထဲကို ဖတ်စာအုပ်တွေ စာစဉ်တွေ ရောက်မလာသေးပါဘူး။ တက္ကသိုလ်ကို ရောက်လာတော့မှ အဝေးသင်ဌာနမှာ လာထုတ်ယူကြရပါတယ်။ စာစဉ်တွေ မရှိတော့ အမှတ်တွေ ဘယ်လိုပေးကြမလဲလို့ မေးစရာရှိပါတယ်။ အခြေအနေကိုကြည့်ပြီး ဖြေရှင်းတတ်တဲ့ မြန်မာလူမျိုးပီပီ လာပြီး ကျောင်းအပ်ငွေသွင်းကတည်းက စာစဉ်တွေဖြေပေးဖို့ အဆင်သင့်ရှိနေတဲ့ဝန်ထမ်းတွေနဲ့ ဈေးနှုန်းညှိပြီး အလုပ်အပ်ခဲ့ကြတယ်လေ။ အချိန်တန်ရင် သူတို့စာစဉ်တွေလည်းဖျက်မယ့် (အဖြေလွှာစစ်မယ့်) ဆရာ၊ ဆရာမ လက်ထဲရောက်အဆင်ကိုပြေလို့။ ကျောင်းသားနဲ့ဝန်ထမ်း အပြန်ပြန်အလှန်လှန် ကူညီကြတယ်လို့ မှတ်ယူကြပြီး ကျေနပ်နေကြပါတယ်။

တစ်ခါ အနီးကပ်သင်တန်းအချိန် ရောက်ပြန်တော့လည်း ပြဿနာအမျိုးမျိုးပါပဲ။ ကျောင်းသား၊ ကျောင်းသူတွေဟာ ငွေထုပ်ပိုက်ပြီး လာကြရတယ်။ နေဖို့ အဆောင်၊ စားဖို့ ထမင်းချိုင့်၊ တက်ဖို့ ကျူရှင် လိုက်လုံးပန်းကြရပြန်တာပေါ့။ ချို့တဲ့တဲ့ ကျောင်းသား အများစုက အစပိုင်းမှာ ကျူရှင်အားမကိုးဘဲ အတန်းပဲမှန်မှန်တက်မယ်လို့ ကြိုးစားကြသေးတာပဲ။ တစ်နှစ်လုံး စာလည်းဖတ်စရာ စာအုပ်မရှိ ဖတ်ဖို့လည်း အချိန်မပေးခဲ့ဆိုတော့ အတန်းထဲမှာ ဆရာမများ သင်တဲ့အချိန်ပြည့် သင်ခန်းစာများကိုတစ်လုံးမှလည်း နားမလည်ဆိုတော့ ရွေးချယ်စရာနည်းလမ်းမရှိတော့ပါဘူး။ ကျူရှင်တွေကိုပဲ ပြေးရတော့တာပဲ။

ဆရာ၊ ဆရာမများဘက်ကတစ်ခါ လှည့်ကြကြပါဦး။ စာလုံးဝမဖတ်ထားတဲ့ ကျောင်းသားတစ်ရာလောက်ရှိတဲ့ အတန်းထဲကို ဘာသာရပ်တစ်ခုရဲ့ ခြုံငုံနားလည်ဖို့သင်မယ်ဆိုပါစို့။ တစ်ချိန်ကို မိနစ်ငါးဆယ်၊ တစ်နာရီ။ ဆယ်ရက်အတွင်း စာမေးပွဲမှာ ကျောင်းသားအဆင်သင့်ဖြေနိုင်အောင် ဘယ်လိုသင်ရပါ့မလဲ။ မတတ်နိုင်ဘူးလေ။ အနည်းဆုံး စာမေးပွဲမှာ ငါးပုဒ်ဖြေနိုင်ဖို့ ဆယ်ပုဒ်ကိုကောင်းကောင်းတတ်သွားအောင် သင်ပေးလိုက်မယ်လို့ ဆုံးဖြတ်ပြီး သင်ပါပြီတဲ့။ လက်တွေ့မှာ အစိမ်းသက်သက် ကျောင်းသားတွေ နားလည်အောင် ဆယ်ပုဒ်ကိုလည်း လက်မြှောက်ပြီး ရှစ်ပုဒ်ကို ပြီးစီးအောင် သင်လိုက်ရတဲ့အခြေအနေမျိုးကြုံရပါတယ်။

စာကျက်မယ့် ကျောင်းသား၊ ကျောင်းသူများကလည်း တစ်နေ့လုံး ရှစ်နာရီလောက် အချိန်ပြည့် စာသင်၊ ခြောက်ဘာသာကို ၄၈ ပုဒ်လောက်ကျက်မယ်ဆိုရင်တော့ တစ်နှစ်လုံး စာကျက်နေတဲ့ ဦးနှောက်မဟုတ်တော့ နှေးတယ်။ စာကျက်မယ်လို့ အားခဲပြီး အဆောင်ပြန်ရောက်တော့ အပြင်ဆောင်မို့ ရေ၊ မီးမလုံလောက်။ အစားအသောက်ကလည်း ချွေတာစား၊ တစ်နေ့လုံး ပြေးလွှားထားတော့ စာကြည့်ဖို့စာအုပ်ကိုင်တာနဲ့ မျက်တောင်စင်းလာပြီ။ ဆယ်ရက်ပဲရှိတယ်။ ဘယ်လိုလုပ်ရမလဲ။ ရွေးစရာ တစ်လမ်းပဲရှိတော့တယ်။ စာဖျက်မယ့်ဆရာ၊ ဆရာမဆီ ကျူရှင်ပဲတက်ပြီး ခုံနံပါတ်ပေးလိုက်တာ အေးပါတယ်လို့ဖြစ်သွားတာပေါ့။

ဒါတွေကိုဖတ်ပြီး စာဖတ်သူအနေနဲ့ ကျောင်းသား၊ ကျောင်းသူတွေကို စာမကျက်ရကောင်းလားလို့ အပြစ်တင်မလား။ ဆရာ၊ ဆရာမတွေကို စေတနာထားပြီး တတ်အောင် မသင်ရကောင်းလားလို့ အပြစ်ပြောမလား။ ကျူရှင်သင်တန်းတွေကိုရော ဖွင့်ရက်လေခြင်းလို့ ပြောချင်သေးလား။ သူတို့ရှိလို့ ကျောင်းသားတွေ အသက်ရှူနိုင်တယ်။ သူတို့ကလည်း တစ်နည်းတစ်လမ်းနဲ့ လုံးဝမဖြေနိုင်မယ့်ကျောင်းသားတွေကို ကူညီတာလို့မြင်ကြတယ်။ ဒါက ခေတ်စနစ်ရဲ့ သားကောင်တွေမို့လို့ ကျွန်မကတော့ ဘာမှမပြောလိုတော့ပါဘူး။

ဒါပေမဲ့ မပြောလို့ မပြီးတဲ့ အကြီးဆုံးပြဿနာက ကြောက်စရာကောင်းလွန်းလို့ ရေးရဦးမှာပါ။ အခုလက်ရှိ မြန်မာနိုင်ငံရဲ့ ကဏ္ဍအားလုံး အထူးသဖြင့် ပညာရေးကဏ္ဍကိုအကြီးအကျယ်ရိုက်ခတ်နေတာမို့လို့ပါ။

အထက်က ကျွန်မ ရေးပြခဲ့တဲ့ပညာရေးစနစ်ရဲ့ ထွက်ကုန် (Product)ဟာ အခု ဆယ်စုနှစ်သုံးလေးခုလောက်ရှိနေပါပြီ။ ဆိုလိုတာက တိုင်းပြည်ရဲ့ Work Force လုပ်သားအင်အားစုကြီးရဲ့ အများစုက ဒီအုပ်စုပါ။ အုပ်ချုပ်ရေး၊ ပညာရေး၊ စီးပွားရေးကဏ္ဍ အကုန်လုံးနီးပါးက ဒီစနစ်ကနေပေါက်ဖွားလာတဲ့လူတွေ ခပ်များများပါ။ အဆိုးဆုံးက မြို့ရွာအသီးသီးနဲ့ ကျောင်းအသီးသီးမှာ ဆရာ၊ ဆရာမတွေဖြစ်နေကြခြင်းပေါ့။

ပညာရှင်တွေကတော့ ပြောကြပါတယ်။ ပညာတော်သင်များများလွှတ်ပါ။ ပညာရှင်တွေဖိတ်ခေါ်ပြီး သင်တန်းပေးပါပေါ့။ ကျွန်မပြောချင်တာက ဒီဆရာ၊ ဆရာမအများစု မပြည့်စုံတာက Content လေ။ Theory ပါ။ ပညာတော်သင်လွှတ်ရင် သူများသင်ပေးမှာက နည်းစနစ် (Technology) ပေါ့။ ဘယ်သူက ဘွဲ့ကြိုတန်းမှာ တက်ခဲ့ရမယ့် Subject Matter ဘာသာရပ်သင်ခန်းစာတွေ ပြန်သင်ပေးပါ့မလဲ။

ဒါဆိုရင် တချို့က စောဒကတက်ကြဦးမယ်။ ဒီစာတွေလောက်ကကိုယ့်ဘာသာဖတ်ရင်ရပါတယ်လို့။ သိပ်မှန်ပါတယ်။ ဒါပေမဲ့ စာဖတ်ချိန်တစ်သက်လုံးလည်း မယူခဲ့ မရခဲ့တဲ့သူတွေဟာ အခုလို ကျူရှင်သင်ရတာတစ်ဖက်၊ ကျောင်းမှာ သင်ရတာတစ်ဖက်နဲ့ ကျောင်းပြင်တာဝန်တွေတစ်ဖက်နဲ့ဆိုရင် ဖတ်ဖို့ အချိန်များများ ပေးနိုင်ပါဦးမလား။ သင်ခဲ့တဲ့ ဘာသာကတခြား အခု ဆရာမအဖြစ် သင်ရတဲ့ဘာသာတခြားဆိုရင် ပိုဆိုးပါတယ်။ သင်္ချာကျူရှင်သင်တန်းတစ်ခုက ဆရာမတစ်ဦး ဖြေရှင်းပုံလေးက စိတ်ဝင်စားစရာရော၊ ရင်တုန်စရာရော ကောင်းလှပါတယ်။ ကိုယ်ကိုယ်တိုင်က မကျွမ်းလို့လား၊ ဖြတ်လမ်းနဲ့ပဲ သင်လို့လားမသိပါဘူး။ ပုစ္ဆာကိုနားလည်အောင် ရှင်းပြခြင်း၊ တွက်နည်းကို သင်တာမလုပ်တော့ဘဲ Multiple Choice (အဖြေမှန်ရှာခြင်း) မေးခွန်းကို ကျူရှင်မှာ AABBC (သို့မဟုတ်) BCACB ပဲ အဖြေမှန်ကျက်ထားရန် တပည့်များကို လေ့ကျင့်ပေးပါတော့တယ်။ သင်တဲ့ ဆရာမဘက်ကတော့ win-win ပါပဲ။ တပည့်တွေလည်း အမှတ်ပြည့်ရ ဆရာမအသင်အပြကောင်းကြောင်းလည်း ကြေညာပြီးသားဖြစ်၊ နောက်စာသင်နှစ်အတွက်လည်း ကျောင်းသားရပြီးသားဖြစ်။ ဆရာမကတော့ ဒီ Method လေးကို သိပ်ကြိုက်ပဲ။

ဒုက္ခလှလှကြီး တွေ့နေတာကတော့ ဒီလို ဘွဲ့ရတွေ တစ်လှေကြီးနဲ့ ခေတ်မီဖွံ့ဖြိုးသောနိုင်ငံတော်သစ်ဆီကို လျှောက်လှမ်းဖို့ ကြိုးစားနေတဲ့ နိုင်ငံတော်ကြီးပဲပေါ့။

စာ(၆၀) သို့

7 DAY NEWS JOURNAL
Vol.11, No.18 • JULY 12 , 2012


ဂု ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ ကျော်မျိုးဦး |
| စာပြင်အယ်ဒီတာ | လှထွဋ်ဦး |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ယုဇနကိုကို၊ ဝတ်ရည်အောင်၊ ဥက္ကာကိုကို၊ မြတ်စုမွန်၊ အေးသူစံ၊ သန်းဌေး၊ ဇာဇာနို၊ သန်းထူး |
| သတင်းထောက်များ | ကျော်သီဟ၊ ကိုကိုကြီး၊ အေးမြတ်သူ၊ ကြူကြူဟာန် |
| အငယ်တန်းသတင်းထောက် | ရန်မျိုးနိုင်၊ ခိုင်ထွန်း၊ အေးမင်းထက်၊ ချယ်ရီမြင့်၊ အောင်ခိုင်မောင်၊ မင်းဟိန်းကျော်၊ ခင်ငြိမ်းချမ်းစိုး၊ ခိုင်ချိုနွယ် |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော် |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ |
| ဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| လက်ထောက်ဒီဇိုင်နာ | နွယ်မွန်ဖြိုး |
| ကွန်ပျူတာစာစီ | စန်းစန်း၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်၊ ဇော်ဝင်းအောင် |
| သရုပ်ဖော် | စိုးသော်တာ |
| ပြင်ပဆက်သွယ်ရေး | သက်ပိုင်ဌေး |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင် |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊ နှင်းဝေဝေ |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် |
| ပုံနှိပ်စက် | သုဝဏ္ဏသိဂီပုံနှိပ်တိုက် |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၃၀,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day News ဂျာနယ်တိုက် - Diamond Centre (G-12)
မြေညီထပ်၊ တိုက် (B)၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၈၈၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com
Hotline : 0973032006




# နှိုးဆော်စာလေး ပြည့်စုံစေချင်

ဇေထွဋ်

**ကျန်းမာရေးဝန်ကြီးဌာန၏ လိုင်စင်မဲ့စားသုံးဆီအကြောင်း နှိုးဆော်စာနှင့် စပ်လျဉ်းသည့် သတင်းလေးတစ်ပုဒ် ၁-၆-၂၀၁၂ နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဖတ်လိုက်ရသည်။**

**နှိုးဆော်စာသတင်းလေးကို ဖတ်အပြီးတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)ဒေသအတွင်းသို့ တစ်ဖက်နိုင်ငံမှ တရားမဝင်လိုင်စင်မဲ့စားသုံးဆီများ ဝင်ရောက်နေကြောင်း သိရသည်။ ၎င်းဆီနမူနာများအား ပြည်တွင်းရှိသက်ဆိုင်ရာဌာနများ၌ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းနှင့် Gas Chromatography စက်ဖြင့် စမ်းသပ်စစ်ဆေးတွေ့ရှိချက်များအရ မည်သည့်စားသုံးဆီအမျိုးအစားနှင့်မျှ ကိုက်ညီမှုမရှိကြောင်း၊ ပဲဆီအနံ့ထွက်စေသည့် အရည်တစ်မျိုးရောစပ်ပြီး ပဲဆီအဖြစ် ရောင်းချနေကြောင်း သိရှိရပေသည်။ ၎င်းဆီအားစားသုံးပါက ကာလတစ်ခုအတွင်း အနေးနှင့်အမြန် ကျန်းမာရေးထိခိုက်နိုင်သဖြင့် လုံးဝစားသုံးခြင်းမပြုရန်နှိုးဆော်ထားပေသည်။**

နှိုးဆော်စာသတင်းကို ဖတ်ပြီးချိန်မှာ မိမိအနေဖြင့် စားသုံးဆီဝယ်လျှင် သတိထားမှုဟု အတွေးဝင်မိသည်။ သို့ပေမယ့် ၎င်းလိုင်စင်မဲ့ ဆီနှင့်ပုံမှန်ဆီမည်သို့ခွဲခြားမည်နည်း။ အနံ့ကလည်း ပဲဆီနံ့ထည့်ထားသည်ဆိုပြန်တော့ ပို၍ခွဲရခက်နေပြန်သည်။ ထိုသို့စဉ်းစားရင်းဖြင့် နှိုးဆော်စာ သတင်းလေးသည် ပြည့်စုံမှု မရှိသေးသလို မိမိခံစားမိလိုက်သည်။

မိမိစိတ်အစဉ်တွင် ၎င်းဆီများသည် မည်သည့်ဈေးကွက်ထိရောက်နေပြီလဲ။ ထုပ်ပိုးပုံ မည်သို့လဲ၊ မည်သည့်တံဆိပ် ပါသလဲ၊ ပုံမှန်စားသုံးဆီနှင့် မည်သို့သော ကွဲလွဲချက်ရှိသလဲ၊ ဈေးနှုန်းမည်သို့ရှိသလဲ၊ ဖြန့်ဖြူးမှုများကို မည်သို့ထိန်းချုပ်ထားသလဲ စသဖြင့် လဲပေါင်းများစွာဖြင့် အလုပ်ရှုပ်သွားသည်။

မိမိဉာဏ်မီသလောက်ဖြင့် ၎င်းဆီနမူနာယူရာ နေရာမှနေ၍ လမ်းကြောင်းပြန်ရှာကာ ဝင်လာရာ အရင်းအမြစ်၊ မိမိနိုင်ငံဘက်မှ ဖြန့်ချိသူ၊ လက်ခွဲများ၊ ဝင်ရောက်နေသည့် ပမာဏနှင့် ဈေးကွက်အတွင်း မည်မျှပမာဏထိ ပျံ့နှံ့နေပုံတို့ သိနိုင်မည်ဟု မျှော်လင့်မိပါသည်။

ဆေးလိပ်သောက်ခြင်းသည် ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေသည်ဟုသော သတိပေးနှိုးဆော်ချက်သည် ရှင်းလင်းမြင်သာသည်။ ဆေးလိပ်ဟုဆိုရာတွင် စီးကရက်၊ ဆေးပေါ့လိပ်အလုံးစုံပါဝင်ကြောင်း သိသာနေသည်။ ယခုနှိုးဆော်စာမှာက အမည်မသိ စားသုံးဆီများဆို၍ မိမိတို့သည် ထိုအမည်မသိ စားသုံးဆီများကို မည်သို့ခွဲခြားရပါမည်နည်းဟု တွေးဆလာရသည်။

မိမိတို့ နေ့စဉ်အသုံးပြုနေသော စားသုံးဆီများကို မိမိတို့တွေမည်သို့ဝယ်ယူခဲ့ပါသနည်း။ အချို့ဆိုင်များက ပဲဆီစစ်စစ်၊ နှမ်းဆီစစ်စစ်ဆို၍ ရောင်းသည်။ အချို့က ရောဆီဆိုကာ စားအုန်းဆီရော၍ ရောင်းသည်။ ဈေးအနည်းငယ်သက်သာသည်။ မိမိတို့အနေဖြင့် ပဲဆီတွင် မြေပဲရနံ့လေး၊ နှမ်းဆီတွင် နှမ်းဖတ်ရနံ့လေးရကမိမိဝယ်သော ဆီစစ်သည်ထင်၍ စိတ်ကျေနပ်မိသည်။ ထို့အတွက် ယခုအမည်မသိ စားသုံးဆီတွင်လည်း ပဲဆီရနံ့ရအောင် ပြုလုပ်ထားသည်ဆိုတော့ မိမိတို့မှာ ပို၍ခွဲခြားရခက်လာစေတော့သည်။

မိမိမူလတန်း၊ အလယ်တန်းကျောင်းသားဘဝက ဖက်ဆစ်တို့၏ ညှဉ်းပန်းနှိပ်စက်မှု၊ အင်္ဂလိပ်တို့၏ ကျူးကျော်မှုတို့အကြောင်း သင်ရသောအခါ မိမိတို့လူလားမြောက်ချိန်တွင်လည်း ထိုသို့သော အဖြစ်မျိုးကြုံက ပါဝင်တိုက်ပွဲဝင်လိုက်မည်ဟု တွေးခဲ့မိဖူးသည်။ ယခုကာလ မိမိလူလားမြောက်ချိန်တွင် တိုင်းတစ်ပါးသားတို့၏ ထိုသို့သော လက်နက်စွဲကိုင်နယ်ချဲ့ခြင်းမျိုး မကြုံရသော်ငြား စီးပွားရေးနှင့် အမျိုးသားယဉ်ကျေးမှု၌ လွှမ်းမိုးကျူးကျော်ခံရမှုက အတော်များခဲ့ပြီဖြစ်သည်။

ယခုကဲ့သို့သော စားသုံးဆီဖြစ်ရပ်မျိုးသည် စီးပွားရေးရှုထောင့်ကသာမက အမျိုးသားကျန်းမာရေးရှုထောင့်ကပါ ကျူးကျော်တိုက်ခိုက်ခံရခြင်းဟု မိမိအနေဖြင့် ဆိုချင်ပေသည်။

မကြာမီနှစ်များအတွင်းတွင် အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဇုန်၏ အကျိုးသက်ရောက်မှုကြောင့် မိမိတို့နိုင်ငံအတွင်းသို့ အခြားနိုင်ငံထုတ် ကုန်ပစ္စည်းနှင့် စားသောက်ကုန်များ အတားအဆီးမရှိဝင်ရောက်လာပေတော့မည်။ ထိုသို့သော ကာလတွင် ပြင်ပမှ တင်သွင်းလာသော ကုန်ပစ္စည်းနှင့် စားသောက်ကုန်တို့၏ စံချိန်စံညွှန်းနှင့် သုံးစွဲသူအတွက် ဥပဒေကင်းပြီး အကျိုးဖြစ်ထွန်းစေခြင်းအား မိမိတို့ပြည်သူတွေအတွက် မည်သည့်ဌာနတွေက အကာအကွယ်ပေးနိုင်မည်နည်း။

အများပြည်သူအား စားသုံးခြင်း မပြုကြပါနှင့်ဆိုရုံဖြင့် စားသုံးသူအတွက် လုံလောက်သော အကာအကွယ်ပေးနိုင်မှုဟု မထင်ပါ။ သက်ဆိုင်ရာဌာနများမှာတောင် ဓာတ်ခွဲစမ်းသပ်မှ သိရှိသည့် အရာအား စားသုံးသူများ အနေဖြင့် ၎င်းဆီအမျိုးအစားကို သော်လည်းကောင်း၊ ၎င်းဆီနှင့် ရောစပ်ထားသည့် ဆီကိုသော်လည်းကောင်း သာမန်မျက်စိဖြင့် ခွဲခြားနိုင်စွမ်းမရှိပါ။

ပြင်ပမှ ဝင်လာသော မည်သည့်စားသောက်ကုန်သည်ကျန်းမာရေးနှင့် ညီညွတ်မှုမရှိပါသဖြင့် စားသုံးခြင်း မပြုပါနှင့်ဆိုသည်ထက်၊ ပြင်ပမှဝင်လာသည့် မည်သည့်တံဆိပ်၊ မည်သို့သော စားသောက်ကုန်သည် မည်သည့်ဈေးကွက်အထိ ရောက်ရှိနေပြီး သုံးစွဲသူ အများပြည်သူများ၏ ကျန်းမာရေးကို မည်သို့ထိခိုက်စေပါသဖြင့် တင်သွင်းရောင်းချခွင့်ပိတ်လိုက်ပါသည်။ ဈေးကွက်အတွင်းရှိပစ္စည်းလက်ကျန်များအားလည်း လိုက်ခံသိမ်းဆည်းမှု ပြုနေပါသည်။ ထိုစားသောက်ကုန်များကို မည်သို့ခွဲခြားနိုင်သည်။ ပြည်သူများ ၎င်းစားသောက်ကုန်အား သုံးစွဲခြင်း မပြုကြပါနှင့်စသည်ကဲ့သို့သော နှိုးဆော်စာမျိုးဖြစ်သင့်ပေသည်။

မြန်မာပြည်သူ ပြည်သားများ ဘေးဘယာ ဝေးကွာကြပါစေ . . .။

# Business

7 DAY NEWS JOURNAL

Vol.11, No.18 • JULY 12 , 2012


## နိုင်ငံပိုင် စိုက်ပျိုးရေးခြံနှစ်ခြံနှင့် အရောင်းဆိုင်တစ်ဆိုင် ပုဂ္ဂလိကသို့ ဘီအိုတီစနစ်ဖြင့် လုပ်ကိုင်ခွင့်ပြု

**နိုင်ချို**

**ရန်ကုန်၊ ဇူလိုင် - ၅**

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ နိုင်ငံတော်ပိုင်ဖြစ်သောခြံနှစ်ခြံနှင့်အရောင်းဆိုင်တစ်ဆိုင်အား ပုဂ္ဂလိကလုပ်ငန်းရှင်များအား B.O.T (Build, Operate & Transfer) စနစ်ဖြင့် ငှားရမ်းမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ငှားရမ်းမည့်ခြံများမှာ ချင်းပြည်နယ် မင်းတပ်မြို့နယ်ရှိဘောင်္ဂီးခြံ၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိ ညောင်နှစ်ပင်ခြံနှင့် ကန်တော်ကြီးစောင်း မြေပဒေသာကျွန်းရှိမြေပဒေသာအရောင်းဆိုင်တို့ဖြစ်ပြီး ယင်းတို့အားဘီအိုတီစနစ် နှစ် ၃၀ စီမံကိန်းဖြင့် ငှားရမ်းမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"အခုဆိုရင် မြေပဒေသာအရောင်းဆိုင်ကို အဆိုပြုလွှာတင်တဲ့ လုပ်ငန်းရှင်သုံးဦးနဲ့ တခြားခြံနှစ်ခြံကိုတော့ အဆိုပြုလွှာတင်သူတစ်ဦးစီရှိပါတယ်။ ဘယ်သူဘယ်ဝါကို လုပ်ကိုင်ခွင့်ပေးမယ်ဆိုတာတော့ အတိအကျမသိရှိရသေးပါဘူး"ဟု ဌာနပိုင်လုပ်ငန်းများ ပုဂ္ဂလိကကဏ္ဍသို့စိစစ်လွှဲပြောင်းငှားရမ်းကော်မတီမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

ယင်းမြေနေရာများအား နှစ် ၃၀ စီမံကိန်းဆိုသော်လည်း ငါးနှစ်တစ်ကြိမ် ငှားရမ်းခများအား ၁၀ ရာခိုင်နှုန်း အတိုး၊ အလျှော့ပြုလုပ်သွားမည်ဟုသိရသည်။ ယင်းမြေနေရာများအား စီမံကိန်းကာလမပြည့်မီနိုင်ငံတော်သို့ ပြန်အပ်လိုပါကသက်ဆိုင်ရာသို့ တစ်လကြိုတင် အကြောင်းကြားရမည်ဟု စိုက်ပျိုးရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးကဆိုသည်။

## ကိုရီးယားအထည်အလိပ်များ ဈေးနှုန်းမြင့်မားခြင်းကြောင့် ဝယ်သူနည်းဆဲ

**ကိုကိုကြီး**

**ရန်ကုန်၊ ဇွန် - ၂၈**

ကိုရီးယားနိုင်ငံမှ ထုတ်လုပ်တင်သွင်းသည့် အထည်အလိပ်အမျိုးမျိုးသည် အရည်အသွေးပိုင်းကောင်းမွန်မှုရှိသော်လည်း ဈေးနှုန်းမြင့်မားနေခြင်းကြောင့် ပြည်တွင်းဈေးကွက်ရှိဝယ်ယူသူအများစုထံသို့ ထိုးဖောက်နိုင်ခြင်း မရှိသေးကြောင်း အထည်မျိုးစုံလုပ်ကိုင်သည့် လုပ်ငန်းရှင်များက ပြောသည်။



**ကိုရီးယားအထည်ဈေးကွက်တွင် ရောင်းချလျက်ရှိသော အထည်လိပ်များ**

"ကိုရီးယားပစ္စည်းတွေက ကောင်းတော့ ဈေးမြင့်တယ်။ ဈေးမြင့်တော့ ဒီဘက်မှာ သိပ်မပေါက်သေးဘူး။ သူတို့ဘက်က ဈေးကိုချပေးနိုင်မယ်။ ဒီဇိုင်းကိုလည်း ဒီဘက်အကြိုက်လိုက် ထုတ်ပေးနိုင်မယ်ဆိုရင် တစ်မျိုးဖြစ်လာနိုင်မယ်။ လက်ရှိလုပ်နေတဲ့ လိုင်းမှာတော့ ကိုရီးယားပစ္စည်းက နည်းသေးတယ်" ဟု ပွဲထိုင်သုံးပစ္စည်းများ အဓိကရောင်းချသည့် လှမဥ္ဇူကုမ္ပဏီလီမိတက်မှ ဦးအာကာမင်းက ပြောသည်။

ကိုရီးယားကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အေဂျင်စီ KOTRA က ယခုလ ၂၇ ရက် ကန်တော်ကြီးပဲလေ့စ်ဟိုတယ်တွင် Korea Textile Mission 2012 ပွဲကိုကျင်းပရာ ကိုရီးယားနိုင်ငံမှ ကုမ္ပဏီခုနစ်ခုနှင့် ပြည်တွင်းလုပ်ငန်းရှင်များတွေ့ဆုံပြီး လုပ်ငန်းပူးပေါင်းဆောင်ရွက်နိုင်သည့် ဆွေးနွေးမှုများပြုလုပ်ခဲ့သည်။

၎င်းက "ကိုရီးယားပစ္စည်းကို စင်ကာပူ၊ ထိုင်းတို့ကတစ်ဆင့်ကြားခံသွင်းလာပြီးတော့ ပြန်ရောင်းတာရှိတယ်။ ကိုရီးယားတွေကိုယ်တိုင်လာတာလည်း ရှိတယ်။ စက်ရုံကတိုက်ရိုက်လာတာမဟုတ်ဘူး။ အခုလာတဲ့သူတွေနဲ့ ဘယ်ဒီဇိုင်းတွေစိတ်ဝင်စားတယ် ဘယ်လောက်ထိ လုပ်ပေးနိုင်မလဲ စကားပြောတဲ့ အဆင့်ပဲ ရှိသေးတယ်။ စာချုပ်ချုပ်တဲ့ အဆင့်ထိမရောက်သေးဘူး။ ကြားခံက တစ်ဆင့် လာတယ်ဆိုပေမယ့် Lot လိုက်သွင်းလာတော့ အခုသူတို့ပြောတဲ့ ဈေးထက်တောင် နည်းနည်းသက်သာတယ်။ အခုလာတဲ့ သူတွေကျတော့ ဒီဘက်က ပြောတဲ့ဒီဇိုင်းကို အထူးအော်ဒါနဲ့ လုပ်ပေးရတော့ သူတို့ဈေးကလည်း သိပ်မသက်သာဘူး။ အခုဈေးကို နည်းနည်းချခိုင်းထားတယ်" ဟု ဆက်လက်ပြောသည်။

မြန်မာမာကျူရီအထည်လုပ်ငန်းမှ ကိုလွင်ညီညီလတ်က "စကားပြောကြည့်တာတော့ အလားအလာ တော်တော်ကောင်းတယ်။ ဈေးနှုန်းတွေ တောင်းထားတယ်။ ကိုရီးယားပစ္စည်းတွေကို တော့ တစ်ခါမှ မသွင်းဖူးဘူး။ ဈေးကွက်ရဲ့ တုံ့ပြန်မှုကတော့ သူတို့ဈေးနဲ့ သူတို့ပစ္စည်းပေါ်မှာပဲ မူတည်ပြီး ပြောလို့ရမှာ"ဟု ပြောသည်။

သိင်္ဂါရွှေဝါပိုးထည်ဆိုင်မှ ဦးဝင်းထွန်းက "စီးပွားရေးအားလုံးနဲ့ ခြုံပြောရရင် အရင်နှစ်က ထက်စာရင် အေးတဲ့ဘက် ရောက်နေတယ်။ ဈေးအသင့်အတင့်ဆိုရင်တော့ မဆိုးပါဘူး။ ဈေးမြင့်တာတွေဆိုရင်တော့ မလိုက်နိုင်ဘူး။ ကိုရီးယားပစ္စည်းက အများစုသုံးနိုင်တဲ့ ပစ္စည်းတော့ မဟုတ်ဘူး။ အလယ်အလတ်လောက်ပဲ သုံးနိုင်တဲ့ ပစ္စည်းဖြစ်တယ်။ တရုတ်ပစ္စည်းဆိုရင် တစ်ကိုက် ၁,၅၀၀ ကျပ်လောက်နဲ့ရတယ်။ ကိုရီးယားပစ္စည်းဆိုရင် တစ်ကိုက်ကို အနည်းဆုံး ၅,၀၀၀၊ ၆,၀၀၀ ကျပ်လောက်မှရတယ်"ဟု ပြောသည်။

အထည်အလိပ် ပစ္စည်းဈေးကွက်အတွင်း တရုတ်နိုင်ငံမှ တင်သွင်းလာသည့် ပစ္စည်းအမျိုးမျိုးသည် ဈေးနှုန်းသက်သာခြင်းကြောင့် ဝယ်ယူသူအများစုရှိပြီး ဈေးနှုန်းအသင့်အတင့်ဖြင့် ရရှိနိုင်သည့် ထိုင်း၊ အင်ဒိုနီးရှားနိုင်ငံတို့မှ ပစ္စည်းများကို လူလတ်တန်းအများစု ဝယ်ယူမှုရှိကြောင်း သိရသည်။

### ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၈၈၃ | ၈၉၀ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၈၈၃ | ၈၉၀ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၆၉၀ | ၇၂၀ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၀၈၅ | ၁၁၀၃ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၇. ၂ | ၂၇. ၃ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၃၁ | ၁၃၂ | ကျပ် |
| ၁ ယူနစ် (ပို့ကုန်ရငွေ) | ၈၉၀ | ၈၉၁ | ကျပ် |

၂၀၁၂ ဇူလိုင် ၇ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

### ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၄၅၅ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၈၁၃၇ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၇၉. ၆၄ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၃၆၄ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၅၅. ၄၀ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၇၁၇ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၄၀. ၃၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၁၇ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၁. ၇၃ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၄၃၇. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၈၅၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၁. ၈၀ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၅၃၆ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၀. ၉၇၈၇ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၅၀၅ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁. ၀၁၉၂ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၂. ၈၆ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၈ | ဒါရမ် | (UAE) |

### အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁,၅၇၈. ၉၀၀ |
| ရေနံစိမ်း | စည် | ၉၈. ၁၉၀ |
| ငွေ | ၁ အောင်စ | ၂၆. ၉၂၀ |
| ကြေးနီ | ပေါင် | ၃၄၀. ၉၅၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၂. ၇၇၆ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၂ ဇူလိုင် ၇ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။







7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.18 ▪ JULY 12 , 2012

# ဆန်ကြမ်းဈေးအနည်းငယ်တက်



**ပြည်သိမ်း**

**ရန်ကုန်၊ ဇူလိုင် - ၅**

ပြည်ပသို့တင်ပို့ရန် ဆန်ဝယ်ယူမှုကြောင့် ပြည်တွင်းဈေးကွက်တွင် ဆန်ကြမ်းဈေးနှုန်းမြင့်တက်လာကြောင်း မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းမှ သတင်းရရှိသည်။

"ငွေလဲနှုန်းတက်လာတော့ ငွေရှိသူကအိတ်စပို့အတွက် ကြိုဝယ်ထားကြတာပါ" ဟု မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်း ဗဟိုအလုပ်အမှုဆောင်ဒေါက်တာစိုးထွန်းက ဆိုသည်။

ပြည်တွင်းဈေးကွက်တွင် ဆန်ကြမ်းဈေးမှာ တစ်အိတ်လျှင် ၁,၅၀၀ ကျပ်ဝန်းကျင်ဈေး တက်လာသည်။ယခင်က၁၃,၀၀၀ ကျပ်အောက်သာရှိသည့် ဆန်ကြမ်းရှယ်မှာ ၁၄,၀၀၀ ကျပ်ကျော်ထိ ဈေးမြင့်လာသည်။

"ဒီအချိန်က ဈေးတက်ဖို့အချိန်ပဲ။ ဒါပေမဲ့အခုဈေးတွေက ဟိုးအရင်အရင်နှစ်တွေက ဈေးကို မမီဘူး" ဟု ကီလီလမ်း မော်တင်ဆိပ်ရှိ ဆန်ဈေးကွက်မှ ပြည်တွင်းဆန်ကုန်သည်တစ်ဦးက ဆိုသည်။

ပြည်တွင်းဆန်ဈေးသည် ၂၀၁၀ပြည့်နှစ်ကယခုကဲ့သို့မိုးစပါးစိုက်ရာသီတွင် ဆန်ကြမ်းရှယ်တစ်အိတ်လျှင် ၁၇,၀၀၀ ကျပ် မှ ၁၆,၀၀၀ ကျပ်ကြားရှိခဲ့ကြောင်း အထက်ပါပုဂ္ဂိုလ်က ရှင်းပြသည်။

ယခုနှစ်တွင်ကမ္ဘာ့သီးနှံဈေးများကျဆင်းမှု၊ ပြည်ပပို့ကုန်ရငွေတန်ဖိုးလျော့ကျမှု၊ မြန်မာနိုင်ငံမှ အဓိကတင်ပို့နေသည် အာဖရိကနိုင်ငံများသို့ အိန္ဒိယနိုင်ငံမှ ဈေးကွက်ချဲ့ထွင်မှုတို့ကြောင့်ပြည်ပသို့တင်ပို့မှုလျော့နည်းခဲ့သည်။ ယင်းကြောင့် ပြည်တွင်းဈေးကွက်တွင်လည်းဆန်ဈေးမှာ ကျဆင်းခဲ့ပြီး ယခုလမှသာ ပြန်လည်မြင့်တက်လာခြင်းဖြစ်ကြောင်း သိရသည်။

"ဆန်ဈေးက တောင်သူဆီမှာစပါးမရှိရင် တက်နေကျပဲ" ဟု ပြည်ပတင်ပို့နေသည့် လုပ်ငန်းရှင်တစ်ဦးကဆိုသည်။

လက်ရှိအချိန်တွင် ဆန်ကြမ်းဈေးမြင့်တက်သော်လည်း ဆန်ချောဈေးမှာ ကျဆင်းလာကြောင်း မော်တင်မှ ပြည်တွင်းဆန်ကုန်သည်တစ်ဦးက ဆိုသည်။ ယခင်က တစ်အိတ်လျှင် ၂၆,၀၀၀ ကျပ်ဝန်းကျင်ရှိသည့် ဆန်ချောမှာ ယခုရက်ပိုင်းတွင် ၂၅,၀၀၀ ကျပ်ဝန်းကျင်သာရှိသည်။

# မုတ်သုံလေအားကောင်း၍ ငါးဖမ်းဆီးရမှုလျော့ကျ

**သန်းဌေး**

**ရန်ကုန်၊ ဇူလိုင် - ၃**

မြန်မာ့ပင်လယ်ပြင်တွင် မုတ်သုံလေအားကောင်းသောကြောင့် ဖျာပုံမြို့မှ ငါးဖမ်းစက်လှေများ ငါးဖမ်းဆီးရရှိမှု ၉၀ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်းသတင်းရရှိသည်။

"ပုံမှန်ဆိုရင် စက်လှေစစ်စီးကို ၁၅ ရက်ငါးဖမ်းရင်ကုန်တန်ချိန်တစ်ထောင်လောက်ရရင်အခုကုန်တန်ချိန်တစ်ရာပဲရတော့တယ်။ မုတ်သုံလေအားကောင်းနေတဲ့ အတွက် ကမ်းကိုပဲ ပြန်ပြန်ခိုနေရလို့ ငါးမဖမ်းရဘူးဖြစ်နေတယ်"ဟု ဖျာပုံမြို့ခံ ငါးဖမ်းစက်လှေပိုင်ရှင် ဦးဝေမြင့်ကပြောသည်။

ငါးဖမ်းစက်လှေများမှာ ငါး အထိအမိ ကျဆင်းလာသောကြောင့် အရှုံးပေါ်ကာ ငါးဒိုင်များလည်း ငါးကုန်အတက်နည်းနေ၍ အလုပ်သမားစရိတ်ရှုံးနေကြောင်း ဖျာပုံမြို့ပေါ်ရှိ ငါးဒိုင်ပိုင်ရှင်တစ်ဦးလည်းကပြောသည်။

"ငါးဖမ်းလှေရှင်တွေက ပင်လယ်ထဲမှာ ငါးဖမ်းမရတော့ စရိတ်တွေက ရှုံးတာပေါ့။ ငါးဒိုင်တွေကလည်း လုပ်သားစရိတ် ရှုံးတာပေါ့။ ဇူလိုင် ၂ရက်နေ့ကတော့ ပင်လယ်ထဲကို လှေတွေပြန်ထွက်ပြီး အလုပ်ပြန်လုပ်နေကြပြီ"ဟု ၎င်းကပြောသည်။

ယခုရာသီတွင် ငါးမုတ်၊ ငါးဟောက်ခေါ် ငါးရွှေနှင့် အခြားပင်လယ်ငါးမျိုးစုံ ဖမ်းဆီးရမိကာ ဖျာပုံမြို့ရှိ ငါးဒိုင်များနှင့် ရန်ကုန်မြို့ရှိ ငါးတင်၊ ငါးချဆိပ်ကမ်းများသို့တင်ပို့ကြသည်။ ထို့နောက် ပြည်ပနိုင်ငံများသို့ ထပ်မံတင်ပို့ရောင်းချရသည်။

ယခုရက်ပိုင်းအတွင်း အနောက်တောင်မုတ်သုံလေသည် ဘင်္ဂလားပင်လယ်အော်နှင့်ကပ္ပလီပင်လယ်ပြင်တွင် အားကောင်းနိုင်ပြီး မြန်မာ့ကမ်းရိုးတန်းနှင့် ကမ်းလွန်ပင်လယ်ပြင်များ၌မကြာခဏ မိုးသက်လေပြင်းများကျရောက်ကာ တစ်ခါတစ်ရံ လှိုင်းကြီးနိုင်၍ လှိုင်းအမြင့်မှာ ရှစ်ပေမှ ကိုးပေအထိရှိနိုင်ကြောင်း မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်က ခန့်မှန်းပြောကြားသည်။

**TRADEMARK CAUTION**

VIETTEL Group, incorporated in Vietnam,of No.1, Giang Van Minh, Kim Ma ward, Ba Dinh district,Hanoi,Vietnam,is the owner of the following trademark:

VIETTEL
Say it your way

Reg : 4/4610/2012

In respect of '' Telecommunication services; valued added services in telecommunication and television fields;radio broadcasting services; television broadcasting services;Internet services; providing telecommunication channels and related materials to organize wire and wireless teleconference; electronic transmission of messages, data,images, voice, video and information on wire or wireless network; rental of telecommunication equipments; and rental of telecommunication transmission and telecommunication channel in Class 38.

Any fraudulent imitation or unauthorized use of the said trademark will be dealt with according to law.

KHIN MAUNG CHO & ASSOCIATES
(For VIETTEL Group)
No. 302, 1st Floor, 40th Street,Kyauk-ta-da Township, Yangon.
Ph: 95-9-5128853
Dated; July 12 , 2012

TRP Soe Myint Co.,Ltd

သရဖူ စိုးမြင့် ကုမ္ပဏီလီမိတက်

အရည်အသွေးမြင့်ထုတ်ကုန်များကို သရဖူစိုးမြင့် ကုမ္ပဏီလီမိတက်မှ ကိုယ်စားလှယ်ရယူ၍
# အဆင်ပြေအသုံးတည့်စေသော အရစ်ကျငွေချေစနစ်၊
# ပိုမိုသက်သာသော ဈေးနှုန်း # ခိုင်မာသောအာမခံချက်
# အဆင်ပြေလွယ်ကူစေဖို့အတွက် အရန်စက်ပစ္စည်းများ ပံ့ပိုးလို့ တင်သွင်းဖြန့်ချိပေးနေပါသည်။

အရည်အသွေးနှင့် စက်မှုပိုင်းဆိုင်ရာ ဒီဇိုင်းဆုများရရှိထားသည့် လီဖန်းစက်ရုံမှ . . .




စက်တန်ဖိုး၏
၃၀ ရာခိုင်နှုန်း
ပေးသွင်းနိုင်ရုံဖြင့်
ရောဝတီဘဏ်
စိတ်ချယုံကြည်ရောဝတီ
ဖြင့်ချိတ်ဆက်၍ အရစ်ကျဝယ်ယူနိုင်ပါပြီ။

LIFAN
INNOVATIVELIFAN QUALITYLIFAN
www.lifan.com

သရဖူစိုးမြင့် ကုမ္ပဏီလီမိတက်
ရန်ကုန်ရုံးချုပ် - အမှတ် ဒီ - ၄၀ (ထောင့်ခန်း)၊ ၁ လမ်း၊ သီရိမွန်ပလာဇာ၊ ဘုရင့်နောင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၁ -၅၂၈ ၅၃၈၊ ၆၈၁၀၈၆။
မန္တလေး -၀၉ -၉၁၀၁၂၆၉၄၊ ၀၉ -၄၀၂၅၈၄၀၈၅။ ပုသိမ် - ၀၄၂ - ၂၅၅၃၇၊ ၀၉ - ၄၅၀၀၄၃၁၈၃။ ပြည် - ၀၅၃ - ၂၇၈၅၅၊ ၀၉ -၅၁၅၉၀၇၄။
ဟင်္သာတ - ၀၄၄ - ၂၂၇၀၁၊ ၀၉ - ၅၀၃၃၇၈၃။ လှည်းကူး - ၀၉ - ၄၃၀၂၄၃၀၁။
www.tharaphusoemyint.com

7 DAY NEWS JOURNAL
Vol.11, No.18 • JULY 12 , 2012

# Business & Commodity Watch

## ကုမ္ပဏီ ၂၀ လာရောက်လျှောက်ထားသော ပုဂ္ဂလိကအာမခံလုပ်ငန်း ဩဂုတ်လကုန်ပိုင်း စိစစ်လုပ်ကိုင်ခွင့်ပြုမည်

**မိုးညို၊ နိုင်ချို**

**ရန်ကုန်၊ ဇူလိုင်-၃**

ပုဂ္ဂလိကအာမခံလုပ်ငန်းလုပ်ကိုင်ရန်အတွက် ပြည်တွင်းကုမ္ပဏီ ၂၀ လာရောက် လျှောက်ထားပြီး ဩဂုတ်လကုန်ပိုင်းတွင် စတင်၍ လုပ်ကိုင်ခွင့်ပြုသွားမည်ဖြစ်ကြောင်း မြန်မာ့အာမခံလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဒေါက်တာမောင်မောင်သိမ်းက ပြောသည်။

"လျှောက်လွှာပိတ်ရက် ညနေအထိ လာလျှောက်တာကုမ္ပဏီ ၂၀ ရှိတယ်။ လာလျှောက်တဲ့ ကုမ္ပဏီတွေထဲက ကုမ္ပဏီ အရေအတွက် ဘယ်လောက်ထိပေးမယ်ဆိုတာ လောလောဆယ်မှာ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့က အစည်းအဝေးထိုင်ပြီး စိစစ်ရွေးချယ်ပေးသွားမှာပါ" ဟု ၎င်းကပြောသည်။

လာရောက်လျှောက်ထားသည့် ကုမ္ပဏီများတွင် ပြည်တွင်းမှ ထိပ်သီးစီးပွားရေးလုပ်ငန်းရှင်များ၊ ပုဂ္ဂလိကဘဏ်များ၊ အများပိုင်ကုမ္ပဏီအစုအဖွဲ့များပါဝင်ကြောင်း မြန်မာ့အာမခံလုပ်ငန်းမှ ဒုတိယ အထွေထွေမန်နေဂျာဦးစိန်မင်းကပြောသည်။

လျှောက်လွှာတင်ရက်ဇွန်လ ၁ ရက်မှ လလယ်ပိုင်းတွင် လာရောက်လျှောက်ထားသည့်ကုမ္ပဏီ တစ်ခုသာရှိခဲ့သော်လည်း လျှောက်လွှာပိတ်ရက်နောက်ဆုံးပတ်တွင် ကုမ္ပဏီ ၁၉ ခု လာရောက်လျှောက်ထားခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

လက်ရှိတွင်ပြည်တွင်းပုဂ္ဂလိကအာမခံလုပ်ငန်းများကိုပြည်တွင်းရှိကုမ္ပဏီအဖွဲ့အစည်းများကိုသာ လတ်တလောလုပ်ကိုင်ခွင့်ပြုသွားမည်ဖြစ်ကာ အာမခံအမျိုးအစား ၆ မျိုးကို စတင်လုပ်ကိုင်ခွင့်ပေးသွားမည်ဖြစ်သည်။ လုပ်ကိုင်လိုသော ကုမ္ပဏီများ၏ ကျွမ်းကျင်မှုနှင့်ထပ်မံ၍ ရင်းနှီးမြှုပ်နှံမည့် ပမာဏပေးမှုတည်ကာ အာမခံအမျိုးအစားများကိုလည်း ထပ်မံ၍ တိုးမြှင့် လုပ်ကိုင်ခွင့်ပြုသွားမည်ဖြစ်ကြောင်း မြန်မာ့အာမခံလုပ်ငန်းမှ ပုဂ္ဂလိက အာမခံလုပ်ငန်းကြီးကြပ်မှုအဖွဲ့ တာဝန်ရှိသူတစ်ဦးက ပြောသည်။ ပုဂ္ဂလိက အာမခံလုပ်ငန်းလုပ်ကိုင်နိုင်ရန်အတွက်ကုမ္ပဏီတစ်ခုလျှင် ကျပ်သန်း ၄၆,၀၀၀ ရင်းနှီးမြှုပ်နှံငွေပမာဏအားပြည်တွင်းအစိုးရဘဏ်တစ်ခုခုတွင် ပြသနိုင်မှသာ စတင်၍ လုပ်ကိုင်ခွင့်များ ပေးသွားမည်ဟုလည်း သိရသည်။

## လယ်မြေအချို့ ရေနစ်မြုပ်မှုများ သက်ဆိုင်ရာ တင်ပြထား

**မင်းဟိန်းကျော်**

**ရန်ကုန်၊ ဇွန် - ၃၀**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်အတွင်းရှိလယ်မြေအချို့တွင် ရေနစ်မြုပ်မှုများဖြစ်ပွား၍ လယ်သမားများ လယ်စိုက်ပျိုးရန် အခက်အခဲတွေ့နေမှုကို တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ တင်ပြထားသော်လည်း အရေးယူဆောင်ရွက်ပေးမှုမရှိကြောင်း ဒရယ်လူးကျေးရွာမှ လယ်လုပ်သူကိုညဏ်မျိုးသက်က ပြောသည်။

"ကျွန်တော်တို့နေရာမှာ ခုနစ်နှစ်လောက်ရှိပြီ။ လယ်တွေရေမြုပ်တာ။ မနှစ်ကတော့ တော်တော်အခြေအနေဆိုးတယ်။ ဝမ်းစာစပါးလောက်ပဲရလိုက်တယ်။ ဒီလိုဖြစ်ရတာ အဓိကကတော့ ရှိပြီးသားချောင်းတချို့ကောသွားတယ်။ အဲဒါကို အစိုးရကပြန်ပြီးတူးဖော်မှုမပြုဘူး။ နောက်ပြီး အရင်ကရှိခဲ့တဲ့ချောင်းဟောင်းကိုဖြတ်ပြီး ကျေးရွာချင်းဆက်မြေသားတာဘောင် လမ်းဖောက်လိုက်တယ်။ အဲဒီမှာ ရေစီးရေလာမရှိတော့ဘဲ နဲ့ လယ်တွေကရေမြုပ်တဲ့အခြေအနေဖြစ်သွားတယ်" ဟု ၎င်းက ပြောသည်။

အဆိုပါရေနစ်မြုပ်မှုဖြစ်ပွားသည့်နေရာတွင်လယ်ဧက၅,၀၀၀ကျော်ရှိသည့်အနက် ဧက ၃၀၀ ကျော်ခန့် ရေနစ်မြုပ်ခံနေရကြောင်း၊ အဆိုပါလယ်မြေများ ရေနစ်မြုပ်မှုမဖြစ်ပေါ်စေရန်အတွက် သက်ဆိုင်သည့် အစိုးရဌာနများမှ ချောင်းများ၊ မြောင်းများအားပြန်လည်ဖော်ထုတ်ပေးရန်နှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် ပိတ်ဆို့ထားသော ကျေးရွာချင်း ဆက်သွယ်ထားသည့် ဆက်သွယ်ရေးတာဘောင်အားဖြိုချ၍ တံတားဖြင့်သာ ဆက်သွယ်စေလိုကြောင်း ၎င်းကပြောသည်။

"ကျွန်တော်တို့စာပို့လိုက်တော့ သက်ဆိုင်ရာတွေကလာတော့ကြည့်တယ်။ ဒါပေမဲ့ သူတို့က အခုလုပ်ပေးလို့မဖြစ်ဘူး။ နောက်နှစ်မှ ဘတ်ဂျက်ရရင်လုပ်ပေးမယ်ပြောတယ်။ ကျွန်တော်တို့ကတော့ တော်တော့်ကိုအခက်တွေ့နေရပြီ။ အဲဒါကြောင့် တိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို ထပ်ပြီးစာတင်ထားတယ်" ဟု ကိုညဏ်မျိုးသက်ကပြောသည်။

ယင်းကိစ္စရပ်အား ဖြေရှင်းပေးရန်အတွက် ဒရယ်လူးကျေးရွာမှ လယ်သမား ၁၀၀ ဦး၊ သဲကုန်းတန်းနှင့်ကော့ဒွန်းကျေးရွာမှလယ်သမား ၁၀၀ ဦးတို့က စုပေါင်းလက်မှတ်ရေးထိုးတင်ပြထားကြောင်း၊ လယ်သမားကြုံတွေ့နေရသည့်အခက်အခဲများ ပြေလည်စေရန်အတွက် လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူမစုစုနွေးကကူညီဆောင်ရွက်ပေးနေကြောင်း၎င်းကပြောသည်။

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Toshiba (LCD) | 32BX10T | 250,000 |
| Panasonic(LCD) | 32SC4S | 230,000 |
| Sony (LCD) | 32BX | 265,000 |
| Toshiba (TV) | LZE 21-28 | 100,000 |
| **DVD** | | |
| EVD (coeco) | 8082 | 21,000 |
| EVD(Sony) | DVK75 | 23,000 |
| LG | DV276 | 21,000 |
| EVD (AEK) | 8TMI | 30,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 160,000 |
| Sanyo | SR811 | 450,000 |
| Hitachi | 19AGV7 | 248,000 |
| Panasonic | NR.BT223 | 225,000 |
| **Washing** | | |
| Panasonic | XPB-90-99885 | 150,000 |
| | MAS 70 V2 | 190,000 |
| Toshiba | 120 R | 140,000 |

**မှတ်ချက်– အထက်ပါဈေးနှုန်းများမှာ ဇူလိုင်(၇) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှကောက်ယူထားခြင်းဖြစ်သည်။**

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၁၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၀၀၀ |
| ဘိလပ်မြေ (မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄,၆၀၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၄,၈၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၁၀၅ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၈၈ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၁၀၀ |
| အုတ် (၁၀ ပေါက်အုတ်)(အထိုင်ဈေး) | တစ်လုံး | ၂၀၀ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၃,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၇,၅၀၀ |
| ကျောက် | တစ်ကျင်း | ၅၃,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၇၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၁,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၉၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.4mm) | ၁ ပေ | ၁,၀၅၀ |
| Posco ကြယ်စိမ်း(၆။၇။၈ ပေ) | ၁ ပေနှုန်း | ၅၀၀ |
| Posco ကြယ်စိမ်း(၉။၁၀ ပေ) | ၁ ပေနှုန်း | ၅၀၀ |
| Posco ကြယ်စိမ်း(၁၁။၁၂ ပေ) | ၁ ပေနှုန်း | ၅၀၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ ၆။၇။၈။၉။၁၀။၁၁။၁၂) | ၁ ပေ | ၅၃၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် ၆။၇။၈) | ၁ ပေနှုန်း | ၃၀၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၀၀၀ |

**အထက်ပါဈေးနှုန်းများမှာ ဇူလိုင်(၇) ရက်တွင် ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။**

## ဟန်းဆက်ဈေးနှုန်းများ

**Samsung**

| Model | Price |
|---|---|
| Galaxy S3(16 GB) | 570,000 |
| Galaxy S2(16 GB) | 420,000 |
| Galaxy S Plus | 295,000 |
| Galaxy Wonder | 230,000 |
| Galaxy Ace2 | 296,000 |
| Galaxy Ace Plus | 256,000 |
| Galaxy Ace | 186,000 |
| Galaxy Y | 112,000 |
| Galaxy Note | 530,000 |

**Samsung Show Room, Elite, လှူကြီးမင်း မိုဘိုင်းဆိုင်မှ ဈေးနှုန်းများ ဖြစ်သည်။**

**HTC**

| Model | Price |
|---|---|
| WiFi 3333 | 145,000 |
| WiFi S | 167,000 |
| A510(CDMA) | 205,000 |

**iPhone**

| Model | Price |
|---|---|
| iPhone 4S(16 GB) | 620,000 |
| iPhone 4S(32 GB) | 710,000 |
| iPhone 4 | 520,000 |
| iPad 3 (New) 16 GB | 510,000 |
| iPad 3 (New) 32 GB | 610,000 |
| iPad 2 | 500,000 |

**Huawei**

| Model | Price |
|---|---|
| U 8861 (GSM) | 95,000 |
| U 8800 (GSM) | 170,000 |
| U 8818 (GSM) | 140,000 |
| U 8660 (GSM) | 110,000 |
| U 8812 (GSM) | 160,000 |
| C 8810 (CDMA 800) | 135,000 |
| C 8650 (CDMA 800) | 105,000 |
| C 8800 (CDMA 800) | 180,000 |

**ဇူလိုင်(၇) ရက်ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။**

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၇၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဇီယာ) | တစ်ပြည် | ၅၀၀-၁,၀၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၄,၀၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၈၅၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၇၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၇၀၀-၈၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၇၀၀-၂,၀၀၀ |
| သကြား | တစ်ပိဿာ | ၁,၁၀၀-၁,၂၅၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၂၀၀ |
| အာလူး | တစ်ပိဿာ | ၇၀၀-၉၀၀ |
| နို့ဆီ | တစ်ဘူး | ၆၀၀-၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၅၅၀-၇၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၉၀-၁၀၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၄၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၅၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |
| ခရမ်းချဉ်သီး(အင်းသီး) | ၁ သေတ္တာ | ၁၃,၀၀၀ ဝန်းကျင် |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၄၀၀-၅၀၀ |
| ငရုတ်သီး(ပီနံ) | ၁ ပိဿာ | ၂,၈၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၂၀၀-၁,၇၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၂၀၀-၃,၃၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၅,၀၀၀-၃၀,၀၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၁,၈၀၀-၃,၃၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၃,၀၀၀-၄,၅၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၂,၀၀၀-၂၈,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၀၀၀-၂,၀၀၀ |

**ဇူလိုင်(၇) ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။**

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| နေ့စွဲ | ဓာတ်ဆီ | ဒီဇယ် | Octane ဒီဇယ် | Premier ဒီဇယ် |
|---|---|---|---|---|
| July(1) | 3,550 | 3,900 | 4,100 | 4,100 |
| July(2) | 3,550 | 3,900 | 4,100 | 4,100 |
| July(3) | 3,550 | 3,900 | 4,100 | 4,100 |
| July(4) | 3,550 | 3,900 | 4,100 | 4,100 |
| July(5) | 3,550 | 3,900 | 4,100 | 4,100 |
| July(6) | 3,550 | 3,900 | 4,100 | 4,100 |
| July(7) | 3,550 | 3,900 | 4,100 | 4,100 |

**ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းများပြောင်းလဲမှု အနည်းငယ်ရှိနိုင်သည်။**

## Note Book

| | |
|---|---|
| **Acer** | |
| Intel Core i7 2.0Ghz 4GB DDR3,640 HDD,1GB VGA,14.0" | 640,000 |
| Intel Core i5 2.30Ghz 4GB DDR3,640 HDD,1GB VGA,14.0" | 528,000 |
| Intel Core i3 2.10Ghz 2GB DDR3,500 HDD,14.0" | 399,000 |
| Intel DualCore 1.6Ghz 2GB DDR3,640 HDD,256VGA,14.0" | 338,400 |
| Intel Atom 1.66Ghz 2GB DDR3, 320GB HDD,10.1" | 256,000 |
| **Dell** | |
| Intel Core i7 2.0Ghz 6GB DDR3, 640 HDD,1GB VGA,15.6" | 880,000 |
| Intel Core i5 2.30Ghz 6GB DDR3, 640 HDD, 15.6" | 552,000 |
| Intel Core i3 2.10Ghz 4GB DDR3, 500 HDD, 14.0" | 488,000 |
| Intel Atom 1.66Ghz 1GB DDR3, 250 HDD, 10.1" | 304,000 |
| **Lenovo** | |
| Intel Core i7 2.10Ghz 8GB DDR3,750 HDD,2GB VGA,15.6" | 847,200 |
| Intel Core i5 2.3Ghz 2GB DDR3,750 HDD,1GB VGA,14" | 535,200 |
| Intel Core i3 2.2Ghz 2GB DDR3,500 HDD, 14" | 407,200 |

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.18 • JULY 12 , 2012

# WTO တခွေ

**ကြည်နေဝင်းမင်း**



Lenin State Farm ဟုခေါ်ဆိုသောကျယ်ပြောသည့် စိုက်ခင်းကြီးတွင် ရွှေ့ပြောင်းလုပ်သားများကမွေးအီနေသော စတော်ဘယ်ရီသီးများကို ဆွတ်ခူးနေကြသည်။ အပူဒဏ်ပြင်းထန်လွန်း၍ အချို့အလုပ်သမားများမှာ ဘောင်းဘီတိုများသာ ဝတ်၍ အလုပ်လုပ်နေကြပြီး ၎င်းလယ်ယာမြေမှာလည်း မော်စကိုအနီးတစ်ဝိုက်ရှိ ခေတ်ဟောင်းမှ စုပေါင်းလယ်ယာမြေ ဥယျာဉ်ခြံများတွင် အအောင်မြင်ဆုံးဥယျာဉ်ခြံတစ်ခုဖြစ်သည်။

ယင်းဥယျာဉ်ခြံမှ ညွှန်ကြားရေးမှူး ပါဗယ်ဂရူဒီနင်က ၎င်းတို့ခြံမှ ထွက်ရှိသော စတော်ဘယ်ရီသီးများမှာ ရုရှားမြို့တော် မော်စကိုတွင်ယှဉ်ပြိုင်နိုင်သူမရှိကြောင်း ပြောပြသည်။ အကြောင်းမှာ စတော်ဘယ်ရီသီးများကိုခူးဆွတ်ပြီး ထုပ်ပိုးသိမ်းခြင်းအဆင့်အထိ ၂၄ နာရီပင် မကြာမြင့်၍ ဖြစ်သည်။

သို့သော် ရှေ့လာမည့် ရက်သတ္တပတ်တွင် ရုရှားနိုင်ငံက ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီး (WTO) သို့ဝင်ရောက်တော့မည်ဖြစ်ရာ ကုန်သွယ်ရေး မျှတမှုအတွက် ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများကြောင့် သူတို့ဘက်ကတစ်ပန်းရှုံးမည်ကိုမစ္စတာဂရူဒီနင်စိတ်ပူနေသည်။ မစ္စတာ ဂရူဒီနင်ကသူ့အနေဖြင့် အမေရိကန်နှင့်ဥရောပမှကုန်ထုတ်လုပ်သူများနှင့် ယှဉ်ပြိုင်ရန် ခက်ခဲမည်ဟု ဆိုသည်။ အကြောင်းရင်းမှာ အမေရိကန်နှင့် ဥရောပကုန်ထုတ်လုပ်သူများက ဗျူရိုကရေစီနှင့် လာဘ်စားမှုများကို ကိုင်တွယ်ဖြေရှင်းရန်မလိုအပ်သောကြောင့် ဟုဆိုပါသည်။

၁၈ နှစ်ကြာ ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ခဲ့ပြီးနောက် ရုရှားနိုင်ငံမှာ လာမည့်အပတ်တွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) သို့ဝင်ရောက်တော့မည်ဖြစ်သော်လည်း ရုရှားနိုင်ငံမှ စီးပွားရေးလုပ်ပေါင်းများစွာမှာ စိုးရိမ်ထိတ်လန့်နေကြသည်။ နိုင်ငံတကာကုန်သွယ်ရေးတွင် အားလုံးအတွက် တစ်ပြေးညီဖြစ်စေရန် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီးက အမတော်ကြေးပေးခြင်း၊ သွင်းကုန်အခွန်ကောက်ခြင်းများကို ကန့်သတ်ထားပါသည်။

WTO သို့ ဝင်ရောက်ရန် ပါလီမန်က အတည်ပြုပေးရန် လိုအပ်ပါသည်။ ရုရှားသမ္မတ ဗလာဒီမာပူတင်က WTO အဖွဲ့ဝင်ဖြစ်လာပါက ရုရှားသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာမည်ဖြစ်ပြီး ရုရှားကုမ္ပဏီများလည်း ပို၍ ယှဉ်ပြိုင်နိုင်စွမ်းရှိလာမည်ဟု ပြောကြားထားရာ မစ္စတာပူတင်၏ ပါတီက စိုးမိုးထားသောပါလီမန်က အတည်ပြုချက်ပေးရန် သေချာသလောက် ရှိပါသည်။

ကောင်းကွက်လေးများကို သာကြည့်၍ ဟောကိန်းထုတ်ခြင်းများမှာ (စီးပွားရေးလုပ်ငန်းများအား) အဆုံးမရှိစစ်ဆေးခြင်း၊ အရာရှိများလာရောက်ခြင်းများကို ထည့်သွင်းတွက်ချက်ထားခြင်းမရှိကြောင်း မစ္စတာဂရူဒီနင်ကဆိုသည်။ “ဒါကြောင့်မို့ ကျွန်တော်တို့မယှဉ်ပြိုင်နိုင်တာ” ဟု၎င်းကဆိုပြီး “အမေရိကန်၊ ဥရောပလယ်သမားတွေနဲ့စာရင် ကျွန်တော်တို့အထောက်အပံ့အများကြီးမရပါဘူး။ ကျွန်တော်တို့ ဒီလာဘ်စားတဲ့ ကိစ္စရပ်ကို အရင်ကိုင်တွယ်ရမယ်။ ပြီးမှ ကုန်သွယ်ရေးအဖွဲ့ထဲဝင်ပေါ့။ ပြောင်းပြန်လုပ်လို့မရဘူး” ဟု မစ္စတာဂရူဒီနင်က ပြောပါသည်။

ခြစားမှုမှာ ရုရှားနိုင်ငံတွင် ကျယ်ပြန့်ပါသည်။ နိုင်ငံတကာပွင့်လင်းမြင်သာမှုအဖွဲ့ (Transparency International) က ရုရှားနိုင်ငံအား ကမ္ဘာ့နိုင်ငံပေါင်း ၁၈၃ နိုင်ငံတွင် အဆင့် ၁၄၃ ပေးထားပါသည်။

စီးပွားရေးလုပ်ငန်းများမှာ တရားဝင်ခွင့်ပြုချက်မလိုဘဲ ရုတ်တရက်ရှောင်တခင်ဝင်ရောက်စစ်ဆေးမှုများကို ရပ်တန့်ရန် ရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့အရာရှိများအားလာဘ်ထိုးရသည်။ ဝန်ဆောင်မှုမြန်မြန်ဆန်ဆန် ရရှိနိုင်ရန်လျှပ်စစ်ဓာတ်အားနှင့်ဓာတ်ငွေ့ကုမ္ပဏီများကိုတရားမဝင် ငွေကြေးပေးသွင်းရသည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီး (WTO) သို့ဝင်ရောက်ခဲ့ပါက ထောင်နှင့်ချီသော ရုရှားစီးပွားရေးလုပ်ငန်းများကို ပျက်စီးသွားစေနိုင်ကြောင်း အချို့သော ရုရှားကုန်သွယ်ရေးအုပ်စုများက ပြောကြားကြသည်။ ရုရှားနိုင်ငံတွင် ထင်ရှားသော စက်မှုလုပ်ငန်းနှင့် စီးပွားရေးလုပ်ငန်းများ၏ ခေါင်းဆောင်တစ်ရာနီးပါးကလည်း ရုရှားနိုင်ငံ WTO သို့ဝင်ရောက်ရေး အတည်မပြုရန် လက်ရှိနိုင်ငံကို အုပ်ချုပ်နေသော ယူနိုက်တက်ရုရှားပါတီအား လက်မှတ်ရေးထိုးတင်ပြခဲ့ကြသည်။

“ထောင်ပေါင်းများစွာသော ကုမ္ပဏီတွေက သူတို့ရဲ့ရင်းနှီးမြှုပ်နှံမှုအစီအစဉ်တွေ၊ အလုပ်သမားတွေ၊ ထုတ်လုပ်မှုတွေကို လျှော့ချနေကြပြီဖြစ်ပါတယ်” ဟုလက်မှတ်ရေးထိုးသူများကဆိုထားသည်။ ယင်းသို့ လက်မှတ်ရေးထိုးထားသောအဖွဲ့များတွင် နို့နှင့်နို့ထွက်ပစ္စည်းလယ်သမားများသမဂ္ဂနှင့် အမဲသားထုတ်လုပ်သူများ သမဂ္ဂတို့ပါဝင်ပါသည်။

မကြာသေးမီကလည်း ကွန်မြူနစ်ပါတီက ဦးဆောင်စည်းရုံးခဲ့သော ကန့်ကွက်ဆန္ဒပြမှုတွင် လူ ပေါင်း ၅၀၀ ခန့်က ရုရှားနိုင်ငံ WTO သို့ဝင်ရောက်မည်ကို ဆန့်ကျင်ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်ဖြစ်လာပါက ဈေးပေါသောသွင်းကုန်များကို မယှဉ်ပြိုင်နိုင်သောကြောင့်သွက်လက်ထိရောက်မှုမရှိသော ကုမ္ပဏီများကို ရှင်းထုတ်သွားနိုင်မည်ဟုလေ့လာဆန်းစစ်သူများက ဆိုပါသည်။ “အလုပ်ကိုတွင်ကျယ်အောင် လုပ်တဲ့ ကုမ္ပဏီတွေအနေနဲ့ ဘာမှကြောက်စရာမရှိဘူး” ဟုမော်စကို HSBC ဘဏ်မှ စီးပွားရေးပညာရှင်ချုပ် အလက်ဇန္ဒာမိုရိုဇော့ဗ်က ပြောကြားပါသည်။ ဈေးကွက်ဝေစုကို ချဲ့ထွင်နိုင်၍ အကျိုးအမြတ်ပင်ပိုရနိုင်ကြောင်း ၎င်းကဆိုသည်။

Lenin State Farm မှာ အလုပ်ကို တွင်ကျယ်အောင် လုပ်နိုင်သော ကုမ္ပဏီတစ်ခုဖြစ်ပါသည်။ သို့သော်လည်း ကုန်သွယ်ရေးသဘောတူညီချက်ကြောင့် ၎င်းတို့အတွက် မမျှမတ ယှဉ်ပြိုင်ရပြီး ဝန်ပိစေလိမ့်မည်ဟု မစ္စတာဂရူဒီနင်ကဆိုပါသည်။ ရုရှားကုမ္ပဏီများမှာ အနောက်တိုင်းစတိုင်ဈေးကွက်အနေအထားတွင် ယှဉ်ပြိုင်လုပ်ကိုင်ရမည်ဖြစ်သော်လည်း မပြောင်းမလဲ ရှိနေသော ရုရှားဗျူရိုကရေစီနှင့်ခြစားမှုများကိုလည်း လိုက်နာနေထိုင်ရမည်ဖြစ်သည်။

ရုရှားနိုင်ငံမှ အချို့ကုန်ပစ္စည်းဈေးနှုန်းများမှာ “စီးပွားရေးလုပ်ခြင်း ကုန်ကျစရိတ်များ” ပါဝင်သောကြောင့် ပို၍ ဈေးကြီးကြောင်း မော်စကိုအခြေစိုက် Alfa ဘဏ်မှ စီးပွားရေးပညာရှင်ချုပ်နာတာလီယာ အိုလိုဗာက ဆိုပါသည်။ “စီးပွားရေးလုပ်ခြင်းကုန်ကျစရိတ်”ဆိုသည်မှာ ခြစားခြင်းကိုရည်ညွှန်းခြင်းပင်ဖြစ်ပါသည်။

မစ္စတာဂရူဒီနင်၏ စုပေါင်းလယ်ယာမြေမှ နေ၍ တစ်နှစ်လျှင်နိုင်ငံတော်အတွက် အခွန်အခများသန်းနှင့်ချီ၍ပေးဆောင်သလို ၎င်းတို့ အခြေခံအဆောက်အအုံနှင့် အိမ်ရာဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ရူဘယ်ငွေသန်းနှင့်ချီ၍လှူဒါန်းပါသည်။ သို့သော် ၎င်းတို့၏ လယ်ယာမြေပေါ်တွင် တစ်ထပ်အဆောက်အအုံနွားတင်းကုပ်ဆောက်လုပ်ခွင့်ရရှိရေး သုံးနှစ်ကြာ စောင့်ဆိုင်းခဲ့ရသည်ဟု မစ္စတာဂရူဒီနင်က ပြောပြသည်။ မိုင် ပေါင်း ၂၀ ကွာဝေးသော လေဆိပ်တစ်ခုအပါအဝင် လေဆိပ်ပေါင်းသုံးခုမှ ခွင့်ပြုချက် တောင်းခံခဲ့ရသည်။ အဆောက်အအုံက ၎င်းတို့လေယာဉ်ပျံသန်းမှုအတွက် အနှောင့်အယှက်မဖြစ်ကြောင်း အာမခံရခြင်းဖြစ်သည်။

ကတိပေးထားသည်မှာကြာမြင့်ပြီဖြစ်သော ပြုပြင်ပြောင်းလဲမှုများကို ဆက်လက်၍ တွန်းတွန်းတိုက်တိုက်လုပ်ဆောင်မှသာ ရုရှားနိုင်ငံ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်ဖြစ်လာခြင်းက နိုင်ငံအတွက် အကျိုးပြုမည်ဟု HSHB မှမစ္စတာမိုရိုဇော့ဗ်က ဆိုပါသည်။ ရုရှားကုန်ထုတ်လုပ်သူများအား အကာအကွယ်များပေးထားမည့်အစား အစိုးရအနေဖြင့်ဥပဒေများကိုပိုမိုပွင့်လင်းအောင် လုပ်ဆောင်၍ ရုံး လုပ်ငန်းအတားအဆီးများကို လျှော့ချပေးရမည်ဟုလည်း ၎င်းကဆိုပါသည်။

Alfa ဘဏ်မှ မစ္စအိုလိုဗာကလည်းကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ဝင်လိုက်ခြင်းဖြင့် ရုရှားနိုင်ငံ၏ အနာရောဂါအားလုံးကို ပျောက်ကင်းသွားစေမည်မဟုတ်ကြောင်း ပြောကြားပါသည်။ “WTO ဆိုတာ ကိရိယာတန်ဆာပလာတစ်ခုပဲဖြစ်ပါတယ်။ နိဗ္ဗာန်ဘုံအတွက် လက်မှတ်မဟုတ်ပါဘူး။ နိုင်ငံတစ်နိုင်ငံမှာ မဟာဗျူဟာရှိတယ်ဆိုရင် အသုံးချနိုင်တဲ့ တန်ဆာပလာတစ်ခုပါပဲ” ဟု ၎င်းက စကားကို အဆုံးသတ်လိုက်သည်။

*—Ref: From Farms to Factories, Russians wary of WTO*

ဒ္ဓိ မေတ္တာ စေတနာ သာသနာ **သုခ ချမ်းသာ** မဇ္ဈိမဒေသ ဘုရားဖူးအဖွဲ့

အိန္ဒိယ၊ နီပေါ နိုင်ငံများရှိ သက်တော်ထင်ရှား မြတ်စွာဘုရား သီတင်းသုံးတော်မူခဲ့ရာ နေရာမြတ်များတွင် ဆီမီး၊ ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်း၊ နံ့သာတိုင် ကပ်လှူပူဇော်ပွဲကြီးများကို “သုခ ချမ်းသာ” မဇ္ဈိမဒေသ ဘုရားဖူးအဖွဲ့မှ ဦးဆောင်၍ ကျင်းပ ပူဇော်သွားမည် ဖြစ်ပါသည်။

ခရီးစဉ်(၁) ၁၁–ရက်ခရီးစဉ် ❖ ဖွား၊ ပွင့်၊ ဟော၊ စံ သံဝေဇနိယ လေးဌာန ... (၈)သိန်း(စရိတ်ငြိမ်း)
ခရီးစဉ်(၂) ၁၅–ရက်ခရီးစဉ် ❖ သံဝေဇနိယ လေးဌာန၊ သင်္ကဿနဂိုရ်၊နယူးဒေလီ၊ ရာဇဂြိုလ်၊ သာဝတ္ထိ၊ တပ်ချိမဟာ ............ (၉)သိန်း(စရိတ်ငြိမ်း)
ခရီးစဉ်(၃) ၁၈–ရက်ခရီးစဉ် ❖ ခရီးစဉ်(၂)+ကာလကတ္တား ................ (၉.၅)သိန်း(စရိတ်ငြိမ်း)

မှတ်ချက် ❖ ၃၁–၇–၂၀၁၂ရက်နေ့ နောက်ဆုံးထား၍ ဘုရားဖူးစာရင်းပေးသွင်းပါက ငွေ ၃၀၀၀၀/ –ကျပ် လျှော့ပေးပါမည်။

အထက်ပါ မဇ္ဈိမဒေသဘုရားဖူးခရီးစဉ်များကို ၂၀၁၂ အောက်တိုဘာ၊ နိုဝင်ဘာ နှင့် ၂၀၁၃ ဖေဖော်ဝါရီ၊ မတ်၊ ဧပြီလများတွင် ဘုရားဖူးသွားရောက်မည်ဖြစ်ပါသဖြင့်၊ ဘုရားဖူး (၁၆)ဦးလျှင် (၁)ဦး စရိတ်ငြိမ်းဖြင့် ပို့ဆောင်ပေးပါမည်။ ခရီးစဉ် တစ်ဖွဲ့လျှင် ဘုရားဖူး(၃၀)ဦးသာ လက်ခံပြီး၊ ကုမ္ပဏီ ဒါရိုက်တာများကိုယ်တိုင် ဝန်ဆောင်မှုအကောင်းဆုံးဖြင့် ပို့ဆောင်ပေးနေပါသည်။

ရုံးချုပ် ကိုမြတ်စိုး+မသုဇာညွန့် (ရဲကျော်သုရှပ်ရှင်)၊ အမှတ်–၂၂(မြေညီ)၊ ဇမ္ဗူရာဇ်လမ်း၊ ကျွန်းတော်လမ်းအနောက်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး 01-502365, 09-5077984, 09-420090399

မန္တလေး 09-91033410 09-2018334 09-2009094 09-2051359
မြင်းခြံ 09-49580918 09-43070713 09-2045714 085-21032
နေပြည်တော် 09-42071500 09-49332555
တံတားဦး 066-44100 066-44284 066-44249 09-48102874

riverorchid
cambodia laos myanmar thailand vietnam

VACANCY ANNOUNCEMENT

A leading Indochina Brand Communications Agency is looking for dynamic and highly motivated people

**Media Buyer (Myanmar national)**
- Must be familiar with various modes of Myanmar media and be able to work in and around the media buying processes
- Must be proactive in identifying modes of media to create brand building
- Negotiate with various media suppliers for the best media packages
- At least 2 years experience

**Client Service Executive (Myanmar national)**
- Serve as contact between Agency and Client
- Assist in the development of brand building communications for a variety of clients
- SERVICE-MINDED!
- At least 1 year experience in related field

**Requirements for all positions:**
• Excellent oral and written skills is vital (English and Myanmar language); good communication skills
• Hard-working and enthusiastic; able to work with extended hours as required


Address all applications and references to:
The General Manager, riverorchid myanmar
via email: robert@riverorchid.com

**riverorchid myanmar**
No. 17/B-1 Tharyarwaddy St. Bahan Township, Yangon tel: 01 540 887

**TRADEMARK CAUTION**
Otsuka Pharmaceutical Co., Ltd., a Company incorporated in Japan at 2-9 Kanda-Tsukasamachi, Chiyoda-ku, Tokyo, Japan is the Owner and Sole Proprietor of the following Trademark:-

**DELTYBA**
Reg: 4/5296/2012

In respect of : " Pharmaceutical preparation; Antituberculous agents."
Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.
U Myint Lwin, Advocate, LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
myint-ip-law@myanmar.com.mm
www.mipadvocate.com
Ph : 371990 12.July.2012


Alexandre Christie
s t e e l
AC
collection
Available At: CHERRY OO
Inquiry Ph: 01-373997, 01-381751, 02-72992
TRIPLE TIME ZONE 6229


SOLO®
COLLECTION
CODE - L L 002
CODE - L L 003
CODE - L L 004
CODE - L L 005
CODE - L L 001
W H E R E V E R  Y O U  G O  S O L O  W I L L  F O L L O W

7DAY NEWS JOURNAL
Vol.11, No.18 • JULY 12 , 2012

## 7DAY BOOK REVIEW

# မြန်မာ့နိုင်ငံရေး လေ့လာဆန်းစစ်ချက် (၁၉၄၈-၁၉၈၈) (ကျော်ဝင်း)




စာအုပ်အဖြစ် ပေါ်ထွက်ခဲ့ပြီဖြစ်သော စာရေးဆရာကျော်ဝင်း၏ 'မြန်မာ့နိုင်ငံရေး လေ့လာဆန်းစစ်ချက်(၁၉၄၈-၁၉၈၈)' သည် ရေးသားပြုစုစဉ်က Myanmar Egress စာသင်ကျောင်းမှ သင်ရိုးတစ်ခုအနေဖြင့် ရေးသားပြုစုခဲ့ခြင်းဖြစ်သည်ဟု စာရေးဆရာက ယခုစာအုပ်နိဒါန်း၌ရေးသားထားသည်။ သို့သော်လည်း ရင်းနှီးသူများနှင့် ကျောင်းသား၊ ကျောင်းသူတို့၏ တိုက်တွန်းမှုကြောင့် အနည်းငယ်ပြင်ဆင်တည်းဖြတ်ကာ စာအုပ်အဖြစ် ရေးသားခဲ့သည်ဟုလည်း စာရေးဆရာကဆိုထားပါသည်။

ဖော်ပြပါအတိုင်း ယခုစာအုပ်တွင် မြန်မာ့နိုင်ငံရေးအနိမ့်အမြင့်ခရီး နှစ်ပေါင်းလေးဆယ်ကာလကို စာရေးဆရာကျော်ဝင်းက စာအုပ်စာတမ်းပေါင်း လေးဆယ်ကျော်နှင့် လူပုဂ္ဂိုလ်များဖြစ်ကြသည့် သခင်လေးမောင်၊ ဦးနု၊ ဝိဓူရသခင်ချစ်မောင်၊ ဦးခင်မောင်မြင့်(ပြည်သူ့တိုးတက်ရေးပါတီ ဥက္ကဋ္ဌ)၊ လေထီးဦးခင်မောင်ကြီး၊ ဗန်းမော်တင်အောင်နှင့် မောင်စူးစမ်းတို့အား လက်လှမ်းမီသမျှ တွေ့ဆုံမေးမြန်းကာ ၎င်း၏ သမိုင်းအမြင်နှင့် ချဉ်းကပ်ပြီး ပုဂ္ဂလဓိဋ္ဌာန်ကျသော လေ့လာဆန်းစစ်ချက်များကို ဖတ်ရှုရပါမည်။ ၁၉၄၈-၈၈ နှစ်လေးဆယ်ကာလဟု ဆိုသော်လည်း သမိုင်းကိုကြားမှ ဖြတ်၍လေ့လာဆန်းစစ်ရုံဖြင့် မလုံလောက်၍ လွတ်လပ်ရေးမတိုင်မီကာလ ဒုတိယကမ္ဘာစစ်အပြီးလောက်မှစ၍ ၈၈ အလွန် ၂၀၁၀ ရွေးကောက်ပွဲကာလများအထိ တို့ထိရေးသားထားသည်။ စာအုပ်တွင် အခန်း(၇)ခန်းပါရှိပြီး နိုင်ငံရေးမိတ်ဆက်အဖြစ် မြန်မာနိုင်ငံရေးဓလေ့ကဏ္ဍအဖြစ်လည်းကောင်း၊ ဝိုင်အမ်ဘီအေ၊ ဂျီစီဘီအေ၊ ဒို့ဗမာအစည်းအရုံး၊ ဖဆပလ၊ ပမညတ စသည့်အဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများ၊ နိုင်ငံရေးခေါင်းဆောင်များ၏ ပုံရိပ်ကို ထင်ဟပ်၍ နိုင်ငံရေးပါတီများနှင့် နိုင်ငံရေးခေါင်းဆောင်များ ကဏ္ဍအဖြစ်လည်းကောင်း၊ ကွန်မြူနစ်ပါတီ ကွန်ဂရက်၊ နေသူရိန်လူထုအစည်းအဝေး၊ ကန္ဒီစာချုပ်၊ ကွန်မြူနစ်ကွဲ၊ ထန်းတပင်အရေးအခင်း၊ စက်တင်ဘာ အထွေထွေသပိတ်ကြီး၊ ဖဆပလ-ကွန်မြူနစ်အကွဲ၊ အောင်ဆန်း-အက်တလီ၊ ပင်လုံစာချုပ်၊ လွတ်တော်ခေါ်ယူခြင်း၊ နိုင်ငံတော်လုပ်ကြံမှုကြီးနှင့် လွတ်လပ်ရေးနိဂုံးဖြစ်သော နု-အက်တလီစာချုပ်ချုပ်ဆိုပုံတို့ကို လွတ်လပ်ရေးအကြိုကာလကဏ္ဍအဖြစ်လည်းကောင်း ရေးသားထားသည်။

ပါလီမန်ဒီမိုကရေစီကာလကဏ္ဍတွင် ပြည်တွင်းစစ်၊ ရန်ကုန်အစိုးရ၊ ဆိုရှယ်လစ်အကွဲ၊ ပြည်တော်သာ စီမံကိန်း၊ တရုတ်ဖြူကျူးကျော်မှု၊ ဖဆပလအကွဲ၊ အိမ်စောင့်အစိုးရ၊ ပထစအစိုးရ စသည့်ပါလီမန်ခေတ်မြင်ကွင်းများကို စာရေးသူ၏ ရှုမြင်ချက်များနှင့်အတူ ဖတ်ရှုရပါမည်။

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ်ကိုလည်း ကဏ္ဍတစ်ခုအဖြစ် သီးခြားရေးသားထားပြီး ယခုစာအုပ်ရေးဖြစ်ရခြင်း၏ အဓိကအချက်ဖြစ်သော 'မြန်မာ့ဒီမိုကရက်တိုင်ဇေးရှင်း(ဒီမိုကရေစီဖြတ်သန်းမှုကာလ) ကို စာရေးဆရာ၏ ချဉ်းကပ်တင်ပြလေ့ရှိသည့်အတိုင်း သီအိုရီများနှင့် ကောက်ချက်ချထားသည်ကို စဉ်းစားအငြင်းပွားဖွယ် ဖတ်ရှုရပါမည်။ နိဂုံးနောက်ဆက်တွဲများအဖြစ် ဖဆပလအဖွဲ့ချုပ်၏ ဆုံးဖြတ်ချက်များ၊ အောင်ဆန်း-အက်တလီစာချုပ်၊ ပင်လုံစာချုပ်၊ နု-အက်တလီစာချုပ်တို့ကို မူရင်းအတိုင်းဖော်ပြထားပြီး မြန်မာ့နိုင်ငံရေးသမိုင်းဝင်ဖြစ်ရပ်များဖြစ်သော အင်္ဂလိပ်-ဗမာ စာချုပ်အပေါ် သခင်သန်းဖေ၏ ဝေဖန်ချက်၊ ကွန်မြူနစ်တို့၏ စွပ်စွဲချက်များအပေါ် သခင်နု၏ ပြန်လည်ချေပချက်၊ လက်ဝဲညီညွတ်ရေးကြေညာချက်၊ ဦးနုနှင့် ဗိုလ်ချုပ်နေဝင်းတို့၏ အပြန်အလှန်ပေးစာများကို မူရင်းအတိုင်း ဖော်ပြထားသည်။ ယခုစာအုပ်ကို Plastic Rainbow စာအုပ်တိုက်က တန်ဖိုး ၃၅၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

## Knowledge ဗဟုသုတ

### ကျန်းမာရေးစစ်ဆေးနိုင်တဲ့ ပဋ္ဌလက်မှန်

ဟားဗတ်တက္ကသိုလ်MIT Health Sciences and Technology အစီအစဉ်မှအဖွဲ့တစ်ဖွဲ့သည်ခန္ဓာကိုယ်သွေးခုန်နှုန်း၊ အသက်ရှူနှုန်းနှင့် နှလုံးခုန်နှုန်းအနေအထားတို့ကို မျက်နှာသစ်၊ သွားတိုက်ရင်းသိရှိစေနိုင်မည့်မှန်ကိုတီထွင်ခဲ့ကြသည်။ မှန်ရှေ့သို့ရောက်သည်နှင့် ပုံရိပ်ကိုသာမန်မှန်များကဲ့သို့ပင်မြင်ရမည်ဖြစ်ပြီး ဒစ်ဂျစ်တယ်သေတ္တာက ကျန်းမာရေးဆိုင်ရာအချက်များကိုဖော်ပြမည့်ပုံစံဖြစ်သည်။

မှန်ထဲတွင် မျက်နှာရှိသွေးကြောများ၏ ပြောင်းလဲမှုအနေအထားများကိုတိုင်းတာပေးနိုင်သည့်ကိရိယာအားထည့်သွင်းထားခြင်းဖြစ်သည်။ "ကျန်းမာရေးနဲ့ပတ်သက်ပြီးတော့ နေ့တိုင်းလျှပ်တစ်ပြက်စစ်ဆေးနိုင်ပါတယ်။ ရလဒ်တွေကို အင်တာနက်ကတစ်ဆင့် နေ့စဉ်၊ အပတ်စဉ်ဆရာဝန်က စောင့်ကြည့်စစ်ဆေးတာကိုလည်းလုပ်နိုင်ပါတယ်" ဟု မှန်တီထွင်မှုဒီဇိုင်နာပါရဂူကျောင်းသားမင်ဇာပိုက ဆိုသည်။

—Source:Reader'sDigest

# တစ်ပတ်တာကံကြမ္မာ

ဇူလိုင် ၁၁ ရက် မှ ၁၇ ရက် အထိ

စံဇာဏီဘို



## ARIES — မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

အရာရာ အဆင်ပြေမည်။ အခက်အခဲများ ကျော်လွှားနိုင်မည်။ အလျှုမင်္ဂလာကိစ္စများ ပါဝင်ပတ်သက်ရမည်။ ငွေကြေးကိစ္စ၊ အလုပ်ကိစ္စများ စနစ်တကျဆောင်ရွက်၍ အောင်မြင်တိုးတက်ခြင်း ကြုံမည်။ အပြောင်းအလဲများရှိမည်။ ဥစ္စာခနေတိုးပွားမည်။ ခရီးသွားရန် ကြံစည်ထားသောသူများ လိုရာခရီးရောက်မည်။ ဆုံးနေသော ငွေပစ္စည်းများ လက်ဝယ်ပြန်ရမည်။



## TAURUS — ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

အထူးကောင်းသည်။ လာဘ်ပွင့်မည်။ ငွေဝင်ကိန်းရှိသည်။ လာဘ်လာဘ ဥစ္စာခနေတိုးပွားမည်။ စီးပွားကောင်းခြင်းနှင့် ထူးခြားသော အကျိုးဆက်ကောင်းများရရှိမည်။ ငွေကြေးဥစ္စာတိုးပွားမည်။ လက်လွှန်ငွေကြေးများပြန်လည်စုစည်းနိုင်မည်။ မိသားစုတွင် လုပ်ငန်းမရှိသူ လုပ်ငန်းရ၍ လုပ်ငန်းရှိသူ ထပ်ဆင့်လုပ်ငန်းတိုးတက်မှုများ အထင်အရှားရမည်။



## GEMINI — မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

အလိုအလျောက် စိတ်တိုဒေါသထွက်ရမည်။ လက်ဝယ်ရှိသော ငွေတို့သည်လည်းကောင်း၊ ရရှိထားသောအခွင့်အရေးတို့သည်လည်းကောင်း၊ တစ်ပါးသူမှ လုယူခြင်းခံရမည်။ ငွေကြေးစုဆောင်းရန် ခက်ခဲနေမည်။ အတူတကွ ပူးတွဲလုပ်ကိုင်နေသောသူများနှင့် စကားများရမည်။ ပဋိပက္ခဖြစ်မည်။ အချစ်ရေးတွင် အနှောင့်အယှက်များမည်။



## CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

စီးပွားကိစ္စ၊ အလုပ်ကိစ္စများ ဆောင်ရွက်သမျှ ထွန်းပေါက်မည်။ အဆင်ပြေမည်။ ကိုယ်တိုင်တွင်လည်းကောင်း၊ မိသားစုတွင်လည်းကောင်း၊ အလုပ်လျှောက်၊ အလုပ်ရှာသူများ အလုပ်ရမည်။ ခရီးကိစ္စများအဆင်ပြေမည်။ အလုပ်အကြံအစည်များ အောင်မြင်မည်။ စိတ်ချမ်းမြေ့ရမည်။ လူမျိုးကွဲ၊ လူမျိုးခြားနှင့် တိုက်ရိုက်ဆက်ဆံ လုပ်ကိုင်သောလုပ်ငန်းများ အကျိုးပေးမည်။



## LEO — သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

ငွေကုန်များမည်။ အလုပ်တွင် တစ်ခုပြီးတစ်ခုပြဿနာဖြစ်မည်။ အရှုပ်အထွေးဖြစ်မည်။ လုပ်သမျှ အံချော်မည်။ မည်မျှကြိုးစား၍ ရိုးရိုးကုပ်ကုပ်နေစေ ငွေကုန်ကိန်းများ ဆက်တိုက်ရှိမည်။ စာရွက်စာတမ်းကိစ္စ၊ ငွေကြေးကိစ္စများ သတိနှင့်ဆောင်ရွက်ပါ။ ပြဿနာအခက်အခဲများ ဖြစ်လွယ်သည်။ ရောင်းမှား ဝယ်မှားဖြစ်တတ်သည်။ ရင်းနှီးသူများနှင့် စကားများရမည်။



## VIRGO — ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

အလုပ်သစ်၊ အခွင့်အရေးသစ်များ ပေါ်မည်။ အလိုရှိရာ ပြည့်စုံမည်။ အောင်မြင်ကျော်ကြားခြင်း ကံပွင့်မည်။ ငွေအစုလိုက် ဝင်မည်။ ရန်များမည်။ သူတစ်ပါးလုပ်ငန်းများကို လိုက်လံတာဝန်ယူ လုပ်ကိုင်ပေးရမည်။ လူမျိုးကွဲ၊ လူမျိုးခြားများနှင့်ဆက်စပ်လုပ်ကိုင်သော လုပ်ငန်းများ လုပ်ကိုင်အောင်မြင်မည်။ တစ်ခုထက်မကသော လုပ်ငန်းများ လုပ်ကိုင်အောင်မြင်မည်။



## LIBRA — တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

လုပ်ငန်းကို အကြောင်းပြု၍ ခရီးကိစ္စပေါ်မည်။ လူမျိုးကွဲနှင့်ဆက်စပ်သော လုပ်ငန်းများမှ ကောင်းသောအကျိုးဆက်ရရှိမည်။ နေရာအပြောင်းအရွှေ့နှင့် တက်လမ်းပူးတွဲ ပေါ်ပေါက်မည်။ ငွေကြေးဥစ္စာ တိုးပွားမည်။ နေရာအပြောင်းအရွှေ့များ ပေါ်ပေါက်မည်။ လူသစ်၊ ဝန်းကျင်သစ်များနှင့် ဆက်ဆံရမည်။ နီးစပ်သောသူနှင့် မေတ္တာရေးပေါ်မည်။



## SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

ရုတ်တရက် ဆုံးဖြတ်လိုက်သော မေတ္တာရေးကိစ္စများ ကြုံမည်။ တစ်ဦးထက်ပိုသော မေတ္တာရေးကိစ္စများပေါ်ပေါက်မည်။ ပညာရေးရည်မှန်းချက်များ အောင်မြင်မည်။ ပညာအတတ်နှင့် ထွန်းပေါက်မည်။ ပြည်တွင်းသာမက ပြည်ပအတတ်ပညာများအထိ လေ့လာနိုင်မည်။ ဆရာသမား အကြီးအကဲများထံမှ အထောက်အကူရမည်။




## SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

အတတ်ပညာကို အသုံးချ၍ ထူးခြားသော အောင်မြင်မှုများရရှိမည်။ ဘာသာစကားများ လေ့လာနိုင်သည်။ ဆုံးနေသော၊ ကြန့်ကြာနေသော ငွေများပြန်ရမည်။ မိသားစုလိုက် စိတ်ချမ်းမြေ့စရာများ အဆင့်ဆင့်ပေါ်ပေါက်မည်။ မိဘ၊ ဆွေမျိုး အကြီးအကဲတို့၏ ကျန်းမာရေးကို ဂရုစိုက်ရမည်။ အိုးအိမ် ပြင်ဆင်ခြင်း၊ အသစ်တည်ဆောက်ခြင်းများ ပြုနိုင်သည်။



## CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

အကြီးအကဲများထံမှ ကောင်းသောအထောက်အကူကောင်းများ ရရှိမည်။ ငွေကြေးလာဘ်လာဘ တိုးပွားမည်။ ကိုယ်ပိုင်စိတ်ကူးအကြံဉာဏ်နှင့် လုပ်ကိုင်ခြင်းမှ တိုးတက်မှုအဆင့်ဆင့်ဖြစ်ပေါ်မည်။ အလိုက်မသိသော အချိန်ဖြုန်းသော ညှော်သည်များ အဝင်အထွက်များမည်။ စိတ်ချမ်းမြေ့ရမည်။ ခရီးကိစ္စ စီစဉ်ထားသူများ လိုရာခရီးသို့ ရောက်မည်။



## AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

အတိုက်အခံများ အောင်မြင်မည်။ အခက်အခဲကြားမှ တိုးတက်မည်။ ငွေကြေးစီးပွားကိစ္စများတွင် ထူးထူးခြားခြား အခွင့်ကောင်းများ ရရှိမည်။ အချို့ကိစ္စများတွင် အဆင်ပြေမယောင်ဖြစ်ပြီးမှ အနည်းငယ် နှောင့်နှေးမည်။ မိသားစုလိုက် စီးပွားကံကောင်းမည်။ အရပ်ဝေးနှင့်ဆက်သွယ်လုပ်ကိုင်သော လုပ်ငန်းများ အကျိုးပေးမည်။ လူမျိုးကွဲအကျိုးပေးမည်။




## PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

စာရွက်စာတမ်း ကိစ္စ၊ ငွေကြေးကိစ္စများ သတိနှင့်ဆောင်ရွက်ပါ။ ပြဿနာအခက်အခဲများ ဖြစ်လွယ်သည်။ စာရွက်စာတမ်းလက်မှတ်ထိုးခြင်း မပြုရ။ အိမ်တွင် အမှုဝင်မည်။ စေတနာ ဝေဒနာဖြစ်မည်။ သူတစ်ပါးကြောင့် မိမိအကြံအစည်များ နှောင့်နှေးမည်။ ရင်းနှီးသူများနှင့် အတိုက်အခံပြောရမည်။ လုပ်သမျှ အံချော်မည်။

# 7DAY PUZZLE

**ပဟေဠိ အမှတ်စဉ်(၁၉၀)**



## အလျားလိုက်

၁။ နိုင်ငံတိုင်းလိုလို မရှိမဖြစ်အသုံးပြုကြတဲ့အရာတစ်ခု
၄။ ယခုရက်ပိုင်းအတွင်း လူထုရဲ့စိတ်ဝင်စားခြင်းခံရသူတစ်ဦး
၈။ ကျောင်းနေအရွယ်တိုင်းနဲ့ မလွတ်ကင်းနိုင်တဲ့အရာတစ်ခု
၁၀။ ပို့ချင်တဲ့အရာတွေကို မြန်မြန်ရောက်အောင် ပို့ဆောင်နိုင်တဲ့ ဝန်ဆောင်မှု
၁၁။ မြန်မာနိုင်ငံဈေးကွက်ထဲဝင်လာတော့မယ့် ကမ္ဘာကျော်ကုမ္ပဏီတစ်ခု
၁၂။ ကမ္ဘာတစ်လွှားမှာ လျော့နည်းပပျောက်အောင် ကြိုးပမ်းနေကြတဲ့ကိစ္စရပ်တစ်ခု

## ဒေါင်လိုက်

၂။ အစီအစဉ်အချိန်ဇယားတွေရေးဆွဲရာမှာ လိုအပ်တဲ့အရာတစ်ခု
၃။ ကျန်းမာရေးနဲ့လျော်ညီဖို့ အိမ်တိုင်းမှာ ကောင်းမွန်အောင်ဆောင်ရွက်ထားသင့်တဲ့အရာ
၅။ မြန်မာနိုင်ငံက မြို့တော်အချို့မှာတည်ရှိတဲ့ သမိုင်းဝင်အဆောက်အအုံတစ်မျိုး
၆။ အတက်ဘက်ကိုသာသွားနေတဲ့ ဈေးကွက်
၇။ ခေတ်ပေါ်ကလေးသုံးပစ္စည်းတစ်မျိုး
၉။ လုပ်ငန်းလိုအပ်ချက်ကြောင့် မလုံလောက်တဲ့ အလုပ်အကိုင်တစ်မျိုး


**Smart Dictionary ကံထူးသူ**

၁။ သူသူမြင့်လွင်ဦး၊ ၁၂/ဗတထ(နိုင်)၀၄၀၅၆၉ အမှတ်(၇၀)၊ မြို့မရပ်၊ ကျောက်ပန်းတောင်းမြို့။

**ကျန်အဖြေမှန်သူများ**

၂။ မြတ်မင်းဟန်၊ ၁၂/ကမရ(နိုင်)၀၆၄၀၉၂
၃။ ဦးသန်းဌေး၊ ၁၄/ကလန(နိုင်)၀၀၄၁၈၂
၄။ မြမြစိန်၊ PPN-213595
၅။ မြတ်စိုးမောင်၊ ၁၄/ပသန(နိုင်)၁၈၅၁၁၁

**ပဟေဠိ အမှတ်စဉ်(၁၈၉)အဖြေမှန်**




အမည် .................................... မှတ်ပုံတင်အမှတ် ....................................
နေရပ်လိပ်စာ ....................................................................

အချိန်မီပေးပို့လာသော အဖြေမှန်သူများထဲမှ SMART Dictionary ၏ ပံ့ပိုးကူညီမှုဖြင့် အဖြေမှန်သူ (၇)ဦးကို မဲနှိုက်ရွေးချယ်ပြီး၊ ထိုထဲမှတစ်ဦးကို ထပ်မံမဲနှိုက်ရွေးချယ်ကာ SMART Electronic Dictionary ချီးမြှင့်မည်ဖြစ်ပြီး ကျန်၆ ဦးကို 7Day News မှ မေတ္တာလက်ဆောင်ဆုများ ချီးမြှင့်မည်ဖြစ်ပါသည်။ Puzzle မေးခွန်းများကို ယခင်အပတ်ထွက်ရှိပြီး 7Day News မှသတင်း၊ ဆောင်းပါးများမှ စကားစုများ၊ စာလုံးများအပြင် ပြင်ပဉာဏ်စမ်းမေးခွန်းတစ်ခုစီ ထည့်သွင်းမေးမြန်းမည်ဖြစ်ကြောင်း Puzzle ဝါသနာရှင်များသို့ အသိပေးအပ်ပါသည်။ အဖြေလွှာများကိုမူရင်းသာလက်ခံမည်ဖြစ်ပြီး၊ နယ်ဝေးမှ ဖြေဆိုသူများမှာ Fax ဖြင့် ပေးပို့နိုင်သည်။

**အဖြေလွှာများကို ၁၃-၇-၂၀၁၂ သောကြာနေ့၊ မွန်းလွဲ ၂နာရီနောက်ဆုံးထား၍ ဂျာနယ်တိုက်သို့ပေးပို့ရမည်။**

ဤအစီအစဉ်ကို SMART Electronic Dictionary မှ ပံ့ပိုးကူညီပါသည်။

# Free Classified

## အခမဲ့ ကြော်ငြာကဏ္ဍ

**ရောင်းမည်**

၂၆(B)လမ်း၊ ၈၆ လမ်းနှင့် ၈၇ လမ်းကြား၊ စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရန် အလွန်ကောင်းမွန်သောနေရာ။

**ဖုန်း- ၀၉ ၂၀၅၈၁၀၀**

**ဝန်ဆောင်မှု**

ဂျပန်နိုင်ငံတွင် ဂျပန်ဘာသာ(သို့) English ဘာသာဖြင့် သင်ကြားသော တက္ကသိုလ်နှင့် ထိုင်းနိုင်ငံတွင် English ဘာသာဖြင့် သင်ကြားသော တက္ကသိုလ်များသို့ တက်ရောက်နိုင်ရန် ဝန်ဆောင်မှုပေးသည်။

**ဖုန်း- ၀၁ ၃၈၂၅၂၉**

**အကူအညီပေးရေးအဖွဲ့**

စီးပွားရေး/လူမှုရေး ဖြေရှင်းချက်ကိစ္စများ အခမဲ့အကူအညီပေးရေး ရန်ကုန်၊ ပဲခူး(အထူး)နယ်မှ ဆက်နိုင်နိုင်။

**ဖုန်း- ၀၉ ၄၂၈၁၃၀၁၆၅**

**ဒေါက်တာဆွေဆွေထိုက်(Ph.D)**

၉၊ ၁၀ တန်းဘာသာစုံသင်နှင့် ရူပဗေဒအထူးသင်ကြားမှု၊ (ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်(သိပ္ပံမေဂျာများ)၊ Primary, Secondary, IGCSE ဘာသာစုံသင်နှင့် Guide.

**Ph: 09 420023457**

**အမြန်ရောင်းမည်**

ပြင်ဦးလွင် မြို့မဈေးကြီးအနီး ပေ(၅၀×၆၀)၊ ခြံစည်းရိုးအုတ်တံတိုင်းပတ်လည်ခတ်ပြီး၊ စီးပွားရေးလုပ်ရန် နေရာကောင်း။

(ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်)

**ဖုန်း- ၀၉ ၂၀၄၅၃၂၀**

**အိမ်လိုက်သင်သည်**

၁၀တန်း ကျောင်းသား/သူများအား သင်ခန်းစာများ ပြန်လည်လေ့ကျင့်သင်ကြားပေးသည်။

**ဖုန်း- ၀၉ ၄၂၀၀ ၂၅၇၉၄**

**ပညာဒါနဘာသာစုံ**

မူလတန်း၊ အလယ်တန်းကျောင်းသားများအတွက် ကျောက်မြောင်းဈေးမှတ်တိုင်နီး၊ ၂၁၈ ကျိုက္ကဆံလမ်းမ၊ အချိန်ညှိနှိုင်းနိုင်ပါသည်။

**ဖုန်း- ၀၉ ၇၃၀၄၉၅၄၃**

**သင်ကြားသည်**

၉၊ ၁၀ တန်း တစ်ဦးချင်း Guide သင်ကြားပေးသည်။

**ဖုန်း- ၀၉ ၇၃၁၉၉၅၂၃**

**ဆွေရူပ (Ph.D)**

၉၊ ၁၀တန်း ရူပဗေဒနှင့် ဘာသာစုံသင်ကြားမှု၊ Primary, Secondary, IGCSE ရူပ-သင်္ချာ အထူးသင်ကြားမှု၊ ဘာသာစုံသင်နှင့် Guide.

**Ph: 09 420023457**

**သင်တန်း**

Professionalအနုပညာရှင်တစ်ဦးဖြစ်လာရန် Yoo Yee မှ Model, Dancer,Presenter, Vocal,...သင်တန်းများဖွင့်လှစ်နေပြီ။

**ဖုန်း- ၀၉ ၅၄၁၇၆၅၈**

**သင်ကြားပေးသည်**

၉၊ ၁၀တန်း ဘာသာစုံသင်/Guide, (Primary 1-6/ Secondary 1-2) Eng/Science, အင်္ဂလိပ်စာသီးသန့် ဝင်ခွင့်အမျိုးမျိုး၊ ကျူတာဝင်ခွင့်၊ အင်္ဂလိပ်စာ။ ဆရာထက်မြက် ။

**ဖုန်း- ၀၉ ၄၂၀၀၀၉၃၃၉**

**ရောင်းမည်**

Laptop များ ဈေးနှုန်းချိုသာစွာရောင်းမည်။

**Ph: 09 73051253**

**Sa Yar Htunn Linn Aung**

**MC (B-Tech)**

၇၊ ၈တန်း(E,Math)၊ ၉၊ ၁၀တန်း Bio/ Eco ဘာသာစုံ အိမ်လိုက်သင်ကြားပေးသည်။

**ဖုန်း- ၀၉ ၄၃၀ ၂၆၈ ၂၉**

**Dynamic Win Computer**

ကွန်ပျူတာပြုပြင်ခြင်းနှင့် Network ချိတ်ခြင်းများကို စိတ်တိုင်းကျ ဝန်ဆောင်မှုပေးပါသည်။

**ဖုန်း-၀၉-၇၃၀၁၂၄၆၉၊ ၂၅၄၅၀၃**

**ဝန်ဆောင်မှု**

Galaxy S2,Galaxy S3,Galaxy Note, ဖုန်းများfirmwarebrick ကြောင့်error များနှင့် ICS 4.0.3,4.0.4သို့ မြှင့်တင်ခြင်းများနှင့် IPhone 3G,3Gs,4G IOS 5.1.1 lock phone များ jail-break နှင့် network unlock လုပ်နိုင်ပြီ။

**ဖုန်း- ၀၉ ၄၃၀၅၂၂၂၃**

**ဆရာဦးမြင့်သန်း**

**B.Sc (Maths), B.Ed.**

၇၊ ၈၊ ၉၊ ၁၀ တန်းများ ထူးချွန်လိုသူများအတွက် သင်္ချာသီးသန့်အထူးဝိုင်းများ အိမ်အရောက်သင်ကြားပေးပါသည်။

**ဖုန်း- ၀၉ ၇၃၁၆၃၀၄၄**

**CNG TAXI ရောင်းမည်**

BMW (ကက)နံပါတ်ပေါင်းခြင်း ၉၊ လိုင်စင်သစ်၊ အမည်ပေါက်ကားသန့်၊ အလွန်မာ(ပွဲစားမလို)။

**ဖုန်း- ၀၉ ၅၁၆၄ ၂၈၅**

**Horoscoper**

အိမ်ထောင်သည်ယောကျ်ား၊ မိန်းမတိုင်း ပြဿနာအခက်အခဲများ ရင်ဆိုင်ကျော်လွှားနိုင်ဖို့အတွက် ယတြာအစီအရင်များ။

**ဖုန်း- ၀၉ ၄၃၀၃ ၂၁၁၉**

**ရောင်းမည်**

21"၊Flat TV(၄)လုံး+PS2 ဂိမ်းစက်အပါး(၄)လုံး(ခွေစုံဖတ်)+TVစင်ပါရောင်းရန်ရှိသည်။ PS3 ဂိမ်းစက် 250 G (Slim) ဂိမ်းဇာတ်လမ်းခွေပါ+ LCD 24"(guaranty ကျန်)။

**ဖုန်း- ၀၉ ၇၃၁ ၂၇၇၂၀**

**ရောင်းမည်**

အလုံ(၁၀)ပေပတ်လည် ဆိုင်ခန်း(၂)ခန်း၊ ဆံသဆိုင်၊ ကားလုပ်ငန်းလုပ်ကိုင်ရန်သင့်တော်။ရောင်းဈေး-(၁)ခန်း(၁၈သိန်း)၊ (၂)ခန်း(၃၅သိန်း)

**ဖုန်း- ၀၉ ၇၃၁ ၂၇၇၂၀**

**သင်တန်း**

Internet Websites Designing Course, Adobe Photoshop Course, Basic Computer Course တို့ကိုအထူးအမြန်သင်ကြားပေးသည်။

**ဖုန်း- ၀၉ ၅၁၅၀ ၂၈၈**

**ဇန်ဇန်**

အဆီချအကသင်တန်း

**ဖုန်း- ၀၉ ၈၆၁၁၀၆၄**

**ရောင်းမည်**

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၈)ရပ်ကွက်၊ အင်ကြင်းလမ်း၊ ပေ(၄၀× ၆၀)၊ဂရန်ပိုင်ရှင်အမည်ပေါက်။

**ဖုန်း- ၀၉ ၄၂၀၀၃၆၃၀**

**အဆောင်ငှားမည်**

အမျိုးသမီးသီးသန့်၊ အမှတ်(၃၆)၊ မြေညီထပ်၊ ဆီဆုံလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

**ဖုန်း- ၀၉ ၄၃၁ ၂၆၅၆၇**

**သင်တန်း**

Java Language ကိုစိတ်ဝင်စားသူများအတွက် HTML, CSS, Javascript, J2SE, JDBC(my sql)Databases, J2EE, Struts, Struts-2(Framework) and Php Language

**Ph: 09 73076785**

**Business Partner ရှာဖွေခြင်း**

အင်ဂျင်နီယာဘွဲ့များ၊ ဓာတ်ပုံနှင့် ရုပ်ရှင်ပညာရပ်များကို တတ်မြောက်ထားပြီး ယင်းပညာရပ်များနှင့် ပတ်သက်၍ လုပ်ငန်းကြီးများလုပ်ကိုင်ရန် Partner များအား ဖိတ်ခေါ်အပ်ပါသည်။

**ဖုန်း- ၀၁ ၃၉၂၀၄၉**

**ဝန်ဆောင်မှု**

စက်ရုံများ၊ နေအိမ်များ၊ ရုံးခန်းများ၊ ပရိဘောဂများအား ပြင်ဆင်ခြင်း၊ အသစ်ဆောက်လုပ်ခြင်းများအတွက် အထူးဝန်ဆောင်မှုပေးနေပါသည်။

**ဖုန်း- ၀၉ ၄၂၀၄၆၄၃၂**

**ဝန်ဆောင်မှု**

ဂျပန်မြက်၊ ဘဲစားမြက်၊ သစ်ပင်၊ ပန်းခြံအလှစိုက်ပေးခြင်း၊ ခြံမြေအတွင်းဂေါက်ကွင်းတည်ဆောက်ပေးခြင်းတို့ကို ပြုလုပ်ပေးသည်။

**ဖုန်း- ၀၉ ၄၂၀၈၇၆၆၈**

**၁၀ တန်း သင်္ချာသီးသန့်**

သင်ရိုးကုန်၊ မေးခွန်းဟောင်းစုံ၊ ၁ဦးမှ ၅ဦးအထိ အိမ်အရောက်စာသင်ဝိုင်း။

**ဖုန်း- ၀၉ ၅၁၃၄၅၅၈**

**အရိဟမဂ္ဂင်ရိပ်သာ၊ ရန်ကင်း**

တိတ်ဆိတ်ငြိမ်သက်၍ ကျယ်ဝန်းသောနေရာ၌မဟာစည်နည်းအတိုင်း တရားအားထုတ်လိုသူများကို ကန့်သတ်၍ လက်ခံနေပါသည်။

**ဖုန်း- ၅၅၀၁၉၅**

**Tr. Aye Mi Aung**

MA(Eng),Dip(ELTM):Dip(Eng) YUFL, IELTS, TOEFL, English (Four Skills) Business (Writing & Speaking)

**Ph: 09 420061774**

**ဝန်ဆောင်မှု**

Computer/Network ပြုပြင်/တပ်ဆင်လိုပါက အိမ်/ရုံးအရောက် ပြုပြင်တပ်ဆင်ပေးပါသည်။

**ဖုန်း- ၀၉ ၇၃၁ ၂၀ ၂၆၃**

**အဆောင်ငှားမည်**

အမျိုးသမီးသီးသန့်၊ ဖုန်းပါ၊ ဂမုန်းပွင့်ကုန်တိုက်အနီး၊ မြေနီကုန်း။

**ဖုန်း- ၀၉ ၇၃၀၉၀၄၈၃**

**Study Guide**

တက္ကသိုလ်ဝင်တန်း အပြင်ဖြေကျောင်းသား/သူများအတွက်

**ဖုန်း- ၀၉-၇၃၂၁၁၇၀၁**

7 DAY NEWS JOURNAL
Vol.11, No.18 • JULY 12 , 2012

## စာ(၅၀) ၂၀၁၃ ဆီးဂိမ်းစပွန်ဆာအဖြစ် အရက်နှင့် ဆေးလိပ်ကြော်ငြာများ လက်မခံဟုဆို မှ

"ဆေးလ်အေဂျင်စီနဲ့ ဆီးဂိမ်းအထိ အလုပ်လုပ်သွားမှာပါ။ ဒါပေမဲ့ ခြောက်လလောက်အတွင်းမှာ သူတို့ရဲ့ လုပ်ဆောင်ချက်အား မရဘူးဆိုရင်တော့ နောက်တစ်ယောက်ထပ် တာဝန်ပေးရင် ပေးအပ်သွားမှာပါ" ဇူလိုင် ၈ ရက်က ဆီဒိုးနား ဟိုတယ်တွင် ပြုလုပ်ခဲ့သည့် အဆိုပါ အခမ်းအနား၌ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူက ပြောသည်။

"ဆေးလ်အေဂျင်စီအနေနဲ့ လာမယ့် ဆီးဂိမ်းပြိုင်ပွဲမှာ ပြည်တွင်း၊ ပြည်ပ ကုမ္ပဏီနဲ့ ကုန်ပစ္စည်းတွေ ကြော်ငြာအခွင့်အလမ်းများကို ဖန်တီးရောင်းချခွင့်ရရှိအောင် ဝန်ဆောင်မှုပေးသွားမှာပါ။ မြန်မာအားကစားသမား၊ မြန်မာနိုင်ငံမှာ အိမ်ရှင်ပြုလုပ်မယ့် ဆီးဂိမ်းပြိုင်ပွဲကို အောင်မြင်မှုရရှိရန် ကမ္ဘာ့ဈေးကွက်ကို တင်ပေးမှာပါ။ အကောင်းဆုံးကြိုးစားသွားမှာပါ" ဟု အဆိုပါ အေဂျင်စီ၏ စီအီးအိုမစ္စတာဂျွန်ဟင်ဒလီက ပြောသည်။

## One More

**၁၄,၂၀၉ ဦး**

**၁၄,၂၀၉,၀၀၀ ကျပ်**

၁။ ကချင်ပြည်နယ်အတွင်းရှိ စစ်ဘေးဒုက္ခသည်စခန်းသို့ ကျပ် သိန်း (၇၀)။

၂။ ရခိုင်ပြည်နယ်၊ မောင်တော ဒုက္ခသည်စခန်းသို့ (၇,၂၀၉,၀၀၀-ကျပ်) လှူဒါန်းသည်။

မှတ်ချက် - ဇွန်လ အလှူရှင်များတွင် စင်ကာပူရောက်မြန်မာ ၁၁၇ ဦး ပါဝင်သည်။

**CAUTION NOTICE OF PATENT**

Banglong, CHEN, a chinese citizen at in Floor 7th, Construction Bank Building, 336 East Lingquan, Kaiyuan city, Yunnan Province China is the Owner and Sole Proprietor of the following ( the full description and detail mechnanism of the Patent) : -

**SYSTEM FOR MAKING ELECTROLYTIC MANGANESE METAL FROM MANGANESE OXIDE ORE AND PYRITE**

Reg: 4/4083/2012

In respect of : " A system for making electrolytic manganese metal from manganese oxide ore and pyrite is provided, which is designed to eliminate problems such as serious environmental pollution, high cost, and poor working environment in a conventional reduction roasting process for producing electrolytic manganese metal with manganese oxide ore as starting material. The system for making electrolytic manganese metal from manganese oxide ore and pyrite includes a solution preparation unit; a sulfurization and impurity removal unit; a purifying unit; and an electrolysis unit; wherein an outlet of the solution preparation unit is connected to an inlet of the sulfurization and impurity removal unit, an outlet of the sulfurization and impurity removal unit is connected to an inlet of the purifying unit, and an outlet of the purifying unit is connected to an inlet of the electrolysis unit. The system successfully achieves purification and impurity removal in the production and technical stability in the electrolysis, with a short production process, energy saving and environment protection, and high recovery of manganese metal". Fraudulent imitation or unauthorized use of the said Patent shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
myint-ip-law@myanmar.com.mm
www.mipadvocate.com
Ph : 371990

12.July.2012

# ရခိုင်ဒုက္ခသည်များကို လိုအပ်ချက်အပေါ် မူတည်၍ WFP ဆက်လက်တိုးချဲ့ကူညီမည်

**မေပယ်လ်၊ အိဖြူမွန်**

**ရန်ကုန်၊ ဇူလိုင်-၂**

ရခိုင်ပြည်နယ် ဒုက္ခသည်များအတွက် WFP က ဇွန်လအတွင်း အမေရိကန်ဒေါ်လာတစ်သန်းနီးပါး တန်ဖိုးရှိ အစားအစာများ ထောက်ပံ့ပေးအပ်ခဲ့ပြီး လိုအပ်ချက်အနေအထားပေါ် မူတည်၍ ကာလတိုးချဲ့ကူညီသွားမည်ဖြစ်ကြောင်း ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်(WFP) မှ ဌာနေကိုယ်စားလှယ် မစ္စတာကာ လော့စ်ဗယ်လိုဆိုကပြောကြားသည်။

ပြီးခဲ့သည့် ဇွန်လအတွင်းက စစ်တွေ၊ ပေါက်တော၊ မောင်တော၊ ဘူးသီးတောင်မြို့နယ်များမှ ဒေသခံပြည်သူတစ်သိန်းအတွက် ဆန်၊ ဆီ၊ ပဲ၊ ဆားအပါအဝင် အခြေခံစားသောက်ကုန် မက်ထရစ်တန် ၈၅၀ ကို WFP က ထောက်ပံ့ပေးအပ်ခဲ့ပြီးသုံး လစီမံချက်ဖြင့်ထောက်ပံ့မည်ဖြစ်ကြောင်း ၎င်းကပြောသည်။

"ဇွန်လကစပြီးတော့သုံးလအတွင်း အစားအစာတွေကူညီထောက်ပံ့ပေးသွားမှာပါ။ အဲဒီနောက် ရလဒ်အနေအထားကိုကြည့်ပြီး ဘယ်လောက်ကာလအထိ ဆက်ပြီးထောက်ပံ့ရမယ်ဆိုတာကို ဆုံးဖြတ်သွားမှာပါ။ WFP က ဒေသခံတွေအတွက် Food for Work ဆိုတဲ့အစီအစဉ် စဉ်းစားထားပေမယ့်လက်ရှိကာလက မိုးရာသီဆိုတော့ အလုပ်အကိုင်အတွက်အခက်အခဲရှိပါတယ်" ဟု မစ္စတာကာလော့စ်ကပြောကြားသည်။

ရခိုင်ပြည်နယ်တွင် WFP မှ မြန်မာဝန်ထမ်း ၉၀၊ နိုင်ငံခြားသား ဝန်ထမ်းနှစ်ဦးဖြင့် ကူညီထောက်ပံ့မှုများ ဆောင်ရွက်လျက်ရှိသည်။

## JOKE

### အထက်အရာရှိ

တပ်ကြပ်ကြီး အိုကော်နာတစ်ယောက်အကြွေစေ့ထည့်သုံးရသော ဖုန်းကို အသုံးပြုလိုသော်လည်း သူ့တွင် အကြွေစေ့မရှိ၍ အခက်တွေ့နေသည်။ သို့နှင့် ဘေးဘီကို လှည့်ပတ်ကြည့်လိုက်ရာ ရဲဘော်ဒန်ကန်တစ်ယောက် တံမြက်စည်းလှဲနေသည်ကိုတွေ့ရသည်။

"ရဲဘော်. . ကျပ်တန်နဲ့လဲဖို့မင်းမှာ အကြွေပါသေးလား"ဟု လှမ်းမေးလိုက်သည်။ ရဲဘော်ဒန်ကန်ကလည်း "ပါတာပေါ့"ဟုဆိုပါ၏။

ထိုအခါ တပ်ကြပ်ကြီး အိုကော်နာ၏မျက်နှာနီရဲသွားပြီး "မင်း. . အထက်အရာရှိကိုဒါမျိုးပြောလို့ရမလားကွ။ ကဲ. . နောက်တစ်ခါပြန်မေးမယ်။ မင်းပြန်ဖြေ"ဟုဆိုကာ "ရဲဘော်ဒန်ကန် မင်းမှာ ကျပ်တန်နဲ့လဲဖို့ အကြွေပါသေးလား" ဟုမေးလိုက်ရာ

"မပါပါဘူး။ ဆရာကြီး"ဆိုသည်မှာ ရဲဘော်ဒန်ကန်၏ အဖြေပင်ဖြစ်ပါသည်။

### ကျွန်တော်အားရင်

ဒေးဗစ်က သူ့အားလပ်ချိန်အသုံးချပုံကို ပြောပြသည်။

"ကျွန်တော် အားလို့ရှိရင် မျက်မှန်အနက်ကြီးတပ်၊ လမ်းလျှောက် တုတ်တစ်ချောင်းကိုင်ပြီး မြို့ထဲက အမျိုးသမီးရေအိမ်တွေကို မှားမှားဝင်သွားတတ်တာပါပဲ"

## စာ-၃၁၊ အင်း . . အဝေးသင်တက္ကသိုလ်လား . . မှ

ဒီလိုလူငယ်လူလတ်တွေရဲ့ အားကို ဆက်မသုံးလို့လည်းမဖြစ်ဘူး။ သူတို့လည်း နိုင်ငံတော်သစ်တည်ဆောက်ရေးမှာ တစ်ထောင့်တစ်နေရာက ပါဝင်ချင်မှာပဲ၊ ပါဝင်သင့်တာပဲ။ အရည်အချင်း မပြည့်တာလည်း သူတို့အပြစ်မှမဟုတ်တာ။ အဲဒီတော့ ဘယ်လိုလုပ်ကြမလဲ။

ကျွန်မမြင်သလောက် အကြံပြုရရင်တော့ တိုင်းပြည်ကို အပိုင်းခွဲပြီး လိုအပ်သလို ဦးစားပေး နံပါတ်တပ်လိုက်ပါ။ နိုင်သလောက် အပိုင်းကို Dual Training (တစ်ပြိုင်နက်သင်တန်းနှစ်မျိုး)ပေးပါ။ တစ်ပိုင်းက Subject Matter (ဘာသာရပ်မွမ်းမံသင်တန်း)ပေါ့။ တစ်ပိုင်းက နည်းပညာ Methodology သင်တန်းဖြစ်သင့်ပါတယ်။ ဒီနှစ်မျိုးလုံးကလည်း တစ်နှစ်ပတ်သင်တန်း (On going Training)ဖြစ်ဖို့လိုပါတယ်။ ခေတ်ဟောင်းပညာရေးတွေ ပြန်ပြီး အချိန်မနှောင်းမီ ပြန်သုံးဖို့ လိုပါတယ်။ ပြီးတော့ ဝန်ကြီးဌာနတိုင်းမှာ သင်တန်းများလိုပါတယ်။ Subject Matter က အားလုံးလိုနေလို့ပါပဲ။ ကျွမ်းကျင်မှု အပိုင်းတော့ နည်းပညာပဲ ပေးစရာလိုရင် သိပ်ကြာကြာ သင်ဖို့မလိုပါဘူး။

နိဂုံးမချုပ်ခင် အရေးကြီးဆုံးကတော့ အပြင်ဝင်ငွေရှာစရာမလိုဘဲ ကျူရှင်သင်စရာမလိုဘဲ လုပ်ငန်းမှာ အာရုံစိုက်နိုင်အောင်တော့ လုံလောက်တဲ့လစာကို အောက်ခြေအတွက် ဖန်တီးပေးနိုင်မှသာ ကျွန်မ ပြောတဲ့နည်းက ဖြစ်နိုင်မှာပါ။

အခုနေအခါ အချိန်ရောငွေရော စပြီးရင်းနှီးရင်တော့ နောင်ဆယ်စုနှစ်လောက်မှာ အခြေခိုင်သော တိုးတက်သော နိုင်ငံတော်သစ်ကို ရောက်မှာမလွဲပါဘူး။

စင်ကာပူနိုင်ငံ၏ အကြီးဆုံး Keppel Fels သင်္ဘောကျင်းကြီးတွင် တာဝန်ထမ်းဆောင်ရန်
အောက်ပါလုပ်သားများ (အမြန်) လိုသည်။
➢ Mechanical Fitter (စက်တပ်ဆင်အကူလုပ်သားများ)
➢ Electrical (လျှပ်စစ်အကူလုပ်သားများ)
လစာ — S$ 550+OT
လိုအပ်ချက် ဘွဲ့ရ(သို့မဟုတ်) Diploma ရှိရမည်။
"ဝန်ဆောင်ခ - ၁၃ သိန်း ++"
ဇူလိုင်လ (ပထမပတ်)တွင် အခမဲ့ သင်တန်းပေးမည်။
ဇူလိုင်လကုန်တွင် အင်တာဗျူးရှိသည်။
သုခစုံ ဝန်ဆောင်မှုကုမ္ပဏီ
ပန်းဆိုးတန်းမှတ်တိုင် ၊ ကုန်သည်လမ်းမကြီး (၃၉-လမ်းထောင့်) ၊ တိုက်အမှတ် (၅၀၆) ။
Phone : 377 343 - 377 344 - 38 57 58 - 38 68 77 - 39 22 33 , Website : www.tksstkss.com

မွန်မြတ်ဆေးခန်း ဗိသုကာစုဘဝ၊ ကျန်းမာသုခ၊ မွန်မြတ်ဆေးခန်း၊ အမှန်ယုံကြည်ရ
ဆေးခန်းသုံး တိုင်းရင်းဆေးများသာ
ရန်ကုန်/မော်လမြိုင်
လိပ်ခေါင်းရောဂါကုသခြင်း
- ဆေးကုသချိန်(၁၅)မိနစ်သာကြာပြီး နာကျင်မှုမရှိပါ။
- ဆေးရုံတက်ရန်နှင့် ခွဲစိတ်ရန်မလိုသည့် နောက်ဆုံးပေါ်ဆေးကို အသုံးပြုကုသမှုဖြစ်ပါသည်။
သွေးတိုးနှင့်ဆက်နွယ်သောနလုံးရောဂါ၊ သွေးထဲအဆီများသူများ ကုသခြင်း
- (၁)ရက်တစ်ကြိမ်သောက်သုံးခြင်းဖြင့် သွေးဖိအားကို (၂၄)နာရီတည်ငြိမ်အောင် ထိန်းထားပေးနိုင်သည်။
- (၇)ရက်သောက်သုံးပါက ခေါင်းမူး၊ ခေါင်းကိုက်ခြင်း၊ နားအူခြင်း၊ နားလေထွက်ခြင်း၊ မူးမော်ခြင်း၊ စိတ်ဆိုးလွယ်ခြင်း စသည့်ရောဂါလက္ခဏာများကို ဖယ်ရှားပေးသည်။
- (၆)လသောက်သုံးပါက နှလုံးနှင့်ဦးနှောက်သွေးကြောရောဂါ ပြဿနာများကို ဖြေရှင်းတားဆီးကာကွယ်ပေးပါသည်။
ဆီးချို၊ သွေးချိုရောဂါကုသခြင်း
- တစ်ကြိမ်လျှင် (တစ်လုံးမှ သုံးလုံး) တစ်နေ့တစ်ကြိမ်မှ နှစ်ကြိမ်သာသောက်သုံးရန်လိုအပ်ပြီး၊ အစားအသောက်အထူးရှောင်ရန်မလို၊ ပုံမှန်စားသောက်နိုင်ပါသည်။
- ဝေဒနာရှင်များသည် အခြေခံအားဖြင့် ဆေးကို (၆)လခန့်သောက်ပြီး လိုအပ်လျှင်အနိမ့်ဆုံးပမာဏကို သာသောက်၍ ဆီးချို၊ သွေးချိုနှင့် နောက်ဆက်တွဲရောဂါများကိုကာကွယ်နိုင်ပါသည်။
လိပ်စာ-အမှတ်(၅၅)၊ ဘုန်းကြီးလမ်း(အလယ်)၊ လမ်းမတော်မြို့နယ် ၊ ရန်ကုန်မြို့ ဖုန်း-၀၁ ၂၂၅၃၃၂၊ ၀၉ ၇၃၁ ၇၁၀၃၃
အမှတ်-၁၈၇(A)၊ အောက်လမ်းမကြီး၊ ရွှေတောင်ရပ်၊ မော်လမြိုင်။ ဖုန်း-၀၉ ၄၀၁ ၅၈၅၉၄၅

Environment

7Day News Journal

Vol.11, No.18 • JULY 12 , 2012

# ကန်ပက်လက်နှင့် ပလက်ဝမြို့နယ်တွင် နှစ်ရှည်ပင်စိုက်၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရန် စီစဉ်

**ခင်ငြိမ်းချမ်းစိုး**

**ရန်ကုန်၊ ဇူလိုင် - ၁**

ချင်းပြည်နယ်၊ ကန်ပက်လက်နှင့် ပလက်ဝမြို့နယ်ရှိ ကျေးရွာများတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးအတွက် နှစ်ရှည်ပင်စိုက်ပျိုးခြင်းများကို စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း ယင်းစီမံကိန်းကို တာဝန်ယူဆောက်လုပ်နေသော MEETအဖွဲ့ ဒါရိုက်တာ ဦးအောင်ဒင်ကပြောသည်။

အဆိုပါ နှစ်ရှည်ပင်စိုက်ပျိုးခြင်းလုပ်ငန်း MEET (Myanmar Enhancement to Empower Tribals) လူမှုကူညီရေးအဖွဲ့က ဦးစီးလုပ်ဆောင်နေပြီး နှစ်ရှည်ပင်များဖြစ်သော ကျွန်း၊ ပျဉ်းကတိုးနှင့် ယမနေတို့ကို စိုက်ပျိုးသွားမည်ဖြစ်သည်။ ယခုကဲ့သို့ နှစ်ရှည်ပင်စိုက်ပျိုးရခြင်းမှာ ကန်ပက်လက်နှင့် ပလက်ဝတို့တွင် ယခုနှစ်များအတွင်း သိသာစွာ တောပြုန်းလာခြင်းကြောင့်ဖြစ်ကြောင်း ၎င်းကပြောသည်။ နှစ်ရှည်ပင်စိုက်ပျိုးရာတွင် ဒေသခံများ၏ တောင်ယာစိုက်ပျိုး၍ မရသည့်မြေနေရာများတွင် စိုက်ပျိုးမည်ဖြစ်ပြီး MEETက မျိုးစေ့ထုတ်ပေးခြင်းဖြင့် ကူညီဆောင်ရွက်ပေးသည်။ MEET က ယခုနှစ်တွင် ကျွန်းမျိုးစေ့ပေါင်း ၅၀,၀၀၀ ထုတ်ပေးခဲ့ပြီး ယခု အချိန်တွင် စတင်စိုက်ပျိုးနေကြပြီဖြစ်ကြောင်း သိရသည်။

တောများ ပြုန်းတီးလာခြင်းနှင့်ပတ်သက်၍ ဦးအောင်ဒင်က "ကျွန်တော်တို့ ပလက်ဝမြို့နယ်နဲ့ ကန်ပက်လက်မြို့နယ်တွေက ရွှေ့ပြောင်းတောင်ယာတွေဖြစ်တယ်။ မိသားစု ငါးယောက်၊ ခြောက်ယောက်လောက်ရှိတဲ့ မိသားစုက တောင်ယာလေးကေလောက်ခုတ်ရတယ်။ ပလက်ဝမြို့နယ်က လူဦးရေက ကိုးသောင်းနီးနီးလောက်ရှိတယ်။ ဒီလူရဲ့ ထက်ဝက်ကျော်လောက်က တောတွေမှာ တောင်ယာတွေခုတ်ပြီး စိုက်စားကြတာကိုး။ ဒီတော့ ခုနောက်ပိုင်းမှာ တောတွေပြုန်းလာတယ်။ တောတွေပြုန်းတော့ အဲဒီတောထဲမှာ နေတဲ့သတ္တဝါတွေလည်းမရှိတော့ဘူး။ အရင်တုန်းကတော့ ဆင်တွေ၊ တောဝက်တွေ၊ ဂျီ(ချေ)တွေအရမ်းပေါတယ်။ အခုတော့ ရှားပါးကုန်ကြပြီ"ဟုဆိုသည်။

ပလက်ဝဒေသခံလည်းဖြစ် MEET အဖွဲ့ဝင်လည်းဖြစ်သည့် ဦးအောင်ကျော်က "အရင်တောတောင်တွေ မပြုန်းခင်တုန်းက တောင်ယာစပါးစိုက်ပျိုးတာ တစ်နှစ်စာကို တစ်နှစ် လုံလုံလောက်လောက်ရတယ်။ အခုဆိုရင် မလုံလောက်ကြတော့ဘူး။ မလုံလောက်ကြတော့ ပညာရေးတို့၊ ကျန်းမာရေးတို့မှာလည်း အခက်အခဲအများကြီး တွေ့ရတယ်။ ပြီးတော့ ကျွန်တော်တို့ ပလက်ဝမြို့နယ်မှာ ကခိုင်မာတဲ့ကုန်ပစ္စည်း ထုတ်လုပ်မှုမရှိဘူး။ ခိုင်မာတဲ့ ကုန်ပစ္စည်း ရောင်းဝယ်မှုမရှိတာနဲ့အမျှ စီးပွားရေးကလည်း မကောင်းဘူးပေါ့။ ပြီးတော့ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးဟာ တော်တော်လေးကို အခက်အခဲရှိတယ်။ ကုလားတန်မြစ်ရှိပေလို့ သက်သာသေးတာ"ဟုပြောသည်။

ယခင်က ကန်ပက်လက်နှင့် ပလက်ဝမြို့နယ်တို့တွင် ဒေသခံများ၏အိမ်မှ ခြောက်ဖာလုံခန့် သွားလျှင် ဝါးနှင့် သက်ငယ်များကို အလွယ်တကူရနိုင်သော်လည်း ယခုအခါ သုံးမိုင်ခန့် သွားမှသာ ခုတ်ယူရရှိနိုင်ကြောင်း၊ ယခင်က ပေ ၃၀ ခန့်နက်သည့်ရေအိုင်များသည် ယခုအခါ ငါးပေမျှသာ အနက်ရှိတော့ကြောင်း၊ထို့ကြောင့် ယခုကဲ့သို့ ဝင်ငွေရသည့် နှစ်ရှည်ပင်များ စိုက်ပျိုးခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ကို တစ်ဖက်တစ်လမ်းမှ ကာကွယ်ထိန်းသိမ်းခြင်းဖြစ်ကြောင်း ၎င်းကဆိုသည်။

စိုက်ပျိုးမှုအတွက် သက်ဆိုင်ရာအစိုးရအဖွဲ့များထံမှ ခွင့်ပြုမိန့်နှင့်ပတ်သက်ပြီး "ဧကပေါင်း ၂၅၀ လောက်တော့ စိုက်ဖို့ မြို့နယ်ကလည်းခွင့်ပြုပေးပြီးပြီ။ ကျွန်တော်တို့ကျေးရွာအုပ်စုခြောက်ခုပေါင်းပြီးတော့ မြို့နယ်ကို အစီရင်ခံထားတယ်။ သူတို့ကတော့ မြေတိုင်းပေးတယ်။ ကျွန်တော်တို့ကတော့ မြို့နယ်ကနေ ခရိုင်အဆင့်၊ ခရိုင်အဆင့်ကနေ တိုင်းအဆင့်ထိတက်ပြီး တောတောင်ပြန်လည်ဖြစ်ထွန်းဖို့ ဆက်ပြီးလုပ်သွားဖို့ရှိပါတယ်။ ဘယ်သူမှလည်း မကန့်ကွက်ဘူး။ သူများပိုင်နက်မှာ သွားကျူးကျော်တာမဟုတ်ဘူး။ သဘောတူတဲ့ ကျေးရွာအုပ်စုတွေပေါင်းပြီး လုပ်ကြတာဆိုတော့ ပြဿနာလည်းမရှိပါဘူး။ ရွာသူရွာသားတွေနဲ့ အုပ်ချုပ်ရေးမှူးတွေကလည်း သဘောတူကြပါတယ်" ဟု ဒါရိုက်တာ ဦးအောင်ဒင်က ဆိုသည်။

MEET မြန်မာနိုင်ငံမျိုးနွယ်စုများမြှင့်တင်ရေးအဖွဲ့သည် ၂၀၀၈ ခုနှစ်မှစတင်ပြီး ချင်းပြည်နယ်ဘက်တွင် လူမှုအကူအညီများပေးလျက်ရှိပြီး ယခုအခါ ချင်းပြည်နယ် ကန်ပက်လက်နှင့် ပလက်ဝမြို့တို့တွင် ရုံးခန်းဖွင့်ကာ တောင်ယာစိုက်ပျိုးရေးဆိုင်ရာ ကူညီမှုများပေးလျက်ရှိသည်။





## "ဘာကြောင့် ကျွန်ုပ်တို့ရဲ့ ဧရာဝတီကို ထိန်းသိမ်းဖို့လိုသလဲ" ပြပွဲပြုလုပ်မည်

**အေးမြကျော်**

**ရန်ကုန်၊ဇူလိုင်-၇**

မြန်မာလူမျိုးတို့အတွက် မြစ်တစ်စင်းထက်ပို၍ အဓိပ္ပာယ်ရှိသော ဧရာဝတီမြစ်ကိုမည်သည့်အတွက် ထိန်းသိမ်းရန် အရေးကြီးသည်ကို အနုပညာအား၊ စာပေအား၊ အတတ်ပညာအားတို့ဖြင့် ပြသမည့် 'ဘာကြောင့် ကျွန်ုပ်တို့ရဲ့ ဧရာဝတီကို ထိန်းသိမ်းဖို့လိုသလဲ' ပြပွဲကို ဇူလိုင်လ ၁၄ ရက်မှ ၁၆ ရက်အထိ ရန်ကုန်မြို့ ယောမင်းကြီးလမ်းရှိပြခန်း ၆၅ တွင် ပြသသွားမည်ဖြစ်ကြောင်း ပွဲစီစဉ်သူတစ်ဦးဖြစ်သည့် ဦးမြင့်ဇော်က ပြောကြားသည်။

ဧရာဝတီမြစ်တစ်ခုလုံး ထိန်းသိမ်းရေးကိုဦးတည်ကာ ပြပွဲလာကြည့်သူများကို သတင်းစကားပေးမည့်ပြပွဲတွင် အကြောင်းအရာကိုးခုဖြင့် ငါတို့ဧရာဝတီနှင့် ငါတို့ အနာဂတ်၊ ငါတို့စားနပ်ရိက္ခာ၊ ငါတို့ဇီဝပဒေသာ၊ ငါတို့ယဉ်ကျေးမှု၊ ငါတို့ငြိမ်းချမ်းရေး၊ ငါတို့အသက် မွေးဝမ်းကျောင်း၊ ငါတို့အချုပ်အခြာအာဏာ၊ ငါတို့ဂေဟစနစ်၊ ငါတို့ကလေးများဟူ၍ ဧရာဝတီနှင့်ဆက်နွယ်သည့် အကြောင်းအရာကိုးမျိုးကို ပြပွဲတွင် ဒီဇိုင်းမြင့်မောင်ကျော်၊ ကာတွန်းအော်ပီကျယ်၊ တေးရေးမြင့်မိုးအောင်၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးပညာရှင် ဦးဝင်းမျိုးသူ၊ ဦးမြင့်ဇော်၊ မိုးလေဝသပညာရှင် ဦးထွန်းလွင်၊ စာရေးဆရာကိုတာ၊ ဂျူး၊ လူမှုရေး တက်ကြွလှုပ်ရှားသူ ဒေါက်တာ ကျော်သူနှင့် ကဗျာဆရာမောင်မောင်ပွင့်တို့က ၎င်းတို့တတ်ကျွမ်းသော ပညာများဖြင့် ဖော်ညွှန်းပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ ပြပွဲတွင် အဓိကကဏ္ဍကိုးခုကို ရည်ညွှန်းသော အနုပညာဖန်တီးချက်များ၊ ကာတွန်းလက်ရာများနှင့် ဧရာဝတီနှင့် ပတ်သက်သော ဟောပြောဆွေးနွေးမှုများပါ ပြုလုပ်သွားမည်ဖြစ်ကာ စိတ်ပါဝင်စားသူ မည်သူမဆို လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။






Tourism
7DAY NEWS JOURNAL
Vol.11, No.18 • JULY 12 , 2012

# မန္တလေးတွင် မြန်မာနိုင်ငံသားပိုင် ဟိုတယ်သစ် ဖွင့်လှစ်

**စိုင်းသာအောင်**

**မန္တလေး၊ဇူလိုင်-၆**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ် မန္တလေး-ပြင်ဦးလွင်လမ်း ၃၁×၃၂ လမ်းကြားတွင် မြန်မာနိုင်ငံသားပိုင် အဆင့်မြင့်ဟိုတယ်တစ်လုံးကို ဇွန်လတတိယပတ်အတွင်းက ဖွင့်လှစ်ခဲ့ကြောင်း မြန်မာနိုင်ငံဆိုင်ရာ ဟိုတယ်လုပ်ငန်းရှင်ကြီးများအသင်း(မန္တလေးဇုန်) မှ သိရသည်။

အဆိုပါဟိုတယ်ကို စီးပွားရေးလုပ်ငန်းရှင် ဦးသိန်းတန်ပိုင်ဆိုင်သော "ဟိုတယ်ရွှေပြည်သာ" (HOTEL SHWE PYI THAR)ဟု နာမည်ပေးထားကြောင်း သိရသည်။ မြန်မာနိုင်ငံဆိုင်ရာ ဟိုတယ်လုပ်ငန်းရှင်ကြီးများအသင်း(မန္တလေးဇုန်) အနေဖြင့် ယနေ့ HOTEL SHWE PYI THAR ကို အဖွဲ့နှင့် စစ်ဆေးပြီးကြယ်ငါးပွင့်အဆင့်ထိ ရည်ရွယ်တည်ဆောက်ထားသော အဆင့်မြင့်ဟိုတယ်ဖြစ်ကြောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနကို တင်ပြသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ ဟိုတယ်လုပ်ငန်းရှင်များအသင်း (မန္တလေးဇုန်) ဥက္ကဋ္ဌဦးမြင့်မောင်က ဖြေကြားသည်။

အထက်မြန်မာနိုင်ငံဆိုင်ရာဟိုတယ်လုပ်ငန်းရှင်ကြီးများအသင်း(မန္တလေးဇုန်)အတွင်းရေးမှူးဦးဆွေက "မန္တလေးမှာကြယ်လေးပွင့်အဆင့်ဟိုတယ်နှစ်လုံးပဲ ရှိပါသေးတယ်။ မန္တလေးမြို့ ၆၆ လမ်း ၂၆×၂၇ လမ်းကြား၊ ဆီဒိုးနားဟိုတယ်ရယ်၊ မန္တလေးတောင်ခြေက Mandalay Hill Resort ရယ်နှစ်ခုပါ"ဟု ပြောသည်။ မန္တလေးဇုန်နယ်မြေတွင် အဆင့်မြင့်ဟိုတယ်၊ မိုတယ်၊တည်းခိုခန်းပေါင်းအလုံး(၇၀)ကျော်အခန်း(၂,၀၀၀)ကျော်ရှိပြီး ယနေ့အထိ နိုင်ငံခြားသားခရီးသည်များအတွက် မန္တလေးတွင် အခန်းလုံလောက်ကြောင်း မန္တလေးဟိုတယ်ဇုန် ဥက္ကဋ္ဌက ပြောကြားသည်။

# Air Asia ၈ ထိုင်းတွင် အောက်တိုဘာလဆန်းမှစ၍ ဒွန်မောင်းလေဆိပ်သို့ ပြောင်းလဲဆင်းသက်မည်

**အောင်သူရ**

**ရန်ကုန်၊ဇူလိုင်-၅**

စရိတ်နည်းလေကြောင်းလိုင်းဖြစ်သော Air Asia လေကြောင်းလိုင်းက အောက်တိုဘာ ၁ ရက်မှစ၍ ဒွန်မောင်းလေဆိပ်သို့ ပြောင်းလဲဆင်းသက်မည်ဟု အဆိုပါ လေကြောင်းလိုင်း၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ထို့ကြောင့်ရန်ကုန်မြို့မှထွက်ခွာသည့်ခရီးသည်များသည်လည်း ဒွန်မောင်းလေဆိပ်တွင် ဆင်းသက်ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုပေးနိုင်ရန်အတွက် လေဆိပ် ပြောင်းလဲဆင်းသက်ရခြင်းဖြစ်ကြောင်း ထုတ်ပြန်ချက်တွင်



ရှင်းပြထားသည်။

"သုဝဏ္ဏဘူမိလေဆိပ်ကနေ ဒွန်မောင်းကို ပြောင်း ဆင်းတာက ခရီးသည်တွေအတွက် ဘာမှအခက်အခဲ မရှိနိုင်ပါဘူး။ မြို့ထဲနဲ့ကို သွားရတာ ပိုနီးသွားသေးတယ်"ဟု Tour De Myanmar ခရီးသွားကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာ မဒါလီကပြောသည်။

ထို့အပြင် စရိတ်နည်းလေကြောင်းလိုင်းများဖြစ်သော စင်ကာပူ-ဘန်ကောက် ပျံသန်းနေသည့် Tiger လေကြောင်းလိုင်းနှင့် Jet Star လေကြောင်းလိုင်းများမှာလည်း အောက်တိုဘာလတွင် ဒွန်မောင်းလေဆိပ်သို့ ဆင်းသက်မည်ဟု သတင်းရရှိသည်။

Air Asia လေကြောင်းလိုင်းသည် ၂၀၀၆ ခုနှစ်မှစ၍ ရန်ကုန်-ဘန်ကောက် ခရီးစဉ်ကို စတင်ပျံသန်းခဲ့ပြီး ယခုအခါ ရန်ကုန်-ဘန်ကောက်ခရီးစဉ်ကို တစ်နေ့နှစ်ကြိမ်နှင့် ရန်ကုန်-ကွာလာလမ်ပူခရီးစဉ်ကို တစ်နေ့တစ်ကြိမ် ပျံသန်းလျက်ရှိသည်။

ယင်းလေကြောင်းလိုင်းသည် ထိုင်းနိုင်ငံဘန်ကောက်မြို့မှမန္တလေးမြို့သို့ ပျံသန်းရန် သက်ဆိုင်ရာသို့ တရားဝင် အကြောင်းကြားထားသော တစ်ခုတည်းသော လေကြောင်းလိုင်းဖြစ်သည်။

# ငှက်ကြည့် ညော်လမ်းညွှန်ဦးရေ ရှားပါးနေဆဲ

**အေးမြကျော်**

**ရန်ကုန်၊ ဇူလိုင်-၇**

နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ တစ်နှစ်တာကာလအတွင်း ဆက်တိုက်ဖြစ်ပေါ်ခဲ့ပြီးနောက် ခရီးသွားလုပ်ငန်းမှာပြန်လည်ကောင်းမွန်လာပြီး နိုင်ငံခြားသားခရီးသည်လာရောက်မှုမြင့်တက်လာရာ သဘာဝအခြေခံခရီးသွားလုပ်ငန်းတွင် ငှက်ကြည့်ညော်လမ်းညွှန်အရေအတွက်မှာမူလက်ချိုးရေတွက်၍ ရအောင်ပင်နည်းပါးနေဆဲဖြစ်ကြောင်း မြန်မာငှက်နှင့် သဘာဝဝန်းကျင်ထိန်းသိမ်းရေးအသင်းအတွင်းရေးမှူး ဦးသက်ဇော်နိုင်က ပြောကြားသည်။

"ညော်သည်တွေတိုးလာတဲ့အထဲမှာ ငှက်ကြည့်ချင်တဲ့ ညော်သည်တွေ အများကြီးပါလာတာ သိရတယ်။ ငှက်ကို ကျွမ်းကျွမ်းကျင်ကျင်ပြနိုင်တဲ့ ညော်လမ်းညွှန်အရေအတွက်ကလက်ဆယ်ချောင်းတောင် မပြည့်ဘူး"ဟု သဘာဝအခြေခံခရီးသွားလမ်းညွှန်အဖြစ် အတွေ့အကြုံများစွာ ရှိခဲ့သော ဦးသက်ဇော်နိုင်က ပြောသည်။

မြန်မာနိုင်ငံတွင်ငှက်မျိုးစိတ်ပေါင်း တစ်ထောင့်တစ်ရာနီးပါးရှိပြီး ဒေသရင်းငှက်မျိုးစိတ် ၅ မျိုးရှိရာ လာရောက်သော ညော်သည်များတွင် ဆောင်းခိုငှက်များ၊ ရေခဲတောင်ဒေသများတွင် ကျက်စားသော ငှက်များကို ကြည့်ရှုခြင်းထက် မြန်မာ့ဒေသရင်း ငှက်မျိုးစိတ်များကို ကြည့်ရှုရန် ပိုမိုစိတ်ဝင်စားတောင်းဆိုလာကြကြောင်း ဝါရင့်သဘာဝအခြေခံခရီးသွားညော်လမ်းညွှန်တစ်ဦးကပြောသည်။

မြန်မာငှက်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသင်းအနေဖြင့် ထိုလိုအပ်ချက်ကိုဖြည့်ဆည်းနိုင်ရန် ရည်ရွယ်၍ ညော်လမ်းညွှန်များအတွက် သီးသန့်ငှက်ကြည့်သင်တန်းတစ်ခုကို ဇူလိုင် ၂၀ မှ ၂၂ ရက်အထိ ရန်ကုန်နှင့် လှော်ကားဥယျာဉ်တို့တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း အသင်းမှသိရသည်။

မြန်မာနိုင်ငံတွင်လိုင်စင်ထုတ်ပေးထားသော ညော်လမ်းညွှန်ဦးရေသုံးထောင်ကျော်ရှိသော်လည်း တစ်ထောင်ကျော်သာ လက်ရှိလုပ်ငန်းလုပ်ကိုင်နေပြီး ထိုအရေအတွက်တွင် ငှက်ကြည့်ရန် ညွှန်ပြပေးနိုင်သည့် ငှက်ကြည့်ညော်လမ်းညွှန်မှာ ဆယ်ဂဏန်းသာရှိသည်။












## The Cartoon Logo











7DAY NEWS JOURNAL
Vol.11, No.18 • JULY 12 , 2012

# ဘန်ကောက် ရေနံချက်စက်ရုံ ပေါက်ကွဲမီးလောင်မှု ဖြစ်ပွား

**ဘန်ကောက်၊ ဇူလိုင် - ၅**

ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိဘန်းချက်ရေနံချက်စက်ရုံတွင် ကြီးမားသောပေါက်ကွဲမှုဖြစ်ပွား၍ မီးလောင်ကျွမ်းခဲ့ရာ ဘန်ကောက်မြို့ပေါ်၌ မည်းမှောင်သော မီးခိုးလုံးများဖြင့် ဖုံးလွှမ်းနေခဲ့သည်။ မီးသတ်သမားများက မီးကို မထိန်းချုပ်နိုင်မီ ပေါက်ကွဲမှုများ ထပ်မံဖြစ်ပေါ်ခဲ့သော်လည်း ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

ရေနံချက်စက်ရုံအနီး တည်ရှိသော ရုံးများ၊ ကျောင်းများမှ လူများကိုလည်း ရွှေ့ပြောင်းပေးခဲ့ပြီး ယင်းအနီးတစ်ဝိုက်မှအခြားကျောင်းများကိုလည်း ပိတ်ထားလိုက်သည်။

ဘန်ကောက်မြို့ရှိ ၎င်းရေနံချက်စက်ရုံမှာ ထိုင်းနိုင်ငံရှိ ရေနံချက်စက်ရုံများထဲမှ အကြီးဆုံးစက်ရုံတစ်ရုံဖြစ်ပြီး ပေါက်ကွဲမှုမဖြစ်ပွားမီက တစ်နေ့လျှင် ရေနံစည်ပေါင်း ၁၀၅,၀၀၀ ထုတ်လုပ်ပေးလျက်ရှိသည်။

ဆူခွန်ဗစ်-၆၄ လမ်းမကြီးပေါ်ရှိ ဘန်းချက်ရေနံချက်စက်ရုံနှင့် သိုလှောင်ကန်အနီးတွင် ရပ်ကွက်ပေါင်း တစ်သောင်းခန့်တည်ရှိကြောင်းသိရသည်။ ၂၀၁၁ ဇန်နဝါရီကလည်း အဆိုပါစက်ရုံတွင် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သည်။

ယခုအခါ ဘန်ကောက်မြို့တော်ဝန်မှ မစ္စတာ ဆူခွန်ဘန်ပါရီဘာထရာက ရေနံချက်စက်ရုံများနှင့် လက်နက်သိုလှောင်စခန်းအားလုံးကို ဘန်ကောက်မြို့မှ ရွှေ့ပြောင်းရန် သက်ဆိုင်ရာ အေဂျင်စီများနှင့် ဆွေးနွေးတိုင်ပင်သွားမည်ဟု ပြောကြားသည်။

*—Ref: Bangkok Post*






# တရုတ်နိုင်ငံ ကွမ်ကျိုးမြို့တွင် ယာဉ်ကြောပိတ်ဆို့မှုနှင့် လေထုညစ်ညမ်းမှု လျှော့ချရန် ကားရောင်းချခွင့် ကန့်သတ်

**ဘေဂျင်း၊ ဇူလိုင် - ၃**

တရုတ်နိုင်ငံ၏ လူဦးရေ အလျင်အမြန် တိုးပွားလာနေသော မဟာမြို့တော်တစ်မြို့ဖြစ်သည့် ကွမ်ကျိုးမြို့သည် မြို့တွင်း၌ ယာဉ်ကြောပိတ်ဆို့မှုနှင့် လေထုညစ်ညမ်းမှုကို လျှော့ချနိုင်ရန် ကားရောင်းချခွင့်အရေအတွက်ကိုကန့်သတ်သွားမည်ဖြစ်ကြောင်းသိရသည်။

ကွမ်ကျိုးမြို့သည် တရုတ်နိုင်ငံ၏ အကြီးဆုံးမြို့တော်များထဲမှတစ်မြို့ဖြစ်ပြီး လူဦးရေ၁၆သန်းကျော်ရှိကြောင်း နိုင်ငံပိုင်မီဒီယာ၏ အဆိုအရ သိရသည်။ မြို့တော်၏ မူဝါဒသစ်အရ လာမည့် ၁၂ လအတွင်း အသေးစားနှင့် အလတ်စားအရွယ်ကားစီးရေ ၁၂၀,၀၀၀ ကိုသာ ယာဉ်မှတ်ပုံတင် နံပါတ်ပြားထုတ်ပေးတော့မည်ဖြစ်သည်။

ယခုမူဝါဒမှာ မြို့တော်၏ သယ်ယူပို့ဆောင်ရေး ထိရောက်ရန်နှင့် လေထုအရည်အသွေးကောင်းမွန်လာစေရန်ဖြစ်ကြောင်း မြို့တော် အုပ်ချုပ်ရေးအဖွဲ့က ကြေညာသည်။ လာမည့် ၂၀၁၃ တွင် ရောင်းချခွင့် ပြုမည့်ကားအ ရေအတွက်သည် ၂၀၁၁ တွင် ရောင်းခဲ့သည့် ကားများ၏ စီးရေ ထက်ဝက်ခန့်သာ ရှိမည်ဟု သတင်းများတွင်ဖော်ပြသည်။

ကွမ်ကျိုးမြို့တွင် ယခုမေလကုန်အထိ ကားစီးရေ ၂ ဒသမ ၄ သန်းရှိပြီး လွန်ခဲ့သည့် ငါးနှစ်ကထက်နှစ်ဆမြင့်တက်ခဲ့ကြောင်း တရုတ်စီးပွားရေး နေ့စဉ်သတင်းတွင်ဖော်ပြသည်။ ကားရောင်းချခွင့် ကန့်သတ်လိုက်သဖြင့် ကွမ်ကျိုးသည် ဘေဂျင်း၊ ကွီယန်မြို့တော်များပြီးနောက် ယာဉ်မှတ်ပုံတင်နံပါတ်ပြားထုတ်ပေးမှုကိုကန့်သတ်သည့် တတိယမြောက်မြို့တော်ဖြစ်လာသည်။ *—Ref: UPI*

# ကမ္ဘောဒီးယားတွင် အမည်မသိရောဂါ တစ်မျိုးကြောင့် သုံးလအတွင်း ကလေး ၆၀ ဦးသေဆုံး

**ဖနွမ်းပင်၊ ဇူလိုင် - ၄**

ကမ္ဘာ့ကျန်းမာရေး အဖွဲ့ WHO က အမျိုးအမည်မဖော်ပြနိုင်သော ရောဂါတစ်မျိုးကြောင့် ပြီးခဲ့သည့် သုံးလအတွင်း ကမ္ဘောဒီးယား ကလေးငယ် ၆၀ ဦးသေဆုံးခဲ့ရကြောင်း အတည်ပြုပြောကြားလိုက်သည်။

WHO သည် ယင်းရောဂါကို ဖော်ထုတ်ရန် ကမ္ဘောဒီးယားကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နေပြီး ရောဂါလက္ခဏာများမှာ အဖျားမြင့်တက်ခြင်း၊ အာရုံကြောအားနည်းခြင်းနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ဝေဒနာများပေါ်ပေါက်ခြင်းတို့ဖြစ်သည်ဟု ဆိုသည်။ လက်ရှိအချိန်အထိ ထိုအမည်မသိ ရောဂါဖြစ်ပွားမှု ၆၁ မှုရှိပြီး ရောဂါဖြစ်ပွားသည့်ကလေးအားလုံးမှာ အသက်ခုနစ်နှစ်အောက်ဖြစ်ကြောင်းဆိုသည်။

ယင်း ၆၁ ဦးတွင် တစ်ဦးသာ ကျန်ရစ်ပြီး ကျန် ၆၀ ဦးစလုံး သေဆုံးခဲ့ခြင်းဖြစ်သည်။ WHO ၏ ကမ္ဘောဒီးယား ဌာနေကိုယ်စားလှယ် ဒေါက်တာပီယတ်တာဗန်မာရင်ကလည်း ၎င်းတို့အဖွဲ့သည် ကမ္ဘောဒီးယားကျန်းမာရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ စုံစမ်းစစ်ဆေးမှုများ လုပ်နေကြောင်း၊ လက်ရှိတွင် သတင်းအချက်အလက် အနည်းငယ်သာ ရသေးသော်လည်း ဆက်လက်စစ်ဆေးနေကြောင်းပြောကြားသည်။

*—Ref: Xinhua*

7DAY NEWS JOURNAL
Vol.11, No.18 • JULY 12 , 2012



# Leader's Profile

## Air Asia လေကြောင်းပိုင်ရှင်

## တိုနီဖာနန်ဒက်စ်

ရဲမင်း



တိုနီဖာနန်ဒက်စ်ဟုလူသိများသောအန်သိုနီဖရန်စစ် ဖာနန်ဒက်စ်သည်မလေးရှား စီးပွားရေးလုပ်ငန်းရှင် တစ်ဦးဖြစ်ပြီး Tune Air ကုမ္ပဏီကို တည်ထောင်ခဲ့ကာ မလေးရှားနှင့် အာရှတိုက်သားများအားတန်ဖိုးနည်းလေကြောင်းလိုင်း Air Asia နှင့်စတင်မိတ်ဆက်ပေးခဲ့သူဖြစ်သည်။ ယင်းနောက် Tuneကုမ္ပဏီအုပ်စုကိုတည်ထောင်ခဲ့သူလည်းဖြစ်သည်။

တိုနီကို ၁၉၆၄ ခုနှစ် ဧပြီလ ၃၀ ရက်တွင် မလေးရှားနိုင်ငံကွာလာလမ်ပူမြို့၌ အိန္ဒိယနွယ်ဖွားမိဘများက မွေးဖွားခဲ့သည်။ ငယ်စဉ်ကပင် မိခင်ဖြစ်သူနှင့်အတူ ပလတ်စတစ်အသုံးအဆောင်ရောင်းဝယ်သူများ၏ ဆွေးနွေးပွဲများ၊ ပါတီများသို့လိုက်ပါခဲ့သည်။

တိုနီ ဖာနန်ဒက်စ်သည် ၁၉၇၇-၈၃ ခုနှစ်များအတွင်း Epsom ကောလိပ်တွင် တက်ရောက်သင်ကြားခဲ့ပြီး ၁၉၈၇ ခုနှစ်တွင် London School of Economics မှဘွဲ့ရရှိခဲ့သည်။ Virgin Atlantic ကုမ္ပဏီအတွက် စာရင်းစစ်အဖြစ် ခေတ္တလုပ်ကိုင်ခဲ့ပြီး နောက်ပိုင်းတွင် အင်္ဂလန်၏ နာမည်ကျော်စီးပွားရေးလုပ်ငန်းရှင် Virgin Records တွင် ၁၉၈၇ မှ ၁၉၈၉ ခုနှစ်အထိ ဘဏ္ဍာရေးထိန်းချုပ်ရေးအရာရှိအဖြစ် လုပ်ကိုင်ခဲ့သည်။

ယင်းနောက်တိုနီဖာနန်ဒက်စ်သည်မလေးရှားနိုင်ငံသို့ ပြန်လာကာ Warner Music မလေးရှား၏အသက်အငယ်ဆုံး အုပ်ချုပ်မှုဒါရိုက်တာအဖြစ် တာဝန်ယူခဲ့သည်။ နောက်ပိုင်းတွင် ၁၉၉၂ မှ ၂၀၀၁ ခုနှစ်အတွင်း Warner အုပ်စု၏ အရှေ့တောင်အာရှဒေသဆိုင်ရာဒုတိယဥက္ကဋ္ဌအဖြစ် လုပ်ကိုင်ခဲ့သည်။ Time Warner အုပ်စုက America Online Inc. နှင့်ပူးပေါင်းလိုက်သောအခါ မစ္စတာတိုနီဖာနန်ဒက်စ်သည် ၎င်း၏ ငယ်စဉ်က အိပ်မက်ဖြစ်သော တန်ဖိုးနည်းလေကြောင်းလိုင်း ထူထောင်ရန်အတွက် အလုပ်မှ နုတ်ထွက်ခဲ့သည်။

ယင်းသို့ စိတ်ကူးစိတ်သန်းများရှိနေချိန်တွင်တိုနီဖာနန်ဒက်စ်သည် မလေးရှားဝန်ကြီးချုပ်ဒေါက်တာ မဟာသီယာမိုဟာမက်နှင့် တွေ့ခွင့်ရခဲ့ပြီးဒေါက်တာမဟာသီယာက လေကြောင်းလိုင်းအသစ်တစ်လိုင်းအား အစမှ စတင်ထူထောင်မည့်အစား မလေးရှားအစိုးရ၏ လုပ်ငန်းမျိုးစုံစီးပွားရေးအုပ်စုကြီးမှ ပိုင်ဆိုင်သောလက်ရှိAir Asiaလေကြောင်းလိုင်းအားဝယ်ယူရန်အကြံပေးခဲ့သည်။

တိုနီဖာနန်ဒက်စ်ကလည်း ဒေါက်တာမဟာသီယာ၏ အကြံဉာဏ်ကို လက်ခံကာ ဘိုရင်း ၇၃၇ လေယာဉ်အိုကြီးနှစ်စီးနှင့် ကြွေးမြီကန်ဒေါ်လာ ၁၁ သန်းတင်ရှိနေသော Air Asia လေကြောင်းလိုင်းအား မလေးရှားသုံးငွေတစ်ရင်းဂစ်ဖြင့် ဝယ်ယူခဲ့သည်။ မည်သူမျှစီးနင်းရန် ဆန္ဒမရှိသော လေကြောင်းလိုင်းအား ဝယ်ယူခဲ့ခြင်းအတွက် မစ္စတာဖာနန်ဒက်စ် ရူးသွားပြီဟု လူတိုင်းက ထင်မြင်ခဲ့သော်လည်း လေကြောင်းလိုင်းအားဝယ်ယူပြီး တစ်နှစ်အတွင်းမှာပင် Air Asia ၏ကြွေးမြီများကို ပြန်ဆပ်နိုင်ခဲ့သလို ဝင်ငွေနှင့် ထွက်ငွေညီမျှသော အဆင့်ထိရောက်ရှိလာခဲ့သည်။ ၂၀၀၄ ခုနှစ်က အများပြည်သူသို့ ရှယ်ယာများ ထုတ်ရောင်းခဲ့ရာ မူလအဖွင့်ဈေးနှုန်းထက် ၁၃၀ ရာခိုင်နှုန်း ရှယ်ယာဈေးနှုန်းများ တန်ဖိုးမြင့်တက်သွားခဲ့သည်။

ယင်းနောက် Air Asia လေကြောင်းလိုင်းအား အခြားနိုင်ငံများတွင်ပါဆင်းသက်ခွင့်ရရှိရန် ဒေါက်တာမဟာသီယာမိုဟာမက်မှတစ်ဆင့် Open Skies စိတ်ကူးအားတင်ပြခဲ့ရာတွင် ထိုင်း၊ အင်ဒိုနီးရှားနှင့် စင်ကာပူနိုင်ငံတို့က Air Asia နှင့် အခြားအဖိုးနည်းဝန်ပါလေကြောင်းလိုင်းများအားငင်းတို့နိုင်ငံများတွင် ဆင်းသက်ခွင့်ပြုခဲ့သည်။

ယခုအခါ မစ္စတာတိုနီဖာနန်ဒက်စ်သည် ကန်ဒေါ်လာသန်း ၇၀၀ ချမ်းသာပြီး Air Asia ကုမ္ပဏီအုပ်စုအမှုဆောင် အရာရှိချုပ်အဖြစ် တာဝန်ယူထားသလို Tune ဟိုတယ်အုပ်စုတည်ထောင် သူ၊ အင်္ဂလန်နိုင်ငံ QPR Holdings Ltd. ၏ ဥက္ကဋ္ဌအဖြစ်လည်း တာဝန်ယူထားသည်။

—Ref: Wikipedia

## အိန္ဒိယတွင် ဆယ်နှစ်အတွင်း အဆိုးရွားဆုံး မုတ်သုံမိုးများကြောင့် နေအိမ်များမှ လူနှစ်သန်း စွန့်ခွာထွက်ပြေးရ

**ဂေါ်ဟတ်တီ၊ ဇူလိုင် - ၃**

အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်း အာသံပြည်နယ်တွင် ဆယ်စုနှစ်တစ်ခုအတွင်း အဆိုးရွားဆုံးမုတ်သုံရာသီ ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့ရာ လူပေါင်း ၈၀ ကျော်သေဆုံးပြီး လူနှစ်သန်းခန့်မှာ ၎င်းတို့၏နေအိမ်များမှ စွန့်ခွာထွက်ပြေးခဲ့ရကြောင်းသိရသည်။

လူပေါင်းတစ်သန်းနီးပါးအား အာသံပြည်နယ်တစ်ဝန်းဖွင့်လှစ်ထားသော ကယ်ဆယ်ရေးစခန်းများတွင် နေရာချထားပေးကြောင်း အာသံပြည်နယ်မြို့တော်ဂေါ်ဟာတီသို့ ရောက်ရှိနေသော အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းကပြောကြားသည်။ ကျန်လူပေါင်းတစ်သန်းခန့်မှာ ဆွေမျိုးများနှင့်သော်လည်းကောင်း၊ ယာယီတာပေါ်လင် အမိုးအကာများဖြင့်သော်လည်းကောင်း ခိုလှုံနေကြရသည်။

လွန်ခဲ့သော လေးရက်အတွင်း အာသံပြည်နယ်တွင် လူ ၈၁ ဦးသေဆုံးခဲ့သည်ဟု အာသံပြည်နယ်အရာရှိများကပြောကြားသည်။ သေဆုံးသူအများစုမှာ ဗြဟ္မပုတ္တရမြစ်ရေလျှံ၍ ရွာများရေကြီးရာတွင် မျောပါသွားသူများဖြစ်ပြီး အချို့မှာလည်း မြေပြိုမှုများတွင် သေဆုံးခဲ့ခြင်းဖြစ်သည်။

လေတပ်ရဟတ်ယာဉ်များက ရေကြီးမှုကြောင့် သောင်တင်နေသော လူများထံသို့ စားနပ်ရိက္ခာနှင့် သောက်ရေဘူးများ ချပေးနေကြောင်း မစ္စတာဆင်းကပြောကြားသည်။ အာသံနိုင်ငံတစ်ဝန်းဖွင့်လှစ်ထားသော ကယ်ဆယ်ရေးစခန်းပေါင်း ၇၇၀ တွင်လည်း ဆရာဝန်များက ဆေးခန်းများ ဖွင့်လှစ်ကုသပေးနေသည်။ ရေကြီးမှုဒဏ်အဆိုးရွားဆုံးကြုံတွေ့ရသော ဒီမာဂျီခရိုင်တွင် ရွာလုံးကျွတ် မြစ်ထဲ မျောပါသွားကြောင်း သိရသည်။

—Ref: AP

### နောက်ကျောဖုံး - ရုရှားရေကြီးမှု စုံစမ်းစစ်ဆေးရန် သမ္မတပူတင် အမိန့်ထုတ် မှ



သမ္မတသက်တမ်း တတိယအကြိမ် တာဝန်ထမ်းဆောင်ရန် မစ္စတာပူတင် ကရင်မလင်နန်းတော်သို့ ပြန်လည်ရောက်ရှိလာပြီး ပထမဆုံးကြုံတွေ့ရသည့်ဘေးဒုက္ခတွင် သေဆုံးသူများအတွက် ဝမ်းနည်းခြင်း အထိမ်းအမှတ်နေ့အဖြစ်ဇူလိုင် ၉ ရက်ကို သတ်မှတ်လိုက်သည်။

လူအများအပြား သေဆုံးခဲ့ခြင်းအတွက် တာဝန်ပေါ့လျော့မှုရှိ မရှိဆိုသည်ကို ရာဇဝတ်မှုကြောင်းအရ စုံစမ်းစစ်ရေးကော်မတီက စတင်စုံစမ်းနေပြီ ဖြစ်သည်။

အဆိုပါရေကြီးမှုအား ဆူနာမီလှိုင်းလုံးများနှင့် မစ္စတာပူတင်က နှိုင်းယှဉ်ပြောဆိုခဲ့သော်လည်း ရေကာတာတစ်ခုမှ ရေတံခါးပေါက်များကို ဖွင့်ချလိုက်၍ ရေကြီးမှုပိုမိုဆိုးရွားခဲ့သည်ဆိုသော ကောလာဟလသတင်းများကို မစ္စတာပူတင်က ချေဖျက်ရန်ကြိုးစားခဲ့ကြောင်း သိရသည်။

—Ref: AFP/CNN

### နောက်ကျောဖုံး - ကမ္ဘောဒီးယားတွင် ကူးစက်မှုများသော ဗိုင်းရပ်စ်ကြောင့် ကလေးငယ်များ သေဆုံးနေ မှ

၎င်းဗိုင်းရပ်စ်မှတစ်ဆင့် လက်၊ ခြေထောက်နှင့် ပါးစပ်၌အရည်ကြည်ဖုများထွက်ရှိပြီး ယင်းဗိုင်းရပ်စ်ကြောင့် အချို့လူနာများတွင် ရှုပ်ထွေးသော ရောဂါလက္ခဏာများ ဖြစ်ပေါ်တတ်ကြောင်း ပူးတွဲကြေညာချက်တွင် ဖော်ပြသည်။

စုံစမ်းစစ်ဆေးမှုများ ဆက်လက်ပြုလုပ်နေပြီး ဓာတ်ခွဲခန်းမှ ရလဒ်များကို ကူးစက်ရောဂါဆိုင်ရာသတင်းအချက်အလက်များနှင့် နှိုင်းယှဉ်၍ လေ့လာသွားမည်ဖြစ်ကာ ရှေ့လာမည့် ရက်များတွင် စုံစမ်းမှုများ အပြီးသတ်နိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း ကမ္ဘောဒီးယားကျန်းမာရေးဝန်ကြီး မန်ဘွန်ဟင်က ကြေညာချက်တစ်ရပ် ထုတ်ပြန်ထားသည်။

—Ref: Reuters

### နောက်ကျောဖုံး - ကုလကိုယ်စားလှယ် ကိုဖီအာနန် ဆီးရီးယား သမ္မတနှင့် တွေ့ဆုံမည် မှ

ယင်းအစီအစဉ်မှာ ယခုအချိန်အထိ ဆီးရီးယားနိုင်ငံတွင်ဖြစ်ပေါ်နေသော သွေးထွက်သံယိုမှုများ အဆုံးမသတ်နိုင်ခဲ့ကြောင်း မစ္စတာကိုဖီအာနန်က ဝန်ခံခဲ့ပြီးနောက် ယခုတွေ့ဆုံဆွေးနွေးမှုဖြစ်ပေါ်လာခြင်းဖြစ်သည်။ လွန်ခဲ့သောရက်သတ္တပတ်ကလည်း အင်အားကြီးနိုင်ငံများက အစည်းအဝေးတစ်ရပ်ပြုလုပ်ခဲ့ပြီး ဆီးရီးယားနိုင်ငံ၌ အသွင်ကူးပြောင်းရေး ညီညွတ်သော အစိုးရဖွဲ့စည်းရန် တိုက်တွန်းပြောကြားခဲ့သည်။

မစ္စတာအာဆတ်ကမူ အမေရိကန်နိုင်ငံသည် ၎င်းတို့နိုင်ငံရှိ ဂိုဏ်းအဖွဲ့များအား နိုင်ငံရေးအရ အကာအကွယ်ပေးပြီး နိုင်ငံအား မတည်မငြိမ်ဖြစ်အောင် ကြိုးစားနေသည်ဟု ပြောကြားသည်။




Photo : AFP

မစ္စတာကိုဖီအာနန်နှင့် သမ္မတဘာရှားအယ်လ်အာဆတ်တို့၏ တွေ့ဆုံဆွေးနွေးမှုတွင် ယခုနှစ်စောစောပိုင်းက မစ္စတာအာနန်ကြားဝင်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သော အချက် (၆) ချက်ပါငြိမ်းချမ်းရေး အစီအစဉ်အား အဓိကဆွေးနွေးသွားမည်ဖြစ်ကြောင်းဆီးရီးယားနိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဂျီဟတ်မက်စီဒီက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။ ပြင်သစ်သတင်းစာ လီမွန်ဒေးနှင့် ပြုလုပ်သည့်အင်တာဗျူးတွင် မစ္စတာကိုဖီအာနန်က ၎င်း၏ငြိမ်းချမ်းရေးအစီအစဉ်မှာ ယခုအချိန်အထိ သွေးထွက်သံယိုမှုများကို မရပ်တန့်နိုင်သေးကြောင်း ဝန်ခံပြောကြားခဲ့သည်။

—Ref: BBC

7 DAY NEWS JOURNAL
Vol.11, No.18 • JULY 12 , 2012

# “ဒီရုံးတော်က အားနည်းသူတွေကို ကာကွယ်ဖို့ပါ”


## နိုင်ငံတကာရာဇဝတ်ခုံရုံးတော်၏ ရှေ့နေချုပ်ဟောင်း လူးဝစ်မော်ရီနိုအိုကမ်ပိုနှင့် တွေ့ဆုံခြင်း

**ကျော်မျိုး**

လူးဝစ်မော်ရီနိုအိုကမ်ပိုဟာ နိုင်ငံတကာရာဇဝတ်ခုံရုံးတော်လို့ခေါ်ဝေါ်တဲ့ International Criminal Court (ICC) ရဲ့ရှေ့နေချုပ် Chief Prosecutor အဖြစ်ကိုးနှစ်ကြာတာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပါတယ်။ ICC ဟာကမ္ဘာပေါ်မှာ စစ်ရာဇဝတ်မှုတွေ၊ လူသားမျိုးနွယ်အပေါ်ပြစ်မှုကျူးလွန်ခြင်းများ Crimes against humanity နဲ့ မျိုးဖြုတ်သတ်ဖြတ်မှုများ၊ ကျူးကျော်သိမ်းပိုက်မှုများကို တရားစွဲဆိုအပြစ်ပေးဖို့ ဖန်တီးထားတဲ့ ပထမဆုံးသော(ယာယီမဟုတ်တဲ့) အချိန်ပြည့်တရားရုံး (ဝါ) ခုံရုံးတော်တစ်ခုဖြစ်ပါတယ်။ အိုကမ်ပိုဟာ အာဂျင်တီးနားစစ်အာဏာရှင်အစိုးရကို စစ်ဆေးတဲ့အမှုမှာ ရှေ့နေတစ်ဦးအဖြစ် ဆောင်ရွက်ရင်းနိုင်ငံတကာမှာ ကျော်ကြားလာတဲ့ ဥပဒေဘက်တော်သားတစ်ဦးဖြစ်ပါတယ်။ သူဟာ မကြာမီကတော့ ICC ရဲ့ အကြီးအကဲရာထူးနေရာကို ဆက်ခံဖို့ မစ္စ ဂမ်ဘီယန်ဖာတိုဘင်ဆိုဒါကိုလွှဲပြောင်းပေးခဲ့ပါပြီ။ ဒါ့ကြောင့် နယ်သာလန်နိုင်ငံ သည်ဟိတ်ဂ်မြို့မှာ ရှိတဲ့ နိုင်ငံတကာ ရာဇဝတ်ခုံရုံးကနေ အနားယူတော့မယ့်မစ္စတာအိုကမ်ပိုကို ယူရိုသတင်းက သွားရောက်မေးမြန်းထားတာတွေကိုပြန်လည်တင်ဆက်ပေးလိုက်ပါတယ်။ အိုကမ်ပိုက ICC ကိုအသက်ဝင်အသိအမှတ်ပြုလိုက်နာရစေတဲ့ ရောမသဘောတူစာချုပ်ကို အခုထိ လက်မှတ်မထိုးထားတဲ့ အမေရိကန်၊ ရုရှားနဲ့ တရုတ်တို့ဟာ ခုံရုံးရဲ့အရေးယူခံရမှာကို ကြောက်လို့ပဲလို့ဆိုခဲ့ပါတယ်။ ယူရိုသတင်းမှ မေးမြန်းသူကတော့ ရာကွယ်လ်အဲဗားရက်ဇ်ဖြစ်ပါတယ်။

**နိုင်ငံတကာရာဇဝတ်ခုံရုံးတော်ဟာ စတင်တည်ထောင်မှုဆယ်စုနှစ်ပြည့်စဉ်မှာပဲလူကြီးမင်းကတော့ ရုံးတော်ရဲ့ရှေ့နေချုပ်ရာထူးကို စွန့်လွှတ်ပါတော့မယ်။ ကိုယ်မျှော်လင့်ခဲ့တာနဲ့ ပတ်သက်လို့ အောင်မြင်မှုရခဲ့ပါသလား။**

အောင်မြင်တယ်ထင်တာပါပဲ။ ဒီခုံရုံးတော်ဟာ အနာဂတ်အတွက်နုရင်ဘာ့ဂ်ခုံရုံးပါပဲ။ ဒါကို ကျွန်တော်တို့တည်ထောင်ခဲ့တယ်။ အလုပ်လုပ်နိုင်အောင် ဖန်တီးခဲ့တယ်။ အခုတော့ ဆက်အလုပ်ဖြစ်နေပါပြီ။ ဒီတော့ ဟုတ်ကဲ့။ ကျွန်တော်တို့ အဝန်းအဝိုင်းတစ်ခု၊ အဆင့်တစ်ခုကို အပြီးသတ်လုပ်နိုင်ခဲ့တယ်ပေါ့။



**ဒီရုံးမှာ လူသုံးယောက်တည်းနဲ့ စလုပ်ခဲ့ရတဲ့ အမှတ်တရတွေကိုလည်းလူကြီးမင်းပြောဖူးတယ်နော်။ အဲဒီကစလို့ အရာရာဟာ ဘယ်ပုံပြောင်းလဲသွားခဲ့ပါပြီလဲခင်ဗျ။**

ကျွန်တော်ရဲ့ စုံစမ်းစစ်ဆေးမှုတွေအတွက် တရားသူကြီး ၁၈ ဦးက စောင့်နေချိန်မှာ ကျွန်တော်ရောက်လာခဲ့တယ်။ ကျွန်တော့်ရုံးမှာ ဝန်ထမ်းသုံးဦးပဲရှိတယ်။ ကျွန်တော်တို့မှာ(လူမရှိတဲ့)ဗလာဟင်းလင်းအဆောက်အအုံခြောက်ထပ်နဲ့။ အားလုံးကိုတည်ဆောက်ရမှာ ဖန်တီးရမှာချည်း။ ဖာတိုဘင်ဆိုဒါကတော့ အထဲမှာလူ ၃၀၀ အလုပ်လုပ်နေ၊ ရှိနေတဲ့ ဒီဗျူရိုကြီးကို ကြီးကြပ်ရမှာပါ။ ရုံးမှာ ရှင်းလင်းပြီး ထိရောက်အကျိုးရှိတဲ့ လုပ်ငန်းအစီအစဉ်တွေ ရှိနေပါပြီ။ ဆက်လက် စီရင်ဆုံးဖြတ်နေဆဲ အမှုတွေ အများကြီးရှိသလို ရုံးတော်ကလည်း အကောင်းဆုံး လုပ်ဆောင်နေပါပြီ။

**လူကြီးမင်းဟာ ကိုယ့်နေရာကို အစားထိုးဝင်ယူတော့မယ့်သူကိုလည်း သိထားခဲ့တယ်။ သူနဲ့အတူ နီးကပ်စွာတွဲဖက်လုပ်ကိုင်ဖူးတယ်။ သူမဟာ မိန်းမတစ်ယောက်ပြီးတော့ အာဖရိကန်သူတစ်ဦး၊ သူမဟာဘယ်လိုစိန်ခေါ်မှုတွေရင်ဆိုင်ရလိမ့်မယ်လို့ ထင်ပါသလဲ။**

ဖာတိုဟာပြည့်စုံတဲ့ရုံးတစ်ခုကိုအမွေခံရတာပါ။ ဒါပေမဲ့ သူမဟာ တရားဥပဒေရဲ့စွမ်းပကားအကြောင်း ပိုပြီးသတိထားမိလာတဲ့ ကမ္ဘာကြီးနဲ့ ကျွန်တော်တို့ကို ဆန့်ကျင်ကောင်းဆန့်ကျင်မယ့် ကမ္ဘာကြီးကိုလည်းအမွေခံလိုက်ရပါလိမ့်မယ်။ မိန်းမသားတစ်ဦးအနေနဲ့ သူမဒီနေရာရခြင်းဟာစိတ်ဝင်စားစရာအချက်တစ်ခုကို ကိုယ်စားပြုနေပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ ဒါဟာ အမြင်အသစ်တွေကိုပေးအပ်နိုင်တဲ့ မိန်းမသားတစ်ဦးရှိနေတဲ့နေရာ ကမ္ဘာသစ်တစ်ခုမို့ပါ။ လက်ရှိမှာတော့ အာဏာရှိတဲ့ မိန်းမတွေအများကြီးပါ။ ကျွန်တော်ထင်တာတော့ သူတို့တစ်ဦးနဲ့တစ်ဦး ချိတ်ဆက် (အလုပ်လုပ်နိုင်) လာမယ်ဆိုရင် အလွန်စိတ်ဝင်စားစရာကောင်းတဲ့ အလှည့်အပြောင်းတစ်ခုကို ထုတ်လုပ်နိုင်ပါလိမ့်မယ်။

**ICC ရုံးတော်ဟာ အမေရိကန်၊ ရုရှားနဲ့တရုတ်တို့က ရောမသဘောတူစာချုပ်ကို လက်မှတ်မထိုးထားတဲ့အချိန်မှာ အကန့်အသတ်တွေနဲ့ စတင်ခဲ့ရတာပါ။ ဒီစာချုပ်က ရုံးတော်အတွက်မရှိမဖြစ်မူဘောင်ဖြစ်ပါတယ်။ ဒီတော့ သူတို့(ရုရှား၊ အမေရိကန်၊ တရုတ်) ဟာ ICC ရဲ့ လုပ်ရပ်ကို အသိအမှတ်ပြုဖို့ ဖိအား ပေးမခံရဘူးပေါ့။ ဒီအချက်ဟာ ရုံးတော်ရဲ့ တရားဝင်ဖြစ်မှုမှာ အကန့်အသတ်တစ်ရပ်ဖြစ်မနေဘူးလား။**

ဟင့်အင်း။ ယှဉ်ပြောရရင် အင်အားအကြီးဆုံး နိုင်ငံကြီးတွေက ICC ရဲ့ အစိတ်အပိုင်းအဖြစ်မပါဝင်တာကိုယ်နှိုက်ကိုက ICC ရဲ့ တရားဝင်မှုကို သက်သေပြနေတဲ့ လက္ခဏာပါပဲ။ ဒီရုံးတော်က အားနည်းသူတွေကို ကာကွယ်ဖို့ပါ။ အားကြီးသူတွေအတွက်မဟုတ်ပါဘူး။ (ရောမ)စာချုပ်ကို လက်မှတ်မထိုးရသေးတဲ့ အင်အားကြီးနိုင်ငံတွေရှိနေတာ ဒီရုံးတော် အလုပ်လုပ်နေခြင်းရဲ့ သက်သေပါပဲ။ ဒါဟာအချိန်ကိစ္စပါ။ ကျွန်တော် ဒီရုံးမှာစလုပ်တော့ လူတိုင်းက ကျွန်တော်တို့ကို ဦးတည်အမုန်းပွားကြတယ်။ နောက် ၂နှစ်ကြာတော့ လုံခြုံရေးကောင်စီဟာ ဒါဖာကိစ္စကိုရုံးတော်ရှေ့တင်သွင်းဖို့လက်ခံခဲ့တယ်။ မနှစ်ကတော့ သူတို့ဟာ လစ်ဗျားမှာ ပါဝင်ပတ်သက်ဖို့ ရုံးတော်ကို တညီတညွတ်တည်း မဲပေးခဲ့ကြတယ်။ ဒါ့ကြောင့် ဒီကိစ္စတွေဟာ ပြောင်းလဲနေပါတယ်။ ကျွန်တော်တို့ကို လက်ခံလာကြပါပြီ။ ICC နဲ့ တွဲမလုပ်တဲ့သူတွေ ရှိနေတာဟာ ဒီရုံးတော် အလုပ်လုပ်နေတာကို သက်သေပြနေတာပဲ။ သူတို့ တွဲမလုပ်ရဲတဲ့အကြောင်းရင်းကလည်း အကြောက်တရားပဲ။ ဒါ့ကြောင့် သူတို့မပါဝင်တဲ့အချက်ကရုံးတော်ဟာဘယ်လောက်တရားဝင်တယ်ဆိုတာ ပြသနေပါတယ်။

**လူကြီးမင်းလက်ခံရရှိသမျှ အပြင်းထန်ဆုံးဝေဖန်ရေးကတော့“ပထဝီဝင်အနေအထားအရ ဘက်လိုက်တယ်” ဆိုတဲ့ အပြောပါပဲ။ လူကြီးမင်း ကိုင်တွယ်သမျှ အမှုအားလုံးကလည်း အာဖရိကမှာဆိုတော့လေ။**

ဆူဒန်သမ္မတ ဘာရှီရာကို လူမျိုးတုံးသတ်ဖြတ်မှုနဲ့စွဲချက်တင်တော့သူက ကိုယ့်ကိုယ်ကိုယ် တရားမျှတမှုရှိသယောင် ကြိုးစားရင်း ပြောဖူးတယ်။ ကျွန်တော်တို့ဟာ အာဖရိကတိုက်ကိုပဲ သိပ်အာရုံစိုက်လွန်းနေတယ်တဲ့။ အဲဒါထူးခြားတယ်။ လူတွေကလည်း သူ့ကိုယုံနေကြသလိုပဲ။ ဂျာနယ်လစ်တွေကလည်း ကျွန်တော့်ကို ဒီအာဖရိကနဲ့ပတ်သက်လို့“သွေဖည်နေမှု”ကို မေးကြဖူးတယ်။ ဒါဖာအကြောင်းတော့မဟုတ်ဘူးနော်။ ဒီပြဿနာက သမ္မတဘာရှီရာဟာ ဒါဖာမှာ လူမျိုးတုံးသတ်ဖြတ်မှုလုပ်လို့စွပ်စွဲ ရှုတ်ချခံရတာပါ။ ဒါပေမဲ့ အခုတော့ ကျွန်တော် အာဖရိကအကြောင်း ဆက်မပြောတော့ပါဘူး။ ဒါဖာမှာ လူမျိုးတုံးသတ်ဖြတ်မှုနဲ့ပတ်သက်လို့ပြောတဲ့အခါကျမှသာ ကျွန်တော်ထည့်ပြောပါတော့တယ်။

**အယ်လ်ဘာရှီရာရဲ့အမှုက နိုင်ငံတကာ ရာဇဝတ်ခုံရုံးရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေထဲက ဥပမာတစ်ခုပါပဲ။ ဥပမာအားဖြင့်ဒီဆူဒန်သမ္မတဟာ အဖမ်းမခံရဘဲ နိုင်ငံအမျိုးမျိုးမှာ လွတ်လပ်စွာလှုပ်ရှားသွားလာနေနိုင်ပါတယ်။**

ဒီစိန်ခေါ်မှုက နိုင်ငံတွေနဲ့ ပတ်သက်လာရင်လုံခြုံရေးကောင်စီ အတွက်ဖြစ်ပါတယ်။ နည်းလမ်းရှာရမှာက သူတို့ကိစ္စဖြစ်ပါတယ်။ လက်ရှိမှာဘာရှီရာဟာ ဝရမ်းပြေးပဲ။ ဥပမာအားဖြင့် မာလာဝီဟာဆိုရင် သူ့ကို နိုင်ငံတွင်း ဝင်ခွင့်ပေးဖို့ငြင်းပယ်ထားတယ်။ တခြားနိုင်ငံအများအပြားလည်း ဒီလိုပဲ သူ့ကို ငြင်းပယ်ထားတယ်။ သူသွားနေတာ အဖမ်းမခံရနိုင်တဲ့နေရာမှာ သွားလာနေတာပါ။ ဘယ်ကိုလုံခြုံစိတ်ချစွာ သွားနိုင်မလဲဆိုတာကိုလည်း သူဂရုတစိုက် ရွေးလေ့ရှိတယ်။ ဘာပဲဖြစ်ဖြစ် ယူဂိုဆလားဗီးယား စစ်ရာဇဝတ်မှုတွေအတွက်ခုံရုံးဟာ လူ ၁၆၁ ဦးကို တရားစွဲခဲ့တယ်။ သူတို့ထဲက ဘယ်လောက်အဖမ်းခံရတယ်လို့ခင်ဗျားထင်ပါသလဲ။ ၅၀ ရာခိုင်နှုန်းလောက်လား။ ၂၀ရာခိုင်နှုန်းလား။ ဘယ်လောက်ထင်ပါသလဲ။

**ဘယ်လောက်ပါလဲ။**

အကုန်လုံးပဲဗျ။ ဘယ်သူမှ မလွတ်ကြဘူး။ ၁၈ နှစ်ကြာခဲ့ရပါတယ်။ နောက်ဆုံးတစ်ဦးဖြစ်တဲ့ ရတ်ကိုမလာဒစ်ကို ပြီးခဲ့တဲ့လ အနည်းငယ်က ဖမ်းမိခဲ့တယ်။ ဒါ့ကြောင့် ဘာရှီရာလည်း တစ်နေ့ အဖမ်းခံရမှာပါပဲ။ ဒီအတွင်း မိန်းမတွေ အဓမ္မပြုကျင့်ခံနေရပြီး က လေးငယ်တွေက ငတ်မွတ်မှုနဲ့ သေဆုံးနေကြရတယ်။ ဒါဟာပေးဆပ်နေရတဲ့ တန်ဖိုးပါပဲ။

**အိုင်စီစီဟာ အမှုတွေကို စုံစမ်းစစ်ဆေးဖို့ ကိုယ်ပိုင်ရဲတပ်ဖွဲ့ ဒါမှမဟုတ် စစ်တပ်လည်းမရှိတော့ ခုံရုံးနဲ့ပူးပေါင်းဆောင်ရွက်မှုမရှိတဲ့ နိုင်ငံတွေထဲမှာဖမ်းဆီးစစ်ကြောမှုတွေမလုပ်နိုင်ပါဘူး။ လူကြီးမင်းတို့ခုံရုံးဟာကိုယ့်ရဲ့ပူးပေါင်းဆောင်ရွက်သူတွေကို အန္တရာယ်တောထဲထည့်သွင်းနေပါသလား။ လစ်ဗျားမှာဆို အိုင်စီစီအတွက် အလုပ်လုပ်ပေးနေတဲ့ လူလေးဦးအဖမ်းခံခဲ့ရတယ်။ ဘာဖြစ်ခဲ့တာပါလဲ။ သူတို့ အန္တရာယ်ရှိနေပါသလား။**

လုံခြုံရေးကိစ္စက ကျွန်တော်တို့အားလုံးအတွက် ကြီးမားတဲ့အကြောင်းအရာတစ်ခုပါ။ ဒါကို ကျွန်တော်တို့ ဂုဏ်ယူမိပါတယ်။ ခုံရုံးတော်ရဲ့ တရားစွဲဆိုရေးဟာ ကမ္ဘာ့အနှံ့မှာ မစ်ရှင်ပေါင်း ၆၀၀ ကျော်ပြုလုပ်ခဲ့ပြီး ဘယ်စုံစမ်းစစ်ဆေးသူ၊ မျက်မြင်သက်သေတစ်ဦးမှထိခိုက်ဒဏ်ရာရခြင်း မရှိပါဘူး။ အခုပြဿနာကတော့ လူထုကာကွယ်ရေးဘက်က ပုဂ္ဂိုလ်တွေက လစ်ဗျားမှာ ယာယီအဖမ်းခံရတာပါ။ ခုံရုံးတော်အတွက် အလုပ်လုပ်ပေးနေတဲ့သူတွေဟာ နေ့စဉ်ပဲ အန္တရာယ်နဲ့ စွန့်စားနေရတယ်ဆိုတာကို ဒါက သက်သေပြနေပါတယ်။

**ကျွန်တော်မြင်ရသလောက်တော့ လစ်ဗျားကိစ္စဟာ ကုလလုံခြုံရေးကောင်စီရဲ့ တညီတညွတ်တည်း ဆုံးဖြတ်မှုအရာမှာ မှတ်တိုင်တစ်ခုဖြစ်ခဲ့ပါတယ်။ ဒါ့ကြောင့် ကဒါဖီရဲ့ ရုံးတင်စစ်ဆေးမခံလိုက်ရဘဲ သေဆုံးခြင်းနဲ့ပတ်သက်လို့ လူကြီးမင်းရဲ့ တုံ့ပြန်မှုက ဘာများဖြစ်မလဲ။**

လစ်ဗျားကိစ္စမှာ တစ်ကမ္ဘာလုံးက တရားမျှတမှုကိုတောင်းဆိုတုံ့ပြန်ခဲ့ကြတာဟာ ကမ္ဘာလုံးဆိုင်ရာဆင့်ကဲပြောင်းလဲလာမှု သက်သေပါပဲ။ ကျွန်တော်တို့ တရားရုံးက လအနည်းငယ်အတွင်း ကဒါဖီနဲ့ သူ့သားနှစ်ယောက်ရဲ့ ပြစ်မှုတွေကို စုံစမ်းဖို့၊ သက်သေပြဖို့ သာအချိန်ရခဲ့တယ်။ ကဒါဖီတရားစီရင်ခြင်းမခံရဘဲ သေသွားတဲ့ အချက်က မကောင်းပါဘူး။ ဒါပေမဲ့ နောက်နှစ်ဦးကိုတော့ ဖမ်းမိထားပြီး ကျွန်တော်တို့ ထိန်းချုပ်ထားတယ်။ အခုတော့ ပြဿနာက ဘယ်သူက သူတို့ကို စီရင်တော့မှာလဲဆိုတာပဲ။ လွယ်ကူတဲ့ မေးခွန်းတစ်ရပ်ပါ။ တရားဥပဒေက လုပ်သွားပါလိမ့်မယ်။ ဘယ်သူက ဥပဒေအတိုင်း လုပ်မလဲဆိုတာပဲ ကျွန်တော်တို့ ဆုံးဖြတ်ရတော့မှာပါ။

**လူကြီးမင်းဟာ အာဂျင်တီးနားနိုင်ငံသားတစ်ဦးအနေနဲ့ ဘောလုံးကစားနည်းကို နှစ်သက်တယ်နော်။**

ဟုတ်ပါတယ်။

**ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ဖီဖာကလည်း ဘောလုံးလောကမှာ လာဘ်စားမှုတိုက်ဖျက်ရေးအတွက်လူကြီးမင်းကို ခေါ်ထားတယ်။ အဲဒါကို အလုပ်သစ်အဖြစ်လက်ခံသွားမှာလား။ မတူကွဲပြားတဲ့ နေရာတစ်ခုမှာ လုပ်မယ့်လူကြီးမင်းကို မြင်ရမှာစိတ်ဝင်စားစရာဖြစ်မှာပါပဲ။**

ဖီဖာထဲမှာ ပြုပြင်ပြောင်းလဲရေးကော်မတီတစ်ရပ် ရှိနေပြီး အဖွဲ့ကို ကျင့်ဝတ်ရေးရာကော်မရှင်တစ်ခုဖန်တီးဖို့နဲ့ စုံစမ်းရေးအာဏာပေးဖို့ သူတို့ အဆိုပြုခဲ့တယ်။ သူတို့က ကျွန်တော့်ကို ခန့်ဖို့ ထောက်ခံခဲ့ကြတယ်။ ဒါ့ကြောင့် ဒါဟာ သူတို့ကိစ္စပါပဲ။ ဖီဖာက တခြားတစ်ဦးကိုလည်း ရွေးချယ်နိုင်ပါတယ်။ ဘာမှ မသေချာပါဘူး။ စောင့်ကြည့်ကြပါဦးစို့ရဲ့။

*—Ref: "Luis Moreno Ocampo: being a prosecutor was a great privilege' Euronews,*



## ဂျပ်စတင်ဘီဘာရဲ့ဆံပင်ပုံစံကို အတုခိုးထားတယ်လို့ စွပ်စွဲခံလိုက်ရတဲ့ One Direction

**လန်ဒန်၊ ဇူလိုင်-၇**

ဆယ်ကျော်သက်အရွယ်ပေါ့စတား အဆိုတော်ဂျပ်စတင်ဘီဘာကဗြိတိသျှနှင့် အိုင်ယာလန် လူငယ်များဖြင့် ဖွဲ့စည်းထားသည့် One Direction အဖွဲ့မှာ သူ၏ ဆံပင်ပုံစံကို အတုခိုးပြီး ညှပ်ထားကြောင်း ပြောလိုက်သည်။

What Makes You Beautiful သီချင်းဖြင့်နာမည်ကျော်လာခဲ့သည့် One Direction အဖွဲ့မှ လူတိုင်းလိုလိုက သူ့ဆံပင်ပုံစံကို လိုက်ညှပ်လာကြသည့်အတွက် ဆံပင်အတိုပုံစံကိုပြောင်းညှပ်ခဲ့ကြောင်း Boyfriend သီချင်းပိုင်ရှင် ဂျပ်စတင်ဘီဘာကဆိုသည်။

"အခုဆိုရင် လူတိုင်းက ကျွန်တော့်ဆံပင်ပုံစံလိုက်ညှပ်ထားတယ်လို့ ထင်ရတယ်။ ကျွန်တော်နည်းနည်းတော့ ပုံစံပြောင်းဖို့လိုလာတာပေါ့" ဟု အသက်(၁၈)နှစ်အရွယ် ဘီဘာက ပြောရင်း ထိုအတွက်ကြောင့် သူဆံပင်ပုံစံကို ပြောင်းဖို့ရာ ဆုံးဖြတ်လိုက်သည်ဟု ဆိုသည်။

ထို့အပြင် ဂျပ်စတင်ဘီဘာက ODအဖွဲ့ဝင် Liam Payne ၏ ဓာတ်ပုံတစ်ပုံကို ညွှန်ပြရင်းဖြင့်လည်း ဆံပင်ပုံစံနည်းနည်းပါးပါး ဆင်တူနေခြင်း မဟုတ်ဟုပြောသည်။ သူ၏ ဆံပင်ကိစ္စအကြောင်းဂျပ်စတင်ဘီဘာကပြောနေသော်လည်း Payne အပြင် Niall Horan, Harry Styles, Louis Tomlinson, Zayn Malik တို့လည်း ပါဝင်သော One Direction အဖွဲ့နှင့် အတူ ၎င်းတို့၏ ဒုတိယသီချင်းခွေကို အားတက်သရော စောင့်ဆိုင်းနေသည်ဟု ပြောသည်။

Ref: PTI



## ဘီလ်ဘုတ်၏ နံပါတ်၁နေရာကို အချိန်ကြာမြင့်စွာစိုးမိုးထားနိုင်တဲ့ ကာလီရဲ့ CALL ME MAYBE

**နယူးယောက်၊ဇူလိုင်- ၆**

ကနေဒါအဆိုတော်မလေး ကာလီရေးဂျက်ပ်ဆမ်၏ Call Me Maybe သီချင်းသည် ဘီလ်ဘုတ်၏ အမိုက်ဆုံးသီချင်း ၁၀၀တွင် နံပါတ် ၁ အဖြစ်ရပ်တည်နေသည်မှာ ၄ ပတ်ကျော်ကြာမြင့်လာပြီ ဖြစ်သည်။

ထိုသို့ကာလရှည်ကြာစွာ နံပါတ် ၁အဖြစ် ရပ်တည်နေနိုင်သည်မှာ ဘီလ်ဘုတ်စာရင်းသမိုင်းတွင် ကြုံတောင့်ကြုံခဲဖြစ်ပြီးနံပါတ် ၂နေရာကို Maroon 5 ၏ Pay Phone သီချင်းက နေရာယူထား သည်။ ဆယ်ကျော်သက် ကနေဒါ အဆိုတော်မလေး၏ နောက်ထပ်အောင်မြင်မှုအဖြစ် ဇွန်လအတွင်းက ဖြန့်ချိလိုက်သော Owl City အဖွဲ့နှင့် တွဲဖက်သီဆိုထားသည့် Good Time သီချင်းကလည်း အချိန်တိုအတွင်း ဘီလ်ဘုတ်၏ နံပါတ် ၁၈နေရာကို ရောက်ရှိလာခဲ့သည်။

ကာလီ၏ ထူးခြားမှု နောက် တစ်ချက်မှာ ၂၀၀၇ ခုနှစ်က ကနေဒီယမ်အိုက်ဒေါသီချင်းဆိုပြိုင်ပွဲတွင် တတိယနေရာရရှိခဲ့သော သူမ၏ သီချင်းသည် ဘီလ်ဘုတ်တွင် အမေရိကန် အိုက်ဒေါ ဆုရှင်များထက်အချိန်ကာလ ရှည်ကြာစွာ စိုးမိုးထားပြီး အံ့မခန်းအောင်မြင်မှုရရှိခြင်းဖြစ်သည်။

Ref: Billborad



ဓာတ်ပုံ - ဂျေမောင်မောင် (အမရပူရ)

## မိန်းကလေးတစ်ယောက် အသည်းကွဲနေတယ်ဆိုတဲ့ ဖြူဖြူကျော်သိန်း

**ကြူကြူဟာန်**

**ရန်ကုန်၊ ဇူလိုင် - ၂**

ဖြူဖြူကျော်သိန်းသည် စတုတ္ထမြောက် တစ်ကိုယ်တော်ကိုယ်ပိုင်သံစဉ်ခွေကို 'မိန်းကလေး တစ်ယောက် အသည်းကွဲနေတယ်' ဟုအမည်ပေးထားပြီး ဇူလိုင်လကုန် တွင် ထွက်ရှိမည်ဖြစ်ကြောင်း ဖြူဖြူကျော်သိန်းကပြောသည်။

"အစကတော့ 'ချယ်ရီလမ်း' လို့ဘာလို့ပေးချင်ခဲ့လဲဆိုရင် တည်ငြိမ်တယ်၊ အေးဆေးတယ်၊ စိတ်ထဲမှာလျှို့ဝှက်တယ်ပေါ့။ အဲဒီအရသာလေးနဲ့ 'ချယ်ရီလမ်း'လို့ ပေးထားခဲ့တာပါ။ ဒါပေမဲ့နောက်ပိုင်းမှာဖြူဖြူအနေနဲ့ 'မိန်းကလေးတစ်ယောက်အသည်းကွဲနေတယ်'ဆိုတဲ့သီချင်းလေးကို Title လေး တင်ချင်စိတ်ဖြစ်လာတယ်။ အဲဒါကြောင့် ပြောင်းဖြစ်တာပါ" ဟုဖြူဖြူကျော်သိန်းကပြောသည်။

စောခူဆဲလ်၊ ရွှေဂျော်ဂျော်၊ ဆောင်းဦးလှိုင်၊ ဖိုးကာ၊ ကျားပေါက်၊ ဒီဒဲဒီ၊ အာတီချုပ်၊ ကော်ဘရာ၊ စိမ့်တို့ကရေးသားထားပြီး Title သီချင်းကိုအခွေတွင်ပါဝင်သောတေးရေးများထဲမှ အမျိုးသမီးတေးရေး စိမ့်ကရေးသားထားသည်။ လေးဇီးကလပ်တီးဝိုင်းက တီး ခတ်ထားပြီး တေးသီချင်း ၁၁ ပုဒ် ပါဝင်သည်။

မြန်မာနိုင်ငံဂီတအစည်းအရုံးတွင် ခေတ်သစ်ဂီတအလွှာဖွဲ့စည်းရေးနှင့်ပတ်သက်၍ ဖြူဖြူကျော်သိန်းက "အစ်မတို့အနေနဲ့ လူကြီးတွေကို ဖယ်ထုတ်ဖို့လည်း လုံးဝစိတ်ဆန္ဒမရှိခဲ့ပါဘူး။ တကယ်အတွေ့အကြုံရှိတဲ့၊ နားလည်တဲ့ လက်တွဲခေါ်ယူချင်တဲ့၊ နောက်ပြီးတော့ အမြင်ကျယ်တဲ့လူကြီးတွေနဲ့ လက်တွဲသင်ယူပြီးတော့ အလုပ်လုပ်ချင်ကြတာပါ။ အားလုံး ပူးပေါင်းလက်တွဲပြီး လုပ်ရင်လည်း အောင်မြင်မယ်လို့ယုံကြည်ပါတယ်" ဟု ပြောသည်။

7DAY NEWS JOURNAL
Vol.11, No.18 • JULY 12 , 2012

# ခေတ်သစ်အလွှာဖွဲ့စည်းရေးအဆို လက်မခံ၍ ဂီတသမားများစုရုံ သမ္မတထံ စာတင်မည်


ဓာတ်ပုံ-ဇေယျာမောင်မောင်(အမရပူရ)

**အေးသူစံ**

**ရန်ကုန်၊ဇူလိုင်-၂**

မကြာမီကျင်းပတော့မည့် မြန်မာနိုင်ငံဂီတအစည်းအရုံးရွေးကောက်ပွဲတွင် ခေတ်သစ်အလွှာကို ဖွဲ့စည်းထည့်သွင်းရေးကို လူငယ်ဂီတသမားအများစုက တောင်းဆိုခဲ့ခြင်းအား လက်ရှိဂီတအစည်းအရုံး အမှုဆောင်အဖွဲ့မှ ကန့်ကွက်ခဲ့ခြင်းကြောင့် ဂီတသမားအများစုက သမ္မတထံစာတင်ရန် လက်မှတ်များ စုစည်းရေးထိုးခဲ့ကြကြောင်း သတင်းရရှိသည်။

အဆိုပါ လက်မှတ်ရေးထိုးပွဲကို ဇူလိုင် ၂ ရက် မွန်းလွဲ ၂ နာရီက ဗိုလ်အောင်ကျော်လမ်းရှိ Home စင်တာတွင် ပြုလုပ်ခဲ့ပြီး လူငယ်ဂီတသမား တစ်ရာနီးပါးတက်ရောက်လက်မှတ်ထိုးခဲ့ခြင်းဖြစ်သည်။ လက်ရှိ မြန်မာနိုင်ငံဂီတအစည်းအရုံးတွင် မဟာဂီတ၊ ကာလပေါ်၊ စတီရီယို၊ ထုတ်လုပ်ဖြန့်ချိနှင့် စက်မှုအလွှာစသည့် အလွှာငါးလွှာရှိပြီး ဖွဲ့စည်းပုံတွင် လက်ရှိဂီတလောကတွင်း လူသိများ ထင်ရှားသော လူငယ်ဂီတသမားများကို ကိုယ်စားပြုသည့် အနုပညာရှင်များ မပါဝင်ခြင်းကြောင့် ခေတ်သစ်အလွှာတစ်လွှာကို အဆိုပြုရခြင်းဖြစ်ကြောင်း ယင်းအလွှာအတွက် အဆိုပြုသူများထဲမှ တစ်ဦးဖြစ်သူ လူငယ်အဆိုတော် အနဂ္ဂက ပြောသည်။

ယခုလက်မှတ်ရေးထိုးသည့်စာကို ဇူလိုင် ၂၄ ရက် ကျင်းပမည့် ဂီတအစည်းအရုံးရွေးကောက်ပွဲမတိုင်မီ သမ္မတထံသို့ ရောက်ရှိရန် အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှု ကော်မတီသို့ပေးပို့သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ယခုအဆိုပြုသည့်ခေတ်သစ်ဂီတအလွှာတွင် ပန့်ခ်၊ ဟစ်ဟော့ပ်၊ အာအန်ဘီစသည့် ဂီတအမျိုးအစားများပါဝင်ကြောင်း သိရသည်။ ယင်းကိစ္စနှင့်ပတ်သက်ပြီး “ဒီလိုအလွှာတစ်လွှာ ထပ်တောင်းရတာက ရှင်းပါတယ်။ ဂီတအစည်းအရုံးထဲမှာ စတီရီယိုသမားတွေနည်းပါတယ်။ နောက်ပိုင်းမျိုးဆက်တွေက ရှေ့ကလူကြီးတွေကို ဘယ်လိုထောက်ပံ့ လုပ်ကိုင်ပေးသွားမလဲဆိုတာပါ။ စတီရီယိုအင်အားက ဂီတအစည်းအရုံးမှာ ထက်ဝက်တောင်မပါဘူး။ ဘာပဲဖြစ်ဖြစ် အင်အားနည်းနည်းများရင်တောင် တစ်ခုခုဆိုဆုံးဖြတ်နိုင်စွမ်းရှိမယ်။ ကိုယ့်အလွှာက ၁၅ ရာခိုင်နှုန်းလောက်ပဲရှိတာလေ။ ဂီတလောကကြီးတစ်ခုလုံးပြန်ပြီး ပုံစံတစ်ခုအနေနဲ့သွားမယ့်အခါမှာအရင်ကမှုတွေ၊ အစွဲတွေချန်ခဲ့မှ ကောင်းတဲ့အဖွဲ့အစည်းတစ်ခုကို ဖွဲ့စည်းနိုင်မယ်လို့ထင်တယ်”ဟု လက်မှတ်ရေးထိုးခဲ့သည့် အဆိုတော်တစ်ဦးက ပြောသည်။

“ဒီအတိုင်းသာ ဆက်လုပ်သွားရင် ကျွန်တော်ဂီတအစည်းအရုံးဝင်အဖြစ်က နုတ်ထွက်ပါမယ်။ ဂီတသမားထဲမှာ ဒါကိုလက်ခံမယ့်သူရှိရင်လည်း ကျွန်တော် သူနဲ့အလုပ်လုံးဝ တွဲမလုပ်ပါဘူး။ ပွင့်ပွင့်လင်းလင်း ပြတ်ပြတ်သားသား ပြောတာပါ။ ကျွန်တော်ကိုယ်တိုင်လက်မခံတဲ့အပြင် ဒါကိုလက်ခံတဲ့ အနုပညာရှင်ရှိလာရင် ကျွန်တော်သူနဲ့လုံးဝ အလုပ်မလုပ်ပါဘူး”ဟု တေးသီချင်းများကို Mixing ဆွဲပေးသည့် အနုပညာရှင် ကိုကြီးကျော် (KGK) က ပြောသည်။

ယင်းနေ့ သတင်းစာရှင်းလင်းပွဲပြုလုပ်ရန်နေရာကို ဂီတအစည်းအရုံး(ဗဟို)၏ အစည်းအဝေးခန်းတွင်ပြုလုပ်ရန် အတွင်းရေးမှူး ဦးကိုကိုလွင်အား ရှင်းလင်းပွဲပြုလုပ်မည့် ဂီတသမားများက ဆက်သွယ်တောင်းခံခဲ့သော်လည်း ရွေးကောက်ပွဲကြီးကြပ်မှုကော်မရှင်ထံ ခွင့်တောင်းရန် ညွှန်ကြားခဲ့ခြင်းကြောင့် အဆိုတော်ရန်ရန်ချမ်း၏ အကူအညီဖြင့် Home တွင်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။






## တံဆိပ်ခေါင်းထုတ်ဝေဂုဏ်ပြုခံလိုက်ရတဲ့ ကေပေါ့ပ်အဖွဲ့ SNSD

**ဆိုးလ်၊ ဇူလိုင် - ၄**

ကိုရီးယားပေါ့ပ်ဂီတအဖွဲ့ SNSD သည်ကိုရီးယားစာတိုက်လုပ်ငန်း အာဏာပိုင်ကိုရီးယားပို့စ်မှထုတ်ဝေသော စာပို့တံဆိပ်ခေါင်းတွင်ပါဝင်တော့မည်ဖြစ်ကြောင်းသိရသည်။ ယခုသတင်းကို SNSD ၏အေဂျင်စီ SM Entertainment အဖွဲ့က ကြေညာအတည်ပြုခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် အဖွဲ့ဝင်ကိုးဦးပါသော SNSDသည် ကိုရီးယားစာပို့တံဆိပ်ခေါင်းများ ပထမဆုံးပါဝင်ဖူးသော ကိုရီးယားအနုပညာရှင်များဖြစ်လာတော့မည်ဖြစ်သည်။ အဖွဲ့၏ သက်တမ်းငါးနှစ်ပြည့်ကာလအဖြစ် ထုတ်ဝေမည့် တံဆိပ်ခေါင်းများတွင် ၎င်းတို့အဖွဲ့၏ အယ်လ်ဘမ်များဖြစ်သော The Boys၊ Gee နှင့် Oh! တို့မှ ရုပ်ပုံများ ပါဝင်မည်ဟုသိရသည်။ ကိုရီးယားစာပို့လုပ်ငန်း ပြောခွင့်ရပုဂ္ဂိုလ်က ၎င်းတို့သည် SNSD ရုပ်ပုံပါသော တံဆိပ်ခေါင်းများ ဖန်တီးရန် ရွေးချယ်ရခြင်းမှာ အဖွဲ့၏ နိုင်ငံတကာတွင် လူသိများ ကျော်ကြားမှုကြောင့်ဖြစ်ကြောင်း ပြောသည်။ SNSD တံဆိပ်ခေါင်းများကို ကိုရီးယားပြည်တွင်း၌ လာမည့်ဩဂုတ်မှစ၍ တံဆိပ်ခေါင်းတစ်ခုလျှင် ဝမ်ငွေ ၂၀,၀၀၀ (စင်ကာပူဒေါ်လာ ၂၂ ဒသမ ၁၅)ဖြင့် ရောင်းချသွားမည်ဟုသိရသည်။ —Ref: CNA



## ဒေါ်ခင်ကြည်နေရာအတွက် ပဏာမရွေးသည့် ၄ဦးတွင် ပါဝင်သည့် နှင်းထက်ထက်ဝေ

**ကြူကြူဟန်**

**ရန်ကုန်၊ ဇူလိုင်-၈**


ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိရုပ်ရှင်ဇာတ်ကားအတွက် ဗိုလ်ချုပ်အောင်ဆန်းဇနီး ဒေါ်ခင်ကြည်၏ နေရာတွင် ပါဝင်သရုပ်ဆောင်ရန် ပဏာမ ၄ ဦးရွေးချယ်ခဲ့ပြီး ထို လေးဦးတွင် မော်ဒယ် သရုပ်ဆောင် နှင်းထက်ထက်ဝေ ပါဝင်နေကြောင်း သိရသည်။

ဒေါ်ခင်ကြည်နေရာတွင် ပဏာမ ရွေးချယ်ခံရသည့် အတွက် မည်သို့ပြင်ဆင်မှုများ ရှိသလဲဟုမေးမြန်းရာ "အဓိကဒေါ်ခင်ကြည်ဇာတ်ရုပ်အတွက်စာအုပ်တွေဖတ်ထားတယ်။ စိတ်ခံစားနဲ့ပတ်သက်တာ စိတ်ပိုင်းဆိုင်ရာတွေ အကုန်လုံးကို ပြင်ဆင်ထားပါတယ်။ သတင်းစာထဲမှာ လျှောက်လွှာခေါ်ကတည်းက စာအုပ်တွေဖတ်ပြီး လေ့လာထားတယ်။ ဒေါ်ခင်ကြည်ရဲ့ သူနာပြုဘဝကနေ သေဆုံးသွားတဲ့အထိ လေ့လာထားပါတယ်"ဟု နှင်းထက်ထက်ဝေက ပြောသည်။

ဒေါ်ခင်ကြည်နေရာတွင် ပဏာမရွေးချယ်ခံရသူ လေးဦးတွင် ကျန်သုံးဦးမှာ ပြင်ပမှ အရပ်သူများဖြစ်ပြီး ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံရမည်ဖြစ်ကာ ထပ်မံရွေးချယ်မည်ဖြစ်ပြီး တွေ့ဆုံရမည့်ရက်ကို အတိအကျမသိရှိရသေးကြောင်း နှင်းထက်ထက်ဝေက ပြောသည်။

နှင်းထက်ထက်ဝေက ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံရမည်ကို "နည်းနည်းတော့ကြောက်တယ်။ အစောကြီးကတည်းက အမေစုကို အရမ်းတွေ့ဖူး ချင်နေတဲ့ သူဆိုတော့ နှစ်ယောက်တည်း အဲ့လိုစကားပြောရမယ်ဆိုတဲ့ အခါကျတော့ ရှိန်နေတာမျိုးတော့ရှိပါတယ်"ဟု သူမက ပြောသည်။

မော်ဒယ်သရုပ်ဆောင် နှင်းထက်ထက်ဝေသည် Miss Title ဆုများစွာ ရရှိထားသူ ဖြစ်ကာ ကြော်ငြာ၊ မဂ္ဂဇင်း၊ ဗီဒီယိုဇာတ်ကားများလည်း ရိုက်ကူးနေပြီး မကြာသေးမီက ရုပ်ရှင်ကားကြီးတစ်ကားလည်း ရိုက်ကူးထားကြောင်း သိရသည်။



**နှင်းထက်ထက်ဝေ**

## ပထမဆုံးရုပ်ရှင်ကားကြီး ရိုက်ကူးဖို့ စီစဉ်နေတဲ့ စိုင်းစိုင်း

**အေးသူစံ**

**ရန်ကုန်၊ဇူလိုင်-၂**

စာရေးဆရာမဂျူး၏ 'ကျွန်မ၏သစ်ပင်' ဝတ္ထုကိုရုပ်ရှင်အဖြစ် ပြန်လည်ရိုက်ကူးရန် စီစဉ်ခဲ့သော စိုင်းစိုင်းခမ်းလှိုင်သည် ယခုအခါ ၎င်း၏ ပထမဆုံးရုပ်ရှင်ဇာတ်ကားကို ဒါရိုက်တာမီးပွားနှင့် စတင်ရိုက်ကူးရန် စီစဉ်နေပြီဖြစ်ပြီး 'ကျွန်မ၏သစ်ပင်' ဝတ္ထုဇာတ်လမ်းမဟုတ်ကြောင်း 7 Day News ဂျာနယ်သို့ ပြောကြားသည်။

"ရုပ်ရှင်ကားကြီးတစ်ကားကို ဒါရိုက်တာဦးမီးပွားနဲ့ ရိုက်ကူးဖို့ စီစဉ်နေပါတယ်။ လောလောဆယ်တော့ ကျွန်တော်ဒီလောက်ပဲ သတင်းထုတ်ပြန်နိုင်ပါသေးတယ်။ ဝတ္ထုဇာတ်ညွှန်းကတော့ ဆရာမိုးနီလွင်ပါ" ဟု စိုင်းစိုင်းခမ်းလှိုင်က ပြောသည်။

စိုင်းစိုင်းခမ်းလှိုင်သည် ယင်းရုပ်ရှင်ဇာတ်ကားကို ၎င်း၏ Franzo Production နှင့် Heart N Soul ရုပ်ရှင်ထုတ်လုပ်ရေးတို့ ပူးပေါင်းရိုက်ကူးမည်ဖြစ်ပြီး ပါဝင်မည့် သရုပ်ဆောင်များနှင့် ရိုက်ကူးမည့် အချိန်ကာလကိုမူ အသေးစိတ်မထုတ်ပြန်သေးကြောင်း ပြောကြားသည်။

ဇူလိုင် ၁ ရက်က ရခိုင်ပြည်နယ် စစ်တွေမြို့ပေါ်ရှိ ဒုက္ခသည်စခန်းများသို့ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ ဦးဆောင်မှုဖြင့် အနုပညာရှင်များသွားရောက်လှူဒါန်းခဲ့သည့် ခရီးစဉ်တွင် လိုက်ပါသွားခဲ့သည့် စိုင်းစိုင်းခမ်းလှိုင်က ဒုက္ခသည်များနှင့် တွေ့ဆုံစဉ် အားပေးစကား ပြောကြားခဲ့ကြောင်းလည်းပြောသည်။

"ဒုက္ခသည်စခန်းတွေမှာ နေနေတဲ့သူတွေကိုတွေ့ဆုံနှုတ်ဆက်ပြီး အားပေးစကား ပြောကြားခဲ့ပါတယ်။ ကျွန်တော်တို့လာတာကြောင့် သူတို့ပျော်တယ်။ တဒင်္ဂတော့ ဘဝအမောတွေ ခဏလေးမေ့သွားရင် ကျွန်တော်သွားရကျိုးနပ်ပါတယ်"ဟု စိုင်းစိုင်းခမ်းလှိုင်က ပြောကြားသည်။


## TOP 10 MOVIES IN AMERICA

**ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ**

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | Ted | Universal Pic. | ၅၄,၄၁၅,၂၀၀ | ၁ |
| ၂။ | Magic Mike | Warner Bros; Pic. | ၃၉,၁၂၇,၂၀၀ | ၁ |
| ၃။ | Brave | Walt Disney Pic | ၁၃၁,၇၆၈,၀၀၀ | ၂ |
| ၄။ | Tyler Perry's Madea's Witness Protection | Lionsgate | ၂၅,၃၉၀,၆၀၀ | ၁ |
| ၅။ | Madagascar 3: Europe's Most Wanted | Dream Work & Paramount Pic. | ၁၈၀,၀၃၇,၀၀၀ | ၄ |
| ၆။ | Abraham Lincoln: Vampire Hunter | 20th Century Fox | ၂၉,၀၄၃,၈၀၀ | ၂ |
| ၇။ | Moonrise Kingdom | Focus Features | ၁၈,၄၆၆,၀၀၀ | ၆ |
| ၈။ | Prometheus | 20th Century Fox | ၁၁၈,၂၅၈,၀၀၀ | ၄ |
| ၉။ | Snow White and the Huntsman | Universal Pic. | ၁၄၅,၆၈၅,၀၀၀ | ၅ |
| ၁၀။ | Marvel's The Avengers | Walt Disney Studios Motion Pic | ၆၀၆,၅၀၅,၀၀၀ | ၉ |

## Movie Review

### Ice Age:Continental Drift




ပထမဦးဆုံး Ice Age ဇာတ်ကားရိုက်ပြီး ဆယ်နှစ်အကြာတွင် ထပ်မံရိုက်ကူးသည့် စတုတ္ထမြောက် ဇာတ်ကား၌ မန်နီ၊ ဒေဂို၊ ဆစ်ခ်နှင့် စခရက်တို့သည် ပင်လယ်ပြင်ကိုဖြတ်ကျော်ရင်း ၎င်းတို့၏ အိမ်အပြန်ခရီးအား တားဆီးသည့် ပင်လယ်ဓားပြများကို ခုခံကာကွယ်ရမည်ဖြစ်သည်။

သုံးဘက်မြင်၊ ရုပ်ကြွ၊ ကာတွန်းဇာတ်ကားအား Steve Martino၊ Michael Thurmeier၊ Carlos Saldanha တို့က ရိုက်ကူးထားပြီး Ray Romano၊ John Leguizamo၊ Danis Leary၊ Nicki Minaj၊ Jennifer Lopez တို့က အသံဖြင့် ပါဝင်သရုပ်ဆောင်ထားသည်။ 20th Century Fox က ဇူလိုင် ၁၃ ရက်တွင်ဖြန့်ချိမည်ဖြစ်သည်။

Sports
7 DAY NEWS JOURNAL
Vol.11, No.18 • JULY 12 , 2012

## ၂၀၁၃ ဆီးဂိမ်းစပွန်ဆာအဖြစ် အရက်နှင့် ဆေးလိပ်ကြော်ငြာများ လက်မခံဟုဆို

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဇူလိုင်-၇**

၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲ၏ ပံ့ပိုးထောက်ပံ့ငွေရရှိရေးအတွက်စပွန်ဆာများ ရှာဖွေရာတွင် အရက်၊ ဆေးလိပ်စသည့် ကုန်ပစ္စည်းများကို လက်ခံမည်မဟုတ်ကြောင်း တာဝန်ရှိသူများက ပြောသည်။

"ကျွန်တော်တို့နှစ်ဦးနှစ်ဖက်သဘောတူတဲ့အထဲမှာ စပွန်ဆာရှာလို့ရှိရင်လည်း အရက်၊ ဆေးလိပ်လုံးဝလက်မခံဘူးဆိုတာလေး ဖော်ပြထားတာ ပါပါတယ်" ဟု အဆိုပါ ဆီးဂိမ်းပြိုင်ပွဲတွင် ကုန်ပစ္စည်းများ ကြော်ငြာခွင့်အခြေအနေများ ဖန်တီးပေးရန် ဝန်ဆောင်မှုပေးဆောင်ရွက်တာဝန်ကိုမြန်မာနိုင်ငံအိုလံပစ်ကော်မတီမှ SAIL Marketing & Communications ကုမ္ပဏီအားတရားဝင်ကိုယ်စားလှယ်အဖြစ် တာဝန်ပေးအပ်ခြင်း သတင်းစာရှင်းလင်းပွဲ၌ အားကစားနှင့်ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ပြောကြားသည်။

အားကစားဝန်ကြီးဌာနအနေဖြင့် စပွန်ဆာများ ရှာဖွေပေးမှုအတွက် ဆေးလ်အေဂျင်စီအား ဝန်ဆောင်ခပေးရမည်မဟုတ်ဘဲ အေဂျင်စီအနေဖြင့် စပွန်ဆာများဆီမှသာ သတ်မှတ်နှုန်းထားအတိုင်း ဝန်ဆောင်ခရယူသွားမည်ဖြစ်သည်။

စပွန်ဆာများထံမှ ရရှိသည့်ငွေကြေးများကိုလည်း ရှင်းရှင်းလင်းလင်းဖြစ်စေရန် နိုင်ငံတော်ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ သတ်မှတ်ပေးသည့် စာရင်းထဲသို့ သွင်း၍ ပြိုင်ပွဲကို ကြီးကြပ်သည့် ဦးစီးကော်မတီ၏ စီမံမှုနှင့် သုံးစွဲသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် အဆိုပါ ဝန်ဆောင်မှုပေးသည့် တာဝန်ကိုလည်း တစ်ဦးတည်း သီးသန့်ပေးထားရန်မရှိကြောင်းလည်း ဦးသောင်းထိုက်ကပြောသည်။

စာ(၄၀)သို့

## မြန်မာဘောလုံးအသင်း သမိုင်းတစ်လျှောက် အနိမ့်ဆုံးအဆင့်ရောက်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဇူလိုင် - ၄**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(FIFA)၏ ဇူလိုင်လအတွက် ကမ္ဘာ့အဆင့်သတ်မှတ်ချက်များ ထွက်ပေါ်လာခဲ့ရာ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည်ယခင်လထက်အဆင့်ခြောက်ဆင့်ထပ်မံကျဆင်းသွားပြီး ကမ္ဘာ့အဆင့်-၁၈၀ ဖြင့် သမိုင်းတစ်လျှောက် အနိမ့်ဆုံးအဆင့်သို့ ရောက်ရှိသွားသည်။

နိုင်ငံတကာပြိုင်ပွဲနှင့် ဝေးကွာနေသောမြန်မာအသင်းသည် ကမ္ဘာ့အဆင့် ဆက်တိုက်ကျဆင်းလာခဲ့ပြီးနောက် ဇူလိုင် ၄ ရက်က ထုတ်ပြန်ခဲ့သည့်ဖီဖာအဆင့်သတ်မှတ်ချက်တွင်မူ ရမှတ်-၆၇ မှတ်ဖြင့်အာဆီယံနိုင်ငံများ၌အဆင့်-၇ ဖြင့်ရပ်တည်နေသည်။

အာဆီယံနိုင်ငံများတွင် ဗီယက်နမ်အသင်းက ကမ္ဘာ့အဆင့်-၁၂၀ ဖြင့် ထိပ်ဆုံးမှ ဦးဆောင်ထားပြီး ထိုင်း၁၃၅၊ ဖိလစ်ပိုင်၁၅၂၊ အင်ဒိုနီးရှား ၁၅၃၊ မလေးရှား ၁၅၇၊ စင်ကာပူ၁၅၈၊ လာအို၁၉၀၊ ကမ္ဘောဒီးယား ၁၉၂၊ ဘရူနိုင်း ၂၀၁ နှင့် တီမောအသင်းက ကမ္ဘာ့အဆင့်-၂၀၄ ရပ်တည်လျက်ရှိသည်။

ကမ္ဘာ့အဆင့်-၁ နေရာတွင်မူ စပိန်အသင်းက ဆက်လက်ရပ်တည်နေပြီး ၎င်း၏နောက်တွင် ဂျာမနီ၊ ဥရုဂွေး၊ အင်္ဂလန်၊ ပေါ်တူဂီ၊ အီတလီ၊ နယ်သာလန်၊ ခရိုအေးရှား၊ ဒိန်းမတ်အသင်းများက အစဉ်လိုက်ရပ်တည်နေသည်။

အာရှနိုင်ငံများတွင်မူ ဂျပန်အသင်းက ကမ္ဘာ့အဆင့်-၂၀ ဖြင့် ထိပ်ဆုံးမှ ဦးဆောင်ထားပြီး ဩစတြေးလျအသင်းက ကမ္ဘာ့အဆင့်-၂၃၊ တောင်ကိုရီးယားအသင်းက ကမ္ဘာ့အဆင့်-၂၈ ၌ ရပ်တည်နေသည်။

## အာရှ ယူ-၂၂ ပရိသတ်များတွင် မြန်မာပရိသတ်စံချိန်တင



မြန်မာပရိသတ်များနှင့် မြန်မာ–တရုတ်(တိုင်ပေ)ပွဲစဉ်တွင် မြန်မာအသင်းက ဂိုးသွင်းလိုက်စဉ်။ ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဇူလိုင် - ၄**

ကျင်းပပြီးစီးခဲ့သည့် အာရှယူ-၂၂ ခြေစစ်ပွဲအုပ်စုခြောက်ခုပွဲစဉ်များအနက် ရန်ကုန်၌ ကျင်းပခဲ့သည့် အုပ်စု(ဆ)၏ အိမ်ရှင်မြန်မာအသင်းပွဲစဉ်များတွင် ကွင်းအတွင်း ပရိသတ်လာရောက်အားပေးမှုအများဆုံးဖြစ်ခဲ့ကြောင်း သတင်းရရှိသည်။

အာရှဘောလုံးအဖွဲ့ချုပ်(AFC)ဝက်ဘ်ဆိုက်၏ ဖော်ပြချက်အရ မြန်မာအသင်း၏ ပွဲစဉ်ငါးပွဲစလုံးတွင် ပျမ်းမျှပရိသတ်ဦးရေ နှစ်သောင်းဝန်းကျင်ရှိခဲ့ပြီး မလေးရှားနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် အုပ်စုနောက်ဆုံးပွဲစဉ်၌ ပရိသတ်ဦးရေ ၂၈,၀၀၀ ဖြင့် အများဆုံးဖြစ်ခဲ့သည်။

အခြားအုပ်စုပွဲစဉ်များ၏ ကွင်းအတွင်း ပရိသတ်အားပေးမှုမှာ အနည်းဆုံး ဆယ်ဂဏန်းဦးရေထိရှိခဲ့ပြီး မြန်မာအသင်းပွဲစဉ်များမှလွဲ၍ ပရိသတ်အများဆုံးဖြစ်ခဲ့သည့်ပွဲစဉ်မှာ လာအိုနိုင်ငံက လက်ခံကျင်းပခဲ့သည့် အုပ်စု(စ) ပွဲစဉ်တစ်ပွဲဖြစ်သည့် ထိုင်း-လာအိုပွဲစဉ်ဖြစ်သည်။ အဆိုပါပွဲတွင် ပရိသတ်ဦးရေ ၁၀,၆၀၀ ထိ လာရောက်အားပေးခဲ့ကြောင်း AFC ဝက်ဘ်ဆိုက်၌ ဖော်ပြထားသည်။

အာရှ ယူ-၂၂ ပြိုင်ပွဲသည် အာရှဘောလုံးအဖွဲ့ချုပ်က ယခုနှစ်တွင် ပထမဆုံးအကြိမ်ကျင်းပသည့်ပြိုင်ပွဲဖြစ်ပြီး ဇူလိုင် ၃ရက်အထိ အုပ်စုခြောက်ခုပွဲစဉ်များအပြီးတွင် ခြေစစ်ပွဲအောင်အသင်း ၁၂သင်းထွက်ပေါ်လာခဲ့ပြီဖြစ်သည်။

ခြေစစ်ပွဲအောင် အသင်းများမှာ တရုတ်၊ အီရန်၊ အီရတ်၊ ဂျော်ဒန်၊ ကူဝိတ်၊ မြန်မာ၊ မြောက်ကိုရီးယား၊ ဆော်ဒီအာရေးဗီးယား၊ တောင်ကိုရီးယား၊ ဆီးရီးယား၊ ယူ အေအီးနှင့် ဥဇဘက်ကစ္စတန် အသင်းများဖြစ်ပြီး အာဆီယံနိုင်ငံများတွင် မြန်မာတစ်သင်းတည်းသာပါဝင်သေးသည်။

ဩစတြေးလျ၊ ဂျပန်၊ အင်ဒိုနီးရှား၊ မကာအို၊ စင်ကာပူနှင့် တီမောအသင်းများ ပါဝင်သည့် အုပ်စု(င)ပွဲစဉ်များကိုမူ ဇူလိုင် ၅ ရက်မှ ၁၅ရက်အထိ အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပလျက်ရှိသည်။ အဆိုပါပြိုင်ပွဲ၏ နောက်ဆုံးအဆင့်ပြိုင်ပွဲများကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလအတွင်း ကျင်းပသွားမည်ဖြစ်ကာ အုပ်စုခုနစ်ခုမှ နှစ်သင်းစီနှင့် အုပ်စုအားလုံးမှ တတိယအကောင်းဆုံးတစ်သင်း စုစုပေါင်း ၁၅ သင်းခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။

## မြန်မာကစားသမားများနှင့်ပတ်သက်၍ မည်သည့်အမှားအယွင်းမှ မတွေ့ရဟု မလေးရှားဘောလုံးအဖွဲ့ချုပ် အတည်ပြု

**ပတ်တလင်ဂျာရာ(မလေးရှား)၊**

**ဇူလိုင် - ၇**

မလေးရှားဘောလုံးအဖွဲ့ချုပ်(FAM)သည် မလေးရှား ယူ-၂၂ အသင်းနည်းပြ အွန်ကင်မ်ဆွီးနှင့် မန်နေဂျာ ဒါတွတ်အဖန်ဒီဟမ်ဇား တို့က မြန်မာယူ-၂၂ အသင်းတွင် အသက်ကျော်နေသည့် ကစားသမားများ ပါဝင်နေသည်ဟူသော စွပ်စွဲချက်ကို စုံစမ်းစစ်ဆေးမှုများပြုလုပ်ပြီးနောက် မည်သည့်အမှားအယွင်းမှ မတွေ့ရကြောင်း ဝန်ခံအတည်ပြုလိုက်သည်။

အလေးရှားနည်းပြနှင့် မန်နေဂျာတို့က စွပ်စွဲခဲ့သည့် မြန်မာကစားသမားသုံးဦးမှာ အသင်းခေါင်းဆောင် ကျော်ဇေယျာဝင်း၊ ကြည်လင်းနှင့် ကောင်းစည်သူတို့ဖြစ်သည်။ FAM ၏ အဆိုအရ ကျော်ဇေယျာဝင်းအမည်ဖြင့် ကစားသမားနှစ်ဦး တွေ့ရှိရပြီး တစ်ဦးမှာ အသက် ၂၄ နှစ်ဖြစ်၍ ကျန်တစ်ဦးမှာ ခြေစစ်ပွဲတွင် ကစားခဲ့သော အသက် ၂၀ အရွယ် ကျော်ဇေယျာဝင်းဖြစ်ကြောင်းဆိုသည်။ ထို့အပြင် ကြည်လင်းနှင့် ကောင်းစည်သူတို့၏ အသက်များကို ၎င်းတို့၏ ကလပ် အသင်းဝက်ဘ်ဆိုက်များတွင် မှားယွင်းဖော်ပြထားကြောင်း ပြောသည်။

FAM သည် နည်းပြများနှင့် မီဒီယာများ၏ မြန်မာကစားသမားများအပေါ် စွပ်စွဲမှုများ ပေါ်ထွက်ပြီးနောက် တရားဝင်အထောက်အထားများနှင့် နှိုင်းယှဉ်စစ်ဆေးကာ အတည်ပြုခဲ့ခြင်းဖြစ်သည်။ ၎င်းတို့က ကြည်လင်းနှင့် ကောင်းစည်သူမှာ ဖေဖော်ဝါရီလက AFC ဖလားပွဲအတွက် ရန်ကုန်ယူနိုက်တက်ကလပ်မှ အမည်စာရင်းတင်သွင်းစဉ် အသက် ၂၀ နှင့် ၁၉ နှစ်စီအသီးသီးရှိခဲ့ပြီး ယခု မေလတွင် ယူ-၂၂ ခြေစစ်ပွဲကစားရာ၌ အသက်မီကြောင်းဆိုသည်။

မလေးရှားဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးချုပ် ဒါတွတ်အဇူဒင်အာမက်က "ကျွန်တော်တို့ဟာ အသင်းနဲ့ မီဒီယာတွေထံဆီ အထောက်အထားတွေ လက်ခံရရှိပြီးတဲ့နောက် စုံစမ်းစစ်ဆေးမှုကို ပြည့်စုံစွာပြုလုပ်ခဲ့ပါတယ်။ ကျွန်တော်တို့ဟာ ရထားတဲ့ အထောက်အထားကို AFC ရဲ့ မှတ်တမ်းတင်ထားတဲ့ နေ့စွဲတွေ၊ တခြားအထောက်အထားတွေနဲ့ တိုက်ဆိုင်စစ်ဆေးခဲ့ပါတယ်။ ဒါပေမဲ့ အားလုံး အစီအစဉ်တကျရှိနေပါတယ်"ဟုပြောသည်။

ဆက်လက်၍ ၎င်းက "ကျွန်တော်တို့ဟာ ပွဲပြီးတဲ့နောက် ကန့်ကွက်မှုကိုပြုလုပ်ခဲ့ပြီး AFC ကလည်း ကျွန်တော်တို့ဆီ ကန့်ကွက်မှုကိုအသိအမှတ်ပြုကြောင်း ကြာသပတေးနေ့(ဇူလိုင် ၅ရက်)က ဖက်စ်ပေးပို့ အကြောင်းကြားခဲ့ပါတယ်။ စာထဲမှာ AFC က ကျွန်တော်တို့အနေနဲ့ နောက်ထပ်အရေးယူမှုတွေလုပ်ဖို့ တရားဝင်မကန့်ကွက်ခင်လိုအပ်တာတွေကို ဖော်ပြခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ရှာဖွေတွေ့ရှိမှုတွေကို လေ့လာပြီးတဲ့နောက်မှာ တရားဝင်ကန့်ကွက်မှု လုပ်တော့မှာမဟုတ်ဘူးဆိုတာ ကျွန်တော်တို့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဆူလ်တန်အာမက်ရှားကပြောခဲ့ပါတယ်။ ကျွန်တော်တို့ ဆက်မလုပ်တော့ပါဘူး။ ဘာကြောင့်လဲဆိုတော့ သိသာတဲ့ အထောက်အထားမရှိလို့ပါ"ဟု ပြောခဲ့သည်။

NESCAFÉ
အရသာမှာ သင့်စိတ်ကြိုက်
?-?-?

NESCAFÉ နှင့် ခံစားလိုက်
၁-၃-၃ ပေါ့ဆိမ့်
၂-၃-၄ ပုံမှန်
၂-၂-၄ ချိုခါး
၂-၅-၅ ကော်ဖီအေး
ဤအစီအစဉ်ရှိသော အနီးဆုံးလက်ဖက်ရည်ဆိုင်များကို သိရှိလိုပါက...
ဖုန်း - ၀၁-၅၆၅၄၉၄
Nestlé Good Food, Good Life

# အာရှ ယူ-၂၂ နောက်ဆုံးအဆင့်ပြိုင်ပွဲ လက်ခံကျင်းပခွင့်ရရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ကြိုးပမ်း

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ဇူလိုင်-၇**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် အာရှယူ-၂၂ နောက်ဆုံးအဆင့်ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိရန် လျှောက်ထားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အာရှဘောလုံးအဖွဲ့ချုပ်(AFC)က ပထမဆုံးအကြိမ်ကျင်းပသည့် အဆိုပါပြိုင်ပွဲ၏ နောက်ဆုံးအဆင့်ပွဲစဉ်များကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလအတွင်း ကျင်းပသွားမည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို အိမ်ရှင်အဖြစ်လက်ခံကျင်းပခွင့်ရရှိရန် ထိုင်း၊ အိုမန်နိုင်ငံတို့ကလည်း လျှောက်ထားတင်ပြထားကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့်လည်း လက်ခံကျင်းပခွင့်ရရှိရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူက ပြောသည်။

"အာရှ ယူ-၂၂ အုပ်စု (ဆ) ခြေစစ်ပွဲစဉ်တွေကို အောင်မြင်စွာလက်ခံကျင်းပနိုင်ခဲ့တဲ့အတွက် နောက်ဆုံးအဆင့်ပြိုင်ပွဲကိုလည်း အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ဖို့ ကြိုးစားသွားမှာပါ။ မကြာခင် AFC ထံ တရားဝင်လျှောက်လွှာတင်သွားမှာပါ"ဟု အဖွဲ့ချုပ်တာဝန်ရှိသူက ပြောသည်။

ရန်ကုန်တွင် လက်ခံကျင်းပခဲ့သည့် အာရှ ယူ-၂၂ အုပ်စု(ဆ) ခြေစစ်ပွဲစဉ်များ၏ မြန်မာအသင်းပွဲစဉ်တိုင်း ပရိသတ်များ ကွင်းလုံးပြည့် လာရောက်အားပေးခဲ့ကြပြီး အိမ်ရှင်အဖြစ် အောင်မြင်စွာလက်ခံကျင်းပနိုင်ခဲ့သည့်အတွက် အာရှဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်ထံ ဇူလိုင်လ ၄ ရက် နံနက်ပိုင်းက ဖုန်းဖြင့်ဆက်သွယ်ဂုဏ်ပြုချီးကျူးထားကြောင်းလည်း အဖွဲ့ချုပ်တာဝန်ရှိသူက ပြောသည်။ အဆိုပါပြိုင်ပွဲ၏ ကျန်ရှိနေသည့် အုပ်စု(င)ပွဲစဉ်များကို ဇူလိုင်လ ၅ ရက်မှ ၁၅ ရက်အထိ အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပလျက်ရှိပြီး ခြေစစ်ပွဲအောင်မြင်ပြီးသည့် အသင်း ၁၂ သင်းထဲတွင် အာဆီယံနိုင်ငံများမှ မြန်မာတစ်သင်းတည်းသာ ပါဝင်သေးသည်။

# အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ ခြေစစ်ပွဲစဉ်များ ဇူလိုင် ၁၁ ရက်တွင် မဲနှိုက်ရေးဆွဲမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဇူလိုင်-၅**

ရန်ကုန်တွင် လက်ခံကျင်းပမည့် ၂၀၁၂ အာဆီယံဆူဇူကီးဖလားဘောလုံးပြိုင်ပွဲခြေစစ်ပွဲအတွက် မဲနှိုက်ရေးဆွဲခြင်းအခမ်းအနားကို ဇူလိုင် ၁၁ ရက်တွင် မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ ခြေစစ်ပွဲစဉ်များကို လာမည့် အောက်တိုဘာ ၅ ရက်မှ ၁၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး အိမ်ရှင်မြန်မာအသင်းနှင့်အတူ လာအို၊ ဘရူနိုင်း၊ ကမ္ဘောဒီးယားနှင့် တီမောအသင်းတို့သည် အုပ်စုပတ်လည်ယှဉ်ပြိုင်ရမည်ဖြစ်ကာ အမှတ်အများဆုံး နှစ်သင်းသည် ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။

မြန်မာအသင်းသည် ပြီးခဲ့သည့် ၂၀၁၀ ဆူဇူကီးဖလားဘောလုံးပြိုင်ပွဲတွင် အုပ်စုအဆင့်မှ ထွက်ခဲ့ရသောကြောင့် ယခုနှစ်တွင် ခြေစစ်ပွဲအဆင့်မှစတင်ယှဉ်ပြိုင်ရခြင်းဖြစ်သည်။ ၎င်းပြိုင်ပွဲ၏ နောက်ဆုံးအဆင့်ပွဲစဉ်များကို မလေးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့က ပူးတွဲအိမ်ရှင်အဖြစ် လာမည့် နိုဝင်ဘာ ၂၄ ရက်မှ ဒီဇင်ဘာ ၂၂ ရက်အထိ လက်ခံကျင်းပသွားမည်ဖြစ်သည်။

လက်ရှိ ချန်ပီယံ မလေးရှား၊ အင်ဒိုနီးရှား၊ ထိုင်း၊ စင်ကာပူ၊ ဗီယက်နမ်နှင့် ဖိလစ်ပိုင်အသင်းများမှာမူ နောက်ဆုံးအဆင့်မှ စတင်ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး အကြိုဗိုလ်လုပွဲနှင့် ဗိုလ်လုပွဲစဉ်များကိုမူ အိမ်ကွင်း၊ အဝေးကွင်းပုံစံဖြင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

ပြီးခဲ့သည့် ၂၀၁၀ ဆူဇူကီးဖလားပြိုင်ပွဲတွင် မလေးရှားအသင်းက အင်ဒိုနီးရှားအသင်းကို နှစ်ကျော့ပေါင်းရလဒ် ၄-၂ ဂိုးဖြင့် အနိုင်ဗိုလ်စွဲထားသည်။ အာဆီယံဒေသတွင် အဆင့်မြင့်ဆုံးဘောလုံးပြိုင်ပွဲဖြစ်သည့် ၎င်းပြိုင်ပွဲတစ်လျှောက် မြန်မာအသင်းအနေဖြင့် အမြင့်ဆုံး အောင်မြင်မှုအဖြစ် ၂၀၀၄ ခုနှစ်က စတုတ္ထနေရာ ရရှိခဲ့သည်။

# လန်ဒန်အိုလံပစ်တွင် အိမ်ရှင်ဗြိတိန်အသင်း ကစားသမား ၅၄၂ ဦး ပါဝင်ယှဉ်ပြိုင်မည်



**လန်ဒန်၊ ဇူလိုင် - ၇**

လာမည့် လန်ဒန်အိုလံပစ်တွင် အိမ်ရှင်ဂရိတ်ဗြိတိန်အသင်းသည် ကစားသမား ၅၄၂ ဦးနှင့် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ရာ ဗြိတိန်အတွက် နှစ်ပေါင်း ၁၀၄ နှစ်အတွင်း အင်အားအကြီးဆုံး အားကစားအဖွဲ့ဖြစ်လာဖွယ်ရှိကြောင်းသိရသည်။ ဂရိတ်ဗြိတိန်အားကစားအဖွဲ့သည် အိုလံပစ်အားကစားနည်း ၂၆ မျိုးစလုံးတွင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး ဆုတံဆိပ်စုစုပေါင်း ၄၈ ခုရရန် ရည်မှန်းထားသည်။

ပြီးခဲ့သည့် ၂၀၀၈ ဘေဂျင်းအိုလံပစ်တွင်မူ ဂရိတ်ဗြိတိန်အသင်းသည်အားကစားသမား ၃၁၃ ဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကာ ရွှေ ၁၉ ခုအပါအဝင် ဆုတံဆိပ်စုစုပေါင်း ၄၇ ခုရခဲ့သည်။ ဂရိတ်ဗြိတိန်အားကစားအဖွဲ့၏ အကြီးအကဲ အင်ဒီဟန့်ကလည်း မိမိတို့အသင်းသည် အိမ်ရှင်အဖြစ် အကောင်းဆုံးယှဉ်ပြိုင်သွားမည်ဟုပြောသည်။

ဂရိတ်ဗြိတိန်အဖွဲ့တွင် လူအင်အားအများဆုံး အားကစားအဖွဲ့မှာ ပြေးခုန်ပစ်အဖွဲ့ ၇၈ ဦး၊ လှေလှော်အဖွဲ့ ၄၇ ဦးနှင့် ရေကူးအဖွဲ့ ၄၄ ဦးတို့ဖြစ်ပြီး အနည်းဆုံးအဖွဲ့မှာ အလေးမအဖွဲ့ဖြစ်ကာ ကစားသမားတစ်ဦးသာ ပါဝင်သည်။ *—Ref: Eurosport*




Cobra
ENERGY DRINK
သန့်စွမ်းကြံ့ခိုင်ခြင်း
စိတ်ကြောလန်းဆန်းခြင်း
• အင်အားပြည့်ဖြိုးစေဖို့ ဗီတာမင်ဘီ
• မှတ်ဉာဏ်စွမ်းရည်မြင့်မားပြီး လန်းဆန်းစေတဲ့ Taurine နဲ့ Inositol
• ကြံ့ခိုင်လို့ အားကောင်းသန်မာစေဖို့ ဂျင်စင်း
တကယ့်အားမာန်
Cobra ENERGY DRINK CITRUS BLAST
Cobra ENERGY DRINK
330 ml
MDG
MYANMAR DISTRIBUTION GROUP
www.myanmardistributiongroup.com

7 DAY NEWS JOURNAL
Vol.11, No.18 • JULY 12 , 2012

# ဒုံးကျည်များ အီရန် စမ်းသပ်ပစ်ခတ်

**ဒူဘိုင်း၊ ဇူလိုင် - ၄**

အနောက်နိုင်ငံများနှင့် တင်းမာမှုများဖြစ်ပေါ်နေစဉ်မှာပင် အစ္စရေးနိုင်ငံအား လှမ်း၍ပစ်ခတ်နိုင်သော တာလတ်ပစ်ဒုံးကျည်များကို အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း အီရန်အစိုးရကပြောကြားသည်။

အီရန်၏ အငြင်းပွားနေသောနျူကလီးယားအစီအစဉ်အား ရပ်ဆိုင်းရန် သံတမန်ရေးအရကြိုးပမ်းမှုများ မအောင်မြင်ခဲ့ပါက အီရန်နိုင်ငံအား တိုက်ခိုက်နိုင်ကြောင်း အစ္စရေးကပြောကြားထားသည်။ အမေရိကန်နိုင်ငံကလည်း စစ်ရေးလမ်းကြောင်းမှာ ရွေးချယ်စရာတစ်ခုဖြစ်သော်လည်း နိုင်ငံတကာက စီးပွားရေးပိတ်ဆို့တားဆီးမှုများ အကောင်အထည်ဖော်နေစဉ် စိတ်ရှည်ရှည်ထားရန် အစ္စရေးနိုင်ငံအား ထပ်ခါထပ်ခါတိုက်တွန်းထားသည်။

ရှာဟက်ဘ်-၁ နှင့် ရှာ ဟက်ဘ်-၂ ဒုံးကျည်များနှင့်အတူ ရှာဟက်ဘ်-၃ ဒုံးကျည်ကိုပါ စမ်းသပ်ပစ်ခတ်ခဲ့ကြောင်း အီရန်နိုင်ငံပိုင် Press ရုပ်သံကပြောကြားသည်။ ရှာဟက်ဘ်-၃ ဒုံးကျည်မှာ မိုင်ပေါင်း ၈၀၀ (ကီလိုမီတာ ၁,၃၀၀) အထိ ရောက်ရှိနိုင်ပြီး ယင်းမှာ အစ္စရေးနိုင်ငံအား လက်လှမ်းမီသောအကွာအဝေးဖြစ်သည်။

အီရန်နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားနှင့် တန်ဖိုးထားသော အရာများကို ကာကွယ်သွားရန် အီရန်က သံန္နိဋ္ဌာန်ချထားကြောင်းကိုပြသရန် ယခုစစ်ရေးလေ့ကျင့်မှုကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟု အီ ရန်တော်လှန်ရေးတပ်ဖွဲ့ဒုတိယအ ကြီးအကဲဟိုစိန်ဆာလာမီအား ကိုးကား၍ Press TV ရုပ်သံကဖော်ပြသည်။

—Ref: Reuters



Photo : AFP






7DAY NEWS JOURNAL
Vol.11, No.18 • JULY 12 , 2012

# တရုတ်နှင့် အငြင်းပွားနေရာကို စောင့်ကြည့်ရန် သူလျှိုလေယာဉ်များ အမေရိကန်မှ ဖိလစ်ပိုင်တောင်းဆိုဖွယ်ရှိ

**မနီလာ၊ ဇူလိုင် - ၃**

ဖိလစ်ပိုင်အစိုးရသည် တောင်တရုတ်ပင်လယ်အတွင်း တရုတ်နှင့် အငြင်းပွားနေသောနေရာကို စောင့်ကြည့်ရန်အတွက် သူလျှိုလေယာဉ်များ ပို့လွှတ်ပေးရန် အမေရိကန်သို့ တောင်းဆိုသွားဖွယ်ရှိကြောင်း ဖိလစ်ပိုင်သမ္မတရုံး ပြောခွင့်ရပုဂ္ဂိုလ်ကပြောကြားလိုက်သည်။ ထိုသို့ အမေရိကန်မှ P3C Orion သူလျှိုလေယာဉ်များ တောင်းဆိုရန် အစီအစဉ်ကို သမ္မတအကွီနို၏ ထိပ်တန်းကာကွယ်ရေးအကြံပေးများထံမှ အတည်ပြုချက်တောင်းဆိုသွားမည်ဟုသိရသည်။

သမ္မတပြောခွင့်ရပုဂ္ဂိုလ်က "ဒီတောင်းဆိုမှုက ကျွန်တော်တို့ရဲ့ ပိုင်နက်စောင့်ကြည့်ရေး စွမ်းဆောင်ရည်တွေကို တိုးတက်စေဖို့ ဖြစ်နိုင်ခြေရှိတဲ့ နည်းလမ်းတစ်ခုပါ"ဟုပြောသည်။ ယခုကြေညာချက်မှာ တောင်တရုတ်ပင်လယ်အတွင်း ကျောက်ဆောင်ထူထပ်သည့် ရေတိမ်ဒေသတွင် တရုတ်သင်္ဘောများနှင့် ဖိလစ်ပိုင်ကမ်းခြေစောင့် သင်္ဘောတစ်စင်း၊ ငါးဖမ်းလှေတစ်စင်းတို့ထိပ်တိုက်တွေ့ဆုံအပြီး အကွီနိုက ဖိလစ်ပိုင်သင်္ဘောများကို ရုပ်သိမ်းခဲ့ပြီး နှစ်ပတ်အကြာတွင်ဖြစ်သည်။

အဆိုပါ ကျောက်ဆောင်ထူထပ်သည့် ရေတိမ်ဒေသမှာ ဖိလစ်ပိုင်၏ လူဇွန်ကျွန်းအနောက်ဘက်ကမ်းခြေမှ ကီလိုမီတာ ၂၃၀ အကွာတွင်တည်ရှိသည်။ တရုတ်အစိုးရသည် ဖိလစ်ပိုင်သင်္ဘောများ ရုပ်သိမ်းသွားခြင်းကို ကြိုဆိုခဲ့ပြီး ၎င်း၏လှေများကိုလည်း ထိုဒေသတွင်းမှ ရုပ်သိမ်းပေးခဲ့သည်။ သို့သော် နှစ်ဖက်စလုံးက ထိုနေရာကိုစွန့်လွှတ်ရန်မည်သည့် သဘောတူညီချက်မှ အပြည့်အဝ မရှိသေးကြောင်းဆိုထားသည်။

တရုတ်အာဏာပိုင်များသည် တောင်တရုတ်ပင်လယ်အတွင်း နေရာအားလုံးနီးပါးကို ပိုင်ဆိုင်သည်ဟုဆိုထားပြီး အိမ်နီးချင်းနိုင်ငံများ၏ ကမ်းရိုးတန်းများနှင့် နီးကပ်နေသော ရေပြင်များကိုပါ ပိုင်ဆိုင်သည်ဟုဆိုထားသည်။ ဖိလစ်ပိုင်ဘက်ကမူ အဆိုပါ ကျောက်ဆောင်တန်းနေရာမှာ မိမိကမ်းခြေမှရေမိုင် ၂၀၀ အတွင်း စီးပွားရေးဇုန်၌ ရှိနေကြောင်း ပြောကြားသည်။




—Ref: AFP




## ဖူကူရှီးမား နျူဘေးဒုက္ခမှာ လူများကြောင့် ဖြစ်ပေါ်ခဲ့ရဟု ဂျပန်ပါလီမန် ခုံသမာဓိအဖွဲ့ ပြောကြား

**တိုကျို၊ ဇူလိုင် - ၅**

ဖူကူရှီးမား နျူကလီးယားစက်ရုံတွင်ဖြစ်ပေါ်ခဲ့သော အကျပ်အတည်းမှာ သိမ်မွေ့နက်နဲသော လူတို့က ဖန်တီးခဲ့သည့် ဘေးဒုက္ခဖြစ်ကြောင်း ဂျပန်ပါလီမန်ခုံသမာဓိအဖွဲ့ အစီရင်ခံစာတွင်တင်ပြထားသည်။

အဆိုပါဘေးအန္တရာယ်အား ကြိုတင်ခန့်မှန်းနိုင်ပြီး ကြိုတင်ကာကွယ်မှုလည်း လုပ်ဆောင်နိုင်ကြောင်း၊ လုပ်ဆောင်ခဲ့သင့်ကြောင်းနှင့် ယင်း၏ သက်ရောက်မှုများကိုလည်း လူသားတို့၏ ပိုမိုထိရောက်သော တုံ့ပြန်မှုဖြင့် လျှော့ပါးသွားစေနိုင်ကြောင်း အစီရင်ခံစာတွင် ဆက်လက်ဖော်ပြသည်။

ယင်းအစီရင်ခံစာမှာပင် အစိုးရဘက်မှလိုအပ်ချက်များအပြင် နျူခတ်အားပေးစက်ရုံ ကုမ္ပဏီ Tepco ၏တုံ့ပြန်မှုအားနည်းချက်များကို တစ်ဆင့်ချင်း ဖော်ပြထားသည်။

၂၀၁၁ မတ်လ ၁၁ ရက်က ဖြစ်ပေါ်ခဲ့သော ငလျင်နှင့် ဆူနာမီကြောင့် နျူကလီးယားဓာတ်ပေါင်းဖိုခြောက်လုံးရှိသော ဖူကူရှီးမား ဒိုင်အိချိ နျူခတ်အားပေးစက်ရုံမှာ အကြီးအကျယ်ပျက်စီးခဲ့ပြီး ဓာတ်ပေါင်းဖိုများအား အအေးခံသည့် စနစ်များတွင်လည်း ပျက်စီးမှုများ ဖြစ်ပွားခဲ့ရာ နျူလောင်စာတောင့် အရည်ပျော်ခြင်းနှင့်အတူ ရေဒီယိုသတ္တိကြွမှုများ ပေါ်ပေါက်ခဲ့သည်။

ဂျပန်နျူအကျပ်အတည်းအား စုံစမ်းစစ်ဆေးရန်နှင့် အကြံပြုချက်များ ဖော်ဆောင်နိုင်ရန် ဂျပန်ပါလီမန်က ၂၀၁၁ ခုနှစ်မေလတွင် ခုံသမာဓိအဖွဲ့အား ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ခြင်းဖြစ်သည်။

—Ref: BBC

## လန်ဒန်အိုလံပစ်လုံခြုံရေးအတွက် ခြောက်နေရာတွင် ဒုံးကျည်များချထားမည်

**လန်ဒန်၊ ဇူလိုင် - ၄**

ဗြိတိန်ကာကွယ်ရေးဝန်ကြီး ဖိလစ်ဟမ်မွန်က လာမည့်လန်ဒန်အိုလံပစ်တွင် လုံခြုံရေးအတွက် မြေပြင်မှဝေဟင်ပစ်ဒုံးကျည်များကို နေရာခြောက်ခုတွင် ချထားမည်ဖြစ်ကြောင်း အတည်ပြုပြောကြားသည်။ ကာကွယ်ရေးဝန်ကြီးက ဒုံးကျည် ချထားရာ နေရာများမှာ မြို့တော်လန်ဒန်တစ်လျှောက်တွင်ဖြစ်ပြီး လန်ဒန်အရှေ့ပိုင်း နှစ်နေရာတွင်မူ တိုက်ခေါင်မိုးများပေါ်၌ ချထားမည်ဟုပါလီမန်အမတ်များအားပြောကြားသည်။



သို့သော် ဒုံးကျည်များချထားမည့် ယင်းလက်ဇင်တန်အဆောက်အအုံနှင့် ဖရတ်ဝစ်တာဝါတို့အနီး နေထိုင်သူများကမူ ဒုံးကျည်များရှိနေခြင်းကိုပူပန်ကြောင်း ပြောကြားထားသည်။ ယင်းနေရာနှစ်ခုစလုံးမှာ လန်ဒန်အရှေ့ပိုင်းတွင်ရှိသည်။ ကာကွယ်ရေးအာဏာပိုင်များကမူ ယင်းနေရာများသည် အိုလံပစ်ပွဲကျင်းပရာတွင် ပါဝင်သည့် အိုလံပစ်ပန်းခြံတစ်လျှောက်အချက်အချာအကျဆုံး နေရာတွင် ရှိကြောင်းပြောကြားထားသည်။

—Ref: AP

7DAY NEWS JOURNAL
Vol.11, No.18 • JULY 12 , 2012

# အာဖဂန်နစ္စတန်သို့ဦးတည်သော နေတိုးယာဉ်တန်းများကို တိုက်ခိုက်မည်ဟု တာလီဘန်များ ခြိမ်းခြောက်

**အစ္စလာမ်မာဘတ်၊ ဇူလိုင် - ၅**

ပါကစ္စတန်စစ်သား ၂၄ ဦးသေဆုံးခဲ့သည့် တိုက်ခိုက်မှုအတွက် အမေရိကန်က တောင်းပန်စကားပြောကြားခဲ့ပြီးနောက် ပါကစ္စတန်မှ အာဖဂန်နစ္စတန်သို့ နေတိုးထောက်ပံ့ရေးလမ်းကြောင်း ခုနစ်လကြာပိတ်ဆို့ထားမှုကို ပါကစ္စတန်က ဖွင့်လှစ်ပေးလိုက်ချိန်တွင် ၎င်းယာဉ်တန်းများကို တိုက်ခိုက်သွားမည်ဟု ပါကစ္စတန်မှ တောရစ်အီတာလီဘန်အဖွဲ့က ခြိမ်းခြောက်လိုက်သည်။

ပါကစ္စတန်အစိုးရအဖွဲ့ကာကွယ်ရေးကော်မတီက နေတိုးထောက်ပံ့ရေး လမ်းကြောင်းကို ပြန်လည်ဖွင့်လှစ်ရန် ဆုံးဖြတ်လိုက်ပြီးနောက်မှာပင် တာလီဘန်ပြောခွင့်ရ ပုဂ္ဂိုလ်အီဆာနူလန်အီရှန်က ၎င်းတို့အဖွဲ့အနေဖြင့် နေတိုးမော်တော်ယာဉ်များကို တိုက်ခိုက်သွားမည်ဟု ပြောကြားခဲ့သည်။

ပါကစ္စတန်နိုင်ငံအား ဖြတ်သန်းသွားမည့် နေတိုးကုန်တင်ယာဉ်များနှင့် ဆီတင်ယာဉ်များအား တိုက်ခိုက်ရန် အားလုံးအသင့်ပြင်ဆင်ထားပြီးဖြစ်ကြောင်း တာလီဘန် ပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားသည်။

"ပါကစ္စတန်ကိုဖြတ်သွားတဲ့ နေတိုးယာဉ်တွေကို ကျွန်တော်တို့အဖွဲ့တွေ ဘယ်လိုတိုက်ခိုက်မလဲဆိုတာ သူတို့မြင်တွေ့ကြရပါလိမ့်မယ်။ အာဖဂန်နစ္စတန်ပြည်သူတွေအပေါ်မှာ ပြန်ပြီး အသုံးချမယ့် လူသတ်လက်နက်တွေကို သယ်ယူဖို့ပါကစ္စတန်လမ်းကြောင်းတွေကို အသုံးပြုခွင့်မပေးနိုင်ပါဘူး" ဟု တာလီဘန်ပြောခွင့်ရပုဂ္ဂိုလ်အားကိုးကား၍ The News နေ့စဉ်သတင်းစာတွင် ဖော်ပြသည်။

*—Ref: PTI*


Photo : AFP

# ဆီးရီးယားသမ္မတအား ရုရှားတွင် ခိုလှုံခွင့်ပေးရန် အနောက်နိုင်ငံများ ကြိုးပမ်းနေဟုဆို

**မော်စကို၊ ဇူလိုင် - ၃**

ဆီးရီးယားသမ္မတ ဘာရှားအယ်လ်အာဆတ်အား ရုရှားနိုင်ငံတွင် နိုင်ငံရေးခိုလှုံခွင့်ပေးရေးကို အနောက်နိုင်ငံများက ကြိုးပမ်းနေပြီး ယင်းအစီအစဉ်ကို ရုရှားနိုင်ငံက ဆန့်ကျင်ကြောင်း ရုရှားသံတမန်သတင်းရင်းမြစ်အားကိုးကား၍ ကွန်မာဆန့်စီးပွားရေးနေ့စဉ်ကရေးသားဖော်ပြသည်။

"အနောက်နိုင်ငံတွေ၊ ထိပ်ဆုံးကတော့ အမေရိကန်နိုင်ငံပေါ့။ ဆီးရီးယားခေါင်းဆောင်ကို နိုင်ငံရေးခိုလှုံခွင့်ပေးဖို့ ရုရှားနိုင်ငံကိုနားချနေပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့မှာ အဲဒီလိုမျိုးအစီအစဉ်တွေမရှိပါဘူး" ဟု သံတမန်သတင်းရင်းမြစ်က ပြောကြားသည်။

ရုရှားနိုင်ငံခြားရေးဝန်ကြီးဆာဂျီလက်ဗ်ရော့ကလည်း ရုရှားနိုင်ငံသည် မစ္စတာအယ်လ်အာဆတ်အား နိုင်ငံရေးခိုလှုံခွင့်ပေးရန်ကမ်းလှမ်းမည်မဟုတ်ကြောင်း မတ်လအတွင်းက ပြောကြားခဲ့သည်။

ရုရှားနိုင်ငံက အာဆတ်အား နိုင်ငံရေးခိုလှုံခွင့်ပေးရန် ကမ်းလှမ်းထားသည်ဟုဆိုထားသော သတင်းများကို အနောက်နိုင်ငံတစ်နိုင်ငံရှိ ရုရှားသံတမန်ရုံးမှ သတင်းရင်းမြစ်ကအတည်ပြုခြင်းမရှိသလို ငြင်းဆိုထားခြင်းလည်း မရှိကြောင်း သိရသည်။

မကြာသေးမီရက်များအတွင်း ရုရှား၊ တရုတ်နှင့် အနောက်အင်အားကြီးနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများက ဂျီနီဗာတွင် အစည်းအဝေးတစ်ရပ် ပြုလုပ်ခဲ့ပြီး ကုလသမဂ္ဂနှင့် အာရပ်အဖွဲ့ချုပ်ကြီး၏ အထူးကိုယ်စားလှယ်ကိုဖီအာနန်တင်ပြထားသော ဆီးရီးယားတွင် အာဏာအပြည့်အဝရှိသည့်ကြားဖြတ် အစိုးရဖွဲ့စည်းလုပ်ဆောင်ရန် သဘောတူညီခဲ့ကြသည်။

*—Ref: Ria Novosti*



7 DAY NEWS JOURNAL

# International

Vol.11, No.18 • JULY 12 , 2012




Photo : AFP

## ကမ္ဘောဒီးယားတွင် ကူးစက်မှုများသောပိုင်းရပ်စ်ကြောင့် ကလေးငယ်များ သေဆုံးနေ

**ဖနွမ်းပင်၊ ဇူလိုင် – ၉**

ကမ္ဘောဒီးယားနိုင်ငံတွင် ဧပြီလမှစ၍ ကလေးများ ထူးဆန်းစွာ သေဆုံးနေရခြင်းမှာ လက်နှင့် ခြေထောက်၌ အရည်ကြည်ဖုများပေါက်၍ ပါးစပ်တွင် အနာများဖြစ်တတ်သော ဗိုင်းရပ်စ်တစ်မျိုးကြောင့်ဖြစ်နိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနှင့် ကမ္ဘောဒီးယားကျန်းမာရေးဝန်ကြီးဌာနတို့၏ပူးတွဲကြေညာချက်တွင်ဖော်ပြသည်။

ယခုအချိန်အထိ အသက် ၃ လနှင့် ၁၁ နှစ်အရွယ်ကြား ကလေးပေါင်း ၅၉ ဦးတွင်ယင်းရောဂါဖြစ်ပွားနေကြောင်း တွေ့ရှိထားပြီး အများစုမှာ သုံးနှစ်အောက် ကလေးငယ်များဖြစ်ကြသည်။ကလေးငယ် ၅၂ ဦး သေဆုံးခဲ့ပြီဖြစ်ပြီး အများစုထံမှ ဗိုင်းရပ်စ်နမူနာပင်မရယူနိုင်ခဲ့ပေ။

ဓာတ်ခွဲစမ်းသပ်မှုရလဒ်များအရ EV-71 ဟုခေါ်သောဗိုင်းရပ်စ်ကို စစ်ဆေးတွေ့ရှိရပြီး

**စာ(၄၅)သို့**

## ကုလကိုယ်စားလှယ် ကိုဖီအာနန် ဆီးရီးယား သမ္မတနှင့် တွေ့ဆုံမည်

**ဒမတ်စကပ်စ်၊ ဇူလိုင် – ၉**

ကုလသမဂ္ဂနှင့် အာရပ်အဖွဲ့ချုပ်၏အထူးကိုယ်စားလှယ် ကိုဖီအာနန်သည် ဆီးရီးယားမြို့တော် ဒမတ်စကပ်စ်တွင် ဆီးရီးယားသမ္မတ ဘာရှားအယ်လ်အာဆတ်နှင့်တွေ့ဆုံ၍ ၎င်းတင်ပြထားသော အချက်(၆) ချက်ပါ ငြိမ်းချမ်းရေးအစီအစဉ်အကြောင်း ဆွေးနွေးမည်ဖြစ်သည်။ **စာ(၄၅)သို့**




## ရုရှားရေကြီးမှု စုံစမ်းစစ်ဆေးရန် သမ္မတပူတင် အမိန့်ထုတ်

**မော်စကို၊ ဇူလိုင် – ၉**

ရုရှားနိုင်ငံတောင်ပိုင်း ခရက်စ်နိုဒါဒေသတွင် ဖြစ်ပေါ်ခဲ့သော ရေကြီးမှုများအပေါ် စုံစမ်းစစ်ဆေးရန် ရုရှားသမ္မတ ဗလာဒီမာ ပူတင်က အမိန့်ပေးလိုက်ကြောင်း သိရသည်။

ယင်းရေကြီးမှုကြောင့် အနည်းဆုံးလူပေါင်း ၁၇၁ ဦးသေဆုံးခဲ့ပြီဖြစ်ကြောင်းနှင့် ကယ်ဆယ်ရေးလုပ်သားများက အပျက်အစီးပုံများကြားမှ အလောင်းများ ဆွဲထုတ်နေဆဲဖြစ်ကြောင်းသိရသည်။ အသက်ဘေးမှ လွတ်မြောက်ခဲ့သူများက ၎င်းတို့အနေဖြင့် မည်သည့်ရေကြီးမှုသတိပေးချက်မျိုးမှ မရရှိခဲ့ကြောင်း အခိုင်အမာပြောကြားသည်။



Photo : AFP

**စာ(၄၅)သို့**

## အီဂျစ်တွင် တင်းမာမှုများ မြင့်တက်လာနိုင်ဟု အစ္စလာမ်ရေးရာ ပညာရှင်ပြောကြား

**ကိုင်ရို၊ ဇူလိုင် – ၉**


ဖျက်သိမ်းထားပြီဖြစ်သော အစ္စလာမ်မစ်များဦးဆောင်သည့်ပါလီမန်အစည်းအဝေးပြန်လည်ပြုလုပ်ရန် အီဂျစ်သမ္မတသစ် မိုဟာမက်မော်စီက အမိန့်ပေးလိုက်ပြီးနောက် အီဂျစ်နိုင်ငံ၌ သမ္မတမော်စီနှင့် စစ်ဘက်ကောင်စီကြား တင်းမာမှုများမြင့်တက်လာဖွယ်ရှိကြောင်း အစ္စလာမ်ရေးရာပညာရှင်တစ်ဦးက ပြောကြားသည်။

ဥပဒေကဲ့သို့ အာဏာတည်သော သမ္မတမော်စီ၏ ထုတ်ပြန်ချက်ကြောင့် အီဂျစ်နိုင်ငံတွင် တင်းမာမှုများ သိသိသာသာ မြင့်တက်လာနိုင်သည်ဟု ပေါ်လစီဘာသာရပ်များလေ့လာရေး ပိုတိုမက် အင်စတီကျူဒ်မှ ဝါရင့်ပညာရှင်တော ဖစ်ခ်ဟာမစ်က ပြောကြားသည်။

သမ္မတ၏ အမိန့်မှာ ဇွန်လအတွင်း တရားရုံးချုပ်၏ ဆုံးဖြတ်ချက်အရ စစ်ဘက်ကောင်စီက ပါလီမန်ကို ဖျက်သိမ်းရေးအစီအစဉ်နှင့် သိသာစွာ ကွဲပြားခြားနားနေသည်။

စစ်ဘက်ကလည်း ယင်းကိစ္စကို ခွင့်ပြုနိုင်မည်မဟုတ်သောကြောင့် အခြေအနေမှာ မတည်မငြိမ်ဖြစ်ပြီး နှစ်ဖက်ထိပ်တိုက်ရင်ဆိုင်မှုများ အစပြုနိုင်သည့် အနေအထားဟု ကျွမ်းကျင်ပညာရှင်ကဆက်လက်ပြောကြားသည်။

ဥပဒေပြုအမတ်များ အစည်းအဝေးပြန်လည် ပြုလုပ်ရန် ခေါင်းဆောင်သစ်မော်စီက ဇူလိုင်လ ၈ ရက်နေ့တွင် အမိန့်ကြေညာစာထုတ်ပြန်ခဲ့သည်။ ထို့အပြင် အခြေခံဥပဒေရေးဆွဲပြီး ရက်ပေါင်း ၆၀ အတွင်းမှာပင် ပါလီမန်ရွေးကောက်ပွဲများ ကျင်းပသွားရန်လည်း မစ္စတာမော်စီက ပြောကြားထားသည်။ —*Ref: VOA*



ဂု ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL အချပ်ပို
Vol.11, No.18 • JULY 12 , 2012

# မြန်မာ့စီးပွားရေးညီလာခံ ပြည်ပလုပ်ငန်းရှင် ၁၀၀ ကျော် တက်ရောက်မည်

**ခင်ငြိမ်းချမ်းစိုး**

**ရန်ကုန်၊ ဇူလိုင်-၉**

မြန်မာနိုင်ငံ၏ အနာဂတ်စီးပွားရေးစီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဝါဒသစ်များ ရှင်းလင်းပြောကြားမည့်(၆)ကြိမ်မြောက်မြန်မာ့စီးပွားရေးညီလာခံကို ၂၀၁၂ ခုနှစ် ဇူလိုင် ၁၇ ရက်နှင့် ၁၈ ရက်တွင် စင်ကာပူနိုင်ငံ Orehand ဟိုတယ်တွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ ညီလာခံသို့ မြန်မာနိုင်ငံ၏ ပြည်ထောင်စုဝန်ကြီးဌာန ၁၁ ခုမှ တာဝန်ရှိသူများ တက်ရောက်မည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဝါဒသစ်များကို ရှင်းလင်းပြောကြားမည်ဖြစ်သည်။ ထို့အပြင် အမေရိကန်၊ အာဖရိက၊ ဥရောပ၊ စင်ကာပူနှင့် အာရှနိုင်ငံများမှ စီးပွားရေးလုပ်ငန်းရှင်ကြီးများ ၁၀၀ကျော် တက်ရောက်ဆွေးနွေးမည်ဖြစ်ကြောင်း အဆိုပါ ညီလာခံတက်ရောက်မှုစာရင်းသွင်းဌာနမှ သတင်းရရှိသည်။ မြန်မာနိုင်ငံ စီးပွားရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုတွင် ပါဝင်ဆောင်ရွက်အကောင်အထည်ဖော်နေသော မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ၊ နိုင်ငံတကာနှင့် စီးပွားရေးအစုစပ်လုပ်ကိုင်လိုသူများ၊ ကုန်သွယ်ရောင်းဝယ်ဖြန့်ချိနေသူများ၊ ကမ္ဘာ့စီးပွားရေးကွန်ရက်နှင့် အဆက်အသွယ်ကောင်းလိုသူများသည် (၆)ကြိမ်မြောက် ကျင်းပမည့်ညီလာခံသို့ ပါဝင်တက်ရောက်ဆွေးနွေးနိုင်ကြောင်း သိရသည်။

ညီလာခံတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းများ၊ဟိုတယ်နှင့် ကွန်ဒိုအဆောက်အအုံလုပ်ငန်းများအတွက် စီမံကိန်းများ၊ဂျာမနီနိုင်ငံနှင့်မလေးရှားနိုင်ငံတို့မှထုတ်လုပ်သော မော်တော်ကားနှင့် အပိုပစ္စည်းတင်သွင်းရောင်းချရေးလုပ်ငန်းများ၊လေကြောင်းလုပ်ငန်း၊ မြေအောက်မီးရထားလုပ်ငန်း၊ ကုန်းတွင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေးနှင့်ဆိုင်သော ကုန်ပစ္စည်းများ တင်သွင်းရောင်းချရေးလုပ်ငန်း၊အကြီးစားစက်ပစ္စည်းမျိုးစုံ၊ အကြီးစားကုန်တင်ယာဉ်နှင့်ဆက်စပ်ပစ္စည်းများ၊ ကျောက်မိုင်းတူးဖော်ရေးလုပ်ငန်း၊ ဘိလပ်မြေဖျော်စက်စက်ရုံလုပ်ငန်း၊ ဖုန်း၊ ငွေဖြည့်ကတ်နှင့်အဆင့်မြင့်နည်းပညာသုံး အီလက်ထရွန်နစ်ဆက်သွယ်ရေးလုပ်ငန်းများ၊စားသောက်ကုန်နှင့် အထွေထွေကုန်ပစ္စည်း၊ ဩစတြေးလျနိုင်ငံရှိတက္ကသိုလ်များနှင့် ချိတ်ဆက်အဆင့်မြင့်ပညာသင်လုပ်ငန်းများ၊ အိုင်တီဝန်ဆောင်မှုနှင့် မြန်မာနိုင်ငံတွင် ပထမဆုံးအသုံးပြုမည့် အဆင့်မြင့် e-banking လုပ်ငန်းများအကြောင်း နိုင်ငံတကာပညာရှင်များနှင့် ဆွေးနွေးဖလှယ်သွားမည်ဖြစ်သည်။

မြန်မာ့စီးပွားရေးညီလာခံကို ပထမအကြိမ်အဖြစ် ၁၉၉၄ ခုနှစ်က ရန်ကုန်မြို့ အင်းလျားလိတ်ဟိုတယ်တွင် ကျင်းပခဲ့ပြီး ငါးကြိမ်မြောက်အဖြစ် ရန်ကုန်မြို့နှင့် နေပြည်တော်တို့တွင် ကျင်းပခဲ့သည်။

မြန်မာ့စီးပွားရေးညီလာခံသို့ တက်ရောက်လိုသူများအနေဖြင့် ဖုန်း-၀၉ ၄၂၁၁၀၀၃၁၃၊ ၀၉ ၇၃၀၉၀၅၆၄၊၀၉၄၃၀၃၂၁၇၆သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

# Global Compact အဖွဲ့သို့ဝင်ရန် တစ်ဆင့်ကြားခံ အဖွဲ့အစည်းမလိုအပ်ဘဲ တိုက်ရိုက်လျှောက်ထားနိုင်

**အောင်သူရ**

**ရန်ကုန်၊ ဇူလိုင်-၆**

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်က စီးပွားရေးလုပ်ငန်းရှင်များနှင့် စီးပွားရေးလုပ်ငန်းမဟုတ်သော အဖွဲ့အစည်းများ လူမှုရေးတာဝန်ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ဖွဲ့စည်းထားသောGlobal Compact အဖွဲ့သို့ဝင်ရန် ကြားခံအဖွဲ့အစည်းမလိုဘဲ တိုက်ရိုက်ဝင်ရောက်နိုင်ကြောင်း ပါမောက္ခဒေါက်တာအောင်ထွန်းသက်ကပြောသည်။

အဖွဲ့ဝင်လိုသူများအနေဖြင့် အင်တာနက်စာမျက်နှာ www.unglobalcompact.org သို့ဝင်ရောက်ပြီး စီးပွားရေးအဖွဲ့အစည်းဖြစ်ပါက စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းကို ရွေးချယ်ကာ ထိုအင်တာနက်စာမျက်နှာတွင် အသင့်ရေးထားသောစာ၌ အုပ်ချုပ်မှုဒါရိုက်တာ(သို့မဟုတ်)အမှုဆောင်အရာရှိချုပ်ကလက်မှတ်ထိုး လျှောက်ထားနိုင်ပြီး အကြောင်းကြားစာပြန်လည်ရရှိပါက အဖွဲ့ဝင်ဖြစ်သွားမည်ဖြစ်ကြောင်း ဒေါက်တာအောင်ထွန်းသက်ကဆိုသည်။

အသင်းဝင်များအနေဖြင့် လူ့အခွင့်အရေး၊ လုပ်သားရေးရာ၊ သဘာဝပတ်ဝန်းကျင်နှင့် အဂတိလိုက်စားမှုစသည့်အုပ်စုလေးစုကို အခြေခံ၍ ကတိ(၁၀)ချက် ပြုရသည်။

“အဲဒီ ၁၀ ချက်နဲ့ ပတ်သက်လို့ ဘာတွေလုပ်ရှားထားတယ်ဆိုတာ တစ်နှစ်တစ်ခါအစီရင်ခံစာတင်ရတယ်။ လူတိုင်းဖတ်နိုင်တယ်။ လိမ်ပြီးရေးတယ်လို့ ပြောရင်လိမ်တာကိုခိုင်လုံတဲ့အထောက်အထားနဲ့ပြနိုင်ရင် အဖွဲ့ဝင်အဖြစ်က ပယ်ဖျက်လို့ရတယ်”ဟု ဒေါက်တာအောင်ထွန်းသက်က ဆိုသည်။

အဆိုပါအဖွဲ့သို့ လျှောက်ထားပါက အသင်းဝင်ကြေးအဖြစ် တစ်နှစ်လျှင် ဒေါ်လာ ၅၀၀ ပေးသွင်းရသည်။

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မြန်မာနိုင်ငံသို့ လာရောက်စဉ်က ကုမ္ပဏီအချို့ကို Global Compact အဖွဲ့သို့ အဖွဲ့ဝင်လက်မှတ်များ ပေးအပ်ခဲ့ကြသည်။

# ပုဂ္ဂလိကဘဏ် ၁၁ခုကို ဇူလိုင် ၉ရက်မှစ၍ နိုင်ငံခြားငွေစာရင်း ဖွင့်ခွင့်ပြု



ကမ္ဘောဇဘဏ်တွင် နိုင်ငံခြားငွေစာရင်းဖွင့်နေကြစဉ်

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**ပြည်သိမ်း**

**ရန်ကုန်၊ ဇူလိုင်-၉**

ပြည်တွင်းပုဂ္ဂလိကဘဏ် ၁၁ ခုတွင် နိုင်ငံခြားငွေဖြင့် စာရင်းဖွင့်ခွင့် ဗဟိုဘဏ်က ဇူလိုင် ၉ ရက်တွင် စတင်လုပ်ကိုင်ခွင့်ပြုထားကြောင်း ပုဂ္ဂလိကဘဏ် အသိုင်းအဝိုင်းမှ သတင်းရရှိသည်။

ယင်းသို့နိုင်ငံခြားငွေဖြင့် စာရင်းဖွင့်ရာတွင် နိုင်ငံတော်အစိုးရနှင့်ပတ်သက်သည့် လုပ်ငန်းလေးမျိုးမှလွဲ၍ ကျန်လုပ်ငန်းများအားလုံး စာရင်းဖွင့်နိုင်သည်။ အစိုးရဌာနများ၊ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများနှင့် ဖက်စပ်လုပ်ငန်းများ၊ နိုင်ငံခြားသံရုံးများနှင့် သံတမန်အဖွဲ့ဝင်များသည် အစိုးရဘဏ်များဖြစ်သည့် MFTB, MICB စသည့် ဘဏ်များ၌သာ နိုင်ငံခြားငွေစာရင်းဖွင့်ရမည်ဟု ဗဟိုဘဏ်ကထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။

“အရင်က နိုင်ငံခြားငွေစာရင်းဖွင့်ဖို့ဆိုရင် နိုင်ငံတော်ပိုင်ဘဏ် ၃ ခုမှာပဲ ကြိတ်ကြိတ်တိုးလုပ်နေရတယ်။ ပုဂ္ဂလိကဘဏ်တွေပါ ခွင့်ပြုတော့ပိုပြီး လုပ်ရကိုင်ရအချိန်သက်သာတာပေါ့”ဟုပို့ကုန်လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

နိုင်ငံခြားငွေစာရင်း ဖွင့်ရာတွင် အမေရိကန်ဒေါ်လာ ယူရိုငွေ၊ စင်ကာပူဒေါ်လာနှင့် အက်ဖ်အီးစီ နိုင်ငံခြားသုံးငွေလက်မှတ်တို့ဖြင့် စာရင်းဖွင့်နိုင်ကြောင်း သမဝါယမဘဏ်(CB) လီမိတက်မှ မန်နေဂျင်းဒါရိုက်တာဦးဖေမြင့်က ဆိုသည်။ ထို့အပြင် ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့်လည်း LC (Letter of Credit)အကောင့်ကိုလည်း ဖွင့်လှစ်နိုင်သည်။

ဇင်းပုဂ္ဂလိကဘဏ် ၁၁ ခုမှာ အာရှစိမ်းလန်းမှု ဖွံ့ဖြိုးရေးဘဏ်၊ မြဝတီဘဏ်၊ ထွန်းဖောင်ဒေးရှင်းဘဏ်၊ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်၊ ကမ္ဘောဇဘဏ်၊ မြန်မာ့ရှေ့ဆောင်ဘဏ်၊ ရောဝတီဘဏ်၊ မြန်မာအရှေ့တိုင်းဘဏ်နှင့် ယူနိုက်တက်ဘဏ်တို့ဖြစ်သည်။

ထို့အပြင် ပြည်ပလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိထားသည့် ဘဏ်များအနေဖြင့် စင်ကာပူနိုင်ငံနှင့်လည်း ငွေလွှဲလုပ်ငန်းကို တရားဝင်လုပ်ကိုင်နိုင်တော့မည်ဖြစ်ကြောင်း ဦးဖေမြင့်က ဆိုသည်။ မူလက အမေရိကန်နိုင်ငံမှ စီးပွားရေးပိတ်ဆို့မှုကြောင့် ပြည်တွင်းဘဏ်များမှာ စင်ကာပူနိုင်ငံနှင့် ငွေလွှဲလုပ်ငန်းလုပ်ကိုင်နိုင်ခြင်း မရှိကြောင်း သိရသည်။

လက်ရှိ ငွေလွှဲလုပ်ငန်း လုပ်ကိုင်နေသည့် ပြည်ပနိုင်ငံများမှာ မလေးရှား၊ ထိုင်းနိုင်ငံတို့ဖြစ်သည်။ ရှေ့ဆက်၍ ပြည်တွင်းငွေလွှဲလုပ်ငန်းလုပ်ကိုင်ခွင့် ရရှိထားသော ဘဏ်များမှာ မြန်မာလူမျိုးအများစုရှိသည့် အရှေ့အလယ်ပိုင်းမှ ယူအေအီးနိုင်ငံ၊ အမေရိကန်၊ ဂျပန်နိုင်ငံတို့လည်း ငွေလွှဲလုပ်ငန်းများ လုပ်ကိုင်ရန် စီစဉ်ထားသည်။

# မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း စတင်တည်ထောင်

**မိုးညို**

**ရန်ကုန်၊ဇူလိုင်-၇**

**မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်းအား စတင်ဖွဲ့စည်းလိုက်ပြီဖြစ်ကြောင်း အဆိုပါအသင်းဥက္ကဋ္ဌ ဦးခင်မောင်သန်း(မြန်မာ့ရောင်ခြည်အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်း)ကပြောသည်။**

ယခင်အစိုးရလက်ထက် ၂၀၀၆ ခုနှစ်ကစတင်၍ မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်းအားဖွဲ့စည်းရန် လျှောက်ထားခဲ့သော်လည်း အခြေအနေအကြောင်း အမျိုးမျိုးကြောင့် ဖွဲ့စည်းခွင့်မရရှိဘဲ ယခုအစိုးရသစ်လက်ထက် ၂၀၁၂ခုနှစ်မှသာ စတင်၍ တရားဝင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

“အခုအသင်းက လက်ရှိအိမ်ခြံမြေလောကမှာရှိတဲ့ အကျိုးဆောင်တွေရဲ့ လုပ်ငန်းကျွမ်းကျင်မှုတွေ မြင့်မားလာဖို့နဲ့ မြန်မာနိုင်ငံမှာ ပြန့်ကျဲနေတဲ့ ပွဲစားတွေအားလုံးကို တစ်စုတစ်စည်းတည်းနဲ့ ရှိနေဖို့အတွက် အခုလိုဖွဲ့စည်းဖြစ်ခဲ့တာပါ”ဟု ယင်းအသင်း၏ ဒုတိယဥက္ကဋ္ဌ ဦးသန်းဦး(မဏ္ဍိုင်အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်း)ကပြောသည်။

လက်ရှိတွင် အဆိုပါအသင်းအား ဗဟိုအလုပ်အမှုဆောင်ကိုးယောက်ဖြင့် စတင်ဖွဲ့စည်းသွားမည်ဖြစ်ပြီး အသင်း၏ ရုံးခန်းအား ကုန်သည်/စက်မှုအသင်းချုပ်ရုံးနေရာ၌ အခြေစိုက်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

အိမ်ခြံမြေအကျိုးဆောင်ဝန်ဆောင်မှုလုပ်ငန်းတွင် ကုမ္ပဏီလုပ်ငန်းလိုင်စင်ဖြင့် လုပ်ကိုင်သူများ၊ မြို့တော်စည်ပင်လုပ်ငန်းလိုင်စင်ဖြင့် လုပ်ကိုင်သူများနှင့် အစုစပ်လုပ်ငန်းလိုင်စင်ဖြင့် လုပ်ကိုင်သူများ စသည်ဖြင့် ပုံစံအမျိုးမျိုးဖြင့် မြောက်မြားစွာ လုပ်ကိုင်လျက်ရှိသည်။ ထိုသို့ပုံစံအမျိုးမျိုးဖြင့် လုပ်ကိုင်နေသောအကျိုးဆောင်များအား အရည်အသွေးပိုင်းနှင့် ဝန်ဆောင်မှုဆိုင်ရာတို့အတွက် သင်တန်းပေးခြင်း၊ အသိအမှတ်ပြုလက်မှတ်များထုတ်ပေးခြင်း၊ သုတေသနနှင့် ဥပဒေဆိုင်ရာလိုအပ်ချက်များကိုအသင်းမှဆောင်ရွက်ပေးခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသင်း ဒုတိယဥက္ကဋ္ဌ ဦးသန်းဦးက ပြောသည်။

မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်းသို့ လုပ်ငန်းလိုင်စင်သုံးမျိုးဖြင့် ဆောင်ရွက်နေသော အကျိုးဆောင်လုပ်ငန်းများအပြင် သက်ဆိုင်ရာရပ်ကွက်ပွဲစားများမှအစ အသင်းဝင်အဖြစ် ဝင်ရောက်နိုင်ကြောင်း အထက်ပါတာဝန်ရှိသူများက ပြောသည်။

7 DAY NEWS JOURNAL
Vol.11, No.18 • JULY 12 , 2012

## စစ်တွေတွင် ညမထွက်ရအမိန့်ကို တစ်နာရီလျှော့ချ

ဖိုးသီဟ

စစ်တွေ၊ ဇူလိုင် - ၁၀

စစ်တွေမြို့တွင် ဇွန်လ ၁၀ ရက်မှ စတင်၍ ထုတ်ပြန်ထားသော ညမထွက်ရအမိန့်အား ယခင်က ည ၆ နာရီမှ နံနက် ၆နာရီထိ ထုတ်ပြန်ကြေညာထားသော်လည်း ဇွန်လ ၄ ရက်(ယနေ့)မှစတင်ကာ ည ၇နာရီသို့ ပြောင်းလဲထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း သတင်းရရှိသည်။ “ဒီနေ့က စတင်ပြီးတော့ ည ၇ နာရီမှ စတင်ပြီးတော့ ညမထွက်ရအမိန့်ကို ပြောင်းလဲကြေညာသွားမှာပါ။ အလုပ်သွား၊ အလုပ်ပြန်ချိန် အဆင်ပြေအောင် ပြောင်းလဲထုတ်ပြန်ရတာပါ” ဟု စစ်တွေမြို့တွင် လုံခြုံရေးတာဝန် ယူထားသော အမှတ်(၁၂) ရဲတပ် ရင်းမှ တပ်ရင်းမှူး ဒုရဲမှူးကြီးမျိုးမြင့်အောင်ကပြောသည်။

## လွှတ်တော်အတွင်း သတင်းယူနေသူများ၏ ဝတ်စားဆင်ယင်မှုနှင့်ပတ်သက်၍ သတိပေးချက်ထုတ်ပြန်

မြတ်စုမွန်

ရန်ကုန်၊ ဇူလိုင် - ၂၃

လွှတ်တော်အတွင်း တက်ရောက်သတင်းယူနေသည့် ပြည်တွင်း ပြည်ပ သတင်းမီဒီယာသမားများ၏ ဝတ်စားဆင်ယင်မှုသည်လွှတ်တော်နှင့် လိုက်လျောညီထွေမရှိကြောင်း လွှတ်တော်အစည်းအဝေးများကျင်းပရေးဗဟိုကော်မတီ က ဇူလိုင် ၅ရက်တွင် သတိပေးချက်တစ်ရပ်ထုတ်ပြန်လိုက်သည်။

လွှတ်တော်အတွင်းတက်ရောက်သတင်းရယူနေသည့်ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာသမားများသည် တီရှပ်ကဲ့သို့သော အင်္ကျီ၊ စပို့ရှပ်နှင့် သရီးကွာတားကဲ့သို့သော ဘောင်းဘီ(ဒူးဖုံး)ပုံစံမျိုးများ ဝတ်ဆင်မှုမပြုရေးနှင့် လွှတ်တော်အတွင်း ပတ်ဝန်းကျင်အခြေအနေနှင့် လိုက်လျောညီထွေမှုရှိပြီး သင့်တင့်စွာဝတ်ဆင်မှုရှိရေးကို ကြပ်မတ်ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာနရုံးအင်တာနက်ဝက်ဘ်ဆိုက်တွင်ဖော်ပြထားသည်။

လွှတ်တော်အတွင်းမီဒီယာသမားများ၏ ဝတ်စားဆင်ယင်မှုနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်က “အရင်တုန်းက ထူးထူးခြားခြား သတိပြုမိတဲ့ဟာတစ်ခုက ပြည်တွင်းဂျာနယ်တစ်ခုက မိန်းကလေးတစ်ယောက်ကို ပြောဖူးတယ်။ အင်္ကျီလက်ပြတ်နဲ့လာလို့ လွှတ်တော်ထဲမှာ မသင့်တော်ဘူး၊ လက်စကလောက်နဲ့ဆိုတော်သေးတယ်လို့ အကြံပေးဖူးတယ်”ဟုပြောသည်။

## ရန်ကုန်ရှိသမိုင်းဝင်အဆောက်အအုံ ငှားရမ်းခနှုန်းများ လွှတ်တော်သို့ တင်ပြ

ထူးသန့်၊ အောင်သူရ

ရန်ကုန်၊ ဇူလိုင်-၁၀

ပုဂ္ဂလိကသို့ ငှားရမ်းပေးမည့် ရန်ကုန်မြို့ရှိ သမိုင်းဝင်အဆောက်အဦ၏ ငှားရမ်းခနှုန်းထားများကိုလွှတ်တော်သို့ တင်ပြထားကြောင်း သတင်းရရှိသည်။

ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံခံခဲ့ရသော ဝန်ကြီးများရုံးအား ပြုပြင်မွမ်းမံသည့်ကာလ ရှစ်လအား အခမဲ့၊ ပြတိုက်များအတွက် ဝင်ငွေစုစုပေါင်း၏ ၃ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်း၊ စားသောက်ဆိုင်နှင့် ရုံးခန်းများအတွက် ငှားရမ်းရငွေ၏ ၁၅ ရာခိုင်နှုန်း၊ ရိုးရာပစ္စည်းအရောင်းဆိုင်များနှင့် အနုပညာရပ်ဆိုင်ရာ ပြပွဲကပွဲများအတွက် ဝင်ငွေ၏ ၁ ရာခိုင်နှုန်းသတ်မှတ်ထားသည်။

စုပေါင်းရုံးအတွက် နှစ်စဉ်ငှားရမ်းခမှာ ဟိုတယ်ဝင်ငွေ၏ ၇ ရာခိုင်နှုန်း၊ မြေအသုံးချမှု ပရီမီယံကြေးအမေရိကန်ဒေါ်လာ၄ဒသမ ၄ သန်းနှင့် ရင်းနှီးမြှုပ်နှံမှု ပမာဏ ကျပ်သိန်း ၂၀၀,၀၀၀ သတ်မှတ်ထားသည်။

ရှေ့နေချုပ်ရုံးကိုမူ နှစ်စဉ်ငှားရမ်းခ ကျပ်သိန်း ၂,၄၀၀ သတ်မှတ်ထားပြီး မီးရထားရုံးချုပ်ကိုမူ နှစ်စဉ်ငှားရမ်းခ အမေရိကန်ဒေါ်လာ ၃ သိန်း မြေအသုံးချမှု ပရီမီယံကြေးအဖြစ် အမေရိကန်ဒေါ်လာ ၃ဒသမ၇၅ သန်းနှင့် ရင်းနှီးမြှုပ်နှံမှုပမာဏကိုမူ အမေရိကန်ဒေါ်လာ ၁၂ သိန်း သတ်မှတ်ထားသည်။

“ပြုပြင်ထိန်းသိမ်းရေး စရိတ်ပေါ်ကြည့်ပြီးမှပဲ စီးပွားရေးအရတွက်ခြေကိုက် မကိုက် သုံးသပ်လို့ရမယ်”ဟု ဒေင်ဆောက်လုပ်ရေး ကုမ္ပဏီအကြီးအကဲက သုံးသပ်သည်။ ဝန်ကြီးများရုံးအား အနော်မာအနုပညာအဖွဲ့၊ တိုင်းဒေသကြီး စုပေါင်းရုံးနှင့် မီးရထားရုံးချုပ်တို့အား Flying Tiger Engineering ကုမ္ပဏီနှင့် Dosim Engineering and Construction ကုမ္ပဏီတို့အား ခွင့်ပြုသွားရန် ဆုံးဖြတ်ထားကြောင်း နိုင်ငံတော်သမ္မတနှင့် လွှတ်တော်သို့ ပေးပို့သော သဝဏ်လွှာအရ သိရသည်။

## စစ်တွေမြစ်ဝအနီး စက်လှေမှောက်၍ ၄၂ ဦး သေ၊ ၁၁ ဦး ပျောက်ဆုံးနေဆဲ

ဖိုးသီဟ

စစ်တွေ၊ ဇူလိုင်-၁၀

ဇူလိုင် ၇ ရက် နံနက်ပိုင်းက စက်လှေတစ်စီး စစ်တွေမြစ်ဝအနီးတွင် နစ်မြုပ်မှုကြောင့် ဇူလိုင် ၁၀ ရက် အထိ လူ ၄၂ ဦး သေဆုံးပြီး ၁၁ဦး ပျောက်ဆုံးလျက်ရှိသည်။

ဇူလိုင်လ ၇ ရက် ညနေပိုင်းတွင် စစ်တွေမြို့သို့ စက်လှေ ၁၈စီးခန့် ခိုးဝင်ရန် ကြိုးစားခဲ့ပြီး စက်လှေ ၇စီးမှာ ကမ်းသို့မကပ်နိုင်ခဲ့ဘဲ ပြန်လှည့်သွားသည်။ တစ်စီးမှာ စက်ချို့ယွင်းမှုကြောင့် နစ်မြုပ်ခဲ့ခြင်းဖြစ်ကြောင်း စစ်တွေမြို့တွင် လုံခြုံရေးတာဝန်ယူထားသူ ဒုရဲမှူး ကြီးမျိုးမြင့်အောင်က 7 Day News သို့ ပြောသည်။ နစ်မြုပ်ခဲ့သည့် စက်လှေတွင် လူ ၅၇ ဦးပါဝင်ပြီး စစ်တွေဘက်ကမ်းသို့ကပ်ရန် ကြိုးစားစဉ် စက်ပန်ကာ ချို့ယွင်းသွားပြီး နစ်မြုပ် ခဲ့ခြင်းဖြစ်ကြောင်း စစ်တွေဘက်ကမ်းသို့ ကပ်ရောက်လာသော စက်လှေ ၁၀ စီးမှလူများကို သဲချောင်းမှတစ်ဆင့် သက္ကပြင်ကျေးရွာအနီးတွင် နေရာချထားပေးခဲ့ကြောင်း အထက်ပါ အရာရှိကြီးမှ ဆက်လက်ပြောသည်။

“ဒီနေ့ ဇူလိုင် ၈ ရက် မနက်အထိ အလောင်း ၁၅လောင်း တွေ့ရှိထားပါပြီ။ ပျောက်ဆုံးနေသူတွေကိုလည်း လိုက်လံရှာဖွေ လျက်ရှိပါတယ်”ဟု စစ်တွေမြို့ အမှတ်(၁)ရဲစခန်းမှ ရဲအရာရှိတစ်ဦး မှ ပြောသည်။

ဇူလိုင် ၁၀ ရက်အထိ ရေထဲ မှ ၄၂လောင်း ဆယ်ယူရရှိပြီး ၁၁ဦးမှာ ပျောက်ဆုံးလျက်ရှိသည်။ လေးဦးကို ကယ်တင်ထားနိုင်သည်။

## ဝန်ထမ်းအလိုရှိသည်

7Day News ဂျာနယ်တွင် တာဝန်ထမ်းဆောင်ရန် ဝန်ထမ်းနှစ်ဦးအလိုရှိသည်

(၁) ဓာတ်ပုံသတင်းထောက် M(1) Post

• အခြေခံဓာတ်ပုံပညာ တတ်ကျွမ်းရမည်ဖြစ်ပြီး ဓာတ်ပုံသတင်းထောက်အဖြစ် အသက်မွေးဝမ်းကျောင်းပြုလိုသူ၊ 7Day News ဂျာနယ်နှင့်ရေရှည်လက်တွဲဆောင်ရွက်နိုင်သူဖြစ်ရမည်။

(၂) External Relation M(1) Post

• ဘွဲ့ရ၊ (၁၈)နှစ်မှ (၂၅)နှစ်အတွင်း၊ ပုံနှိပ်မီဒီယာလုပ်ငန်းနားလည်ရမည်။ ဆက်ဆံရေးကောင်းမွန်ရမည်။

အခန်းအမှတ် (G-12)၊ မြေညီထပ်၊ တိုက် (B)၊ Diamond Centre၊ အမှတ် (၄၉၇)၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၅၁၃ ၅၁၅~၅၁၉

## ဖူးစာရေးနတ်ရက်စက် ပေါင်းဖက်ရလေသောအခါ မှ

မြန်မာနိုင်ငံမှအမျိုးသမီးများ တရုတ်နိုင်ငံသို့ အဓမ္မထိမ်းမြားလက်ထပ်ရန် ရောင်းစားခံရမှု အဖြစ်ပွားရခြင်း၏ အကြောင်းရင်းတွင် တရုတ်နိုင်ငံတွင် မိသားစုတစ်စု ကလေးတစ်ဦးသာယူရသော (One Child One Family) ပေါ်လစီနှင့် မိသားစု အများစုမှာ သားယောကျ်ားလေးကိုသာအဓိကရလိုပြီး ယူကြသဖြင့် အမျိုးသားဦးရေမှာ အမျိုးသမီးဦးရေထက် ပိုများနေခြင်းမှာ အဓိကဖြစ်သည်။

ထို့အပြင် နှစ်နိုင်ငံ နယ်စပ်မှာ လွယ်ကူစွာသွားလာနိုင်ခြင်း၊ လူပွဲစားများ၏ စည်းရုံးမှုတွင် အမျိုးသမီးများ အယုံလွယ်ခြင်းနှင့် တရုတ်နိုင်ငံတွင် လူကုန်ကူးသောပွဲစားများကို အရေးယူအပြစ်ပေးမှုမှာ ပြင်းထန်ထိရောက်ခြင်း မရှိ၍ဖြစ်ကြောင်း လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးအဖွဲ့ အဖွဲ့ခေါင်းဆောင်ဒုတိယရဲမှူးကြီး ညွှန့်လှိုင်က ပြောသည်။ နိုင်ငံ၏စီးပွားရေးကျပ်တည်းမှုကြောင့် အလုပ်အကိုင် အခွင့်အလမ်းများ နည်းလွန်းခြင်းမှာလည်း မြန်မာသမီးပျိုများ ဘဝတက်လမ်းအတွက် ရပ်ဝေးသွားရောက်စေရန် တွန်းပို့မှုဖြစ်စေသော အခြေအနေဖြစ်ပြီး လူကုန်ကူးခံနေရခြင်း၏ အဓိကအကြောင်းရင်း တစ်ခုဖြစ်ကြောင်း ကျွမ်းကျင်သူများက တညီတညွတ်ပြော၏။

လူဦးရေသန်း ၁၃၃၀ကျော်ရှိသော တရုတ်နိုင်ငံတွင် အမျိုးသား၊ အမျိုးသမီးဦးရေ မမျှတမှုကြောင့် သတို့သမီးလိုအပ်ချက် မြင့်မားနေခြင်း၏ သားကောင်များမှာ အိမ်နီးချင်းနိုင်ငံများဖြစ်သော မြန်မာ၊ လာအိုနှင့် ဗီယက်နမ်တို့မှ အမျိုးသမီးအချို့ဖြစ်လာသည်။ နိုင်ငံတကာအဖွဲ့အစည်းအချို့၏ အစီရင်ခံစာများ အဆိုအရ ၂၀၁၀ ခုနှစ်ကျော်လာသောအခါ တရုတ်အမျိုးသားသန်း ၄၀ ကျော်သည် အိမ်ထောင်ပြုရန် သတို့သမီး မရှိဖြစ်နေသည်။

သားယောကျ်ားလေးကိုသာ ရယူလိုသော ထုံးတမ်းအစဉ်အလာကြောင့် ၂၀၃၀ ခုနှစ်အရောက်တွင် မိန်းကလေး ၁၀၀ ဦးမွေးလျှင် ယောကျ်ားလေး ၁၂၀ မွေးကာ၊ ထို့နောက်ပိုင်း ယောကျ်ားလေးဦးရေက မိန်းကလေးဦးရေထက် အကြမ်းဖျင်း ၂၀ ရာခိုင်နှုန်းများလာဖွယ်ရှိကြောင်း ကမ္ဘာကျော် Forbes မဂ္ဂဇင်းက ခန့်မှန်းတွက်ချက်ဖော်ပြထားပါသည်။

တရုတ်နိုင်ငံတွင် သတို့သားများအတွက် တရုတ်အမျိုးသမီးကိုယူလျှင် အသုံးပြုရသော မင်္ဂလာဆောင်ကုန်ကျစရိတ်မှာ မနည်းလှ၍ ကျေးလက်များ ရှိ ငွေကြေးမကြွယ်ဝသော တရုတ်အမျိုးသားများအတွက် တရုတ်သမီးသတို့သမီးရရန် မလွယ်ကူပေ။ တစ်ဖက်တွင် မြန်မာ၊ လာအို၊ ဗီယက်နမ်ကဲ့သို့ နိုင်ငံများမှ အမျိုးသမီးကို ဝယ်ရသောနှုန်းမှာ တရုတ် သတို့သမီးနှင့် မင်္ဂလာဆောင်သည်ထက် များစွာသက်သာနေခြင်းမှာလည်း အဓမ္မ ထိမ်းမြားလက်ထပ်သော လူကုန်ကူးမှုဖြစ်စေခြင်း၏ အကြောင်းရင်းတစ်ခုဖြစ်ကြောင်း UNIAP (လူကုန်ကူးမှု တိုက်ဖျက်သော ကုလသမဂ္ဂ စီမံချက်) မှ အမျိုးသားစီမံချက် ညှိနှိုင်းရေးမှူးဒေါ်ဥမ္မာအိအိချော က ပြောသည်။

“တချို့ပြန်လာတဲ့သူ၊ အဓမ္မထိမ်းမြားလက်ထပ်ရန် ရောင်းစားခံရပြီး လွတ်မြောက်လာသူတွေကို မေးကြည့်တယ်။ တကယ်ပဲ တရုတ်ရွာတွေမှာ အမျိုးသမီး မရှိတော့လို့ နင်တို့ကို ယူတာလားလို့ မေးတဲ့အခါမှာ မဟုတ်ဘူး။ သူတို့ရွာတွေမှာ အမျိုးသမီးလေးတွေရှိတယ်။ ဒါပေမဲ့ ရွာမှာရှိတဲ့ အမျိုးသမီးတွေက သူတို့ရွာက ဆင်းရဲသားအမျိုးသားတွေကို မလိုချင်တဲ့အခါကျတော့ သူတို့က မြို့ပေါ်တက်မယ်။ တခြားနေရာသွားမယ်။ ပိုက်ဆံချမ်းသာတဲ့ယောကျ်ားကိုပဲ ယူမယ်ပေ့ါ။ အဲဒါမျိုးတွေ တွေ့ရတယ်၊ ဆိုတော့ နေရာတိုင်းမှာလည်း ကျား၊မ မမျှ လို့ဆိုတာ မဟုတ်ဘူး” ဟု ဒေါ်ဥမ္မာအိအိချောက ပြောသည်။

သို့သော် ကံအနည်းငယ်ကောင်းသော အဓမ္မထိမ်းမြားလက်ထပ်ခံရသူ အမျိုးသမီးများမှာ ၎င်းတို့ကို ဝယ်၍ယူထားသော တရုတ်အမျိုးသားက သဘောကောင်းပြီး သံယောဇဉ်ရှိသွားသဖြင့် ကောင်းမွန်စွာပေါင်းသင်းဆက်ဆံသည်လည်းရှိသည်။ စားဝတ်နေရေးအဆင်ပြေပြီး သားသမီးများပင်ရကာ ဘဝသစ်တွင် ပျော်မွေ့သော အမျိုးသမီးများမှာ အဆင်မပြေမှု၊ ဆင်းရဲကျပ်တည်းမှုများ ပြည့်နှက်နေသည့် ဘဝဟောင်းရှိရာ မိခင်နိုင်ငံသို့ပင် မပြန်လိုတော့။ ထိုကဲ့သို့အမျိုးသမီးများအား တရုတ်ရဲများက တရုတ်နိုင်ငံသူမဟုတ်၍ ဖမ်းဆီးစစ်ဆေးပြီး မိခင်နိုင်ငံပြန်ပို့ချိန်တွင် လူကုန်ကူးခံရမှုမှ လွတ်မြောက်လာသော်လည်း မပျော်နိုင်ဘဲ တရုတ်မှ မိသားစုနှင့် ဘဝသစ်ထံသို့သာ ပြန်သွားလိုကြသည်။

ခင်နုတစ်ယောက်မူဆယ်မြို့အနီးရှိ လူကုန်ကူးခံရသူများ စောင့်ရှောက်သည့် ဂေဟာတွင် တွေ့ခဲ့ရသော တရုတ်သို့ပြန်လိုသူ အမျိုးသမီးအချို့သည်လည်း ဘဝသစ်က ဘဝဟောင်းထက်များစွာ သာလွန်ပြီး၊ သားသမီးသံယောဇဉ်များကြောင့် ဖြစ်ပါသည်။

ရပ်ကွက်အတွင်း ကျပန်းဈေးရောင်းသလို တောင်ဥက္ကလာပရှိ အထည်ချုပ်စက်ရုံတစ်ခုတွင် အလုပ်လုပ်သော ခင်နုတစ်ယောက် ၂၀၁၁ ခုနှစ် ဇူလိုင်လ၏ နေ့တစ်နေ့တွင် လမ်းထိပ်လက်ဖက်ရည်ဆိုင်၌ပြသော ဗီဒီယိုဇာတ်ကား ဝင်ကြည့်ရာမှ ဘဝတစ်ဆစ်ချိုးခဲ့သည်။ ဇာတ်ကားကြည့်နေစဉ် ဘေးဝိုင်းရှိ မျက်မှန်းတန်းမိစ ကိုမွေခမ်းနှင့် မနော်မေတို့ လင်မယားနှစ်ဦးက စက်ရုံလက်ရှိလုပ်ခလစာမေး၍ နည်းလွန်းကြောင်းပြောကာ မန္တလေးရှိ အထည်ချုပ်စက်ရုံတွင် တစ်လကျပ်နှစ်သိန်းခွဲဖြင့် အလုပ်သွင်းပေးမည်ဟု ဆိုလာသည်။

စာမတတ်ဘဲ လုပ်ချင်ရာဇွတ်လုပ်တတ်သော ကလေးတစ်ယောက်မိခင် ခင်နု သူမ(သူမ၏ အမျိုးသားနှင့် အိမ်ထောင်ကွဲနေသည်)က တစ်ထိုင်တည်းဆုံးဖြတ်၍ ထိုလင်မယားနောက်ကို ညတွင်းချင်းလိုက်ရာ မန္တလေး မရောက်ဘဲ တရုတ်သို့ရောက်သွားသည်။ တရုတ်ကျေးရွာတစ်ခုထိ သူ့အားခေါ်သွား၍ တရုတ်အမျိုးသားတစ်ဦးထံ ရောင်းစားရန် ခင်နု ကိုပြ၍ ဈေးဆိုကြသည်။ အခြေအနေမှန် သိသွားပြီးနောက် ခင်နုက လူကုန်ကူးသော လင်မယားနှစ်ဦးဆန္ဒအတိုင်း တရုတ်အမျိုးသားနှင့် လက်ထပ်ပါမည်၊ သူမအဆင်ပြေရန် ဝတ်စုံသစ်ဝယ်ပေးရန် အချိုသပ် ပြောကြား၍ ထိုလင်မယားအဝတ်အစားထွက်ဝယ်စဉ် အိမ်၌ကျန်ခဲ့သော တရုတ်အဘွားအိုကို လှည့်စားကာ ထွက်ပြေးလွတ်မြောက်လာခြင်းဖြစ်သည်။

“တစ်နာရီခွဲ၊ နှစ်နာရီလောက်ပြေးတယ်။ အဲဒီအိမ်မှာရှိတဲ့ ယောကျ်ားကြီးတစ်ဦးက လက်ထဲ အချွန်ကြီးကိုင်လာပြီး လိုက်လာတာ ကြောက်လို့ တအားပြေးတယ်။ လူတွေရှိတဲ့ တစ်နေရာ သူက မီတော့ အုတ်ခဲကောက်ကိုင်ပြီး လာခဲ့ထုလိုက်မယ်ပြောတယ်။ ဘေးကလူတွေက ဒီအတိုင်းကြည့်နေတာ။ သူလည်း အနားမကပ်ရဲဘူး။ သူ့ကို မျက်ခြည်ပြတ်အောင် တစ်အိမ်ဝင်တစ်အိမ်ထွက်ပြေးရင်း တစ်အိမ်ရောက်တော့ မြန်မာကလေးအမေတစ်ယောက်က ပိုက်ဆံချေးပေးလို့ တက္ကစီငှားပြီး ခိုးပေါက်ကိုပို့ထွက်ပြေးခိုင်းလို့ လွှတ်လာတာ” ဟု ခင်နုက သူမအတွေ့အကြုံကို ပြန်ဝေမျှသည်။ သူမနယ်စပ်စည်းရိုးခိုးကျော်သော နေရာမှာ ကျယ်ဂေါင်မြို့(တရုတ်ဘက်ခြမ်း)၊ မူဆယ်ကြားရှိ စည်းရိုးဖြစ်ပြီး ထိုမှတစ်ဆင့် မူဆယ်ရဲစခန်း၊ ထိုမှ လူကုန်ကူးခံရသူများစောင့်ရှောက်သော ဂေဟာတွင် တစ်လဝန်းကျင်နေခဲ့သည်။



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# ဦးစိုးသိန်းမှတ်ချက်ကြောင့် မြေအရောင်းအဝယ် ချက်ချင်းရပ်တန့်သွား

**အောင်သူရ**

**ရန်ကုန်၊ ဇူလိုင်-၁၀**

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်ဥက္ကဋ္ဌ ဦးစိုးသိန်းက ဈေးကြီးနေသော စက်မှုဇုန်မြေဈေးကွက်အား ကားဈေးကွက်ကဲ့သို့ ဖြစ်အောင်ပြုလုပ်သွားမည်ဟု အသိပေးပြီးနောက်မြေအရောင်းအဝယ်ရပ်တန့်သွားကြောင်း သတင်းရရှိသည်။

"အမေးကိုမရှိတော့တာ ရန်ကုန်ရော၊ မန္တလေးရောပဲ ၁၅၀၀ နဲ့ ၂၀၀၀ (ကျပ်သိန်း) ကြားလောက်ဝယ်မယ့်သူပဲ မေးတော့တယ်"ဟု ကျောက်တံတားမြို့နယ် အခြေစိုက် အိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မန္တလေးမြို့ စက်မှုဇုန်(၁)တွင်ရှိသော တစ်ကေလျှင် ကျပ်သိန်းသုံးသောင်းကျော် ဈေးရှိနေသော မြေဈေးမှာ ဝယ်လက်မရှိသလောက် ဖြစ်သွားကြောင်း မန္တလေးမြို့ခံ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးကပြောသည်။

မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း ဒုဥက္ကဋ္ဌဦးသန်းဦးက လက်ရှိအိမ်ခြံမြေဈေးကွက်နှင့် ပတ်သက်၍ "အလွန်သတိထားပြီး စောင့်ကြည့်ရမယ့် အနေအထားရှိကြောင်း မြင့်နေတဲ့ဈေးကို တစ်နည်းမဟုတ်တစ်နည်းကျအောင်လုပ်လိမ့်မယ်"ဟု မြန်မာနိုင်ငံအိမ်ခြံမြေအသင်းအဖွဲ့အစည်း၏ သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ထိုကဲ့သို့ သုံးသပ်ရခြင်းမှာ ဈေးနှုန်းကျအောင်ပြုလုပ်မည်ဟု ပြောသောသူသည် လုပ်ပိုင်ခွင့်ရှိခြင်း၊ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌဖြစ်ခြင်း၊ ပြောလျှင်ဖြစ်အောင်လုပ်တတ်ခြင်းနှင့် မကြာမီ အခွန်သက်တမ်း ကုန်ဆုံးတော့မည်ဖြစ်ခြင်းတို့ကြောင့်ဖြစ်ကြောင်း ဦးသန်းဦးက ရှင်းပြခဲ့သည်။

မြန်မာနိုင်ငံရှိ စက်မှုဇုန်မြေဈေးများမှာ အာရှတွင် ဈေးအကြီးဆုံးဖြစ်နေသဖြင့် နိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံမည့်သူများအတွက် အဟန့်အတား ဖြစ်နေခြင်းကြောင့် ကားဈေးကွက်ကဲ့သို့ ဈေးကျသွားရန် ပြုလုပ်မည့်အစီအစဉ်တစ်ခုရှိကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်ဥက္ကဋ္ဌ ဦးစိုးသိန်းက ဇူလိုင် ၁ ရက်တွင် သတင်းထောက်များနှင့် တွေ့ဆုံပွဲ၌ ပြောကြားခဲ့သည်။

# ဒုတိယသမ္မတနေရာ ရန်ကုန်တိုင်းဝန်ကြီးချုပ် ဦးမြင့်ဆွေကို အမည်စာရင်းတင်သွင်းထားဟုဆို

**သီဟ**

**နေပြည်တော်၊ ဇူလိုင် - ၁၀**

လစ်လပ်သွားသည့်ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနေရာသို့အစားထိုးရန်အတွက် တပ်မတော်သားကိုယ်စားလှယ်များအစုအဖွဲ့က ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေကို အမည်စာရင်းတင်သွင်းလိုက်ပြီဟု တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်တစ်ဦးက အတည်ပြုပြောကြားလိုက်သည်။

"တိုင်းပြည်အတွက် အများကြီးအလုပ်လုပ်နိုင်မယ်လို့ ယုံကြည်တဲ့အတွက် အများပြည်သူအတွက် အများကြီးအားကိုးရမယ်လို့ယူဆတဲ့အတွက် သူ့ကို စာရင်းတင်သွင်းတာပါ"ဟု အထက်ပါ ဗိုလ်မှူးချုပ်က မီဒီယာများသို့ပြောကြားသည်။

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် တပ်မတော်သားကိုယ်စားလှယ်များအစုအဖွဲ့မှ ရွေးချယ်တင်မြှောက်ခဲ့ခြင်းဖြစ်သည့်အတွက် ယခု နေရာလစ်လပ်ချိန်တွင်လည်း တပ်မတော်သားကိုယ်စားလှယ်များကသာ ရွေးချယ်ပေးရခြင်းဖြစ်သည်။

"အမျိုးသားရင်ကြားစေ့ရေးနဲ့ ဒီမိုကရေစီထွန်းကားရေးအတွက်လုပ်ဆောင်မယ်လို့မျှော်လင့်ပါတယ်"ဟု ကော့မှူးမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါ်အောင်ဆန်းစုကြည်က နောင်ဖြစ်လာမည့် ဒုတိယသမ္မတနှင့်ပတ်သက်၍ မှတ်ချက်ပေး ပြောဆိုသည်။

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေသည် ပြီးခဲ့သည့် ၂၀၁၀ ရွေးကောက်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၂)မှဝင်ရောက်ယှဉ်ပြိုင်ခဲ့သောကြောင့် ယင်းကဲ့သို့ အမည်စာရင်းတင်သွင်းခံရမှုအပေါ် အံ့သြသူများလည်းရှိကြသည်။

"ဦးမြင့်ဆွေဖြစ်တယ်ဆိုရင်တော့ အံ့သြစရာပဲပေါ့။ သူက တိုင်းဒေသကြီးပဲ ဒီကို မလာနိုင်ဘူးပဲထင်တာ။ ဒါပေမဲ့ ဘေးက အရပ်သားတစ်ယောက်တောင်မှ ခေါ်ပြီး ခန့်နိုင်သေးတာဆိုတော့ နိုင်ငံသားအရည်အချင်းပြည့်ရင် ခန့်လို့ရတယ်ဆိုတဲ့ မူအရဆိုရင်တော့ ဖြစ်နိုင်တာပေါ့"ဟု မလှိုင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောက်ကပြောသည်။ လွှတ်တော်ပထမရက်များအတွင်းက ဒုတိယသမ္မတနေရာတွင် ဦးဌေးဦး၊ ဦးတင်အေး၊ ရေတပ်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဉာဏ်ထွန်း၊ ဦးအောင်မင်း၊ ဦးစိုးသိန်းတို့၏ အမည်များ ခန့်မှန်းသတင်းများ ထွက်ပေါ်ခဲ့သော်လည်း ဇူလိုင် ၉ရက်မှစတင်ကာရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေဖြစ်ကြောင်း သတင်းများထွက်လာခဲ့ပြန်သည်။

"ကောင်းပါတယ်၊ သူလည်း လူကောင်းတစ်ယောက်ပါ။ သူက အေးအေးဆေးဆေးပဲ၊ ပျော့ပျောင်းတဲ့သူပဲ။ သဘောလည်း ကောင်းတယ်၊ ညှိနှိုင်းလို့လည်းရတယ်၊ တိုင်ပင်လို့လည်းရတယ်"ဟု တောင်သာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်သောင်းကပြောသည်။

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေအပေါ် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖြိုးမင်းသိန်းက "ပြုပြင်ပြောင်းလဲရေးလုပ်တဲ့ကိစ္စမှာ နိုင်ငံတော်သမ္မတရဲ့ အုပ်ချုပ်တဲ့အပေါ်မှာတော့ သိပ်ကလန်ကဆန်လုပ်မယ့် သဘောမရှိဘူး။ သူ့သဘောကတော့ အပေါ်ကလူ တင်းမာရင် လိုက်ပြီး တင်းမာမယ်၊ အပေါ်ကလူ ပျော့ရင် လိုက်ပြီးပျော့မယ်ဆိုတဲ့သဘောရှိပါတယ်"ဟု သူ၏အမြင်ကိုပြောကြားသည်။

ဦးမြင့်ဆွေသည်စစ်တက္ကသိုလ်အပတ်စဉ်(၁၅)ဆင်းဖြစ်ကာ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးအဖြစ်တာဝန်ထမ်းဆောင်ခဲ့ဖူးပြီး တပ်မတော်တွင် ဒုတိယဗိုလ်ချုပ်ကြီးအဆင့်အထိ တာဝန်ထမ်းဆောင်ခဲ့ဖူးသူဖြစ်သည်။ ထို့အပြင် စစ်ဘက်ဆိုင်ရာလုံခြုံရေးအဖွဲ့၏ အကြီးအကဲအဖြစ်လည်းတာဝန်ထမ်းဆောင်ခဲ့ဖူးသူဖြစ်သည်။

ခင်နု ထိုင်ဂေဟာတွင် ရင်းနှီးခဲ့သူတစ်ဦးဖြစ်သော ရှမ်းတိုင်းရင်းသူ နန်းဝေ(အမည်ပြောင်းထား)မှာ တရုတ်ရဲက ဖမ်းပြီးပြန်ပို့၍ ဂေဟာသို့ရောက်လာခြင်းဖြစ်သည်။ နန်းဝေအသက် ငါးနှစ်ခန့်တွင် တရုတ်အမျိုးသမီးကြီးတစ်ဦးက မွေးစားမည်ဆိုပြီး တရုတ်ပြည်ခေါ်သွားကာ ၁၄နှစ်အရွယ်ရှိသောအခါ တရုတ်အမျိုးသားတစ်ဦးထံ ရောင်း၍ အဓမ္မလက်ထပ်ခံခဲ့ရခြင်းဖြစ်သည်။ အိမ်ထောင်သက် ၆ နှစ်ခန့်ရှိပြီဖြစ်ပြီး အမျိုးသားက သူမအပေါ် ကောင်းသလိုကလေးတစ်ယောက်ရှိသည်။ ထို့ကြောင့် အသက်(၂၀)အရွယ်ကလေးမိခင်မှာ ကလေးကိုလွမ်း၍ မကြာခဏ ငိုသည်။

"စခန်းမှာတွေ့တဲ့လူကုန်ကူးခံရတဲ့သူတွေထဲမှာ ကလေးရခဲ့တဲ့ ကလေးမအေတွေ များတယ်။ တချို့က သူ့ကလေးကို မပြတ်နိုင်ဘူး။ သူ့ယောကျ်ားကိုလည်းမပြတ်နိုင်ဘူး ဖြစ်နေကြတာ။ အညာက အမျိုးသမီး ၅ ဦး၊ ၆ ဦးရောက်လာတာလည်း တွေ့ရတယ်။ သတို့ကကြောက်လို့လမ်းကနေလွတ်အောင်ပြေးလာတာ၊ တရုတ်နိုင်ငံမရောက်ဘူး။ အများစုကတော့ အသက် ၂၀ ကျော် ၃၀အတွင်းတွေပဲ။ ရှမ်းတွေ၊ ပလောင်တွေ၊ ဗမာအမျိုးသမီးတွေများတယ်။ ၁၇နှစ်ပဲရှိသေးတဲ့ လှိုင်သာယာက ကောင်မလေးတစ်ယောက်လည်း တွေ့ခဲ့တယ်။ သူလည်း ယောကျ်ားယူခံရတာပဲတဲ့။ သူက တအားဆော့တာ။ သူ့ယောကျ်ားက ဆော့လွန်းလို့ မျက်စိနောက်တယ်ဆိုပြီး ပြန်ပို့တာလို့ ပြောတယ်"ဟု ခင်နုက လူကုန်ကူးခံရသူများစောင့်ရှောက်သော ဂေဟာတွင်ကြုံခဲ့ရသည့် အတွေ့အကြုံကိုရယ်ရယ်မောမောပြောသည်။

အဓမ္မ ထိမ်းမြားလက်ထပ်မှုများတွင် မုဆိုးကိုယ်တိုင်၊ သားကောင်ဖြစ်ရသည်များလည်း ရှိသည်။ လူကုန်ကူးခံရသည်ဆိုသော အမျိုးသမီးကိုယ်တိုင်က လူပွဲစားနှင့် ကြိုတင်အကွက်ဆင်၍ တရုတ်အမျိုးသားထံ ရောင်းစားခံကာ ခေတ္တပေါင်းသင်းပြီးနောက် ထွက်ပြေးလာခြင်းမျိုးဖြစ်သည်။

"၂၀၁၀ နောက်ပိုင်းကစပြီး ပွဲစားက စစည်းရုံးကတည်းက တရုတ်အမျိုးသားနဲ့ လက်ထပ်ရမယ်။ ကျပ် ၁၀ သိန်း၊ ကျပ် ၁၅ သိန်းရမယ်။ ခြောက်လလောက်ပေါင်းပြီး ပြန်လာလို့ရမယ်။ ကလေးတစ်ဦးမွေးပြီးရင်ပြန်လာလို့ရမယ်ဆိုပြီး သဘောတူညီမှုနဲ့ ပို့ရောင်းစားတာတွေ တွေ့လာရတယ်"ဟု ဒုတိယရဲမှူးကြီးညွန့်လှိုင်က ပြောသည်။

"တစ်ခါတလေကျတော့လည်း အတိုင်းအတာတစ်ခုထိ တရုတ်တွေနဲ့ ယူရမယ်ဆိုတာ သိတယ်။ ပွဲစားကိုယ်တိုင်က သင်ပေးလိုက်တာမျိုးတွေ ရှိတယ်။ နင်တို့ပြန်ထွက်ပြေးလာလို့ ရတယ်။ ဘာညာဆိုပြီးတော့ပေါ့။ တချို့တရုတ်အမျိုးသားတွေလည်း အဲဒီလိုမျိုးမှာ ဒုက္ခရောက်တဲ့သူတွေ ရှိတယ်။ သူလယ်ရင် ကိုယ်ခံ၊ ကိုယ်လယ်ရင်လည်း သူခံသွားရတာမျိုးတွေရှိတာပေါ့နော်" ဟု ဒေါ်ဥမ္မာအိအိချောကလည်း သုံးသပ်ပြသည်။

စီးပွားရေးကျပ်တည်းမှုကြောင့် ထွက်ပေါက်အဖြစ် ပွဲစားနှင့် တိုင်ပင်ကာ ထိုသို့ပြုလုပ်ဝင်ငွေရှာဖွေမှုမှာ အဖြေကောင်းမဟုတ်ပါ။ လူကုန်ကူးမှု တိုက်ဖျက်ရေးလုပ်ငန်းများအတွက်လည်း ထိုအခြေအနေက အဟန့်အတားသစ်ဖြစ်လာစေသည်။

မြန်မာနိုင်ငံတွင် လူကုန်ကူးမှု ကာကွယ်တားဆီး တိုက်ဖျက်ရေးလုပ်ငန်းများမှာ အစိုးရ၊ နိုင်ငံတကာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှုများအရ အောင်မြင်မှုများရရှိနေပြီဖြစ်သလို စိန်ခေါ်မှုများစွာလည်း ရှိပါသေးသည်။

အစိုးရက နိုင်ငံတကာ လက်ခံသော လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကို ၂၀၀၅ ခုနှစ်တွင် စက်တင်ဘာ ၁၃ ရက်က ပြဋ္ဌာန်းခဲ့ပြီးနောက် ၂၀၀၆ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ခြောက်နှစ်တာကာလအတွင်း လူကုန်ကူးမှု ၇၇၇ မှုကို ဖော်ထုတ်အရေးယူနိုင်ခဲ့သည်။ တရားခံ ၂,၁၆၄ ဦးကို ဖမ်းဆီးအရေးယူနိုင်ခဲ့ပြီး၊ လူကုန်ကူးခံရသူ ၁,၃၃၁ ဦးကို ကယ်တင်ပေးနိုင်ခဲ့သည်။

လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေအရ လူကုန်ကူးသူမှာပြစ်ဒဏ်ထင်ရှားလျှင်ထောင်ဒဏ်ငါးနှစ်မှဆယ်နှစ်အထိ ချမှတ်အရေးယူပြီး၊ အခြားပြစ်မှုများပါကျူးလွန်လျှင် အမြင့်ဆုံး သေဒဏ်အထိ ချမှတ်သည်ကိုတွေ့ရသည်။

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့က လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး အထူးအဖွဲ့ ၂၄ ဖွဲ့ကို ဖွဲ့စည်းခြင်း၊ လူကုန်ကူးမှုနှင့်ပတ်သက်၍ ဆက်သွယ်သတင်းပေးတိုင်ကြားနိုင်ရန် အရေးပေါ် ဖုန်းနံပါတ်များ (Hot Line)ထားရှိပေးခြင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ပညာပေးလုပ်ငန်း၊ ကြိုတင်ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း စသည်တို့ကို ဆောင်ရွက်နိုင်ခဲ့သည်။ ထို့အပြင် ထိုင်းနိုင်ငံသို့ ရောက်ရှိနေသော တရားမဝင် မြန်မာအလုပ်သမားများအတွက် ယာယီနိုင်ငံကူးလက်မှတ်ပြုလုပ်ပေးခြင်းမှာလည်း လူကုန်ကူးကာကွယ်ရေးလုပ်ငန်းများအတွက် အထောက်အကူပြုသည်။

ထိုသို့ ဆောင်ရွက်ချက်များကြောင့် အမေရိကန်နိုင်ငံ၏ ၂၀၁၂ လူကုန်ကူးမှုဆိုင်ရာ အစီရင်ခံစာတွင် မြန်မာနိုင်ငံကို လူကုန်ကူးမှုအန္တရာယ်အများဆုံးနိုင်ငံများစာရင်းမှအဆင့်မြှင့်၍ စောင့်ကြည့်အဆင့်-၂သို့ သတ်မှတ်ပေးခဲ့သည်။

လူကုန်ကူးမှုမှာ မြန်မာနိုင်ငံကဲ့သို့ ဆင်းရဲသော နိုင်ငံများသာမက ချမ်းသာသောနိုင်ငံများ၌ပင် ဖြစ်ပွားသည်။ ကမ္ဘာတွင် နှစ်စဉ် လူ ၂၁သမ၅ သန်း နေ့စဉ် ၆၈၀၀ လူကုန်ကူးခံနေရသည်။ ပြည်တွင်း၌ဖြစ်ပွားသောလူကုန်ကူးမှုပုံစံများမှာ အဓမ္မထိမ်းမြားလက်ထပ်ခြင်း၊ ပြည့်တန်ဆာပြုခြင်း၊ လုပ်အားခေါင်းပုံဖြတ်ခြင်း၊ ကလေးလူကုန်ကူးခြင်း၊ အဓမ္မတောင်းရမ်းခိုင်းခြင်း၊ အဓမ္မမွေးစားခြင်း၊ လိင်ခေါင်းပုံဖြတ်ခြင်းတို့ဖြစ်သည်။ အဓမ္မထိမ်းခြားလက်ထပ်ခြင်းမှာ အများဆုံးဖြစ်ပါသည်။

သို့သော် နိုင်ငံ့စီးပွားရေး ကျဆင်းနေခြင်းကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးနေခြင်း၊ လူကုန်ကူးမှု အများဆုံးဦးတည်ရာ တရုတ်နိုင်ငံတွင် ပွဲစားများနှင့် လူကုန်ကူးတရားခံများအား ထိရောက်စွာပြစ်ဒဏ်ချမှတ်သောဥပဒေများ မရှိသေးခြင်း၊ လူကုန်ကူးခံရသူများကိုကယ်တင်ပြီးပါက ဘဝရပ်တည်နိုင်ရေးအတွက် မဆောင်ရွက်ပေးနိုင်သေးခြင်း၊ လူကုန်ကူးမှုနှင့်ပတ်သက်၍ လူအများစုဗဟုသုတနည်းနေခြင်း၊ ပြည်တွင်း၌ဖြစ်သော လူကုန်ကူးမှုများ တိုးလာခြင်း စသည်တို့မှာလည်း စိန်ခေါ်ချက်များဖြစ်ပါသည်။

အစိုးရသစ်လက်ထက်တွင် ပေါ်ပေါက်လာသော လွှတ်တော်များမှာလည်း တစ်ကြိမ်ထက်တစ်ကြိမ် မေးခွန်း၊ အဆို၊ ဥပဒေကြမ်းများ ပိုမိုတင်သွင်းဆွေးနွေးလာသော်လည်း ယနေ့အထိ လူကုန်ကူးမှုနှင့်ပတ်သက်၍ ဆွေးနွေးမှုလုံးဝမရှိသေးပေ။ လူကုန်ကူးမှုမှာ စီးပွားရေးနိမ့်ကျမှုကြောင့် ပေါ်ထွက်လာသောပြဿနာတစ်ရပ်ဖြစ်ပြီး၊ စီးပွားဖွံ့ဖြိုးအောင်လုပ်နိုင်သည်နှင့် ထိုပြဿနာဖြေရှင်းပြီးဖြစ်မည်ဟုလည်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်းက ပြောသည်။

လူကုန်ကူးသူများလက်မှ စွန့်စွန့်စားစား ထွက်ပြေးလွတ်မြောက်လာသော်လည်း ခင်နုတစ်ယောက် ရန်ကုန်ပြန်ရောက်၍ ကိုးလကြာသည့်တိုင် အသက်မွေးဝမ်းကျောင်းအတွက် အလုပ်တစ်ခုရရန် သူ မစွမ်းဆောင်နိုင်သေးပါ။ သက်ဆိုင်ရာတာဝန်ရှိသူများကလည်း သူ့ကို ထောက်ပံ့ကြေးငါးထောင်ပေး၍ အိမ်အရောက်ကောင်းမွန်စွာ စောင့်ရှောက်ပို့ဆောင်ပေးခဲ့သည်။ အလုပ်ရရန်တော့ ကူညီနိုင်မည့်သူ မရှိသေးပါ။ ဆွေမျိုးများမရှိတော့သော နန်းဝေတစ်ယောက် ဘယ်ဆီရောက်နေသည်ကို ခင်နုလည်း မသိတော့ပါ။

■

7DAY NEWS JOURNAL
Vol.11, No.18 • JULY 12 , 2012

# မင်္ဂလာဈေးနှင့် ယုဇနပလာဇာ ဈေးဆိုင်များ အရောင်းအဝယ်ထိုင်း

**ကိုကိုကြီး**

**ရန်ကုန်၊ ဇူလိုင် - ၉**

ရန်ကုန်ရှိလူသုံးကုန်ပစ္စည်းအမျိုးမျိုးရောင်းချသည့် လက်လီနှင့် လက်ကားဈေးကွက်ကြီးဖြစ်သည့် မင်္ဂလာဈေးနှင့် ယုဇနပလာဇာတို့တွင် လုပ်ကိုင်နေသော အရောင်းအဝယ်လုပ်ငန်းများ လည်ပတ်မှုအခြေအနေသည် ပြီးခဲ့သည့်နှစ်မိုးရာသီနှင့်နှိုင်းယှဉ်ပါက တုံ့ဆိုင်းနေကြောင်း သိရသည်။

ယခုနှစ်တွင် နယ်မြို့များမှ ဝယ်လိုအား သိသိသာသာကျဆင်းသွားခြင်းကြောင့် ယခုနှစ်မိုးတွင်းချိန်တွင် အရောင်းအဝယ်လည်ပတ်မှု ကျဆင်းနေခြင်းဖြစ်ကြောင်းသိရသည်။

"ဈေးကွက်ပျက်ပြီးအရောင်းအဝယ်ပါးတာကြာပြီ။ အရင်နှစ်က အေးတယ်ဆိုပေမယ့် ဈေးရသေးတယ်။ အခုက ဈေးကိုမရဘူးဖြစ်နေတယ်။ တစ်ရက် ခြောက်သောင်းလောက်ရမှ ကိုက်မှာဖြစ်ပေမယ့် အခုက တစ်ရက်ကို သုံးသောင်း၊ ငါးသောင်းလောက်ပဲ အရောင်းအဝယ်ဖြစ်နေတာ"ဟု ယုဇနပလာဇာ ပထမထပ်တွင် အိတ်မျိုးစုံများ ဖွင့်လှစ်သည့် လုပ်ငန်းရှင်တစ်ဦးကပြောသည်။

နယ်မြို့များမှ ဝယ်လိုအားအခြေအနေသည် မူလက ပစ္စည်းသစ်ဝင်လာသည့် အနေအထားအလိုက် ငွေအားနိုင်သလောက် ဝယ်ယူလေ့ရှိသော်လည်း ယခုအချိန်တွင်မူ ဝယ်အားသည် နှစ်လ (သို့မဟုတ်) သုံးလ တစ်ကြိမ်ခြားရောက်မှသာ ဝယ်ယူသည့်ပုံစံပြောင်းသွားကြောင်းသိရသည်။



ဓာတ်ပုံ - ဇေယျာအောင် (အေအက်ဖ်ပီ)

**ယုဇနပလာဇာအတွင်းပိုင်းမြင်ကွင်း**

မင်္ဂလာဈေး မြေညီထပ်တွင် အထည်ဆိုင်ဖွင့်လှစ်ရောင်းချသည့် လုပ်ငန်းရှင်တစ်ဦးက "အခုက အရင်းပါ ပြုတ်မယ့်အခြေအနေဖြစ်နေတယ်။ ရခိုင်ဈေးကွက်ကို ရောင်းထားတဲ့ပစ္စည်းတွေက ငွေပြန်မပေါ်လာသေးတော့ ပြန်နာလန်မထူသေးဘူး"ဟုပြောသည်။

အရောင်းအဝယ် လုပ်ငန်းများ ကျဆင်းနေသော်လည်း မင်္ဂလာဈေးအတွင်းဖွင့်လှစ်ရောင်းချနေသည့် ဆိုင်ခန်းများပိတ်လိုက်ရသည့်အခြေအနေထိမရှိကြောင်း၊ သို့သော် ဈေးအတွင်းရှိ ဆိုင်ခန်းများကို ညနေ ၅ နာရီ မိနစ် ၃၀ နောက်ဆုံးထား ပိတ်သိမ်းရသော်လည်း လုပ်ငန်းလည်ပတ်မှုတုံ့ဆိုင်းနေခြင်းကြောင့် အချို့ဆိုင်ခန်းများသည် ညနေ၄ နာရီဝန်းကျင်တွင် ဆိုင်သိမ်းရန် ပြင်ဆင်မှုများရှိလာကြောင်း ၎င်းကပြောသည်။

ယုဇနပလာဇာတွင် အထည်ဆိုင်ဖွင့်လှစ်ရောင်းချသည့် လုပ်ငန်းရှင်တစ်ဦးက "အရင်က တစ်သောင်းဖိုးလောက် ဝယ်တဲ့သူက အခုဆိုရင် ၇,၀၀၀ ဖိုးလောက်ပဲ ဝယ်တော့တာ။ ဝါဝင်သွားရင် အများစုကအလျှအတန်းဘက်ရောက်သွားမှာဆိုတော့ ရောင်းအားက ထိုးဆင်းမှာပဲ"ဟုပြောသည်။

ဈေးကွက်အတွင်း အရောင်းအဝယ် လုပ်ငန်းများကျဆင်းနေခြင်းကြောင့် ထိုင်းနှင့် တရုတ်နယ်စပ်တို့မှတစ်ဆင့် တင်သွင်းသည့် အခေါက်အရေအတွက်သည်တစ်လလျှင် မူလက သုံးခေါက်ခန့်ရှိရာမှ ယခုတစ်ခေါက်နှစ်ခေါက်မျှသာရှိကြောင်း သိရသည်။

## ဓာတ်ဆီပြင်ပဈေးနှုန်း တစ်ပီပါ ကျပ်ငါးသောင်းတက်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ဇူလိုင်-၉**

ပုဂ္ဂလိက စက်သုံးဆီဆိုင်များကို နိုင်ငံတော်မှ ပေးနေသော ပြည်တွင်းထုတ် ဓာတ်ဆီခွဲတမ်းများ လျှော့ချလိုက်သောကြောင့် ပြင်ပဓာတ်ဆီဈေးနှုန်းများ တစ်ပီပါလျှင် ကျပ် ၅၀,၀၀၀ နှုန်းထိ မြင့်တက်သွားကြောင်းပြင်ပစက်သုံးဆီဈေးကွက်မှ သတင်းရရှိသည်။

ပြင်ပဓာတ်ဆီဈေးနှုန်းများမှာ ဇူလိုင်လဆန်းပိုင်းတွင် တစ်ပီပါလျှင် ၁၈၀,၀၀၀ ကျပ်ဝန်းကျင်ရှိနေရာမှ ဇူလိုင် ၉ ရက်တွင် ၂၃၀,၀၀၀ ကျပ်ထိ ဈေးနှုန်းများ မြင့်တက်လာခဲ့သည်။

"ဆီဈေးတွေက လဆန်းပိုင်းကလည်းက တောက်လျှောက်တက်လာတာ။ တစ်ပတ်လောက်အတွင်းကို တစ်ပီပါ ၅၀,၀၀၀ လောက်ထိ တက်လာတယ်"ဟု ပြင်ပစက်သုံးဆီရောင်းချသော လုပ်ငန်းရှင်တစ်ဦးကပြောသည်။

စက်သုံးဆီဈေးနှုန်းများတက်ရခြင်းမှာ ပုဂ္ဂလိက စက်သုံးဆီဆိုင်များသို့ အစိုးရကရောင်းပေးနေသော ပြည်တွင်းထုတ် ဆီခွဲတမ်းမှာ ဇူလိုင်လအတွက် ထက်ဝက်လျှော့ချလိုက်ကြောင်း ဆီဝယ်လိုအားများပြီး ပစ္စည်းရှားနေခြင်းကြောင့် ယခုကဲ့သို့ ဆီဈေးအတက်ကြမ်းရခြင်းဖြစ်ကြောင်း စက်သုံးဆီရောင်းချသူများက သုံးသပ်ပြသည်။

ထို့အတူ ပြင်ပတွင် ရောင်းချသော ဒီဇယ်ဈေးနှုန်းမှာလည်း တစ်ပီပါလျှင် ၁၆၂,၀၀၀ ကျပ်မှ ၁၆၄,၀၀၀ ကျပ်ထိရှိလာ၍ တစ်ပီပါလျှင် ၂,၀၀၀ ကျပ်ဈေးတက်ခဲ့သည်။

ပုဂ္ဂလိကဆီဆိုင်များ၏ ဆီခွဲတမ်းများ လျှော့ချသော်လည်း ၎င်းဆိုင်များတွင် ရောင်းချသော စက်သုံးဆီဈေးနှုန်းများမှာ ပြောင်းလဲမှု မရှိဘဲ ဓာတ်ဆီတစ်ဂါလန်လျှင် ၃,၅၅၀ ကျပ်ဖြစ်သည်။

## မျက်နှာဖုံး-ရန်ကုန်နှင့် မန္တလေး နည်းပညာ တက္ကသိုလ်များ အဆင်မြှင့်၍ ပြန်ဖွင့်မည် မှ

ပြည်တွင်းရှိ အခြားနည်းပညာတက္ကသိုလ် ၃၃ ခုအား တစ်ပြိုင်နက် အဆင့်မြှင့်တင်ရန် ငွေကြေးအခြေအနေနှင့် သင်ကြားမှုဆိုင်ရာ လိုအပ်ချက်များ အရလောလောဆယ်ပံ့ပိုးပေးနိုင်ခြင်းမရှိသေးကြောင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးအေးမြင့်က ပြောကြားသည်။

ယင်းတက္ကသိုလ်နှစ်ခုတွင် နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်းများ၊သင်ကြားမှုနည်းစနစ်များ၊ စာမေးပွဲစစ်ဆေးသည့် နည်းစနစ်များနှင့် သင်ကြားရေးဆရာ၊ ဆရာမများဖြင့် သင်ကြားပေးနိုင်ရန်နှင့် သင်တန်းကာလကို အခြားနည်းပညာတက္ကသိုလ်များနည်းတူ ခြောက်နှစ်သတ်မှတ်၍ အင်ဂျင်နီယာပုံစံကျကျဖြင့် သင်ကြားပေးနိုင်မည်ဖြစ်ကြောင်း ယင်းတက္ကသိုလ်များအဆင့်တိုးမြှင့်နိုင်ရေးအစည်းအဝေး၌ ဝန်ကြီး၏ပြောကြားချက်ကို ဇူလိုင်လ ၉ ရက်ထုတ်နိုင်ငံပိုင်သတင်းစာတွင်ဖော်ပြထားသည်။

ယခုနှစ်တွင်ပြန်လည်ဖွင့်လှစ်မည့် အဆိုပါရန်ကုန်နှင့်မန္တလေးနည်းပညာတက္ကသိုလ်တို့တွင် ကျောင်းဝင်ခွင့်ရရှိမည့် ကျောင်းသားများအနေဖြင့် အင်ဂျင်နီယာဘွဲ့သင်တန်းကို တိုက်ရိုက်တက်ရောက်ခွင့်ရရှိတော့မည်ဖြစ်သည်။

လက်ရှိနည်းပညာတက္ကသိုလ်များ၌ တက်ရောက်နေသော ကျောင်းသားများအနေဖြင့် ဝင်ခွင့်ရရှိပြီး ၂ နှစ် တက်ရောက်အောင်မြင်ပါက A.G.T.I ဒီပလိုမာလက်မှတ်ပေးအပ်၍ သတ်မှတ်အရည်အချင်း ပြည့်မီသူများကို B.Tech ပထမနှစ် သင်တန်းများသို့တက်ရောက်ခွင့်ပြုသည်။ ယင်းသင်တန်း ဒုတိယနှစ်အောင်မြင်သူများကို သက်ဆိုင်ရာ ဘာသာရပ်ဘွဲ့များ အပ်နှင်းလျက်ရှိပြီး သတ်မှတ်အရည်အချင်း ပြည့်မီသူများကိုသာ B.E ဘွဲ့သင်တန်း ဆက်လက်တက်ရောက်ခွင့်ပြုသည့်စနစ်ကိုကျင့်သုံးလျက်ရှိသည်။

## မျက်နှာဖုံး-လူငယ်များ ဆေးသောက်မှားခြင်း မှ

ယင်းလူငယ်နည်းတူ ကျန်လူငယ်သုံးဦးလည်း မရှေးမနှောင်းပင် ယင်းပုံစံအတိုင်း လိုက်လံဆောင်ရွက်နေကြပြီး ရောက်တတ်ရာရာစကားတို့ဖြင့် တီးတိုးစွာဖောင်ဖွဲ့လျက်ရှိသည်။ ကျိုက်လတ်မြို့ကမ်းနားလမ်းမပေါ်က ပုံမှန်မြင်တွေ့နေကျ မြင်ကွင်းတစ်ခုပင် ဖြစ်သည်။

အထက်ပါလူငယ်တို့သောက်သုံးနေသည့် အဖြူရောင်ဆေးလုံးများမှာ ထမရောဆေးပြားဖြစ်သည်။ ဆေးဆိုင်တွင် ဝယ်ယူလျှင်ပင် ဆရာဝန်၏ အထောက်အထားခိုင်လုံမှသာ ဝယ်ယူနိုင်သောဆေးများဖြစ်သော်လည်း ကျိုက်လတ်ကဲ့သို့မြို့နယ်များတွင်တော့ လမ်းဘေးကွမ်းယာဆိုင်မှာပင် အလွယ်တကူ ဝယ်ယူရရှိနိုင်ပြီလည်းဖြစ်သည်။ "တကယ်တော့ ဒီထမရောဆေးက တရုတ်ဘက်က ဝင်တာများတယ်။ ကင်ဆာရောဂါသမားတွေသုံးတဲ့ဆေးပါ။ ဘာရောဂါမှမရှိတဲ့သူ သောက်မယ်ဆိုရင်တော့ ကျောက်ကပ်ပျက်စီးနိုင်တယ်"ဟု ကျိုက်လတ်မြို့မှ ဆရာဝန်တစ်ဦးကပြောသည်။

သုံးစွဲသူများက တက်ကြွလန်းဆန်းနေစေရန် ဇိမ်နှင့် မှေးနေလိုသူများအတွက်လည်း ဇိမ်ခံကောင်းရန် သောက်သုံးကြခြင်းဖြစ်သည်။ လွန်ခဲ့သော သုံးလေးလခန့်မှစတင်ကာ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ မအူပင်၊ ကျိုက်လတ်၊ ဖျာပုံ အစရှိသောမြို့များသို့ ကုန်းလမ်းမှ သော်လည်းကောင်း ရေလမ်းမှသော်လည်းကောင်း ထမရော(TRANDAL) ခေါ်သောဆေးပြားများမှာ ဈေးကွက်နယ်ပယ်သစ်အဖြစ် ခရီးဆန့်လာခဲ့ကြကြောင်း ကျိုက်လတ်မြို့မှ ဒေသခံတို့က ဆိုသည်။

ယင်းထမရောဆေးပြားများမှာ အဆိုပါ မြို့နယ်များတွင်ရှိသော စီးပွားရေးသမားများအတွက် ကုန်စည်အမယ်သစ်အဖြစ် စတင်စမ်းသပ်ရောင်းချကြရာမှ ကျိုက်လတ်နှင့် ဖျာပုံမြို့တို့တွင် ယခုသုံးလေးလအတွင်းပေါ်ပင်စီးပွားရေးတစ်ခုအဖြစ်ထင်ပေါ်လာခဲ့သည်။

ပထမဆုံး ဈေးကွက်အဖြစ် အသက် ၁၈ နှစ်၊ ၁၉ နှစ် အရွယ်ရှိ ကျောင်းသားလူငယ်တို့ထံ ဦးတည်လာခဲ့ပြီး ယင်းမြို့များတွင် မြို့ခံလူငယ်တို့အတွက် ဖက်ရှင်ဆေးဝါးတစ်မျိုးလားဟုပင် ပြောစမှတ်ပြုလာခဲ့ကြောင်း ဖျာပုံမြို့မှ ရပ်ကွက်အုပ်ချုပ်ရေးမှူးတစ်ဦးကဆိုသည်။

ယင်းထမရောဆေး၏ အကျိုးသက်ရောက်မှုမှာကျိုက်လတ်မြို့မှ လူငယ်အချို့ ရန်ကုန်စိတ်ကျန်းမာရေးဆေးရုံကြီးသို့ သုံးလအတွင်း ခြောက်ဦးထက် မနည်းရောက်ခဲ့ပြီလည်းဖြစ်သည်။ "ဆေးက ဒီအတိုင်းဖြတ်လို့မရဘူး။ ဆေးပြတ်သွားပြီဆိုရင်လည်း ကိုယ့်ကိုယ်ကိုယ်သတ်သေရမှာတောင် ဝန်မလေးဘူး" ဟု ရန်ကုန်မြို့တွင် တက်ရောက်ဆေးဖြတ်နေသည့် လူငယ်တစ်ဦး၏ ဖခင်က ပြောသည်။

"ထမရောဆိုတဲ့ ခေါင်းစဉ်နဲ့ ပြောလို့မရဘူး။ ဒီဆေးက မူးယစ်ဆေးဝါးအနွယ်ထဲမှာ အမျိုးအစားဝင်မဝင်ဆိုတာ မသိပါဘူး။ ထမရောသုံးပြီးလာတဲ့လူနာလို့ဆိုပြီး ဆေးရုံအနေနဲ့ ပြောခွင့်မရှိပါဘူး။ တရားရုံးကနေ လွှဲပေးတဲ့လူနာတွေရှိသလို ကိုယ်တိုင်ကိုယ်ကျ လာရောက်ကုသတဲ့ လူနာတွေလည်းရှိတယ်။ သူတို့က ဘာကြောင့် လာရောက်ကုသရပါတယ်ဆိုတာကို ပြောခွင့်မရှိပါဘူး"ဟု ရွာသာကြီးစိတ်ကျန်းမာရေးဆေးရုံမှ ဆေးရုံအုပ်ကြီးဒေါက်တာကျော်စိုးက ပြောသည်။

အဆိုပါ ထမရောဆေးကို မူးယစ်ဆေးဝါးစာရင်းတွင် ထည့်သွင်းထားခြင်းမရှိသော်လည်း ယခင်နှစ်များက ဆေးကြောင့် အသက်ဆုံးရှုံးဖူးသည့်ဖြစ်စဉ်မျိုး နယ်မြို့တစ်ခုတွင် ဖြစ်ပွားဖူးကြောင်း ဆေးစွမ်းပြလာချိန်တွင် အရိုးအတွင်းမှ နာကျင်မှုကို မခံမရပ်နိုင်ဖြစ်ခြင်း၊ ညောင်းညာကိုက်ခဲခြင်းတို့ ဖြစ်ပေါ်လာပြီး ဆေးပြတ်ပြီး လူတစ်ဦးသည်ပင် ပြန်လည်သောက်သုံးမိပါက ထပ်ဖြတ်ရန် အလွန်ခက်ခဲပြီး အသက်အန္တရာယ်ဆုံးရှုံးနိုင်သည့် အခြေအနေမျိုးပင်ရှိကြောင်း မြန်မာနိုင်ငံမူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းမှ တာဝန်ရှိသူတစ်ဦးက ဆေးနှင့်ပတ်သက်၍ အကျိုးအာနိသင်ကို ရှင်းပြသည်။ "ပုံမှန်ဆေးသုံးနေတဲ့သူက မဖြတ်ရင် ဘာမှမဖြစ်ဘူး။ အပြင်လူအနေနဲ့ကြည့်ရင် မသိသာဘူး။ သုံးတဲ့လူက လန်းဆန်းပြီး သာမန်ထက်ထူးကဲတဲ့ အမူအရာမျိုးတွေ ပြလာတယ်"ဟု အထက်ပါပုဂ္ဂိုလ်ကပင်ပြောသည်။

ကျိုက်လတ်၊ ဖျာပုံ အပါအဝင် မြစ်ဝကျွန်းပေါ်ရှိ မြို့အချို့၌ အဆိုပါဆေးကို လွယ်ကူစွာဝယ်ယူနိုင်နေသော်လည်း သက်ဆိုင်ရာက ဖမ်းဆီးအရေးယူမှုပြုလုပ်သည်ကိုမူ ဇူလိုင်လဆန်းအထိ မရှိသေးပေ။

"ရဲက စီမံချက်အနေနဲ့ ဆောင်ရွက်နေတယ်လို့ပြောတယ်။ လောလောဆယ် ရှေ့ပိုင်းကာလတွေကတည်းကလက်ရဖမ်းဆီးမှုတွေ မပြုလုပ်နိုင်သေးတော့အခုလို ပျံ့နှံ့မှု အားကောင်းလာခဲ့တာပေါ့"ဟု ကျိုက်လတ်မြို့မှ ဒေသခံတစ်ဦးက ဆိုသည်။

"လစဉ်ဆေးရုံကဝန်ထမ်းတွေရယ်၊ စည်ပင်ရယ်၊ ရဲရယ်ပူးပေါင်းပြီးတော့ ဆေးဆိုင်တွေကို တစ်လတစ်ခါစစ်ဆေးဆောင်ရွက်မှုတွေကိုပုံမှန်ပြုလုပ်နေပါတယ်။ သတင်းရလို့စောင့်ကြည့်တာမျိုးတွေလည်းရှိတယ်။ ထမရောဆိုတဲ့ ဆေးကိုတော့ လောလောဆယ်မှာ ဖမ်းဆီးရရှိမှုတော့ မရှိသေးပါဘူး" ဟု ကျိုက်လတ်မြို့နယ် ရဲစခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယင်းထမရောဆေး၏ ပျံ့နှံ့မှုက လူကြီးလူငယ် ကျားမမရွေး အရွယ်စုံအကြိုက်တွေ့နေဆဲပင်ဖြစ်ပြီး လန်းဆန်းတက်ကြွမှုအမြင့်ဆုံးအနေအထားအဖြစ် စွမ်းဆောင်ရည်မြင့်မားလာဆဲပင်ဖြစ်သည်။ "ညဘက်စာကျက်ရရင် ဒီဆေးသောက်ထားလို့ကတော့ မအိပ်ချင်ဘူး။ လန်းနေတာပဲ။ ဆေးက သုံးနေရင် ဘာမှမဖြစ်ဘူး။ ဖြတ်လိုက်မှ သိသာလာတာ။ စာကျက်လို့ ကောင်းတယ်ဆိုပြီး ကျောင်းသားတွေအတွက် အကြောင်းပြချက်တစ်ခုပဲပေါ့" ဟု ကျိုက်လတ်ဒေသခံတစ်ဦးကဆေး၏အာနိသင်ကိုပြောပြသည်။

အဆိုးနှင့် အကောင်း အကျိုးနှင့်အပြစ်ဒွန်တွဲနေသော ထမရောဆေးပြားမှာ ဆေးတစ်ကတ်လျှင် ၁၀ လုံးပါဝင်ပြီး ငွေ ၁၅၀၀ ကျပ်နှင့် လွယ်လင့်တကူဝယ်ယူရရှိနိုင်မှုတို့ကြောင့် ကျိုက်လတ်နှင့် ဖျာပုံမြို့တို့တွင် ပျံ့နှံ့မှုအားကောင်းဆဲပင်ဖြစ်သည်။ ထမရော၏ အကျိုးကျေးဇူးကြောင့် ကျိုက်လတ်နှင့် ဖျာပုံတွင် အသက် ၂၀ ဝန်းကျင်အရွယ်ရှိ လူငယ် ၃ ပုံ ၂ ပုံမှာ ထမရော၏ ကျေးကျွန်အဖြစ်ရောက်ရှိနေပြီလည်းဖြစ်သည်။ ထမရောကြောင့် ရန်ကုန်မြို့ရှိ စိတ္တဇဆေးရုံသို့ ထပ်မံ၍အစဉ်ဆက်တိုက်ပုံစံဖြင့် ဝင်ရောက်လာမည့် လူငယ်ထုအတွက် များစွာရင်လေးစရာ။

ဖျာပုံမြစ်ကမ်းနဘေး ကျိုက်လတ်မြို့ ကမ်းနားလမ်းမှ နေလုံးကြီးက လုံးဝပျောက်ကွယ်သွားခဲ့ပြီဖြစ်သည်။ ညနေပိုင်းက အသက်ဝင်လှုပ်ရှားခဲ့သော ကမ်းနဖူးပေါ်က လက်ဖက်ရည်ဆိုင်လေးမှာ အချိန်နှင့်အမျှ ပို၍ပို၍ပင် စည်ကားလာပြီဖြစ်သည်။

7 DAY NEWS JOURNAL
Vol.11, No.18 • JULY 12 , 2012



## ရေစကြိုမြို့နယ် မြစ်ရေတိုးကမ်းပြို၍ ရွှေ့ပြောင်းနေရ

**သန်းဌေး၊သိမ့်သိမ့်စိုး**
**ရန်ကုန်၊ဇူလိုင်-၉**

ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်ပေါင်းဆုံသော မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်နေရာတွင် မြစ်ရေတိုးကာကမ်းပြိုသောကြောင့် မြစ်အောက်ပိုင်းကျေးရွာအချို့ ပြောင်းရွှေ့နေရကြောင်း ဒေသခံများက ပြောသည်။

"မိုးမရွာဘဲ ရေတွေတိုးလာတော့ ကမ်းတွေပြိုပြီး ကျွန်မတို့အိမ် ဖျက်လိုက်ရတယ်။ ဒီအချိန်က နှမ်းနဲ့ပဲတီစိမ်းစိုက်ချိန်ဆိုတော့ မလုပ်ရတော့ဘူး။ အခုအိမ်ကိုငါးမြာလေးပိုင်နယ်ထဲ ရွှေ့နေတယ်။ ငါးမြာကြီးမှာ လုပ်စားပိုင်ခွင့် မြေတွေမရှိတော့ဘူး။ ကမ်းပြိုတဲ့အထဲ ပါသွားကုန်ပြီ"ဟု ရေစကြိုမြို့နယ် ငါးမြာကြီးကျေးရွာမှ အမျိုးသမီးတစ်ဦးကပြောသည်။

ငါးမြာကြီးကျေးရွာမှ အိမ်ခြေ ၉၁ လုံး ရွှေ့ပြောင်းပြီး၍ အိမ် ၁၉ လုံး ဖျက်နေသောကြောင့် အိမ်ထောင်စု ၂၇၇ စုမှ လူဦးရေ ၉၄၃ ဦး၊ ဘုန်းကြီးကျောင်းနှစ်ကျောင်းနှင့် စာသင်ကျောင်းတစ်ကျောင်းတို့ ပြောင်းရွှေ့နေကြောင်း ကူညီဆောင်ရွက်ပေးနေသော ဗလဗ ကျေးရွာသား ဦးမြင့်အောင်က ပြောသည်။ မြစ်ရိုးတစ်လျှောက် မြေနုကျွန်းပေါ်ရှိ ငါးမြာကြီးကျေးရွာအပြင် ရွာလေးရွာမှာလည်း မြေပြိုမှုကြုံတွေ့နေသည်။

"မြစ်ကတော့ ပြိုဆဲပဲ။ လေးရာပြည့်၊ ရှင်မရဲ၊ ငါးလန်ရွာတွေပါ ကမ်းပြိုနေလို့ ဆက်ရွှေ့နေရတယ်။ ရွာမြေတွေအပြင်မြေပဲ၊နှမ်း၊ ငရုတ်နဲ့ ကြက်သွန်တွေစိုက်တဲ့ ကိုင်းမြေတွေပါ ဧကရာချီပြိုကျကုန်ပြီ"ဟု ၎င်းကပြောသည်။

ထို့အပြင် ရေစကြိုမြို့ အထက်ဘက်တွင်ရှိသော ကွန်ကရစ်ရေတားတာရိုးမှာ အက်နေသောကြောင့်ပြင်ဆင်ရန်လိုအပ်ကြောင်း ရေစကြိုမြို့ဒေသခံဦးမျိုးသန်းထွန်းကလည်း ပြောသည်။

## အလယ်ပိုင်းဒေသမိုးခေါင်၍ တောင်သူများ ဒုက္ခရောက်

**ပြည်သိမ်း၊ သိမ့်သိမ့်စိုး**
**ရန်ကုန်၊**
**ဇူလိုင်-၉**

မြန်မာနိုင်ငံ အလယ်ပိုင်းဒေသတွင် မိုးခေါင်နေခြင်းကြောင့် သီးနှံအချို့ မစိုက်နိုင်သေးဘဲ စိုက်ထားသော သီးနှံများမှာလည်း မိုးမရွာ၍ ပျက်စီးမည့်အခြေအနေနှင့်ရင်ဆိုင်နေရကြောင်း ဒေသခံတောင်သူများကပြောသည်။

"မိုးကလုံးဝမရွာသေးဘူး။စိုက်ထားတဲ့ ပဲတီစိမ်းတွေ၊ နှမ်းတွေကလည်း လက်လွှတ်ရတော့မယ်"ဟု တောင်တွင်းကြီးမြို့နယ်မှ ပဲနှမ်းကုန်သည်တစ်ဦးက ဆိုသည်။ မြန်မာနိုင်ငံအလယ်ပိုင်းရှိမန္တလေး၊ မကွေး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် မိုးဦးမိုးအနည်းငယ်ရွာပြီးနောက် မိုးခေါင်နေခြင်းဖြစ်သည်။

ထိုဒေသများမှာ ပဲမျိုးစုံနှင့် နှမ်းအဓိကစိုက်ပျိုးသဖြင့် စိုက်ပျိုးချိန်တစ်လခန့် နောက်ကျနေပြီဖြစ်ကြောင်း မန္တလေးမြို့နယ်မှ ဆီလုပ်ငန်းရှင်အသင်းဥက္ကဋ္ဌဦးကိုကိုကြီးက ရှင်းပြသည်။

"မေလတုန်းကမိုးရတဲ့နေရာမှာ စိုက်ထားတယ်။ ပဲစင်းငုံတို့၊ နှမ်းတို့က အပင်ပေါက်ပြီး အခုမိုးမျှော်နေကြတယ်"ဟု မုံရွာမြို့နယ်မှ ဝါရင့်ပဲနှမ်းကုန်သည်ပွဲစားတစ်ဦးက ဆိုသည်။

ယခုနှစ်သည် ဝါထပ်နှစ်ဖြစ်သည့်အတွက်မိုးနောက်ကျမည်ကို ကြိုတင်ပြင်ဆင်၍ စိုက်ပျိုးရန် စီစဉ်ထားသော တောင်သူအချို့လည်းရှိသည်။ ထို့အပြင်မိုးဦးနောက်ကျသဖြင့် ဆောင်းကာလသို့ သီးနှံများရောက်မည်ကို စိုးရိမ်သည့် လယ်သမားများကလည်း မိုးသီးနှံကို မစိုက်ပျိုးရန်ဆုံးဖြတ်ကြသည်။

"မိုးကလုံးဝကို မရွာဘူး။ အခုစိုက်ထားတဲ့အပင်တွေကတော့ နွမ်းနေပြီ"ဟုကျောက်ပန်းတောင်းမြို့နယ် ဆယ်ရွာမှ ကိုဇော်ဝင်းမောင်က ဆိုသည်။

မိုးမရွာသဖြင့် စိုက်ပျိုးမည့် သီးနှံများ စိုက်ချိန်နောက်ကျမှုနှင့်ကြုံနေရကြောင်း စစ်ကိုင်းတိုင်း မြင်းမူမြို့နယ်မှ လယ်သမား ဦးဇင်မင်းစိုးကပြောသည်။

"မိုးကရွာတော့ ရွာတယ်။ ကွက်ကြားမိုးဖြစ်နေတော့စိုက်ပျိုးလို့မရဘူး"ဟု ပခုက္ကူခရိုင် ရေစကြိုမြို့နယ်ဒေသခံ ဦးအောင်မြင့်က ဆိုသည်။

မြန်မာနိုင်ငံအလယ်ပိုင်း မိုးဦးရာသီ မိုးရွာသွန်းမှုအခြေအနေနှင့် ပတ်သက်၍ မိုးလေဝသပညာရှင်ဦးထွန်းလွင်ကလည်း "မြန်မာနိုင်ငံ အလယ်ပိုင်း မိုးနည်းတာက မုန်တိုင်းမရှိလို့ပါ။ ဒီမိုးဦးရာသီမှာတော့ စိုက်ပျိုးဖို့ မိုးရေရဖို့ မလွယ်ဘူး"ဟု ဆိုသည်။

ဘင်္ဂလားပင်လယ်အော်တွင် ယခုချိန်ထိ မုန်တိုင်းတစ်လုံးမှ မဖြစ်သေးခြင်း၊ တောင်တရုတ်ပင်လယ်မှ မုန်တိုင်းများကလည်း မြန်မာနိုင်ငံသို့ သက်ရောက်မှုမရှိခြင်းတို့ကြောင့် မြန်မာနိုင်ငံ အလယ်ပိုင်းတွင် မိုးဦးခေါင်နေရခြင်းဖြစ်ကြောင်း ဦးထွန်းလွင်ကရှင်းပြသည်။

၂၀၁၁ ခုနှစ်က မိုးဦးရာသီတွင် ပုံမှန်မိုးရေရခဲ့ပြီး တောင်တရုတ်ပင်လယ်မှ မုန်တိုင်းများကြောင့် မြန်မာနိုင်ငံအလယ်ပိုင်းတွင် မိုးပုံမှန်ရခဲ့သည်။ သို့သော် မြန်မာနိုင်ငံအောက်ပိုင်းဒေသများဖြစ်သည့်ဧရာဝတီ၊ပဲခူး၊ရန်ကုန်တိုင်းဒေသကြီးတို့တွင် လယ်မြေများ ရေမြုပ်မှုနှင့်ကြုံတွေ့ခဲ့ရသည်။

"မိုးရပြီထင်ပြီး လယ်ထွန်လိုက်တာ။ ထွန်ရင်းနဲ့ မြေကပြန်မာလာတော့ ရပ်နားထားရတယ်"ဟု ရေစကြိုမြို့နယ် သံပုရာချောင်းကျေးရွာမှလယ်သမားဦးဝင်းမောင်က ဆိုသည်။

## အလုပ်သမားဆိုင်ရာအငြင်းပွားမှုများဖြေရှင်းရန် ခုံသမာဓိကောင်စီ ဖွဲ့စည်းတော့မည်

**အေးမြတ်သူ**
**ရန်ကုန်၊ဇူလိုင်-၉**

အလုပ်သမားအငြင်းပွားမှုဖြေရှင်းရေးအတွက် ခုံသမာဓိအဖွဲ့နှစ်ခုအား ဖွဲ့စည်းခွင့်ပြုခဲ့ပြီးနောက် မကြာမီရက်ပိုင်းအတွင်း ခုံသမာဓိကောင်စီကိုလည်း အပြီးသတ်ဖွဲ့စည်းနိုင်တော့မည်ဖြစ်ကြောင်း အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းဝင်းက ပြောသည်။

ခုံသမာဓိအဖွဲ့တွင် ဖြေရှင်းသော အငြင်းပွားမှုမပြေလည်ပါက နောက်ဆုံးအဆင့်အနေဖြင့် ခုံသမာဓိကောင်စီတွင် ဖြေရှင်းရမည်ဖြစ်သည်။ ခုံသမာဓိကောင်စီအား ယခုလအတွင်း ဖွဲ့စည်းမည်ဖြစ်သည်။

အဆိုပါခုံသမာဓိကောင်စီတွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဥပဒေရေးရာကျွမ်းကျင်သူများနှင့် အလုပ်သမားရေးရာ ကျွမ်းကျင်သူများပါဝင်သော ပုဂ္ဂိုလ် ၁၅ ဦးပါဝင်ပြီး ဝန်ကြီးဌာနမှ ပုဂ္ဂိုလ် ၅ ဦး၊ အလုပ်ရှင်အဖွဲ့စည်းမှ ပုဂ္ဂိုလ် ၅ ဦးနှင့် အလုပ်သမားအဖွဲ့အစည်းမှ ပုဂ္ဂိုလ် ၅ ဦးတို့ပါဝင်သည်။

"အခု ခုံသမာဓိကောင်စီမှာ သတ်မှတ်ထားတဲ့ အလုပ်ရှင်၊ အလုပ်သမား ကိုယ်စားလှယ်တွေက အကျင့်စာရိတ္တကောင်းရမယ်။ လူမှုရေးတရားမျှတရမယ်။ ဘယ်အဖွဲ့အစည်းမှ မထမ်းဆောင်ဘဲ သီးခြားလွတ်လပ်သူဖြစ်ရမယ်။ အလုပ်သမားအဖွဲ့အစည်း၊ အလုပ်ရှင်အဖွဲ့အစည်းတွေထဲက မဖြစ်ရဘူး"ဟု ညွှန်ကြားရေးမှူးချုပ်က ပြောသည်။

အဆိုပါ ခုံသမာဓိကောင်စီတွင် ပါဝင်သော ပုဂ္ဂိုလ် ၁၅ ဦးအနက် ညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား)လေးဦးပါပြီး လက်ရှိညွှန်ကြားရေးမှူးတစ်ဦးပါဝင်ကာ ဥပဒေပညာရှင်နှစ်ဦး ပါဝင်ဖွဲ့စည်းထားကြောင်း ၎င်းကပြောသည်။

အငြင်းပွားမှုများ ဖြေရှင်းရာ၌ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးတွင် စတင်ဖြေရှင်းရပြီး ထိုမှပြေလည်မှုမရှိလျှင် ခုံသမာဓိသို့တင်၍ ခုံသမာဓိမှ မပြေလည်လျှင် ခုံသမာဓိကောင်စီက ဖြေရှင်းရသည်ဟု ဆိုသည်။



အထည်ချုပ်စက်ရုံတစ်ခုရှေ့တွင် လုပ်ခလစာအတွက် ဆန္ဒပြတောင်းဆိုနေသော အလုပ်သမများကို တွေ့ရစဉ်

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ခုံသမာဓိအဖွဲ့များကိုရန်ကုန်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် မေလ ၂၃ ရက်တွင် စတင်ဖွဲ့စည်းခွင့်ပြုခဲ့ပြီး ခွင့်ပြုပေးရန်ကျန်ရှိနေသေးသည့် မန္တလေးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ခုံသမာဓိအဖွဲ့များ ဆက်လက်ဖွဲ့စည်းရန် ဆောင်ရွက်လျက်ရှိကြောင်း ၎င်းကပြောသည်။

"အလုပ်ရှင်အားလုံးကိုကိုယ်စားပြုနိုင်မယ့်အလုပ်ရှင်ကိုယ်စားလှယ်၊ အလုပ်သမားအများစုကို ကိုယ်စားပြုနိုင်မယ့်ကိုယ်စားလှယ်ဒါလေးတွေ ရွေးပေးပါလို့ သူတို့ကို မေတ္တာရပ်ခံတယ်။ ကျွန်တော်တို့က ဘာမှဝင်ပြီး မစွက်ဖက်ပါဘူး။ သူတို့ဘာသာသူတို့ လွတ်လွတ်လပ်လပ် ရွေးချယ်မယ့် အဖွဲ့ကိုယ်စားလှယ်တွေကိုး"ဟု ဒေါက်တာသန်းဝင်းကပြောသည်။

## အမေရိကန်အစိုးရက ဒေါ်လာသုံးသန်းလှူဒါန်းမည်

**အိဖြူမွန်**
**ရန်ကုန်၊ ဇူလိုင် - ၄**

အမေရိကန်အစိုးရ၏နိုင်ငံရပ်ခြားဘေးအန္တရာယ်အကူအညီပေးရေးရုံးမှတစ်ဆင့် လူသားချင်းစာနာမှုဆိုင်ရာအကူအညီ မြန်မာနိုင်ငံသို့ အမေရိကန်ဒေါ်လာသုံးသန်း ထောက်ပံ့မည်ဖြစ်ကြောင်း အမေရိကန်သံရုံး ယာယီတာဝန်ခံ မိုက်ကယ်သာရ်စထန်ကပြောသည်။

ယင်းဒေါ်လာသုံးသန်းသည် ပြည်တွင်းပဋိပက္ခကြောင့် နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်သူများနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအစီအစဉ်များအတွက် ထောက်ပံ့ကူညီခြင်းဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

ရခိုင်ပြည်နယ်အတွင်း နေရပ်စွန့်ခွာပြောင်းရွှေ့ရသူများအား အရေးပေါ်အကူအညီပေးရေးနှင့် ကချင်ပြည်နယ် ဒုက္ခသည်များ ဆက်လက်ကူညီရန် ဒေါ်လာတစ်သန်းနှင့်မြန်မာနိုင်ငံအစိုးရ၏ သဘာဝဘေးအန္တရာယ်လျော့ချရေးအစီအမံမှုများတွင် ကူညီရန် အမေရိကန်ဒေါ်လာနှစ်သန်း ကူညီမည်ဖြစ်သည်။

"ဒီအကူအညီက ရခိုင်ပြည်နယ် ဒါမှမဟုတ် ကချင်ပြည်နယ်အတွင်းမှာရှိတဲ့ နေရပ်စွန့်ခွာပြောင်းရွှေ့နေထိုင်ရတဲ့သူတွေအားလုံးကိုကူညီပေးဖို့ဖြစ်ပါတယ်။ ဖြစ်ပေါ်လာတဲ့အခြေအနေကို လျော့လာအကဲဖြတ်ဖို့နဲ့ စွမ်းအားရှိသလောက် တုံ့ပြန်သွားဖို့အတွက် အစိုးရနဲ့အတူပူးပေါင်းဆောင်ရွက်သွားပါမယ်။ ကျွန်တော်တို့ရဲ့ ရည်ရွယ်ချက်က အကူအညီလိုအပ်နေတဲ့ လူ့အသိုင်းအဝိုင်းအားလုံးကို ကူညီပေးဖို့ပါ"ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

သဘာဝဘေးအန္တရာယ်လျော့ချရေးအစီအစဉ်များကို ကူညီထောက်ပံ့နေကြောင်း ယင်းအကူအညီများကို World Vision၊ Save the Children၊ နိုင်ငံတကာရွှေ့ပြောင်းသူများဆိုင်ရာအဖွဲ့အစည်း(အိုင်အိုအမ်)၊ အမေရိကန်ဘူမိဌာနတို့နှင့် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်းမိုက်ကယ်သာရ်စထန်က ထပ်မံပြောသည်။

## စက်မှုဇုန်များ ၂၄ နာရီ လျှပ်စစ်မီးဆက်တိုက်ရပါက စက်ရုံဝန်ထမ်းများ ဝင်ငွေတိုးနိုင်

**သိမ့်သိမ့်စိုး**
**ရန်ကုန်၊ဇူလိုင်-၉**

စက်မှုဇုန်များကို ဇူလိုင် ၉ ရက်မှစ၍ လျှပ်စစ်မီး ၂၄ နာရီအချိန်ပြည့်ပေးနေပြီဖြစ်၍ စက်မှုဇုန်ဝန်ထမ်းအချို့၏ ဝင်ငွေများလည်း တိုးလာနိုင်ကြောင်း စက်မှုဇုန်လုပ်ငန်းရှင်အချို့က ပြောသည်။

"အခုလို မီးအချိန်ပြည့်ပေးတာတွေ မှန်လာရင် ဝန်ထမ်းတွေကို ပေးတဲ့နှုန်းတွေလည်း တိုးလာနိုင်တယ်။ လစာတိုးပေးတာ မဟုတ်ပေမယ့် ဝန်ထမ်းတွေကို အပိုထပ်ဆောင်းပေးတဲ့ နှုန်းတွေကို တိုးပေးမယ်လို့ ပြောထားတော့ မီးပုံမှန်လာရင် သူတို့ဝင်ငွေလည်း တိုးလာမယ်"ဟု စက်မှုဇုန်မှ လုပ်ငန်းရှင်တစ်ဦးကပြောသည်။

လျှပ်စစ်မီးအချိန်ပြည့် ဆက်တိုက်ရပါက အပိုထောက်ပံ့ငွေများတိုးမြှင့်ပေးမည်ပြောထားသော လုပ်ငန်းရှင်အချို့လည်း ရှိသောကြောင့် ဝန်ထမ်းအချို့၏ ဝင်ငွေမှာများလာနိုင်ကြောင်း စက်မှုဇုန်လုပ်ငန်းရှင်အချို့က ပြောသည်။

"ဓာတ်အားထုတ်လုပ်မှုတိုးလာလို့လျှပ်စစ်မီးပေးတဲ့ပမာဏတိုးလိုက်တဲ့ သဘောပဲ"ဟု ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ဒုတိယဥက္ကဋ္ဌဦးမောင်မောင်လတ်က စက်မှုဇုန်များသို့လျှပ်စစ်မီးအချိန်တိုးပေးခြင်းနှင့် ပတ်သက်၍ ပြောသည်။

စက်မှုဇုန်များကိုယခင်ကအများပြည်သူ လျှပ်စစ်မီးသုံးစွဲမှုများသော အချိန်ဖြစ်သည့် ညနေ ၅ နာရီမှ ည ၁၁ နာရီအချိန်တွင် လျှပ်စစ်မီး ဖြတ်တောက်ထား၍ တစ်ရက်လျှင် ၁၈ နာရီသာ မီးသုံးစွဲခွင့်ပြုခဲ့သည်။

"မီးပေးမယ်လို့တော့ ကြိုပြောမထားဘူး။ မီးပေးရင်တော့ ထုတ်လုပ်မှုတွေ တိုးလာနိုင်သလို ကုန်ကျစရိတ်တွေလည်း တစ်ဝက်ကျော်လောက် သက်သာသွားမယ်"ဟု လှိုင်သာယာစက်မှုဇုန်(၂)မှ ပလတ်စတစ်လုပ်ငန်းရှင် ဦးသန်းစိုးကပြောသည်။

မီးစက်များဖြင့် စက်ရုံများကိုလည်ပတ်ပါက ကျပ်သိန်း ၁၀၀ နီးပါး ကုန်ကျမှုရှိလျှင် လျှပ်စစ်မီးရရှိပါက ၇၅ ရာခိုင်နှုန်းကျော်ထိ ကုန်ကျစရိတ်လျော့ကျလာနိုင်သကဲ့သို့ မီးစက်နှင့်လည်ပတ်သည်ထက် ထုတ်လုပ်မှုပမာဏများလည်း တိုးလာနိုင်ကြောင်း စက်မှုဇုန်လုပ်ငန်းရှင်များက ပြောသည်။

# ပြောပြန်ရင်လည်း လွန်ရာကျမယ်

မောင်ထွန်းလွင်(မိုးလေဝသ)



■ **ပြောမယ့်၊ ကြုံမှပဲ သိခဲ့ရတဲ့ ဒီနှစ် ၂၀၁၂ ခုနှစ်ရဲ့ဖြစ်ရပ်**

၂၀၁၂ ခုနှစ်ရဲ့ ရာသီဥတုဟာ တကယ်တော့ 'စကတည်းက ယဉ်သကို'လို့ဆိုရမှာဖြစ်ပါတယ်။ ကြည့်လေ။ ဒီနှစ်မိုးမကျမီမိုးကြိုကာလလောက်ကတည်းက ရာသီအလိုက် ခန့်မှန်းချက်တွေပေးဖို့ ဆန်းစစ်တွက်ချက်မှုတွေလုပ်တော့ အဖြေက အစဉ်အလာအတိုင်း မိုးပဲဖြစ်ဖြစ်၊ အပူချိန်ပဲဖြစ်ဖြစ်၊ ပုံမှန်ထက်ပိုမယ်၊ လျော့မယ်၊ ပုံမှန်အတိုင်းရှိမယ် . . . စသဖြင့် တစ်ခုခုကို အဆုံးအဖြတ်ပေးဖို့ တိကျခိုင်မာတဲ့ အထောက်အထား ဘာတစ်ခုမှ ရှာမတွေ့ရဘူး ဆိုတဲ့ အဖြေကိုပဲရနေခဲ့ပါတယ်။ ဒီတော့ ခန့်မှန်းချက်တွေကို ဘာသာရပ်အသုံးအနှုန်းနဲ့ ပြောရရင်တော့ Climatological လို့ပဲ ထုတ်ပြန်ခဲ့ကြရပါတယ်။ အဓိပ္ပာယ်ကတော့ ဖြစ်ပေါ်လာမယ့် ရာသီဥတုအခြေအနေအရပဲဖြစ်ပါလိမ့်မယ်ဆိုတဲ့ သဘောဖြစ်ပါတယ်။ အခုလည်း ဇူလိုင်လ၊ ဩဂုတ်လ၊ စက်တင်ဘာတွေအတွက် ခန့်မှန်းချက်တွေကို တစ်လထက်ပိုပြီး မခန့်မှန်းနိုင်သေးပါဘူး။

■ **ရာသီဥတုဖောက်ပြန်မှုတွေဟာ ပိုပိုဆိုးလာပါတယ်**

တကယ်တော့ ရာသီဥတုတွေ ဖောက်ပြန်နေခဲ့တာ အတော်ကြာခဲ့ပြီဖြစ်ပါတယ်။ ကမ္ဘာ့ရာသီဥတုတွေ စတင်ပြောင်းလဲလာခဲ့တာကတော့ ၁၉၈၀ ခုနှစ်လောက်ကစပါတယ်။ မြန်မာ့ရာသီဥတုကတော့တိတိကျကျ လေ့လာတွေ့ရှိချက်အရပြောရရင် အဲဒီထက်တောင် စောပါသေးတယ်။ ၁၉၇၈ ခုနှစ်ကတည်းကစပါတယ်။ ဖောက်ပြန်မှုတွေကိုတော့ သိသိသာသာ သတိထားလာခဲ့မိတာ ၂၀၀၆ ခုနှစ်ကတည်းကစပါတယ်။ ၂၀၀၆ ခုနှစ်ကစပြီး မိုးကြိုးပစ်ခံရလို့ သေဆုံးတာတွေ၊ လေဆင်နှာမောင်းတိုက်ခတ်တာတွေ၊ လျှပ်တစ်ပြက်ရေကြီးတာတွေ၊ မုန်တိုင်းတိုက်ခတ်တာတွေအားလုံး နှစ်စဉ် ပိုမိုကြုံတွေ့လာရပါတယ်။ မိုးကြိုးပစ်ခံရလို့သေဆုံးရတာတွေ အချို့နှစ်တွေမှာ တစ်ရာကျော်အထိရှိလာပါတယ်။

၂၀၀၆ ခုနှစ်ကစပြီး မုန်တိုင်း နှစ်စဉ်ဝင်ရောက်တာခံနေရပါတယ်။ ၂၀၀၆ မှာ မာလာ၊ ၂၀၀၇ မှာ အကာ့ရှ်၊ ၂၀၀၈ မှာ နာဂစ်၊ ၂၀၀၉ မှာ ဘစ်ဂျလီ၊ ၂၀၁၀ မှာ ဂီရိနဲ့ ပြီးခဲ့တဲ့ ၂၀၁၁ မှာ အိုတူးဘီမုန်တိုင်းတွေ မြန်မာနိုင်ငံကို ကျရောက်ခဲ့တယ်။ ဘယ်တုန်းကမှ မြန်မာနိုင်ငံကိုမုန်တိုင်းခြောက်နှစ်ဆက်တိုက်ဝင်ရောက်ခဲ့တာသမိုင်းမှာ မရှိခဲ့ပါဘူး။ လေဆင်နှာမောင်းဆိုတာကလည်း နှစ်စဉ်ပဲ။ အရင်တုန်းက ဒီမိုးတိမ်တောင်တွေကို အကြောင်းပြုပြီး ဖြစ်ကြရတဲ့ မိုးကြိုးပစ်မှုတွေ၊ လေဆင်နှာမောင်း တိုက်ခတ်မှုတွေဆိုတာ မိုးမကျမီ မိုးကြိုကာလနဲ့ မိုးအပြီး မိုးလွန်ကာလတွေမှာသာ ဖြစ်လေ့ရှိပေမယ့် ၂၀၀၆ ခုနှစ်ကစပြီး မိုးတွင်းကြီးမှာလည်း ရှောင်မလွတ်တော့ပါဘူး။

■ **အယ်လ်နီညို၊ လာနီညာတွေကလည်း အမြဲလိုဖြစ်နေပါတယ်**

အလွန်ပူပြင်းခြောက်သွေ့တဲ့ ရာသီဥတုကို ပေးတတ်တဲ့ အယ်လ်နီညိုရာသီဥတု၊ အလွန်အေးပြီး စွတ်စိုတဲ့ရာသီဥတုကိုပေးတတ်တဲ့ လာနီညာရာသီဥတု စတာတွေဖြစ်ရင် အစွန်းရောက်ရာသီဥတုတွေဖြစ်တော့တာပါပဲ။ အားကောင်းတဲ့ အယ်လ်နီညိုဖြစ်ပြီဆိုရင် နွေဟာ အလွန်ပူမယ်၊ မိုးနည်းမယ်၊ မုတ်သုံတွေ ဝင်တာနောက်ကျ၊ ထွက်တာစောပြီး မိုးရာသီတိုတောင်းသွားမယ်။ ဘင်္ဂလားပင်လယ်အော်မုန်တိုင်းတွေ အဖြစ်နည်းသွားပြီး ဖြစ်ရင်တော့ ပိုမိုပြင်းထန်တဲ့ မုန်တိုင်းတွေဖြစ်တတ်တယ်။ လာနီညာဖြစ်ပြီဆိုရင်လည်း ဆောင်းဟာ အေးမယ်၊ မိုးပိုမယ်၊ ရေကြီးမယ်၊ မုန်တိုင်းတွေအဖြစ်များမယ်၊ မြန်မာနိုင်ငံကို ပိုဝင်ရောက်တတ်တယ်။ အားလုံးလွန်လွန်ကဲကဲချည်းပါပဲ။ မဇ္ဈိမပဋိပဒါ အလယ်အလယ်လမ်းစဉ်ကို စွန့်ခွာတဲ့အတွက် 'တန်ဆေး၊ လွန်ဘေး'ဆိုသလို ပျက်စီးခြင်းတရားချည်းပါပဲ။ တကယ်တော့ အယ်လ်နီညို၊ လာနီညာဖြစ်စဉ်တွေဖြစ်တတ်တာ လူသားတွေ သိလာခဲ့ကြတာ ၁၅ ရာစုနှစ်ကတည်းကဆိုတော့ အခုဆို နှစ်ပေါင်း ၅၀၀ ကျော် ရှိလာခဲ့ပါပြီ။ အဲ. . ပြောင်းလဲလာတာကတော့ ၁၉၈၀ ခုနှစ်မတိုင်မီက ဒီဖြစ်စဉ်တွေဟာ ငါးနှစ်၊ ခုနစ်နှစ်မှ တစ်ကြိမ်သာဖြစ်လေ့ရှိပါတယ်။ အခုတော့ နှစ်တိုင်းဆိုသလို ဖြစ်လာကြပါတယ်။ ဒါဟာ ကြီးမားတဲ့ ပြောင်းလဲမှုကြီးပါ။ ရာသီဥတုတွေမှာသာမက ပတ်ဝန်းကျင်ရေးရာဂေဟစနစ်ကြီးကိုပါ အပြောင်းအလဲတွေဖြစ်စေခဲ့ပါတယ်။ ရေအောက်သန္တာကျောက်တန်းတွေ အပြောင်းအလဲဖြစ်ကြရတာ ဒီအယ်လ်နီညို၊ လာနီညာဖြစ်စဉ်တွေကြောင့် ဖြစ်ကြရတယ်လို့ မကြာမီလေးကပဲ လေ့လာမှုတစ်ခုကဆိုပါတယ်။

■ **၂၀၁၂ ရာသီဥတုရဲ့ ဖောက်ပြန်မှုတွေ**

၂၀၁၂ ခုနှစ်ရဲ့ ရာသီဥတုဟာ အခုဆိုရင် မိုးလယ်ကာလရဲ့ ပထမလဟာ ကုန်ဆုံးတော့မှာဖြစ်ပါတယ်။ မုတ်သုံဝင်တာ ပြီးခဲ့ပြီ။ ထူးခြားဖောက်ပြန်တာ မရှိသလောက်ပါပဲ။ အဝင်ကာလမှာ အရှေ့ဘက် တောင်တရုတ်ပင်လယ်က ဖြစ်စဉ်တွေရဲ့ ပံ့ပိုးမှုတွေရခဲ့တယ်။ မိုးတွင်းရောက်လာတော့ အနောက်ဘက် အာရေဗျပင်လယ်ဘက်က အထောက်အပံ့တွေရခဲ့ပြန်ပါတယ်။ ဒါပေမဲ့ ထူးခြားမှုတွေတော့ ရှိခဲ့ပါတယ်။ ရာသီဥတုဟာ အဲဒီ အရှေ့ဘက်နဲ့ အနောက်ဘက်တို့ရဲ့ ပံ့ပိုးမှုတွေဟာ ချိန်သားမကိုက်ဘဲ ချိန်ခွင်တစ်ခုရဲ့လျှာလို ဒီနှစ် ဘောင်ပိတ်အနေအထားမရှိတာကိုတွေ့နေရပါတယ်။ ချိန်ခွင်ခွက်နှစ်ဖက်လို တစ်ဖက်ကသာရင် တစ်ဖက်က လျော့သွားနေပါတော့တယ်။ မိုးရွာသွန်းမှုကိုပဲကြည့်။ မိုးအများဆုံးရွာတဲ့ဒေသတွေဟာ အရင်လိုကုန်းပေါ်မှာမဟုတ်ဘဲ ဘင်္ဂလားပင်လယ်အော်ထဲမှာ ဖြစ်နေပါတယ်။ ဘင်္ဂလားပင်လယ်အော်ထဲမှာ နေ့စဉ် တစ်နေ့ မိုးရေချိန်လေးလက်မလောက်အထိ ရွာနေတဲ့အချိန် မြန်မာနိုင်ငံ ကုန်းတွင်းပိုင်းမှာ တစ်ပတ်လုံးနေလို့ မိုးရေချိန်တစ်လက်မပြည့်အောင် မနည်းရွာနေရပါတယ်။

■ **မိုးများ မိုးနည်းနေတဲ့ဒေသတွေ**

ဒီနှစ် အခုလက်ရှိ မိုးလယ်ကာလရောက်တဲ့အထိ မိုးကောင်းကောင်းရွာခဲ့တဲ့ ဒေသတွေဟာ ကမ်းရိုးတန်းဒေသတွေသာများပါတယ်။ ရခိုင်ပြည်နယ်အလယ်ပိုင်း၊ ဧရာဝတီတိုင်း အနောက်တောင်ဘက်ဒေသ၊ ရန်ကုန်တိုင်းတောင်ပိုင်း၊ တနင်္သာရီတိုင်းနဲ့ မွန်ပြည်နယ်အစပ်ဒေသတွေဖြစ်ပါတယ်။ ကုန်းတွင်းပိုင်းမှာတော့ ချင်းပြည်နယ်၊ မကွေးတိုင်းအနောက်ခြမ်း၊ စစ်ကိုင်းအထက်ပိုင်းနဲ့ ချင်းပြည်နယ်တွေဟာ မိုးရကြရပါတယ်။ ထူးခြားတာကတော့ ဒီနှစ်မိုးတွင်းတစ်ခုလုံး လက်ရှိကာလအထိ မိုး နေ့စဉ်ရက်ဆက်ဆိုသလို မိုးကောင်းနေတဲ့ဒေသကတော့ စစ်ကိုင်းတိုင်းအထက်ပိုင်းနဲ့ ကချင်ပြည်နယ်ပဲဖြစ်ပါတယ်။ နေ့စဉ်တစ်နေ့ကို ပျမ်းမျှမိုးရေချိန်နှစ်လက်မနှုန်းလောက်နဲ့ ရွာနေပါတယ်။ ဒါပေမဲ့ကုန်းတွင်းပိုင်းဒေသတွေဖြစ်တဲ့ မန္တလေးတိုင်း မြောက်ပိုင်း၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မကွေးတိုင်း တောင်ပိုင်း၊ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ပဲခူးတိုင်းအနောက်မြောက်ပိုင်းတို့မှာတော့ မိုးအလွန်နည်းနေပြီး ရက်သတ္တတစ်ပတ်ကို မိုးရေချိန်တစ်လက်မမပြည့်ပါဘူး။ တစ်နေ့ကို တစ်မီလီမီတာ၊ နှစ်မီလီမီတာနှုန်းလောက်တောင် အနိုင်နိုင်ဖြစ်နေပါတယ်။ မန္တလေးတိုင်းမြောက်ပိုင်း၊ စစ်ကိုင်းတိုင်းအောက်ပိုင်းဒေသအချို့တို့မှာ မိုးမရွာတာ နှစ်လကျော်လောက်ရှိနေကြပါပြီ။ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းမြောက်ပိုင်းနဲ့ အရှေ့ပိုင်း၊ ပဲခူးတိုင်းမြောက်ပိုင်းနဲ့ အရှေ့ပိုင်းဒေသတွေမှာလည်း မိုးအရနည်းလို့ပျိုးတောင်ကောင်းကောင်းမထောင်နိုင်ကြပါဘူး။ ထူးထူးခြားခြားတွေ့ရတာကတော့ မြန်မာနိုင်ငံ တောင်၊ မြောက်မိုးရွာသွန်းမှု မညီမျှမှုပြယုဂ်တစ်ခုအဖြစ်တွေ့ရတာကတော့ မြောက်ပိုင်းက စစ်ကိုင်းအထက်နဲ့ ကချင်ပြည်နယ်တွေက မိုးကောင်းနေပြီး တောင်ပိုင်းက မွန်-တနင်္သာရီတိုင်းတွေက မိုးနည်းနေတာပဲဖြစ်ပါတယ်။

■ **ဒီဖြစ်ရပ်တွေရဲ့ အရင်းခံအ ကြောင်း**

ဒီနှစ် ၂၀၁၂ ခုနှစ် အတွင်း အခုလို မြောက်ပိုင်းမှာ မိုးများ၊ တောင်ပိုင်းမှာ မိုးနည်း၊ အလယ်ပိုင်းမှာမိုးခေါင်ဖြစ်ရတဲ့ အကြောင်းရင်းကဘာလဲ။ အဓိကအကြောင်းကတော့ မုတ်သုံလေဦးလို့ ခေါ်ကြတဲ့ Monsoon Front ဟာ မြန်မာနိုင်ငံမြောက်ပိုင်းကို မုတ်သုံလေဦးရောက်ရှိခဲ့တဲ့ ဇွန်လဆန်းကစပြီး ကနေ့အထိ မြန်မာနိုင်ငံမြောက်ပိုင်းကနေ တောင်ဘက်ကို ပြန်မဆင်းဘဲ ကုန်းတွင်းပိုင်းမှာပဲ တစ်ချိန်လုံး နေ့စဉ်ရက်ဆက် တည်ရှိနေတာကြောင့်ဖြစ်ပါတယ်။ တစ်နည်းပြောရရင် မုတ်သုံလေဦးဟာ မြန်မာနိုင်ငံမြောက်ပိုင်းမှာပဲ ရှိနေခဲ့လို့ဖြစ်ပါတယ်။

■ **နောက်ဆက်တွဲဖြစ်ရပ်တွေအနေနဲ့ တွေ့ကြရတာကတော့**

ဒီဖြစ်စဉ်ရဲ့ ပထမဆုံး တွေ့ရတဲ့ တိုက်ရိုက်အကျိုးဆက်ကတော့ ဒီလို မုတ်သုံလေဦး မြန်မာနိုင်ငံမြောက်ပိုင်းကို နေ့စဉ် ဖြတ်သန်းနေလေတော့ စစ်ကိုင်းတိုင်းအထက်ပိုင်းနဲ့ ကချင်ပြည်နယ်မှာ နေ့စဉ် မိုးရွာနေစေတာပဲဖြစ်ပါတယ်။ ကချင်ပြည်နယ်နဲ့ စစ်ကိုင်းတိုင်းအထက်ပိုင်းဆိုတာ ချင်းတွင်း၊ ဧရာဝတီတို့ရဲ့ မြစ်ဖျားခံရာဒေသတွေဆိုတော့ ချင်းတွင်းမြစ်ရေ၊ ဧရာဝတီမြစ်ရေတွေဟာ တစ်ခါတည်းတက်လာကြတော့တာပေါ့။ နောက်တော့ မြစ်ကြောင်း တစ်လျှောက် မြို့အသီးသီးရဲ့ စိုးရိမ်ရေအမှတ်တွေကို ကျော်လာကြတော့တဲ့အထိပါပဲ။ စိုးရိမ်ရေအမှတ်ကို ရောက်ရှိခဲ့ကြတဲ့မြို့တွေကိုကြည့်ရင် မြန်မာနိုင်ငံ မြစ်ကြီးများရဲ့ ဇွန်၊ ဇူလိုင်လတွေမှာ ကြုံတွေ့ရတတ်လေ့ရှိတဲ့ First Flood Wave ရဲ့ စီးဆင်းပုံကို လှပသေသပ်စွာ တွေ့ကြရပါမယ်။ ကချင်ပြည်နယ်မှာ မိုးအဆက်မပြတ် ရွာနေမှုကြောင့် ဧရာဝတီမြစ်ရေဟာ ပထမဆုံး မြစ်ကြီးနားမြို့ရဲ့ စိုးရိမ်ရေအမှတ်ကို ရောက်ပါတယ်။ နောက်သုံးလေးရက်ကြာတော့ အောက်ဘက်ကဗန်းမော်နဲ့ကသာရဲ့ စိုးရိမ်ရေအမှတ်ကိုရောက်ပါတယ်။ နောက်သုံးရက်ကျော်ကြာတော့ မိုးမရွာဘဲဖြစ်နေတဲ့ မန္တလေး၊ စစ်ကိုင်းကိုရောက်လာတော့တာပါပဲ။ ဇူလိုင် ၁ ရက်နေ့မှာတော့ ကျွန်တော်ဟာ ဟောပြောပွဲတစ်ခုဟောဖို့ မြင်းမူမြို့အနီးက ကံလှ-ကံသာကျေးရွာကိုရောက်နေတယ်။ ကျွန်တော် ရောက်နေတဲ့နေ့မှာပဲ ကံလှ-ကံသာကျေးရွာတွေမှာ မျက်စိအောက်မှာပဲ ရေတွေတရိပ်ရိပ်တိုးနေတာ မျက်မြင်ကိုယ်တွေ့ပါပဲ။ နောက် ရန်ကုန်ပြန်ရောက်ပြီး ဇူလိုင် ၇ရက်နေ့မှာတော့ နယ်မိတ်ဆွေတစ်ဦးရဲ့ပြောပြချက်အရ ချင်းတွင်း-ဧရာဝတီ မြစ်ဆုံရဲ့ အောက်ဘက်အရပ်ဖြစ်တဲ့ ချောက်မြို့ဘက်က ရွာ ၁၄ ရွာ ဧရာဝတီမြစ်ရေတိုက်စားခံရတယ်လို့ သတင်းကြားသိရတော့တာပါပဲ။ ဒီနောက်တော့ ဧရာဝတီမြစ်အောက်ပိုင်းဖြစ်တဲ့ ဟင်္သာတဆီကို ဧရာဝတီမြစ်ရေတွေ စုံဆင်းနေကြလေရဲ့။

■ **မုန်တိုင်းဖြစ်ပေါ်မှုနဲ့ ပတ်သက်လို့**

မုတ်သုံလေဦးဟာ ထုံးစံကဒီလိုမိုးတွင်းဆိုရင် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းအတွင်းမှာ တည်ရှိနေရမှာပါ။ အခုတော့ ဟိမဝန္တာတောင်ခြေကို ဦးခိုက်နေလေတော့ နောက်ဆက်တွဲဖြစ်လာတာက ဘင်္ဂလားပင်လယ်အော်ထဲမှာ မုန်တိုင်းတွေ မဖြစ်နိုင်တော့တာပါပဲ။ အခု ၂၀၁၂ ခုနှစ် ဇူလိုင်လပထမ ဆယ်ရက်ပတ်အထိ ဘင်္ဂလားပင်လယ်အော်မှာ မုန်တိုင်းတစ်လုံးမှ မဖြစ်နိုင်သေးပါဘူး။ အကြောင်းကတော့ အနောက်တောင် မုတ်သုံလေဦးလို့ခေါ်တဲ့ မုတ်သုံလေဖိအားနည်းချိုင့်ဝှမ်း (Monsoon Trough) ဟာ မုန်တိုင်းတွေရဲ့ မွေးဖွားရာဇာတိ(Birth Place)ဖြစ်ပါတယ်။ ဒီလေဖိအားနည်းရပ်ဝန်း တစ်လျှောက်မှာ လေဖိအားနည်းရပ်ဝန်းတွေ တန်းစီပြီးဖြစ်နေကြပါတယ်။ ဒီလေဖိအားနည်းရပ်ဝန်းတွေဟာ မုန်တိုင်းတွေဖြစ်လာဖို့ လေစိုင်ဝဲတွေကို ဖြစ်ပေါ်စေရပါတယ်။ ဒီအတွက် စွမ်းအင်ဖြည့်ဆည်းမှု လိုအပ်ပါတယ်။ အဲဒီလိုတဲ့စွမ်းအင်ဖြည့်ဆည်းမှုကိုရေငွေ့တွေက ပေးရပါတယ်။ ဒီလိုအပ်တဲ့ ရေငွေ့တွေကို အောက်ခံရေပြင်တွေကပဲထုတ်လုပ်ပေးရပါတယ်။ အခုတော့ မုတ်သုံလေဖိအားနည်းချိုင့်ဝှမ်းတွေရဲ့ အောက်ခံမျက်နှာပြင်ဟာ ရေပြင်မဟုတ်ဘဲ မြေပြင်ဖြစ်နေလေတော့ ရေငွေ့ဖြည့်ဆည်းမှု မရနိုင်တော့ပါဘူး။ အဲဒါကြောင့် မုတ်သုံလေဖိအားနည်းချိုင့်ဝှမ်းအတွင်းက လေဖိအားနည်းရပ်ဝန်းတွေဟာ ပိုမိုအားကောင်းလာနိုင်ခြင်း မရှိတော့တဲ့အတွက် မုန်တိုင်းများ အဖြစ်ကိုလည်း မရောက်ရှိနိုင်ကြတော့တာပဲဖြစ်ပါတယ်။

■ **အလယ်ပိုင်းဒေသ မိုးနည်းရတာနဲ့ပတ်သက်လို့**

အလယ်ပိုင်းဒေသလို့ ခေါ်ကြတဲ့ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မကွေးတိုင်းနဲ့ မန္တလေးတိုင်းဒေသဟာ မိုးနည်းရေရှားတဲ့ မိုးကွယ်အရပ်ဖြစ်ပါတယ်။ ဒီဒေသဟာ မုတ်သုံကြောင့် မိုးရတဲ့ဒေသ မဟုတ်ပါဘူး။ ပြောရရင်တော့ မုတ်သုံနဲ့တောင် ဒီအရပ်ဒေသဟာ ပြောင်းပြန်ဆက်စပ်မှုရှိတယ်လို့တောင် ပြောနိုင်ပါတယ်။

ဒီတော့ဒီဒေသဟာဘင်္ဂလားပင်လယ်အော်ထဲမှာ မုန်တိုင်းများဖြစ်လို့ တိမ်စွယ်တန်း (Plume Cloud) တွေ တိုးဝင်လာတဲ့အခါဖြစ်စေ၊ မုန်တိုင်းအကြွင်းအကျန်တွေ ဝင်ရောက်လာတဲ့အခါမှဖြစ်စေ၊ အရှေ့ဘက်က လာတတ်တဲ့ အရှေ့လေပွေလှိုင်းနဲ့ တိုင်ဖွန်းမုန်တိုင်းအကြွင်းအကျန် စတာတွေ ဝင်ရောက်လာတဲ့အခါမှဖြစ်စေ မိုးရတတ်တဲ့ဒေသဖြစ်ပါတယ်။ အခုတော့ ဘင်္ဂလားပင်လယ်အော်ထဲမှာ ဒီနှစ်အတွင်း မုန်တိုင်းကလည်း တစ်လုံးမှမဖြစ်၊ အရှေ့ဘက် တောင်တရုတ်ပင်လယ်ပြင်အတွင်းဖြစ်သမျှ အပူပိုင်း မုန်တိုင်းနဲ့ တိုင်ဖွန်းတွေကလည်း ပစိဖိတ်သမုဒ္ဒရာ အနောက်ပိုင်းထဲမှာပဲ အရှေ့မြောက်ဘက်ကိုပဲပြန်ပြန်ကွေ့သွားနေခဲ့တာကြောင့် ဘာမုန်တိုင်းအကြွင်းအကျန်မှလည်း ရောက်မလာ၊ ဘာအရှေ့လေပွေလှိုင်းမှလည်း ရောက်မလာခဲ့တာကြောင့် မြန်မာနိုင်ငံ အလယ်ပိုင်းဟာ မိုးတွင်းကြီးမှာ မိုးပျောက်နေရတာဖြစ်ပါတယ်။

■ **ငါးသိုင်းများပြီး ဟင်းဟုန်နေတဲ့ ဖြစ်စဉ်**

ဒီတော့ အဓိကအကြောင်းက ဘာလဲ။ ဒါတွေအားလုံးရဲ့ အကြောင်းကတော့ ဒေသတွင်းရာသီဥတုပြောင်းလဲမှုဖြစ်စဉ်တွေ ဖြစ်ပေါ်နေလို့ပဲဖြစ်ပါတယ်။ အဓိကအကြောင်းကတော့ ရုပ်ကြွင်းလောင်စာတွေ မီးရှို့လို့ ဓာတ်ငွေ့ထုတ်လွှတ်မှုတွေ တိုးနေတယ်။ ဓာတ်ငွေ့ထုတ်လွှတ်မှုတွေ တိုးလာလို့ ကမ္ဘာကြီး ပိုပူနွေးလာတယ်။ ကမ္ဘာကြီး ပိုပူနွေးလာလို့ ရာသီဥတုပြောင်းလဲလာတယ်။ ဒါကြောင့် ဓာတ်ငွေ့ထုတ်လွှတ်မှုတွေ လျှော့ချကြဖို့ Kyoto Protocol ကို ၁၉၉၇ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်နေ့က သဘောတူပြဋ္ဌာန်းခဲ့ကြတယ်။ အဲဒီသဘောတူညီချက်အတွက် အစည်းအဝေးတွေ၊ ရန်ပုံငွေတွေ၊ တာဝန်ယူကြတဲ့နိုင်ငံအလိုက်အဖွဲ့အစည်းတွေ၊ ကုလသမဂ္ဂအေဂျင်စီတွေ၊ အင်န်ဂျီအိုတွေ၊ အိုင်အင်န်ဂျီအိုတွေကြိုးစားလိုက်ကြတာ ငွေတွေသုံးစွဲလိုက်ကြတာ ၁၇နှစ်ကျော်လာခဲ့ပါပြီ။ ဘာလဲ၊ အောင်မြင်မှုတွေရနေပြီလားလို့ ခင်ဗျားမေးချင်သလား။ ဟဲ. . ဟဲ အခု ၂၀၁၂ဇွန်လဆန်းကပဲ ကမ္ဘာ့ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့ပါဝင်မှုနှုန်း ($CO_2$ Concentration) ဟာ ကမ္ဘာ့လုံခြုံမှုအတွက် အများသဘောတူသတ်မှတ်ထားတဲ့ အမြင့်ဆုံးအဆင့် 350 ppmv ကိုကျော်လွန်ပြီး နှစ်ပေါင်းသန်း ၄,၅၀၀ သက်တမ်းရှိတဲ့ ကမ္ဘာ့သမိုင်းရဲ့ စံချိန်သစ်အဖြစ် 400 ppmv level ကို စံချိန်တင်ရောက်ရှိသွားခဲ့ပြီဖြစ်ပါတယ်။

ဒီတော့ ကျွန်တော်တို့ လူသားတွေ ရာသီဥတုပြောင်းလဲမှုကို ဘယ်လောက်ထိ အလေးအနက်ထား ညီညီညွတ်ညွတ်နဲ့ ဝိုင်းဝန်းကြိုးစားခဲ့ကြတယ်ဆိုတာကို သာကြည့်ကြပါတော့ဗျာ။ ။